
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## Quality Publishing House ၏ စီမံခန့်ခွဲမှုကောင်းမွန်စေသော စာအုပ်များ




ဘဝအောင်မြင်ရေးအတွက် အရေးအကြီးဆုံး
သင်ခန်းစာ [၁၀] ချက်

တန်ဖိုး - ၂၅၀၀ ကျပ်




လက်တွေ့ဘဝအတွက်
ပျော်ရွှင်ဖွယ် နည်းလမ်းများ

တန်ဖိုး - ၂၀၀၀ ကျပ်

မှတ် – ၅၀၈/၅၁၂ (၂-ခ) ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)
က်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၃၈၃၆၆၄၊ ၃၈၆၈၃၃ qualityph@gm




ခေါင်းဆောင်မှုစွမ်းရည် ...နည်း — ...၂၅၀၀ ကျပ်

ဆက်ဆံရခက်သူများနှင့် ဆက်ဆံနည်း — တန်ဖိုး - ၂၀၀၀ ကျပ်

လူများကို အုပ်ချုပ်နည်း — တန်ဖိုး - ၂၀၀၀ ကျပ်

အချိန်ကို အောင်မြင်စွာ စီမံခန့်ခွဲနည်း — တန်ဖိုး - ၂၀၀၀ ကျပ်

ဆက်သွယ်မှု... မြှင့်တင်နည်း — တန်ဖိုး - ၂၀၀...


Quality စာအုပ်တိုက်မှ စီစဉ်သည်

Quality Publishing House

အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃

www.burmeseclassic.com

www.burmeseclassic.com


ချုပ်အောင်ဆန်း
နှစ်တစ်ရာပြည့်
အထိမ်းအမှတ်
စီစဉ်ထုတ်ဝေထားပြီး
စာဖတ်သူများအား
အထူးနှုန်းဖြင့်
ရောင်းချပေးပါမည်

မတူညီးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ပြနှင့် စာတွန်းစာအုပ်






ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ
တန်ဖိုး – ၃၀၀၀ ကျပ်

ဗိုလ်ချုပ်ဦးအောင်ဆန်း
တန်ဖိုး – ၂၀၀၀ ကျပ်







ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင်(ရဲဘော်သုံးကျိပ်)
တန်ဖိုး – ၅၀၀၀ ကျပ်

စစ်သားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့
တန်ဖိုး – ၈၀၀၀ ကျပ်

ဗိုလ်တေဇ ဘဝကမ္ဘာ
Quality စာတည်းအဖွဲ့
တန်ဖိုး – ၆၀၀၀ ကျပ်







အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှု
စီအိုင်ဒီ အခန်းကဏ္ဍ
တန်ဖိုး – ၁၀၀၀ ကျပ်

အောင်ဆန်း၏ အောင်ဆန်း
တန်ဖိုး – ၁၀၀၀ ကျပ်

ဗိုလ်ချုပ်အောင်ဆန်းရာပြည့်
(နတ်မောက်) မှထုတ်ဝေသည်
တန်ဖိုး – ၈၀၀၀ ကျပ်

Publishing House
ဖြန့်ချိထုတ်ဝေ
– ၅၀၈/၅၁၂ (၂–ခ)
ကုန်သည်လမ်း
(သိမ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့
– ၃၈၃၆၆၄၊ ၃၈၆၈၃၃
qualityph@gmail





Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂–ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။



http://Quality.myanmaronlinesales.com တွင်
ဝဘ်ဆိုဒ်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

No. 128


**ဒဂုန်ရွှေမျှား**
ရှင်ကြီးတစ်ဖက်၊ ကျားကြီးတစ်ဖက်

**မျိုးသစ်**
သံသယမြှားချက်

**လေးမောင်**
ရိုးပြတ်ကွင်းက မုဆိုးမများ

**မြဝတီ**
သေမင်းချိုင်

**မောင်ညိုမှိုင်း(သန့်လျှင်)**
ဂျွန်သုပ္ပန် အောင်လံတစ္စေတီ ချိုးပွဲ

**ဘသက်ဆွေ**
ထင်မီယောင်မှား

**ရှင်ဒေါင်းယဉ်**
ချစ်မြွတ်နိုးရယ်၊ ကျွန်တော်ရယ်

**မန္တလာသား**
တစ်ဖွဲ့တစ်ကောင်၊ ဝက် စိုင် ပြောင်

**ဇေယျမင်းသျှင်**
ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ

**ထောင်မှူးမမ**
ကြောက်ရွံ့ခြင်း

**ကျော်မြင့်ဇော်**
ဆိုင်ပ်ဓားကျော်စိန်ဝင်းနဲ့ စုံတောမြင်းစီးသီချင်း

**မူးမီ**
အသေသတ်လည်း ကျေနပ်မည်ကိုယ်






www.burmeseclassic.com

www.burmeseclassic.com

အယ်ဒီတာချုပ်
ကိုမြင့်သန်း (Quality)
တာဝန်ခံအယ်ဒီတာ
[illegible]
အုပ်ချုပ်မှုအယ်ဒီတာ
[illegible]
အယ်ဒီတာအဖွဲ့
[illegible]
[illegible]
[illegible]

ထုတ်ဝေသူ
[illegible] Quality Publishing House
[illegible]
[illegible]
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
မျက်နှာဖုံးဒီဇိုင်း
[illegible]
အတွင်းသရုပ်ဖော်
[illegible]
[illegible]
ကွန်ပျူတာနှင့် မာပင်
Quality

ပုံနှိပ်သူ
[illegible]
[illegible]
[illegible] ရန်ကုန်မြို့
စာအုပ်ချုပ်
[illegible]
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
[illegible]
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - [illegible]



ခေါင်ညိုမိုင်း(သန်လျင်)

## ဘော်ဒါစိတ်



မကွေးညိုစိမ့်

## တစ်ကောင်ကျွေး သုံးကောင်စား ကင်းပေါက်



ရဲမြတ်တင်

## အတ္တမျက်လုံး

www.burmeseclassic.com

www.burmeseclassic.com

**ဆရာဝန်ကြီး** ဦးသာဒင်သည်
တစ်စုံတစ်ခုသောအကြောင်းကြောင့် အစိုးရအလုပ်မှ
နုတ်ထွက်ခဲ့ပြီးလျှင် မဂိုလမ်း(ရွှေဘုံသာလမ်း)၌ ကုမ္ပာရီဆေးတိုက်ဟူသော
အမည်ဖြင့် ဆေးဆိုင်တစ်ဆိုင်ဖွင့်ကာ
နေထိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် မိန်းမများတွင် ဖြစ်တတ်သည့်ရောဂါများနှင့် ပတ်သက်၍ ကုသရာတွင် ဦးသာဒင်သည် ထူးချွန်သူတစ်ယောက် ဖြစ်သည့်အတိုင်း လူနာများမှာလည်း ယောကျာ်းထက်မိန်းမများက ပို၍များပြား၏၊ လက်ထောက်ဆေးဆရာမနှစ်ယောက်တို့ပင်လက်မလည်နိုင်အောင်ရှိနေခဲ့လေသည်။

ယခုခေတ်တွင် ဆေးဆရာဝန်ခ၊ ဆေးထိုးခနှင့် ဆေးဖိုးဝါးခကလည်း နည်းလှသဖြင့် အချို့ဆင်းရဲနွမ်းပါးသော အမျိုးသမီးများသည် ဆေးဖိုးဝါးခ လုံလောက်အောင် မပေးနိုင်သောအခါ မိမိတို့ကိုယ်ကိုဇန်းပြုလျက် ဆရာဝန်နှင့်ရင်းနှီးသည်ထက်ရင်းနှီးအောင်ကြံစည်တတ်ကြ၏၊ ထိုအခါ နဂိုကပင် ဆင်းရဲသားများအပေါ်၌ တတ်နိုင်သမျှ လိုက်လျောစဉ် ဝတ္တရားရှိသော ဆရာဝန်များမှာ မ,တို့၏ ပိုက်ကွန်အတွင်းသို့ကျရောက်မှန်းမသိ သက်ဆင်းကျရောက်တတ်ကြလေသည်။

ဤသို့ဖြင့် အချို့ဆရာဝန်များမှာ ဆေးဝါးခမရရုံမျှမကာမိမိတို့အိတ်ထဲမှပင် နောက်ထပ်လိုက်ပါကြရသေး၏၊ ဦးသာဒင်မှာ မိန်းမတို့တွင် ဖြစ်တတ်သည့် ရောဂါများကိုကုသရာတွင်အထူးနာမည်ရသူဖြစ်သဖြင့် ယောကျာ်းလူနာများထက် မိန်းမလူနာများအား ပို၍ဆက်ဆံခဲ့ရလေရာ ယခုရေးသားဖော်ပြသကဲ့သို့ မိမိအိတ်ထဲမှ နောက်ထပ်လိုက်ရသောအမှုများလည်း မနည်းလှတော့ချေ။

လူမှုရေး ရှုပ်ထွေးလှသော
ဆရာဝန်တစ်ယောက်၏လက်ချက်ဖြင့်
သူ၏ဒုတိယဇနီးကို သူကိုယ်တိုင်
သတ်ပစ်လိုက်ရာမှ တစ်ပူပေါ် နှစ်ပူဆင့်
ပြဿနာတစ်ရပ် ထပ်မံပေါ်လာကာ
ရှုပ်ထွေး၍ စိတ်ဝင်စားဖွယ်ကောင်းသော
ဇာတ်လမ်းပေါ်ပေါက်လာရသည် ..

ဦးသာဒင်၌ကြီးကျန်းဘုတာနှင့်မနီး ...တွင် စစ်မဖြစ်မီက ဝယ်ထားသော ...ကလေးတစ်ဆောင်နှင့်မြေကြီးတစ်မြေ ...ဆေးဆိုင်ပိတ်သော တနင်္ဂနွေနေ့ ...၌အလုပ်မှအပန်းဖြေသည့်သဘော ...ပျော်ပျော်ပါးပါး အေးအေးချမ်းချမ်း ...ရောက်လေ့ရှိ၏၊ ဆရာဝန်ကတော် ...တစ်ခါတစ်ရံမှသာ ခြံထဲသို့ ရင်းနှင့် ...လိုက်ပါလာတတ်သဖြင့်ဦးသာဒင် ...၌ ဆရာဝန်ကတော် လိုက်ပါမလာ ...နေ့များတွင် အရက်ကလေးတမြမြ ...တစ်နေ့လုံး အချိန်ဖြုန်း၍ နေတတ် ...သည်၊ ထိုအခါမျိုး၌ ဦးသာဒင်၏ ...ကြီး ခြံစောင့်ဖြစ်သူ မောင်မိုးက ...ဖြုတ်ခြင်း၊ပြင်ဆင်တည်ခင်းခြင်းမှ ...၍ နောက်ဆုံးအရက်ပုလင်းတို ငှဲ့ပေး ...ည်အထိဝတ်ကြီးဝတ်ငယ်ပြုရ၏၊ ထို ...၌ ဦးသာဒင်မှာ ညဉ့်(၉)နာရီ ...နာရီအထိနေတတ်လေရာတပည့် ...မောင်မိုး၏ အကူအညီဖြင့် မိမိ၏ ...ကောင်းဖြစ်ခဲ့ဖူးသော အမျိုးသမီး ...များနှင့်လည်း ရံဖန်ရံခါတွေ့ဆုံ ...လေသည်၊ မောင်မိုးမှာဦးသာဒင်၏ ...ပင်ဖြစ်စေကာမူ မိုက်ဂုဏ်ဖြင့် ရွာထဲတွင်အတော်အတန်ပြေလည်ချောင်းသူတစ်ယောက်ဖြစ်သည့်အပြင်ဤအရပ်မျိုး၌လည်း ကောင်းစွာ ကျွမ်းကျင်သူဖြစ်၏၊ ဤသို့ဖြင့်မောင်မိုးမှာဦးသာဒင်ထံမှ နှုတ်ပိတ်ခအနေဖြင့် သောက်ရေများ ရရှိခြင်း၊ အမျိုးသမီးများထံမှလည်း ထိုက်သင့်သော ဆုလာဘ်များ ရရှိခြင်းများဖြင့်အတော်ပင်အစားချောင်ပြီးလျှင် တစ်ခါတစ်ရံမြင်းပွဲများသို့ပင် သွားနိုင်ခဲ့လေသည်။

ဆရာဝန်တို့မည်သည် အကုအသ ကောင်းရုံသာမဟုတ် လူနာများအပေါ်တွင်ပြေပြစ်စွာဆက်ဆံမှု၊သနားကရုဏာထားမှု၊ အကျင့်စာရိတ္တကောင်းမှုတို့တလည်းလိုအပ်လှပေ၏၊ သာမန်ဆရာဝန်တစ်ယောက်ပင်ဖြစ်သော်လည်း လူနာများအပေါ်တွင် ဆက်ဆံမှုပြေပြစ်၍ အကျင့်စာရိတ္တကောင်းမွန်က တစ်နေ့တခြား ကျော်ကြား၍ လာတတ်လေသည်၊ ဤသို့ဖြင့် ဦးသာဒင်မှာ ဆေးဝါးကုသရာတွင်အတော်အတန် လက်စွမ်းထက်သည် မှန်သော်လည်း မ,တို့နှင့်ရောနှောဆက်ဆံလွန်းလှသဖြင့်အလု... မှာ တစ်နေ့တခြား ကျဆင်းနေပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com

တိုက်ခန်းခ (၁၀၀၀)ကျပ်ကိုလည်းကောင်း၊ လုပ်သမားများအတွက် တစ်လစာငွေကိုလည်းကောင်းမပေးနိုင်သောအခြေသို့ပင် ရောက်ရှိနေလေပြီ။

တစ်နေ့သော ည(၇)နာရီကျော်ကျော်အချိန်လောက်၌ ဦးသာဒင်သည် အိမ်ကလေးအတွင်းရှိစားပွဲကလေးတွင် ထိုင်ကာ လက်ထဲတွင် ကိုင်ထားသော စီးကရက်ကို တစ်ချက်မျှပြင်းထန်စွာ ရှူရှိုက်လိုက်ပြီးနောက် ပြာများကို ငွေလင်ပန်းကလေးထဲသို့ခြွေ၍ချလိုက်၏။ ကိုမိုးတမျက်နှာချင်းဆိုင်ဘက်ရှိကုလားထိုင်တွင်ထိုင်ကာ ဦးသာဒင်ရှေ့ရှိဖန်ခွက်ထဲသို့အရက်များ ထည့်ပေးလေသည်။ ဤတဲ့သို့ အရက်ငှဲ့ပေးနေရာမှ ဦးသာဒင်၏မျက်နှာကို မရဲတရဲ ကြည့်လိုက်၏။ ဦးသာဒင်လည်း မျက်ခနဲ ကြည့်လိုက်ပြီးလျှင် သောက်လက်စ စီးကရက်တိုကို ငွေလင်ပန်းထဲသို့ ထည့်ကာ လက်သုံးချောင်းဖြင့် ဖိ၍ပွတ်ချေလိုက်သည်။

ခေတ္တမျှ နှစ်ယောက်စလုံး စကားမပြောဘဲ တိတ်ဆိတ်လျက်ရှိ၏။ သို့ရှိစဉ် မောင်မိုးသည် ဦးသာဒင်အား အကဲခတ်သကဲ့သို့ ခေါင်းငုံ့နေရာမှ မျက်လုံးကို အနည်းငယ်လှန်၍ကြည့်လိုက်ပြန်လေသည်။

"ဘာလဲကွယ့် - ဘာပြောချင်လို့လဲ မောင်မိုး"

"ကျွန် - ကျွန်တော် ငွေနည်းနည်း"

"အေးလေ၊ ဒါသိပါတယ်။ တနင်္ဂနွေနေ့ညဆိုတော့ အပေါင်းအဖော်နဲ့သောက်ဖို့လိုပြန်ပြီဆိုပါတော့။ မင်းပြောရင် ငွေအကြောင်းပဲ မဟုတ်လား"

"ဒီလိုပါ ဆရာ၊ တောမှာ ကျွန်တော်တို့အစ်မတစ်ယောက် ..."

ဦးသာဒင်က ကြားဖြတ်၍ -

"ကိုင်းကွယ် - ဒီဟာတွေ ပြောမနေပါနဲ့။ ငွေ ဘယ်လောက်လိုချင်လို့လဲ"

"ငွေ - ငွေ - ငွေသုံးဆယ်လောက်ပါ - ဆရာ၊ မများလှပါဘူး"

"အောင်မယ် - သုံးဆယ် - မများဘူးဟုတ်စ နေပါဦး - မင်းကိုငါးဆယ်ပေးပြီးတာ ဘာကြာသေးလို့လဲကွယ့်"

"ဟုတ်တော့ဟုတ်ပါတယ် - ဆရာ။ ဒါပေမဲ့ ကျွန်တော်က ဆရာသိတဲ့အတိုင်း အပေါင်းအသင်းကများတော့ ..."

"တော်ပါကွယ် - ဒီဟာတွေ ငါသိပါတယ်။ မင်းမြင်းပွဲသွားတယ်မဟုတ်လား"

(ဦးခေါင်းကိုငုံ့လျက်) "ဟုတ်ပါတယ် ဆရာ၊ နည်းနည်းပါးပါးတော့"

"ကိုင်း၊ နည်းတာများတာဖယ်ထား။ ရော့ - ဟောဒီမှာ နှစ်ဆယ်၊ မင်းဒီနေ့ည အသောက်ထွက်ရင်လည်း မြန်မြန်ပြန်ခဲ့ကွယ့်"

မောင်မိုးသည် ဦးသာဒင်ပေးသော (၁၀)ကျပ်တန် ငွေစက္ကူနှစ်ရွက်ကို မယူချင်ယူချင်လှမ်း၍ယူလိုက်၏။ ထို့နောက် နေရာမှထပြီးလျှင် -

"ကဲ - ကျွန်တော့်ကို ခွင့်ပြုပါဦး ဆရာ၊ ဈေးဘက်မှာ လူတစ်ယောက်နဲ့ ချိန်းထားလို့၊ ဒါနဲ့ - ဆရာ - ဘယ်တော့ ပြန်မလဲ"

"တော်တော်ကြာပြန်မှာပေါ့ကွယ့်၊ မင်းလျှောက်ရှုပ်ဦး လည်မနေနဲ့ဦးနော်"

"မလည်ပါဘူး - ဆရာ၊ အလွန်ဆုံး (၁၀)နာရီ၊ (၁၁)နာရီပါ"

မောင်မိုး ထွက်သွားသောအခါ ဦးသာဒင်သည် စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်ပြီးနောက် - "ငမိုး - ငမိုး ဒါမှာ ဒီအကောင်မျိုးလည်းရှိဦးမှပဲ၊ ဒီပြင်နေရာမှာသာ အသုံးမကျတယ်၊ ဒီနေရာမျိုးမှာတော့ အင်မတန် အကောင်းပါးတဲ့အကောင်၊ ထစ်ခနဲဆိုသိပြီ၊ မျက်ခနဲဆို သူနားလည်လိုက်ပြီ၊ ဒါထက် - ငါ့အလုပ်ကလေး စဖို့ပြင်လိုက်ရဦးမယ်"

သို့စဉ်းစားပြီးနောက် ဦးသာဒင်သည် အရက်ကို စီးကရက်နှင့်မြည်းရင်း ခြေထောက်နှစ်ချောင်းကို စားပွဲပေါ်သို့တင်ကာ စဉ်းစားခန်းထုတ်လျက် ရှိလေ၏။ စီးကရက်များကို တစ်လိပ်ပြီးတစ်လိပ်ညှိပြီးနောက် မီးခိုးများကို အလုံးအခဲဖြစ်သည့်တိုင်အောင် မှုတ်ထုတ်လျက်ရှိလေရာ မီးခိုးလုံးများထဲတွင် မိမိတိုက်ခန်းလခ မပေးနိုင်သည့်အတွက် နို့တစ်ပေးလျှောက်ရှိသော ကုလားကြီး၏မျက်နှာကိုလည်းကောင်း၊ နိုင်ငံခြားမှ ရောက်သောဆေးများကိုတစ်ပတ်အတွင်း လာရောက်ရွေးယူရန်ပေးသော နို့တစ်စာရွက်ကိုလည်းကောင်း မြင်ယောင်လျက် ရှိလေ၏။

အချိန်မှာ (၇)နာရီခွဲခန့်သာရှိသေး၏ မီးရထားဘူတာရုံ ဘက်မှာ မီးရထား ဥသြသံများကိုလည်းကောင်း၊ ရွာလမ်းမ





www.burmeseclassic.com

www.burmeseclassic.com

ကြီးပေါ်မှ ကားသံများကိုလည်းကောင်း မကြာခဏ ကြားရ၏။ ဦးသာဒင်သည် စားပွဲနှင့် မျက်နှာဆိုင်ပြတင်းပေါက်ကို ထ၍ပိတ်လိုက်ပြီးလျှင် တစ်ခြမ်းဟ၍ကျန် ရှိသော ပြတင်းပေါက်ရှိရာသို့သွားကာ အပြင်သို့ မျှော်ကြည့်လျက်ရှိ၏။ လပြည့် ကျော် (၇)ရက်နေ့ ဖြစ်သဖြင့် ကောင်းကင်ပြင်တွင် မည်းမှောင်လျက်ရှိသော်လည်း ကြယ်ကလေးများ၏ အလင်းရောင်တွင် ခပ်မှိန်မှိန်ရှိနေသော မိမိအိမ်ခြံစည်းရိုးများကိုလည်းကောင်း၊ မျက်နှာချင်းဆိုင်ဘက်တွင်ရှိနေသည့် အခြားအဆောက်အအုံများ၏ အရိပ်များကိုလည်းကောင်း ခပ်ရေးရေးမျှ တွေ့မြင်ရ၏။ ဦးသာဒင်သည် ညဥ့်၏သာယာခြင်းကို တစ်ခဏမျှ ငေးမောကြည့်ရှုလျက်ရှိလေ၏။

အိမ်ကလေး၏ နောက်ဖေးခန်း၌ အတော်အတန် ကျယ်ဝန်းလုံခြုံသော အခန်းတစ်ခန်းရှိရာ ထိုအခန်းတွင် တစ်ဖက်၌ တစ်ယောက်အိပ် သံခုတင်တစ်လုံးရှိ၍ အခြားတစ်ဖက်တွင် အရေးပေါ်သုံးနိုင်ရန် ဆေးဝါးများထည့်သည့်မှန်ဗီရိုတစ်လုံး ရှိ၏။ စားပွဲနှင့် ဗီရိုအလယ်တွင် စားပွဲဝိုင်းကလေးတစ်လုံးနှင့် ကုလား



အံ့မယ်–တစ်လ (၅၀၀)ကျပ်လောက် ပေးရတာများ ရက်စက်တယ်ခေါ်သလား ရှင်။ ဒီမှာဖြင့်–အပျိုရည်လည်း အပျက်ခံရသေးတယ်။ တိတ်တိတ်ပုန်းမယား လည်း ဖြစ်ရသေးတယ်။ အစ်ကိုကြီး ဂုဏ်ပျက်မှာစိုးတယ်ဆိုပြီး ဘယ်သူ့မျှ ဖွင့်မပြောဝံ့ဘဲ တစ်သက်လုံးလည်း မြုံနေရသေးတယ်။ ဒီဟာတွေနဲ့ စာကြည့်ရင် နည်းတောင်နည်းသေး ...



ထိုင် (၂)လုံးရှိ၏။ ဗီရို၏နံဘေးတွင် အရက်ပုလင်းနှင့် ဖန်ခွက်များတင်ထားသော စင်တစ်ခုလည်း ရှိလေသည်။

ဦးသာဒင်သည် စီးကရက်တိုကို အပြင်သို့ပစ်လိုက်ပြီးလျှင် လက်နှစ်ဖက်ကို နောက်သို့ပစ်ကာ ပြတင်းပေါက်ဆီမှ နောက်ဖေးခန်းဘက်သို့ လာခဲ့လေ၏။ ထို့နောက် အခန်းတွင်းရှိ ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်ကာ ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်းတစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားလျက်ရှိရာမှ သူ၏အလုပ်ကို စတော့၏။

ဦးသာဒင်သည် ဆေးပုလင်းများထည့်ထားသော ဗီရိုအောက်ထပ် အံဆွဲအတွင်းမှ လက်လေးသစ်ခန့်ရှိသော ပုလင်းငယ်တစ်လုံးကိုထုတ်ယူလိုက်၏။ ပုလင်းထဲတွင် ဖြူသောအရည်များရှိ၍ ဦးသာဒင်သည် သွေ့ခြောက်သော ဖန်ခွက်တစ်လုံးထဲသို့ အရည်တစ်စက်လောင်းထည့်၏။ အရည်မှာ ဖန်ခွက်၏ဖင်ကို တစ်စုံတစ်ရာ စွန်းထင်းခြင်းမဖြစ်စေဘဲ တစ်မိနစ်အတွင်း သွေ့ခြောက်မျှလျက်ဖန်ခွက်မှာနဂိုပကတိအတိုင်း ရှိနေလေသည်။ ထိုအခါသူသည်ဖန်ခွက်ကို အသေအချာမှတ်ထားပြီးလျှင် စားပွဲ၏လက်ဝဲဘက်၌တင်ထားလိုက်၏။ ထို့နောက် အခြားဖန်ခွက်တစ်လုံးကိုလက်ယာဘက်က တင်ထားလိုက်ပြန်လေသည်။ သောက်လက်စဝီစကီပုလင်းနှင့် ဆော်ဒါပုလင်း (၂)လုံးကိုလည်းဖန်ခွက်များအလယ်၌နေသားတကျချထားလေသည်။

ဦးသာဒင်သည်အိမ်ရှေ့ဘက်သို့ပြန်၍လျှောက်လာခဲ့ပြီးလျှင်မှန်ပြတင်းပေါက်မှ အပြင်သို့ မကြာခဏလှမ်းကြည့်ကာ –

"ဒါထက် – မချောဟာ – ခါတိုင်း အချိန်မှန်ပါတယ်၊ အခုတော့"

အချိန်မှာ (၈)နာရီ (၁၅)မိနစ်မျှပင် ရှိနေလေပြီ၊ ဦးသာဒင်သည် တစ်မိနစ်လျှင် (၂)ကြိမ်ကျ လက်ပတ်နာရီကို မီးရောင်တွင် မြှောက်၍ ကြည့်မိ၏။ စီးကရက်များကိုလည်း တစ်လိပ်ကို၄၊၅ ခါမျှသာ ဖွာပြီးလျှင် ဗီနပ်ဖြင့်နင်း၍ မွတ်ချေပစ်လိုက်၏။ ခပ်မြည်းမြည်းလျှောက်၍နေရာမှ ခပ်မြန်မြန်လျှောက်ပြန်၏။ ထို့နောက် လက်ပတ်နာရီကိုကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com

"ကြည့်စမ်း (၈) နာရီခွဲတော့မယ်။ ငါးမိနစ်ပဲ လိုတော့တယ်၊ ခုထက်ထိ ပေါ်မလာသေးဘူး။ နေပါဦး - ကောင်မက ဘယ်လိုအကြံများ ရှိပြန်သလဲမသိဘူး။ အင်းသူ့ကိုတော့ နည်းနည်းသတိထားမှ" ဟု စဉ်းစားခန်း ထုတ်၍နေမိ၏။

တစ်ခဏမျှအကြာတွင် အိမ်ရှေ့ဘက် ကျောက်စရစ်လမ်းမှ ခြေသံသဲ့သဲ့ကြားရပြီးနောက် မြူးဖွေးသေးသွယ်သော မိန်းမတစ်ယောက်၏ ပုံသဏ္ဌာန်သည် မှောင်ရိပ်မှ တံခါးပေါက်အလင်းရောင်ဆီသို့ တဖြည်းဖြည်းချဉ်းကပ်လာ၏၊ ဦးသာဒင်သည် သံတံခါးသို့ ချက်ချင်းထ၍ ဖွင့်ပေးလိုက်ရာ အစ်ကိုကြီးဟု ခေါ်လိုက်သံနှင့်အတူ မိုင်ဆင်း(ခေါ်) ရေမွှေးနံ့သည်လည်း မိန်းမပျိုရှိရာမှ ထောင်းခနဲထွက်လာလေသည်၊

"တကတဲဗျာ - မျှော်လိုက်ရတာ"

(ဦးသာဒင်၏ခါးကိုကန္တဲ့ကလျဖက်လိုက်ပြီးနောက် ...)

"အလကားမျှော်နေတယ်၊ ပိုက်ဆံရှိ ဝယ်စားလိုက်ပေါ့ - အစ်ကိုကြီးရယ် ဟဲ - ဟဲ"

"ရှစ်နာရီကတည်းက အစ်ကိုကြီးမျှော်နေတာ - နွဲ့ရဲ့"

"မမညွန့်တို့ ပါတီသွားတာ စောင့်နေရလို့ နည်းနည်းနောက်ကျသွားတယ်"

သို့ပြောရင်း နောက်ဖေးခန်းဘက်သို့ နှစ်ယောက်အတူ လျှောက်လာခဲ့ကြလေ၏၊

နွဲ့ဆိုသူမိန်းမပျိုမှာ အရပ် (၅) ပေခန့်မြင့်၍ အပြာနုရောင် နိုင်လွန်လက်ပြတ်အင်္ကျီ၊ အပြာရင့်ပေါ်တွင် အဖြူပန်းခက်များဖော်ထားသည့် ဘရိုကိတ်လုံချည်တိုဝတ်ထား၏၊ ဆံပင်ကိုနောက်တွဲထုံးကာ အပြာရောင်ပိုက်ကလေးဖြင့် သပ်ရပ်စွာအုပ်ထားလျက် နှင်းဆီအဖြူပွင့်ကလေးတစ်ပွင့်ကိုသာ နောက်ကျကျထိုးထား၏၊ ကိုယ်လုံးမှာ သေးသွယ်သော်လည်း အချိုးအစားကျလှသဖြင့် ကြုံသည်ဟု၍ မဆိုသာဘဲ ပြေပြစ်၏၊ ကြော့ရှင်းသောလည်တိုင်တွင် ပုလဲပုတီးကလေးတစ်ကုံးဖြင့်ရစ်ပတ်ထားရာ သွယ်သောလည်တိုင်ကိုပို၍အချိုးကျစေ၏၊ ဝတ်စားထားပုံမှာလည်း ခပ်ယဉ်ယဉ်နှင့် အဆင်ပြေလှပေ၏၊ အလုံးစုံခြုံ၍ကြည့်သော် မိန်းမ

ရောတစ်ယောက်ဖြစ်သော်လည်း နက်မှောင်သောမျက်လုံးများဖြင့် တစ်ချက်တစ်ချက် စောင်းကြည့်လိုက်ပုံမှာ တကယ်၍ နီးကပ်စွာ အကဲခတ်က ရက်စက်ခြင်း၊ မုန်းတီးခြင်း၊ ရန်ငြိုးသိုတတ်ခြင်း အရိပ်အယောင်များ ပေါ်လွင်နေသည်ကို တွေ့ရပေမည်။ ထိုမျက်လုံးများနှင့်ဟန်ပန်အမူအရာကို ပေါင်းစပ်ကြည့်လိုက်သောအခါ၌ပင်မှာ ယောကျ်ားတစ်ယောက်၏ ကိုယ်တွင်းမှ သန့်ရှင်းသောမေတ္တာကို ထုတ်ယူနိုင်သည်ထက် တဏှာရာဂတက်ကြွစေသည့်စိတ်ဓာတ်ကို ပိုမိုလှုပ်ရှားစေနိုင်စွမ်းရှိသောရုပ်မျိုးဖြစ်လေသည်။

အခန်းတွင်းသို့ရောက်၍ ကုလားထိုင်များပေါ်တွင် ထိုင်မိကြသောအခါ နွဲ့နွဲ့က -

"နွဲ့ဖြင့် - အစ်ကိုကြီး - လာမှလာပါ့မလားလို့"

"လာရတာပေါ့ - နွဲ့ရယ်၊ ကြိမ်စကြာ နွဲ့က ရိုက်ခေါ်တော့ မလာဘဲ နေပုံပါ့မလား"

"အစ်ကိုကြီးက သိပ်စကားတတ်တာပဲ၊ ဒါထက် - နွဲ့ မှာတဲ့ ဟာကော ပါရဲ့နော်"

"ပါရတာပေါ့ဗျာ၊ မပါလို့ဖြစ်ပါ့မလား။ ဒါထက် - နွဲ့ကို အစ်ကိုကြီးဟာ ချစ်တယ်ဆိုပြီး တကယ်ဆိုတော့ သိပ်ရက်စက်တာပဲနော်"

"ဘာရက်စက်တာလဲ"

"အခုလုပ်နေပုံဟာ မရက်စက်ဘူးလား"

"အံမယ် - တစ်လ (၅၀၀) ကျပ်လောက် ပေးရတာများ ရက်စက်တယ်ခေါ်သလား ရှင်၊ ဒီမှာဖြင့် - အပျိုရည်လည်း အပျက်ခံရသေးတယ်၊ တိတ်တိတ်ပုန်းမယားလည်းဖြစ်ရသေးတယ်၊ အစ်ကိုကြီး ဂုဏ်ပျက်မှာစိုးတယ်ဆိုပြီး ဘယ်သူ့မှ ဖွင့်မပြောဝံ့ဘဲ တစ်သက်လုံးလည်း မြုံနေရသေးတယ်၊ ဒီဟာတွေနဲ့ စာကြည့်ရင် နည်းတောင်နည်းသေး ..."

"အပျိုရည်ပျက်တယ်ဆိုတာ အစကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ - အခု တစ်နှစ်နှစ်နှစ်အတွင်းဖြစ်နေတဲ့ မင်းအကျင့်စာရိတ္တကိုလည်း ကြည့်ဦးလေ နွဲ့"

www.burmeseclassic.com

"ဘာလဲ - ဘာစာရိတ္တလဲ"

"အစ်ကိုကြီးဆေးခန်းထဲမှာ ဆေးစပ်နေပေမယ့် မိန်းမတွေအကြောင်း သူများထက် ပိုသိတယ်၊ မင့်အကြောင်း မကြားဘူးများ ထင်နေသလား"

"ရှင် မည်မည်ရရ ပြောနော် မရမ်းနဲ့"

"အဲဒီလို မည်မည်ရရ မပြောနိုင်လို့ ခက်နေတာပေါ့။ ကဲပါလေ၊ ဒါတွေထား လိုက်စမ်းပါ၊ အချစ်ရယ်၊ ကိုယ်တို့စကား ကောင်းကောင်း ပြောကြရအောင်"

"ဘယ်သူကစပြီး မကောင်းတာ ပြောလို့လဲ"

"အစ်ကိုကြီးက စတယ်ပဲ ထားပါတော့ဗျာ"

ဦးသာဒင်မှာ ရုတ်တရက် မိမိစိတ် ထွက်သွားသည်ကို သိသဖြင့် မိန်းမများ နှင့်ပတ်သက်၍အကင်းပါးသူတစ်ယောက် ဖြစ်သည့်အတိုင်း ပြန်၍အချိုသတ်လိုက် ခြင်း ဖြစ်၏။ မိန်းမတို့မည်သည် မည်မျှ လောက် စိတ်ဆိုးစိတ်ကောက်စေကာမူ အဝတ်အစားဖြင့်သော်လည်းကောင်း၊ ငွေကြေးဖြင့်သော်လည်းကောင်း၊ အချစ် ဓာတ်ပါသော ယုယမှုဖြင့်သော်လည်း ကောင်း ချော့မော့လိုက်က မီးနှင့်တွေ့သော ဖယောင်းကဲ့သို့အရည်ပျော်တတ် စမြဲဖြစ်၏။ ဦးသာဒင်သည် ယင်းအချက် အလက်တို့ကို သူလေ့လာသော ဆေး ပညာကဲ့သို့ ကောင်းစွာ ကျွမ်းကျင်လေ သည်။

(နွဲ့၏ခါးကလေးကို ယုယစွာ ဖက် လိုက်ပြီးနောက် ...)

"အစ်ကိုကြီးပြောတာ စိတ်ဆိုးသွား သလား - ဟင် - နွဲ့"

"မဆိုးပါဘူး - အစ်ကိုကြီးက စတော့ ကျွဲမြီးတိုမိတာပေါ့"

"နွဲ့မကြိုက်ရင် မပြောတော့ပါဘူး၊ ဗျား စီးကရက်သောက်လေ - နွဲ့"

ဦးသာဒင်သည် ငါးသုံးလုံးစီးကရက် ဘူးထဲမှစီးကရက်တစ်လိပ်ကိုယူပြီးလျှင် နွဲ့၏နှုတ်ခမ်းပါးကလေးနှစ်ခုအကြားသို့ ထိုးသွင်းပေးလိုက်၏၊ မိမိကိုယ်တိုင် လည်း တစ်လိပ်ယူ၍ သောက်ပြီးလျှင် နွဲ့ပါးစပ်မှာစီးကရက်ကိုပါမီးညှိပေးလေ သည်၊ နွဲ့သည် တစ်စုံတစ်ရာ ပြောပြ သောက မရှိ၊ အေးဆေးငြိမ်သက်လှ သောအမူအရာဖြင့် ကုလားထိုင်နောက် မှီပေါ်သို့ဦးခေါင်းကိုခပ်မော့မော့ကလေး တင်ကာ စီးကရက်ကို အားပါးတရ ဖွာ ရှိုက်လျက် ရှိလေသည်။

⚘⚘

ဦးသာဒင်သည် လွန်ခဲ့သော (၃)နှစ် ခန့်က အဖြစ်အပျက်များ ပြန်ပြောင်းစဉ်း စားလျက် ရှိလေ၏။ နွဲ့နွဲ့သည် ထိုအခါက ကျောင်းမှထွက်စ အသက် (၂၀) ကျော်မျှ သာရှိသေး၏။ မိဘများမရှိရှာသဲကြို့ကုန်း တွင် ဦးလေးနှင့် အဒေါ်တို့ထံ ကပ်ရပ်နေ ထိုင်ရရှာ၏၊ တစ်နေ့တွင် နွဲ့နွဲ့၌ မိန်းမတို့ ဓမ္မတာ မီးယပ်ရောဂါနှင့်ပတ်သက်၍ ဝေဒနာတစ်ခု စွဲကပ်လာလာရာ နွဲ့နွဲ့၏ ဦးလေးတော်သူမှာ မြဲစောင့် မောင်မိုးနှင့် သောက်ဖော်စားဖက်ဖြစ်သည့်အတိုင်း ဦးသာဒင်ထံသို့ ဆေးဝါးကုသရန် မောင် မိုးက ခေါ်လာခဲ့၏။ ဆင်းရဲနွမ်းပါးသူ မိဘ မဲ့ မိန်းမပျို့နွဲ့အား ဦးသာဒင်သည် ဆေးဖိုး ဝါး မယူရုံမျှမက လမ်းစရိတ်ပေး၍လည်း ကောင်း၊ အသီးအနှံဓာတ်စာများ စားရန် ပေး၍လည်းကောင်း အမျိုးမျိုး ပေးကမ်း ထောက်ပံ့ခဲ့၏။ နွဲ့မှာခေတ်ပညာတတ် မိန်းကလေးတစ်ယောက် ဖြစ်သည့် အပြင် အင်္ဂလိပ် ဘာသာပညာရပ်များ သာမက ဆိုရှယ်ကျူမှုကိုလည်း ကျောင်း မှ အတော်အတန် လေ့လာခဲ့ဖူးသဖြင့် ကျောင်းမှ ထွက်သည်နှင့်တစ်ပြိုင်နက် ငွေကြေးထောက်ပံ့နိုင်သူများနှင့် အခါ အခွင့်ကြုံတိုင်း ဆိုရှယ်ကျူခဲ့သူ ဖြစ်လေ သည်၊ ရုပ်ရည်မှာလည်း ချောမောလှပ ခြင်းကို အပထား၍ ယောကျာ်းတို့ စွဲမက် လောက်သည့်ရုပ်မျိုးဖြစ်လေရာ (၃)လ ခန့်မျှဦးသာဒင်ထံတွင်ဆေးဝါးကုသနေ ရသည့်အတွင်း၌ပင် ဦးသာဒင်သည် နွဲ့ အပေါ်၌ မျက်စိကျခဲ့လေပြီ။

ဦးသာဒင်သည် နွဲ့အား မြို့ထဲသို့ မလာစေတော့ဘဲ တနင်္ဂနွေနေ့တိုင်း ကြို့ကုန်းအိမ်သို့ မိမိအလာတွင် နွဲ့အတွက် ဆေးများကို ယူလာတတ်၏၊ ထိုအခါ နွဲ့သည် ရန်ကုန်ဆေးတိုက်သို့ မသွားတော့ဘဲ ကြို့ကုန်း ဦးသာဒင်အိမ် သို့လာ၍ယူ၏။ ထိုအခါ ဦးသာဒင်သည် ယခုကဲ့သို့ မိမိကြိုတင်ကြံစည်သော အချက်ကို အခွင့်အရေးယူကာ မောင်မိုး

www.burmeseclassic.com

၏အကူအညီဖြင့် ထိထိရောက်ရောက် ကြံစည်လေတော့၏၊ သို့နှင့် နွဲ့၏ ရောဂါဝေဒနာ ပျောက်ကင်းပြီး နောက် (၃)လ ခန့်အကြာတွင်တိတ်တဆိတ်လက်ထပ်လိုက်လေသည်၊ ဤသို့ဖြင့် ဦးသာဒင်သည်နွဲ့အား တနင်္ဂနွေနေ့တိုင်းကြိုကုန်းအိမ်တွင်တွေ့ဆုံကာ သူတို့၏ဘဝအချစ်ဇာတ်လမ်းကို စ,ခဲ့ကြ၏။

ထိုအခါက ဦးသာဒင်မှာ ပထမအိမ်ထောင် ပျက်ခဲ့ပြီးနောက် ဒုတိယအိမ်ထောင်ကို မဆက်သေးချေ၊ သို့သော် နွဲ့နှင့် တိတ်တဆိတ် စတင်ဖြစ်ပျက်ခဲ့ပြီးနောက် တစ်နှစ်ခန့်အကြာတွင် ဆွေမျိုးများ၏အတင်းတိုက်တွန်းချက်အရယခုလက်ရှိဖြစ်သော ဒုတိယအိမ်ထောင်ကို လက်ဆက်ခဲ့ရ၏၊

ဦးသာဒင်သည်နွဲ့အားလူများအသိမခံဘဲ ၎င်း၏ရုပ်ရည်နှင့် ငယ်ရွယ်သောဂုဏ်ကို တပ်မက်ကာ လုံလောက်စွာထောက်ပံ့ခဲ့၏။ သို့သော် ဆိုရှယ်ကျလှ၍လူ့ဘဝကိုကောင်းစွာသိနားလည်လာပြီဖြစ်သော နွဲ့သည် ဦးသာဒင်၏ အချစ်နှင့်ပင် တင်းတိမ်ရောင့်ရဲခြင်းမရှိသေးဘဲ အရပ်ထဲမှမိမိနှင့်သက်တူရွယ်တူလူငယ်ကလေးများနှင့်လည်းကောင်း၊ တစ်ခါတစ်ရံ ပိုက်ဆံဝါးလား သက်ကျားအိုတရုတ်သူဌေးများနှင့် လည်းကောင်းရောနှောကာ ဆိုရှယ်ကျချင်တိုင်းကျ၍သာနေတော့၏။ထိုအကြောင်းများသည် ဦးသာဒင်၏နားသို့ အတော်အတန်ပေါက်ရောက်ခဲ့သဖြင့် ဦးသာဒင်သည် ပထမဆက်သွယ်ပေးသော မောင်မိုးမှတစ်ဆင့် ဆုံးမစကားပြောကြားစေရာ မောင်မိုးက -

"ဆရာကြီးတိုင်းလည်းဟုတ်မယ် မထင်ပါဘူး - ဆရာရယ်။ သူက ဘယ်သူ့ကိုမဆို ရောရောနှောနှော ပေါင်းသင်းတတ်တယ်မဟုတ်လား၊ ဆရာရဲ့ပြီးတော့လည်း ရုပ်ကလေးချောတော့ ဟိုကခေါ်ချင်၊ ဒီကခေါ်ချင်နဲ့ ပွဲလမ်းသဘင်တွေအလှူအတန်းတွေသွားလာနေတာဘေးကမနာလိုလို့ပြောတဲ့စကားတွေပါဆရာ" စသည်ဖြင့်နွဲ့ဘက်ကပင် ကာဆီး၍ပြောလိုက်ချေသေး၏၊ နွဲ့၌ လာဘ်သပ်တာ ရွှင်လေလေ မောင်မိုးနှင့် နွဲ့၏ဦးလေးတို့မှာပုလင်းထောင်နိုင်လေလေဖြစ်ကြောင်း ဦးသာဒင် ရိပ်မိ၏၊ သို့သော် မိမိ၏မကောင်းသတင်းကို ထိုသူနှစ်ယောက်ကပင်ဖုံးအုပ်ထားခဲ့သဖြင့် ၎င်းတို့ကိုပင်လက်သပ်မွေးထားရလေသည်၊

နွဲ့မှာ ဆိုရှယ်ကျရုံသာမက မခံချင်စိတ်ရှိသူ ဆတ်ဆတ်ကြဲကလေးတစ်ယောက်ဖြစ်သည့်အတိုင်း ဦးသာဒင်ဒုတိယအိမ်ထောင်ပြုသည်နှင့်တစ်ပြိုင်နက်ယခင်ကကဲ့သို့မိမိမှာဦးသာဒင်ပေးသမျှ (၁၀၀)ကျပ် (၉၀)ကျပ်နှင့် တင်းမတိမ်နိုင်ဘဲ စားစရိတ်(၂၀၀)ကျပ်အပြင် ဦးသာဒင်၏ဂုဏ်ကိုဆယ်ရန် နှုတ်ပိတ်ခအဖြစ်ဖြင့် (၃၀၀)ကျပ်၊ စုစုပေါင်း (၅၀၀)ကျပ်ကို လစဉ်မှန်မှန်ပေးရန်အကြောင်း၊ အကယ်၍မပေးက အကျိုးအကြောင်းကို ဦးသာဒင်ဇနီးနှင့်တကွ မိဘဆွေမျိုးများအားဇာတ်စုံဖွင့်၍ပြောလိုက်မည်ဖြစ်ကြောင်း၊ မိမိလက်တွင် ဦးသာဒင့်လက်ရေးဖြင့် စာ(၃)စောင်၊ နှစ်ယောက်တွဲရိုက်ထားသည့် ဓာတ်ပုံတစ်ခု၊ အင်္ဂလိပ်ဘာသာဖြင့် သာဒင်ဟု အတိုကောက်ထိုးထားသောမဟူရာကျောက်လက်စွပ်တစ်ကွင်းစသောသက်သေခံပစ္စည်းများကိုဖွင့်လှစ်တင်ပြတော့မည်ဖြစ်ကြောင်းဖြင့် ခြိမ်းခြောက်လေ၏၊ ထိုအခါမှ ဦးသာဒင်မှာ ဆိုရှယ်မကလေးများ၏အချစ်မှာ အချစ်စစ် အချစ်မှန်မဟုတ်ဘဲ လောလောဆယ် နေထိုင်မှုအတွက် သက်သာချောင်ချိစေရန် အပေါ်ယံဟန်ဆောင်သောအချစ်မျှသာဖြစ်ကြောင်း ကောင်းစွာ သိရှိနားလည်တော့၏၊

ဦးသာဒင်သည်ဒုတိယအကြိမ်အိမ်ထောင်မပြုမီက အတော်ပင် ဝင်ငွေကောင်းခဲ့သူဖြစ်၏၊ မဂိုလမ်း(ရွှေဘုံသာလမ်း)ဆေးတိုက်မှ ဆရာမများ၊ စာရေး၊ ဒရဝမ်မှစ၍ ပေးရသည့်လခအပြင် မိမိအတွက် တစ်လလျှင် (၁၅၀၀)ကျပ်ခန့်ဝင်ငွေရှိ၏၊ သို့ဖြစ်ရကား အိမ်ထောင်ဇနီးသည်နှင့်တကွ မိမိဂုဏ်ကိုပါဆယ်ရန် နွဲ့အား တစ်လလျှင် (၅၀၀)ကျပ်ပေးရမည်မှာ ထိုအချိန်က မများလှချေ၊ သို့သော်ဦးသာဒင်မှာ အမြော်အမြင်ကြီးသူတစ်ယောက်ဖြစ်သည့်အတိုင်း ရက်ရှည်

လများ မိမိပေးနိုင်ပါမည်လောဟု သံသယရှိမိ၏၊ သို့နှင့်နွဲ့အားငွေ(၅၀၀၀) ကျပ်နှင့် ဤကိစ္စကို အပြီးသတ်စေရန် တောင်းပန်စေ့စပ်ခဲ့ဖူး၏၊ သို့သော် နွဲ့က မလိုက်လျောချေ၊ ငွေ (၅၀၀၀)ကျပ်ကို အပြီးအပိုင်ယူလိုက်က မိမိ၏ဆိုရှယ်ကျူမှု၊ မိမိအသုံးအဖြုန်းများနှင့် တွက်လိုက်သော် အလွန်ဆုံး (၇)လ၊ (၈)လခန့်သာ ခံပေမည်၊ သို့ဖြစ်၍ငွေ (၅၀၀၀)ကျပ်ကို လက်မခံဘဲဦးသာဒင်အိတ်ထဲမှ တစ်လလျှင် ငွေ(၅၀၀)ကျပ်ကျ မှန်မှန်နှိုက်ယူနိုင်က မိမိတစ်သက်တွင် အေးရတော့မည်ဟု စိတ်ကူးပေါက်မိ၏၊ သို့နှင့် နွဲ့က လက်မခံသည့်အဆုံးတွင် ဦးသာဒင်သည် အင်္ဂလိပ်လဆန်းတိုင်း နွဲ့အား ငွေ (၅၀၀)ကျပ် လစဉ်မှန်မှန် ပေးခဲ့ရလေသည်၊

ပထမ ၃၊ ၄ လအတွင်း ငွေ (၅၀၀) မှာဦးသာဒင်အတွက်မဖြစ်လောက်သော်လည်း တစ်နှစ်နီးပါးမျှကြာရှိသော အခါ အတော်ပင်ဝန်လေးလာသည်ကိုတွေ့ရတော့၏၊ ဦးသာဒင်သည် ဖရေဇာလမ်း (အနော်ရထာလမ်း)ရှိအခန်းကျဉ်းလေးတစ်ခုတွင် ပထမနေခဲ့ရာမှ ဒုတိယအိမ်ထောင်ပြုသည့်အခါ ပန်းဆိုးတန်းရှိ အတော်အတန် ကျယ်ဝန်းသော တိုက်ခန်းတစ်ခုသို့ ပြောင်းခဲ့ရ၏၊ ထိုအခန်းရရှိရေးအတွက် ဆလာမီ ငါးထောင်မျှ ပေးရ၏၊ တစ်ပတ်ရစ်ကားလေးတစ်စီးကိုလည်း (၆၀၀၀)ကျပ်ပေး၍ဝယ်လိုက်ရပြန်၏၊

သို့သော် အလုပ်ဘက်၌မူ တစ်စုံတစ်ရာတိုးတက်မှုမရှိသည့်အပြင်ရှိရင်းစွဲအခြေအနေထက်ပင် ကျဆင်းလျက်ရှိလေ၏၊ အမျိုးသမီးလူနာဘက်မှလည်း မေတ္တာရှိနှင့် အလကားကများသဖြင့် လက်ထောက်ဆရာဝန်တစ်ယောက်နှင့် ဆရာမတစ်ယောက်ကိုပင် မလွှဲသာဘဲ ထုတ်ပစ်လိုက်ရ၏၊ ဤသို့ဖြင့် ဆေးတိုက်မှာ အသိုင်းအဝိုင်း အဆောင်အယောင်ငယ်သွားသည်နှင့်အမျှဝင်ငွေလည်း လျော့ပါးလာတော့၏၊ ယခင်က လစဉ် မိမိအတွက် (၁၅၀၀)ကျပ်ထက်မနည်း ရရှိခဲ့သောဝင်ငွေမှာ ယခုအခါ (၁၀၀၀) ကျပ်ပင် မပြည့်တော့ချေ၊ အိမ်စရိတ်နှင့်ကားစရိတ်များကလည်းတိုး၍လာသေး၏၊ ဤသို့ ရှိနေသည့်အထဲမှ နွဲ့အား (၅၀၀)ကျပ် မှန်မှန်ဖဲ့၍ ပေးရပေဦးမည်၊

နွဲ့နွဲ့ကား ... တောင်းပန်၍ရမည့် မိန်းကလေးတစ်ယောက်မဟုတ်ကြောင်း ဦးသာဒင် သိပြီဖြစ်၏၊ လွန်ခဲ့သော (၃၊ ၄)လလောက်ကလည်း တစ်ကြိမ် ဤကိစ္စကို (၆၀၀၀)ကျပ်နှင့် အပြီးသတ်ပါမည်အကြောင်း၊ ထို့နောက်နွဲ့နွဲ့သဘောအတိုင်း လက်ထပ်နိုင်ကြောင်း၊ ထိုအခါ လစဉ်ငွေ(၁၀၀)ကျပ်ကျပင်မုန့်ဖိုးအဖြစ်ပေးသွားဦးမည်ဖြစ်ကြောင်းဖြင့် ပြောဆိုမှုသေး၏၊ သို့သော် နွဲ့နွဲ့ကား လက်မခံချေ၊ နွဲ့နွဲ့သည် လုံးခနဲ ခဲခနဲရခြင်းကို သဘောမကျဘဲ ဦးသာဒင် မသေမချင်း လစဉ်မှန်မှန် (၅၀၀)ကျပ် ရရှိခြင်းသာလျှင် မိမိနေထိုင်စားသောက်ရေးအတွက် မပူမပင်ရသောနည်းလမ်းဖြစ်သည်ဟုယူဆကာခေါင်းမာလျက်ရှိလေသည်၊

ဦးသာဒင်သည်စီးကရက်ကိုအားရပါးရ ဖွာရှိုက်ရင်း အထက်ပါအကြောင်းများကို ပြန်ပြောင်းစဉ်းစားလျက် ရှိနေလေသည်၊ ထို့နောက် တစ်ကိုယ်တည်း ပြောသကဲ့သို့-"အင်း-ဒီလိုခေါင်းမာတဲ့ မိန်းမကို နှုတ်ပိတ်ဖို့ဒီနည်းပဲရှိတယ်"ဟု ရေရွတ်လိုက်လေသည်၊

၊၊ ၊၊

"အစ်ကိုကြီးကလည်းဘာတွေစဉ်းစားနေတာလဲ"

"ဘာမျှမစဉ်းစားပါဘူး-နွဲ့ရယ်၊ ဆရာဝန်ဆိုတာ ဆေးကုဖို့နဲ့ ငွေရဖို့ပဲ စဉ်းစားရတာပေါ့"

"ဘယ်မလဲ-အစ်ကိုကြီး၊ နွဲ့ကို ပေးမယ့်ငွေ"

"ရော့ပါဗျာ-ယူပါ"

ဦးသာဒင်သည် ရှပ်အင်္ကျီအိတ်ထဲတွင်အသင့်ထည့်ထားသောတစ်ရာတန် (၅)ရွက်ကို နွဲ့နွဲ့လက်ထဲသို့ ထည့်လိုက်ရာ နွဲ့နွဲ့သည် ငွေစက္ကူများကို လှမ်းယူလိုက်ပြီးနောက် မိမိ၏လက်ပွေ့အိတ်ကလေးထဲသို့ထည့်လိုက်လေ၏၊



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုကြီး - အခုတစ်ခါကြည့်ရတာ တစ်မျိုးကြီးပဲ၊ ဘာတွေငိုင်နေတာလဲ"

"အရင်တုန်းက နွဲ့နွဲ့နဲ့စပြီးတွေ့ခဲ့တဲ့ အကြောင်းတွေလည်း ပါတာပေါ့ - နွဲ့ရဲ့"

"နွဲ့တော့ - ဘာမှမစဉ်းစားပေါင်၊ ပျော်မယ်၊ ပါးမယ်၊ ဝတ်မယ်၊ စားမယ်၊ ကိုယ့်ကိုယ်ကိုယ်လှအောင် ဆင်မယ် ဒါပဲ"

"ဟုတ်တာပေါ့ - နွဲ့ရယ်၊ အစ်ကိုကြီးကတော့ ငွေရအောင်ရှာရတဲ့လူမဟုတ်လား၊ ဒီမယ်နွဲ့ - ဒီကနေ့ည (၁၂)နာရီ အထိနော်"

"သဘော - သဘော - အစ်ကိုကြီးသဘောရှိ၊ ဒါပေမဲ့ - နွဲ့ကို ပြန်ပို့ရမယ်နော်"

"ပို့ပါမယ်ဗျာ - အစ်ကိုကြီးမှာ ကားပါ့ပါတယ်"

ဦးသာဒင်သည်မတ်တတ်ရပ်လိုက်ပြီးလျှင်နေရာမှထကာမိမိ၏အပေါ်အင်္ကျီကိုချွတ်၍ အင်္ကျီချိတ်တစ်ခုတွင် ချိတ်ထားလိုက်လေ၏၊ ထိုအခါဦးသာဒင်မှာ ပန်းနုရောင်ပိုးရှပ်အင်္ကျီကလေးဖြင့်ရှိနေလေရာ အသက်(၅၀)မျှပင် ရှိပြီဆိုသော်လည်း ကြံ့ခိုင်သောမျက်နှာ၊ မည်းနက်သောဆံပင်၊ လှပသော အဆင်အပြင်တို့ကြောင့် အတော်ပင် နပျိုသေးသောရုပ်အဆင်းကို ဆောင်လျက်ရှိလေ၏၊ ထို့နောက် ခုတင်ပေါ်သို့ သွား၍ထိုင်ရာ နွဲ့သည်လည်းနေရာပြောင်းကာဦးသာဒင်နှင့်အတူယှဉ်၍ ထိုင်လေသည်၊

"နွဲ့နဲ့မတွေ့တာ (၂)ပတ်လောက်ရှိသွားပြီနော်"

"ဟုတ်တာပေါ့"

"အစ်ကိုကြီးနဲ့ အခုလိုဖြစ်လာတာ (၃)နှစ်ပြည့်တော့မယ်၊ နည်းနည်းကလေးမျှ အလှမပျက်ဘူး၊ အရင်က အတိုင်းပဲ"

"ဒီလောက်မမြှောက်ပါနဲ့ - အစ်ကိုကြီးရယ်၊ အစ်ကိုကြီးအိမ်ကဟာလောက်မလှပါဘူး"

"အိမ်ကဟာကြီးလောက် မလှရင် အစ်ကိုကြီး ဒီကိုလာပ့ါမလား - နွဲ့ရဲ့"

ဦးသာဒင်မှာ သို့ပင် ပြောရသော်လည်းမေတ္တာနှင့်ပြောခြင်းမဟုတ်၊ ဟန်ဆောင်၍ပြောရသောစကားလုံးများဖြစ်သဖြင့် ပါးစပ်မှရောရောမောမောမထွက်ဘဲ သွေ့ခြောက်ခြောက်နိုင်လှ၏၊

ဦးသာဒင်သည် မိမိ၏လက်ဝဲဘက်တွင်ထိုင်နေသောနွဲ့နွဲ့၏ကိုယ်ကလေးကို ခါးမှ ခပ်တင်းတင်းဖက်ထားရာ နွဲ့သည် ခပ်ယိုင်ယိုင်ပါလာလျက် မိမိ၏လက်ဝဲဘက်ပခုံးစွန်းပေါ်သို့ သူ၏ဦးခေါင်းကလေး ခပ်မှီမှီရှိနေသည်ကို တွေ့ရှိရ၏၊

"ဒါထက် - အစ်ကိုကြီးကိုနွဲ့အဟုတ်ချစ်ရဲ့လား"

(မျက်လုံးကလေး ခပ်မှေးမှေးထားလျက် ...)

"အို - အစ်ကိုကြီးကလည်း ဘယ့်နှယ်မေးပါလိမ့်၊ အဟုတ်မချစ်ဘဲ ဒီကိုလာပ့ါမလား"

"နေပါဦး - အစ်ကိုကြီး အရင်တစ်ခါ ပြောဖူးတာ အမှတ်ရသေးလား"

"ဘာလဲ - ငွေ (၆၀၀၀) အပြီးယူရမယ်ဆိုတာလား"

"ဟုတ်တယ် - ဒီဟာတောင်အစ်ကိုကြီးမှာ အဆင်သင့်ရှိတာမဟုတ်ဘူး၊ အလွန်တရာချစ်တဲ့ သူငယ်ချင်းတစ်ယောက်ဆီက သူ့မိန်းမ လက်ဝတ်လက်စားတွေကိုပေါင်ပြီး ယူပေးရမှာ - နွဲ့ရဲ့"

ဦးသာဒင်က နောက်ဆုံး သွေးတိုးစမ်းလိုက်ခြင်း ဖြစ်သည်၊ ထိုစကားကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် နွဲ့နွဲ့၏ ပျော့ပျောင်းသောကိုယ်ကလေးသည် တောင့်တင်း၍သွားပြီးလျှင် နွဲ့သည် ဦးသာဒင့်ရင်ခွင်မှ ဆတ်ခနဲ ထွက်လိုက်လေ၏၊

"အစ်ကိုကြီး - ဒီစကား - လာပြန်ပြီလား၊ ဒီတစ်ခါပဲ ဒီစကားကို ကြားပါရစေ - အစ်ကိုကြီး၊ နွဲ့ကိုယ်ကို ခြောက်ထောင်နဲ့ တစ်ခါတည်းရောင်းရမှာလား"

"ရောင်းတယ်လို့ ဘယ်ဟုတ်မလဲ နွဲ့ရယ်၊ နွဲ့လည်း တစ်ခါတည်း လုံးလုံးခဲခဲ ရသွားရော၊ အစ်ကိုကြီးမှာလည်း ဒီအပူလုံးကြီးကျသွားရော၊ ပြီးတော့..."

(စကားမဆုံးမီ ကြားဖြတ်လျက်)



www.burmeseclassic.com

www.burmeseclassic.com

"တော်ပါ - အစ်ကိုကြီးရယ်၊ ဒီစကား - ဒီတွင်ပဲ ရပ်စမ်းပါ။ နွဲ့ပါးစပ်က ထွက်မိတဲ့စကားကို နွဲ့တစ်သက် ဘယ်တော့မှ အလျှော့မပေးဘူး မှတ်ထားပါ"

(တောင်းပန်၍မရမှန်း သိပြီဖြစ်၍ မျက်နှာကိုရှိုသာစွာ ပြောင်းလိုက်ပြီးနောက်) "နွဲ့ - လာလေ၊ ဒီစကားပြောလိုက်ရင် စိတ်ဆိုးတာချည်းပဲ"

"စိတ်မဆိုးစေချင်ရင် မပြောဘဲနေပါလား"

"ကိုင်း - မပြောတော့ပါဘူးဗျာ"

ဦးသာဒင်သည် နွဲ့နွဲ့အား ပြန်၍ရှော့မော့ကာ သေးသွယ်သောခါးကလေးကို ဖက်လိုက်ပြန်၏၊ သို့သော် ထိတွေ့ခြင်းအရသာကိုမတွေ့ရဘဲတောင့်တင်းလျက်ရှိသောကိုယ်ကိုသာ တွေ့ရ၏။ ပွန်ပီယာပေါင်ဒါတို့ဖြင့် လိမ်းကျံထားသည့် ခပ်မော့မော့ရှိနေသော နဖူးပြင်ကို နမ်းရှုပ်လိုက်၏။ သို့သော် ယခင်ကကဲ့သို့ ရာဂစိတ်ကို နှိုးဆွပေးသည့် အနံ့အရသာအမွှေးအကြိုင်တို့ကို မတွေ့ရဘဲ ပေါက်ပန်းပွင့်ကို ရှူရဘိသကဲ့သို့ရှိ၏၊ မေတ္တာစိတ် သည် သာလျှင် အာရုံငါးပါးကို အသေးစိတ်၍နှနယ်စွာ ခံစားနိုင်ပြီးလျှင် ဒေါသစိတ်မှာမူ အာရုံငါးပါးကို လှည့်စားကာတစ်မျိုးတစ်ဖုံရောက်ရှား၍သွားစေတတ်၏၊ ဤအာရုံပြောင်းလဲမှုကို အဇိမာတ်သာမဟုတ်၊ အမမာတ်ကလည်း ခံစားရဟန်လက္ခဏာရှိလေသည်။

"အစ်ကိုကြီးလက်ကလည်းတောင့်တောင့်ကြီး - တကတဲ"

"နွဲ့ - စိတ်ထင်လို့ပါ"

"အစ်ကိုကြီးနှာခေါင်းက နံလိုက်တာ"

"နွဲ့ - ထင်လို့ပါကွယ်"

ဦးသာဒင်သည် နွဲ့၏မျက်လုံးများနှင့်တကွတစ်ကိုယ်လုံးမြဲ၍ကြည့်နေ၏။ နွဲ့၏မျက်လုံးများမှာ နက်မှောင်လှပသည်ဟု ယခင်ကထင်ခဲ့သော်လည်း ယခုအချိန်၌မူ မြွေဟောက်မတစ်ကောင်၏ မျက်လုံးများသို့မီးတဖျတ်ဖျတ် ထွက်နေသည်ဟုထင်မိ၏။ မိမိ၏အခြေအနေနှင့်



66

အင်း - ကိုယ့်ကိုယ်ကိုယ်
အင်မတန်ပါးလှပြီ နပ်လှပြီ ဆိုပြီး
ငါသွေးသားကိုစုပ်နေတဲ့ မြွေဟောက်မ
တော့ ကိစ္စချောရှာပြီ။ ဩော် - အနိစ္စ
အနိစ္စ - အင်မတန်မွှေးကြိုင်ပြီး
ပွေ့ချင်ပိုက်ချင်၊ နမ်းချင်ရှုပ်ချင်စရာ
ကောင်းတဲ့ကိုယ်ကလေးဟာ
တော်တော်ကြာ အင်းလျားကန်ထဲမှာ
ပုပ်ပွပြီး ပိုးလောက်တို့အစာ
ဖြစ်ရှာရတော့မှာပဲ။

တကွ မိမိ၏အလုပ်အကိုင် ကျဆင်းလာပုံ၊ မိမိအပေါ်တွင် ကြွေးမြီများပုံတို့ကို စဉ်းစားမိ၏။ လကုန်သောအခါ မိမိ၏ လက်အောက်ငယ်သားအလုပ်သမားများအားလစာရှင်းပေးရဦးမည်၊ ၎င်းတို့မှာ ဒီကရမှဒီကစားဆိုသူများဖြစ်၍မိမိကိုယ်ရေးကိုယ်တာအတွက် မသုံးဖွဲရလျှင်ရှိစေ သူတို့အား မည်သည့်နည်းနှင့်မဆို ရှင်းလင်းပေးရပေမည်၊ ဦးသာဒင်မှာ အကျဉ်းအကျပ်ထဲ၌ပင် မိမိ၏အလုပ်သမားများအားလစာမှန်မှန်မပေးနိုင်မည်ကိုတွေး၍ ပူပန်မိသေး၏၊ သို့ဖြစ်ရကား မိမိ၏ဘဝခရီးတွင် ဤမျှလောက် စိတ်မချမ်းသာအောင် ဒုက္ခပေးနေသည့် သတ္တဝါမ၊ မိမိ၏ပျော်ရွှင်မှုကို ဤမျှလောက် နှောင့်ယှက်ဖျက်ဆီးနေသည့် မိန်းမကို မည်ကဲ့သို့ အစတုံးအောင် ပြုလုပ်ရပါမည်နည်းဟု ခေါင်းစဉ်နှင့်အမျှ အကြံထုတ်ခဲ့ပုံများကိုယခုပြန်၍စဉ်းစားနေခြင်းဖြစ်လေသည်၊ ဦးသာဒင်၏မျက်လုံးများသည် ဖန်ခွက် (၂)လုံးတင်ထားသောစားပွဲဆီသို့ရောက်သွားလေတော့၏။





www.burmeseclassic.com

www.burmeseclassic.com

"နေဦး - ညဥ့်နက်တော့ နည်းနည်း တောင် အေးလာတယ်"

ဦးသာဒင်သည် စားပွဲဆီသို့ ထသွားလေသည်။

"သောက်ရဦးမှာလား အစ်ကိုကြီးရဲ့"

"ခါတိုင်းလိုပေါ့ - နွဲ့ရယ်၊ မမူးပါဘူး၊ နည်းနည်းပါ၊ ဒါမှလည်း အရက်တန်ခိုးနဲ့ ပျော်ချင်တိုင်း ပျော်နိုင်မှာပေါ့"

ဦးသာဒင်သည် လက်ဝဲဘက်ရှိ ဖန်ခွက်ကို နွဲ့နွဲ့ဘက်သို့လည်းကောင်း၊ လက်ယာဘက်ဖန်ခွက်ကို မိမိဘက်သို့လည်းကောင်း အတန်ငယ်ရွှေ့၍ချထားလိုက်၏။ ထို့နောက် ပုလင်းထဲမှ ဝီစကီကို ဖန်ခွက်များထဲသို့ လက်နှစ်သစ်ခန့်စီ လောင်းထည့်ပြီးလျှင် ဆော်ဒါနှင့် ရောစပ်လေသည်၊

"ဩော် ဒါထက် - ကိုမိုးတစ်ယောက် မမြင်ပါကလား - အစ်ကိုကြီး၊ ခါတိုင်းတော့ သူပဲလာပြီး ငုံ့ပေးတတ်လို့"

"မရှိဘူး - နွဲ့ရေ၊ ခပ်စောစောကတည်းက သူ့သူငယ်ချင်းတစ်ယောက်နဲ့တွေ့ရအောင် ဘူတာရုံဘက်ထွက်သွားတယ်၊ သောက်နေမှာပေါ့ - နွဲ့ရယ်၊ ခုလောက်ရှိ ဘယ်ရောင်ကြားသွားပြီးလဲနေမလဲ မသိဘူး၊ ဒီအလုပ်မျိုးမယ် နှစ်ယောက်တည်း အေးအေးဆေးဆေး နေရတာ အကောင်းဆုံး မဟုတ်လား နွဲ့ရဲ့"

ဦးသာဒင်မှာ မိမိ၏အကြံအစည်ကို တစ်စိတ်တစ်ဒေသ ပေါ်လွင်စေသော စကားအမိပ္ပာယ်မျိုးသက်ရောက်သဖြင့် စိတ်မလုံသည့်ဟန်ဖြင့် နွဲ့နွဲ့၏မျက်နှာကို ဖျပ်ခနဲ မော်၍ကြည့်လိုက်၏။ သို့သော် နွဲ့နွဲ့မှာ ထိုစကားသည် တိတ်တဆိတ်တွေ့ဆုံကြသောယောက်ျားမိန်းမတို့အတွက် ရိုး၍နေသောစကားမျိုးဖြစ်သဖြင့် ဂရုမစိုက်ဘဲ စီးကရက်ဖွာမြဲဖွာ၍နေလေသည်၊

ထို့နောက် တစ်ယောက်ခါးကို တစ်ယောက်ဖက်ကာ ဖန်ခွက်များကိုမြှောက်လျက် ဦးသာဒင်က "အစ်ကိုကြီးရဲ့အချစ်ဆုံးနွဲ့အတွက်" ဟူ၍လည်းကောင်း၊ နွဲ့နွဲ့ကလည်း "နွဲ့ရဲ့အချစ်ဆုံးအစ်ကိုကြီးအတွက်" ဟူ၍လည်းကောင်း ဖန်ခွက်ချင်း



ထိလိုက်ပြီးနောက် အရက်များကို မော့ချလိုက်ကြလေ၏၊

ဖန်ခွက်များကို စားပွဲပေါ်သို့ပြန်၍ ချထားလိုက်ပြီးနောက် ဦးသာဒင်သည် ငွေဘူးထဲမှ စီးကရက်တစ်လိပ်ကို နှိုက်ယူ၍မီးညှိလေရာ နွဲ့နွဲ့၏မျက်နှာမှာ ကြောက်မက်ဖွယ်ရာရုတ်တရက်ပြောင်းလဲသွားသည်ကို တွေ့မြင်ရတော့၏။ မေးရိုးများမှာ အောက်သို့ ကျဆင်းလျက် မျက်လုံးများသည်လည်း မျက်ကွင်းထဲသို့ နိမ့်ဝင်သွားပြီးလျှင် အသွေးအရောင်ဟူ၍ မရှိတော့ချေ။ ဦးသာဒင်သည် နွဲ့နွဲ့၏မျက်နှာကို ကြောက်မက်ဖွယ်ကောင်းသော ပြုံးခြင်းမျိုးဖြင့်ပြုံးကာ ခါးထောက်ကြည့်ရှုလျက်ရှိလေ၏။ နွဲ့နွဲ့က လျှာလေးသံကြီးဖြင့် -

"အစ်ကိုကြီး - အ - အ - အစ်ကိုကြီး"

"ဟဲ - ဟဲ - ဘာဖြစ်တာလဲ"

"ကျွန်မကို - ကျ - ကျွန်မကို"

တစ်လုံးချင်းမျှထွက်လာသော နွဲ့နွဲ့၏စကားများမှာ မပီတော့ချေ။ နွဲ့နွဲ့သည် သူ၏လည်မျိုကို လက်နှစ်ဖက်ဖြင့် ဖိညှစ်ကာ ကုလားထိုင်ပေါ်သို့ တစောင်းလဲကျသွားပြီးလျှင် အသက်ပျောက်၍ သွားရာလေ၏၊

ဋ ဋ

ဦးသာဒင်သည် ရှုံ့ရှာမှုန်းတီးသော မျက်နှာဖြင့် နွဲ့နွဲ့၏အလောင်းကို ခါးထောက်၍ကြည့်ရင်း - "အင်း - ကိုယ့်ကိုယ်ကိုယ် အင်မတန်ပါးလှပြီ နပ်လှပြီ ဆိုပြီး ငါ့သွေးသားကိုစုပ်နေတဲ့ မြွေပောက်မတော့ ကိစ္စချောရှာပြီ၊ ဩော် - အနိစ္စ အနိစ္စ - အင်မတန် မွှေးကြိုင်ပြီး ပွေ့ချင် ပိုက်ချင်၊ နမ်းချင်ရှုပ်ချင်စရာကောင်းတဲ့ ကိုယ်ကလေးဟာ တော်တော်ကြာ အင်းလျားကန်ထဲမှာ ပုပ်ပွပြီး ပိုးလောက်တို့အစာ ဖြစ်ရှာရတော့မှာပဲ၊ ဒါထက် နေရာကျပုံက အလောင်းကိုတွေ့လို့ ဘယ်လိုပဲ ခွဲကြည့်ကြည့် အဆိပ်ကို ဘယ်နည်းနဲ့မျှ သူတို့မတွေ့နိုင်ဘူး၊ ငါ့အဆိပ်က ကိုယ်ထဲမှာ (၆) နာရီလည်း ကြာရော ပျောက်ပျက်သွားရမယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဒါထက် - ဒီလိုနေလို့ မပြီးသေးဘူး၊ လုပ်စရာကလေးတွေ ကျန်သေးတယ်"

ဦးသာခင်သည် ကုလားထိုင်ပေါ်တွင်တစောင်းလဲကျလျက်ရှိသော နွဲ့နွဲ့၏ကိုယ်ကလေးကိုကြည့်ရင်းစဉ်းစားလျက်ရှိရာမှ အခန်းတံခါးသို့ သော့ခတ်၍ထားခဲ့ပြီးလျှင် ကားဂိုဒေါင်သို့သွား၍ကားရှေ့ပိုင်းခုံအောက်တွင်ဝှက်ထားသောရေကူးဝတ်စုံတစ်စုံကို ယူခဲ့ပြီးလျှင် အလောင်းရှိရာသို့ ပြန်လာခဲ့လေ၏။

ဦးသာခင်သည် နွဲ့နွဲ့အဝတ်များကိုရေကူးဝတ်စုံဖြင့်လဲရန်အလောင်းကိုမိမိခုတင်ပေါ်သို့ ရွှေ့ပြောင်းတော့မည်ပြုရာ တစ်ခြမ်းဟ၍နေသော နံဘေးပြတင်းပေါက်မှ လေကလေးက ချိုသုတ်၍လာသဖြင့် ထိုလေသည် မိမိ၏ရိုးတွင်းခြင်ဆီသို့ဝင်ရောက်ကာ ကျောချမ်းတစ်လျှောက်စိမ့်၍သွားသည်ဟု အောက်မေ့မိ၏။ သို့သော် ပြတင်းပေါက်မှနေ၍ကြည့်သောအခါ အပြင်တွင် တစ်စုံတစ်ရာ မမြင်ရသဖြင့် ဟ၍နေသေ ပြတင်းတံခါးတစ်ခြမ်းကို ပြန်၍ပိတ်ခဲ့ပြီးလျှင် ထိုအခါမှ အတော်အတန် စိတ်အေးသွားလေသည်၊

ဦးသာခင်သည်ပထမနွဲ့နွဲ့၏လက်ပွေ့အိတ်ကလေးထဲမှမိမိပေးထားသောငွေ (၅၀၀)ကို လောဘတကြီး နှိုက်ယူလိုက်၏၊ ထို့နောက် နွဲ့နွဲ့၏ အပေါ်အင်္ကျီနှင့် ဘရာစီယာများ ချွတ်စပြုရင်း "အင်းအခုတော့ - လွယ်ပါပြီ။ ရေကူးဝတ်စုံလဲပေး၊ အင်းလျားက လူပြတ်တဲ့နေရာမှာတစ်ခါတည်းပစ်ချလိုက်ရုံပဲ၊ ကောင်မကအင်းလျားမှာမကြာမကြာ ညနေရေလာကူးတတ်သတဲ့။ ရေကမြင်းရင်း ရေနစ်သေတာ အဆန်းမှ မဟုတ်ပဲ။ ပြီးတော့အခုတစ်လော ကောင်မက အင်မတန်လမ်းများနေတာ၊ ဟိုတယ်တကာရောက်၊ ကပွဲတကာသွား၊ ကျောင်းသားတွေနဲ့တွဲလိုတွဲ၊ အရပ်ထဲမှာ ဖြစ်ချင်တိုင်းဖြစ်နေတာ၊ ဒီတော့ - သူသေတာကို ငါနဲ့ဘယ်သူကလာပြီး ဆက်စပ်ကြည့်ဦးမှာလဲ" ဟု စိတ်ထဲက ရေရွတ်လျက် ရှိ၏။

ဦးသာခင်သည်ရေကူးဝတ်စုံလဲပြီးဖြစ်သော နွဲ့နွဲ့၏အလောင်းကို ပွေ့လိုက်၏၊ နွဲ့နွဲ့၏ကိုယ်ကလေးမှာ သေးသေးသွယ်သွယ်ပင်ဖြစ်သော်လည်း လုံးကျစ်သော အသားစိုင်တို့ကြောင့် မိမိထင်သည်ထက်ပို၍လေးလံနေသည်ကိုတွေ့ရ၏။ သို့နှင့်ဦးသာခင်သည်အလောင်းကိုမနိုင့်တနိုင် ကျောပိုးကာ နောက်ဖေးမီးဖိုတံခါးမှ ဒယီးဒယိုင်ထွက်ခဲ့ပြီးလျှင် ကားနောက်ပိုင်းအံဖုံးအတွင်းသို့သွင်းလေ၏၊ နွဲ့နွဲ့၏အဝတ်အစားများကိုလည်း မီးဖိုခန်းအတွင်းမှဂုန်နီအိတ်အစုတ်တစ်လုံးဖြင့် ထုပ်၍ ကားနောက်ပိုင်းတွင် ထည့်ထားလိုက်၏၊ ထို့နောက် အခန်းထဲသို့ပြန်၍ဝင်ခဲ့ပြီးလျှင် ဖန်ခွက်ပေါ်မှ နွဲ့နွဲ့၏လက်ရာများကိုဖျောက်ဖျက်ရန်ကျန်နေသေးသဖြင့် နွဲ့နွဲ့သောက်သော ဖန်ခွက်ကိုနောက်ဖေးမီးဖိုခန်းထဲသို့ယူခဲ့ပြီးလျှင် ဆပ်ပြာဖြင့် အကြိမ်ကြိမ် ဆေးကြော၍ အဝတ်ဖြင့်သွေ့ခြောက်သည်အထိ ပွတ်တိုက်ပြီးနောက်စင်ပေါ်သို့နေသားတကျတင်ထားလိုက်၏။

ဦးသာခင်မှာ အတော်ပင် မောပမ်းနေပြီဖြစ်၍နဖူးမှ ချွေးများကျလျက်ရှိရာလက်ကိုင်ပဝါဖြင့်အထပ်ထပ်သုတ်လိုက်၏။ ထို့နောက် ပုလင်းထဲမှ ဝီစကီအနည်းငယ်ကို ထပ်မံသောက်လိုက်ပြီးလျှင် ကုလားထိုင်ပေါ်၌ တစ်ခဏမျှထိုင်၍ အမောဖြေရင်း စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်လေ၏။ ထို့နောက် အခန်းတွင်းရှိပစ္စည်း နေသားတကျရှိ၊ မရှိကိုကြည့်ရှုပြီးလျှင် အခန်းတံခါးကို သော့ခတ်၍ အိမ်ရှေ့ဘက်သို့ ထွက်ခဲ့လေသည်။

၊ ၊

အချိန်မှာ (၉)နာရီ၊ မိနစ် (၄၀) ရှိပြီဖြစ်၍ဦးသာခင်သည်အိမ်တံခါးကိုအပြင်မှသော့ခတ်ပိတ်ခဲ့ပြီးလျှင် ကားကို စက်နှိုး၍ ထွက်ခဲ့လေ၏၊ ပြည်လမ်းမကြီးအတိုင်းမောင်းနှင်ခဲ့ပြီးနောက်ကမာရွတ်သို့အရောက်တွင် အင်းလျားဘက်သို့သွားသောလမ်းကလေးအတိုင်း ကွေ့ခဲ့လေ၏၊ ထိုနေရာများ၌ ညဉ့် (၉)နာရီခွဲကျော်လျှင်အတော်အတန်လူပြတ်လျက်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပိုင်ကားများ တစ်စီးတလေမျှသာ တွေ့ရ၏။ တစ်ကြိမ်တွင် နောက်မှ ခပ်မြန်မြန် မောင်းနှင်လာသော ရဲပိုင်ယာ လက်ကားတစ်စီးကို မြင်ရသဖြင့် ဦးသာခင်၏ စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသေး၏၊ သို့သော် လမ်းဖယ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ရဲကားသည် လျှင်မြန်သော အဟုန်ဖြင့် ရှေ့သို့မောင်းနှင်သွားလေရာ ထိုအခါမှ ဦးသာခင်လည်း စိတ်အေး၍ သွားလေသည်။

အင်းလျားသို့ရောက်လာသောအခါ ဦးသာခင်သည် အရိပ်အာဝါသကောင်း၍ လူသူပြတ်လပ်သော နေရာတစ်ခုကို တွေ့ရသည်နှင့် ကန်နံဘေးရှိ သစ်ပင်ရိပ်အောက်တစ်ခုတွင် ကားကိုထိုး၍ ရပ်လိုက်၏။ ထိုနေရာမှာ ရေကူး ကာလပ်နှင့် များစွာမဝေးလှဘဲ ရေချိုးဆိပ်တစ်ခုဖြစ်ကြောင်းကိုလည်း သိရ၏။ အနီးအနားတွင် လူသူလေးပါးဟူ၍ မသိရဘဲ ပတ်ဝန်းကျင်တွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ကမ်းစပ်နှင့် မနီးမဝေးရှိ ချုံပုတ်ကလေးများမှာ လူတစ်ရပ်သာသာမြင့်၍ ရေချိုးဆိပ်ကို လမ်းဘက်မှ မမြင်စေရန် ကာကွယ်၍ပေးသကဲ့သို့ရှိနေ၏။ ကောင်းကင်၌ လရောင်ပင် မရှိသော်လည်း ကြယ်ကလေးများ၏ အလင်းရောင်သည် ဦးသာခင်၏ ပတ်ဝန်းကျင်ရှုမျှော်ခင်းပေါ်သို့ မှေးမှိန်စွာ ကျရောက်လျက်ရှိ၏။

ဦးသာခင်သည် ကားနောက်ပိုင်းပစ္စည်းများထည့်သည့် အံဖုံးတံခါးကိုဖွင့်လိုက်၏။ အတွင်း၌ကားနွဲ့နွဲ့၏အလောင်းမှာ ခွေခွေကလေးရှိလျက် မျက်နှာသည် အပေါ်သို့အတန်ငယ်မော့လျက်ရှိလေရာ ထိုအခါမှအလောင်း၏မျက်နှာကိုအသေအချာ ကြည့်မိ၏။ မျက်ကွင်းများမှာ အတန်ငယ် ညိုမည်းရှိုင့်ဝင်လျက်ရှိသော်လည်းမျက်လုံးများသည်ပုစွန်မျက်လုံးကဲ့သို့ ပြူးထွက်ကာ မိမိအား စေ့စေ့ကြည့်နေသကဲ့သို့ ရှိနေ၏။ ထိုအခါမှ ဦးသာခင်လည်း ကြောက်ရွံ့လာသဖြင့် နောက်ထပ် မကြည့်လိုသောကြောင့် အိတ်ထဲမှ လက်ကိုင်ပုဝါကိုထုတ်၍ အလောင်း၏မျက်နှာကိုမျက်လုံးများပေါ်မှပိတ်၍ စည်းထားလိုက်၏။ ထို့နောက် အလောင်းကိုမွေ့ရှိ၍အပြင်သို့ထုတ်ပြီး လျှင်ကျောပိုးရန်ကျောပေါ်သို့မနိုင့်တနိုင် ရှိ၍တင်လိုက်လေသည်။

ဦးသာခင်သည် ပတ်ဝန်းကျင်မှ အလံဗလံများကို နားထောင်ရင်း နွဲ့နွဲ့၏ အလောင်းကို ကျောပိုးကာ ကိုက် (၂၀) ခန့်သာဝေးသည့် ရေစပ်သို့ ဒယီး ဒယိုင် သွားလေ၏။ ထို့နောက် ဒူးဆစ်သာသာ ခန့် နက်သည့်နေရာသို့ အရောက်တွင် ကျောကို ရေနက်ဘက်သို့ လှည့်၍ အလောင်းကိုကိုယ်ပေါ်မှချွတ်ချလိုက်လေသည်။

ဦးသာခင်သည် ရေစပ်မှတက်ခဲ့၍ ကားဆီသို့လာခဲ့ရာ ကားနှင့် ကိုက် အနည်းငယ်မျှ အလိုတွင် ကားအတွင်း နောက်ပိုင်းဆီမှ ကားတံခါးဖွင့်သံကဲ့သို့ ချောက်ခနဲ အသံတစ်သံကြားလိုက်ရပြီးလျှင် တံခါးပွင့်လာပြီးနောက် လူတစ်ယောက်ထွက်လာ၏။ ထိုသူသည်ကား တံခါးကိုကျောဖြင့်မှီလိုက်ပြီလျှင်အပန်းတကြီး လျှောက်လာသော ဦးသာခင်ကို ကြည့်ကာ -

“ဟား - ဟား - ဟား” ဟု လှောင်ပြောင်ရယ်မောလိုက်လေသည်။

၇ ၇

ဦးသာခင်သည်နဂိုကပင်စိတ်နလုံးတုန်လှုပ်ချောက်ချားလျက် ရှိသူဖြစ်၍ တစ္ဆေသရဲကိုမြင်ရဘိသကဲ့သို့ “အမယ်လေး - ဘုရား - ဘုရား” ဟု လန့်၍အော်လိုက်၏။ ကြက်သေသေကာ နေရာတွင် ရပ်လျက်ရှိ၏။

ဒင် - “ဘယ်သူလဲ - ဘယ်သူလဲ”

အသံ - “ဟား - ဟား - ဟား”

“မင်း - ဘယ်သူလဲ”

“ဘယ်သူမျှမဟုတ်ပါဘူး။ ကျွန်တော်ပါ - ဆရာ”

“ဟိုက် - မောင်မိုး - မောင်မိုးပါကလား။ မင်း - ဘာဖြစ်လို့”

www.burmeseclassic.com

"ဆရာလုပ်တာတွေ ကျွန်တော် အားလုံးသိပါတယ် - ဆရာ၊ ကျွန်တော် အားလုံးမြင်ပြီးပြီ၊ ဆရာ့အဆိပ်က တယ် ပြင်းထန်ပါကလား - ဆရာ"

"မင်း - ဒါတွေလည်းမြင်ပြီးပြီဟုတ် လား"

"ဆရာက အဆိပ်ကျွေးပြီး သတ် လိုက်တော့ ပြတင်းပေါက်အပြင်ဘက် မှောင်ရိပ်ကကျွန်တော်ချောင်းကြည့်နေ တာပဲ - ဆရာရဲ့ ဪ - ဒါထက် ဒီမယ် ဆရာ"

"ဘာလဲဟေ့ - မောင်မိုး"

"ဒီကနေ့ကစပြီးကျွန်တော်အလုပ် က ထွက်လိုက်ပြီ"

"ဟင် - ဘာကွယ့်"

"ဆရာ့အလုပ်က ကျွန်တော် ထွက် လိုက်ပြီ၊ ဆရာလုပ်တာ ကိုင်တာတွေ လည်း အားလုံးသိပြီ၊ ရေထဲပစ်ချတာ အထိနောက်ဆုံးမြင်ရအောင် ကားနောက် ပိုင်းမှာ တာလပတ်ကို ခေါင်းမြီးခြုံပြီး ကျွန်တော် ပုန်းလိုက်လာခဲ့တာ၊ ဟော အခုမြင်ရပြီ၊ ကဲ - ဒီတော့ - ဆရာနဲ့ကျွန် တော်နဲ့ စာရင်းရှင်းဖို့ပဲ လိုတော့တယ်"

"စာရင်းရှင်းဖို့ - ဟုတ်စ၊ ဘာစာရင်း လဲကွ"

"ဒီလိုလေ - ဆရာ၊ ဆရာလွှန်မိတာ လွှန်မိပြီ၊ သေတဲ့လူလည်းပြန်လာတော့ မယ်မဟုတ်ဘူး၊ ဒီတော့ ဆရာရဲ့ဂုဏ်ကို ဆယ်ဖို့ပဲ ကျန်တော့တယ် မဟုတ်လား ဆရာ"

ဦးသာခင်သည် မောင်မိုးအား သေ နတ်နှင့် တစ်ခါတည်းပစ်သတ်လိုလှ၏၊ သို့သော် သေနတ်မှာ ခါးတွင်မရှိဘဲ မော် တော်ကား ထိုင်ခုံအောက်ရှိ လွယ်အိတ် ထဲတွင် ကျန်ရစ်ခဲ့၏၊ လူရှင်းယုဉ်သတ် ရန်လည်း အရပ်မြင့်၍ ထုထည်ကောင်း လှသော မောင်မိုးအား ဇက်ပြိုင်ရန် မဝံ့ ချေ၊

"ဆရာ့ဂုဏ်ဆယ်ရမယ့်စာရင်းပြော ပေ့ါ ဆရာရဲ့၊ ဆရာနဲ့ ကျွန်တော်နဲ့ ဘယ် လိုနားလည်မှုထားကြမယ်ဆိုတာ နက် ဖြန် (၁၀)နာရီလောက် ခြံထဲကို ဆရာ လာခဲ့ရုံပေါ့၊ ဟုတ်လား - ဆရာ"

ဦးသာခင်သည်တစ်စုံတစ်ရာပြန်၍ မပြောနိုင်တော့ချေ၊ ဦးခေါင်းကိုငုံ့ကာ



မ်ကြိတ်လျှက် ရှိလေသည်၊ ထိုအခါ မောင်မိုးက ဆက်လက်၍ "ကျွန်တော် ပြောတာ ရှင်းပြီမဟုတ်လား - ဆရာ၊ ဒီလိုလည်း တစ်ယောက်နဲ့တစ်ယောက် အပေးအယူရှိကြဦးမှပေ့ါ - ဆရာရဲ့၊ ဒီတော့ - ဆရာလုပ်စရာရှိတာ စိတ်အေး လက်အေးလုပ်ပေတော့၊ နွဲ့နွဲ့သေသွား ပေမယ့် - နွဲ့နွဲ့ရဲ့နေရာကို ကျွန်တော်က ဝင်ပြီးယူလိုက်တဲ့အဓိပ္ပာယ်ပေ့ါ - ဆရာ၊ ကဲ - ခွင့်ပြုပါဦး ဆရာ၊ ကျွန်တော် သွား မယ်"

မောင်မိုးသည် အိတ်ထဲမှစီးကရက် ဘူးကို မီးညှိသောက်ပြီးလျှင် အလွန် အေးဆေးသော အမူအရာဖြင့် ချုံများ ထူထပ်ရာနေရာသို့ ထွက်သွားလေရာ ငှင်း၏သဏ္ဌာန်မှာ မှောင်ရိပ်တွင် တဖြည်းဖြည်းပျောက်ကွယ်၍သွားလေ ၏။

➣ ဒဂုန်ရွှေမျှား

စာရေးများ
ပေးပို့လိုပါက
အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ခုန်မဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com




**သံသယ** ဆိုတဲ့ပါဠိကိုမြန်မာပြန်ရင် ယုံမှားခြင်း၊ သက်ဝမကျခြင်း၊ ပြောရပါမယ်၊ သံသယရှိလာပြီဆိုကတည်းကမယုံကြည်တာတွေ၊ မသင်္ကာတာတွေကြောင့် ဒေါမနဿစေတသိက်ဝင်လာပြီး လောင်မြိုက်တဲ့အတွက် ပူလောင်စေပါတယ်၊ ပူလောင်ခြင်း ပြင်းလာတဲ့တစ်နေ့မှာ ဒေါသစေစားလို့ အမှားကြီး မှားရလိမ့်မယ်၊ သံသယဟာလောလောဆယ်မိမိအထင်သာဖြစ်နေပြီး ကေန်ကေမှန်တယ်လို့ အပ်ကျမပ်ကျ မပြောနိုင်သေးဘူး၊ အထင်ပေါ်မှာ အမြင်တရားတွေတွေ့လာတဲ့တိုင်အောင်တစ်ထစ်ကျ (ကံသေကံမ) မဆိုစကောင်း၊ ကိစ္စတစ်ခုကိုလွယ်လင့်တကူအဆုံးအဖြတ်မပေးသင့်ဘူး။ အထပ်ထပ် အလည်လည် စဉ်းစားပြီးမှ လုပ်ကိုင်ဆောင်ရွက်ခြင်းကသာအပြစ်ကင်းစေမယ်မဟုတ်ပါလား။ ဒေါသအဟုန်ကြောင့်လတ်တလောချင်း (အဆုံးအဖြတ်) တို့ ဟာ မှားယွင်းတတ်ကြတာကိုတော့ တစ်ခါတစ်ရံ ဖြစ်ဖူးမှာပါ။

တကယ်တမ်း၊ ခင်ထွန်းနဲ့ အေးလွင်ဟာအသက်သိပ်မကွာလှဘူး။ သူတို့ကွာလှ သုံးလေးနှစ်ပါပဲ၊ ဒါပေမဲ့ - အေးလွင်က ခင်ထွန်းယောက္ခမလေ၊ ဒီကိစ္စကြီးကလည်း မသိသူတွေသာ အံ့ဩချင် အံ့ဩမယ်၊ သိသူတွေအဖို့ ခင်ထွန်းယောက္ခမ ဒေါ်မြသီ (မုဆိုးမ) ကို အေးလွင်ယူလိုက်တုန်းက ခင်ထွန်းပဲ ဒီမိထောင်သက်နှစ်နှစ်ရှိနေပြီ၊ အေးလွင်က အသက်ချင်းတစ်ဝက်လောက်ကွာတဲ့သူ ယူထားတာကိုး။ ဒီတော့ - အေးလွင်က အလိုလိုခင်ထွန်းရဲ့ ပထွေးယောက္ခမ ဖြစ်လာရတာပေါ့၊ ဒါနဲ့ ပါကြီးသွားတာပါ။

မနောလိုဝန်တို မရွှေ့ရိုယစိတ်သည်
လူတစ်ယောက်၏ဘဝကို ပျက်စီးစေသည်
သာမက အကျိုးမဲ့ဖြစ်တတ်ပုံကို
သံဝေ ရစေသည် ..

www.burmeseclassic.com

www.burmeseclassic.com

အေးလွှင်ဖနီး ဒေါ်မြသီက ငါးဆယ်ကျော်ပေမယ့် ပျိုမျစ်နေတုန်း၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း တောင့်တောင့်တင်းတင်း စိုစိုပြေပြေ၊ ဝတ်ပုံစားပုံက အရောင်နနကလေးတွေ၊ သမီးလုပ်သူထက် ရှောပြီး အရွယ်လည်းတင်တယ်၊ အသက်သုံးဆယ်ကျော်လောက်မှာ မုဆိုးမဖြစ်တော့ သမီးက တစ်ယောက်၊ မမြသီ အဲဒီအချိန်ကတည်းက စီးပွားတအားရှာတာ၊ ကလေးကိုဒေါ်လေးအပျိုကြီးလက်အပ်ပြီး ကြိုးစားလုံးပန်းခဲ့တဲ့အတွက် (မြို့မကျ၊တောမကျ) နေရာလေးမှာလူလူသူသူဖြစ်ခဲ့ရတယ်၊ အိမ်ထောင်မပြုတော့ဘဲ သမီးအပျိုအရွယ်ဖြစ်တဲ့အထိ နေခဲ့တာပါ၊ သမီးကို တစ်ခြံထဲမှာ အိမ်ခွဲပေးခဲ့တာက သမီးအိမ်ထောင်ကျပြီးမှလေ၊ သမီးနဲ့ အိမ်ထောင်ကျတဲ့သူကလည်းရိုးရိုးမှတ်မှတ် တောသူတောင်သားအချင်းချင်းမို့ မိခင်ကြီး ဒေါ်မြသီ စိတ်ချမ်းသာရတယ်၊ ဖူးစာဆိုတာက အခက်သား၊ သမီး အိမ်ထောင်ကျပြီး ကလေးတစ်ယောက်ရခါမှကံပေါ်လာလို့ ကိုအေးလွှင်နဲ့ ယူဖို့ဖြစ်လာပြန်တယ်၊ ဒေါ်မြသီမှာ သမီးကလွဲရင် တိုင်ပင်ရမယ့်လူမရှိဘူးပဲ၊ ခေါ်ပြီးပြောရတော့တာပေ့ါ၊ သမီး ခင်လေးမူကလည်းပွင့်လင်းတတ်သူတစ်ယောက်ပါ၊

"သမီးအနေနဲ့ကန့်ကွက်ဖို့မရှိပါဘူး၊ အမေဟာ အဖေဆုံးသွားပေမယ့် သမီးကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် တာဝန်ကျေလုပ်ပေးခဲ့ပြီးပါပြီ၊ အိမ်ထောင်ကျတဲ့အထိ အမေစောင့်ရှောက်တာပါ၊ ဒါပေမဲ့၊ ပတ်ဝန်းကျင်က အမေ့ကိုအသက်ငါးဆယ်ကျော်မှ လင်ငယ်လေးယူတယ် ဆိုပြီး မေ့ငေါ့ကြမှာစိုးတာပါပဲ၊ အမေပေမယ့် လူ့အသက်က သမီးထက် ငါးနှစ်ပဲကြီးတာလေ၊ သူကဦးဆောင်လုပ်ကျွေးရင် တော်ပါရဲ့၊ မဟုတ်ရင်တော့အမေပဲ အပြောခံရမှာ"

"အို - အေ - ကဲ့ရဲ့ခုနစ်ရက်၊ ချီးမွမ်းခုနစ်ရက်ပါ၊ ဘယ်သူတွေက ဘာပဲပြောပြော မူမနေပါနဲ့၊ ကိုယ်ရှာနိုင်မှ ကိုယ်စားရမှာ၊ ဘယ်သူမှလာကျွေးမှာမဟုတ်ဘူး၊ ငါပြောတာ စဉ်းစားကြည့်လေ ..."

နောက်ဆုံးတော့ဒီအတိုင်းပဲဒေါ်မြသီ အဆုံးသတ်လိုက်တယ်၊ မဖြစ်မနေယောက်ျားယူဖို့ ဆုံးဖြတ်လိုက်ပြီလို့ဆိုရမှာပဲ၊ ဒေါ်မြသီရဲ့အတွေးက သမီးမှာအိမ်ထောင်နဲ့မို့ အသက်အရွယ်ကြီးလာတဲ့အထိ သူ့ကိုပြုစုဖို့လွယ်မှာမဟုတ်တော့ဘူး၊ သူ့အနီးမှာ ဆေးပေးမီးယူတစ်ယောက်တော့ လိုမယ်ပေ့ါ၊ အဲဒီလူကလည်း သူ့အပေါ်မေတ္တာထားနိုင်မယ့်သူဖြစ်စေချင်တာ သူ့ဆန္ဒ၊

ဒါနဲ့အေးလွှင်ကိုလက်ထပ်ဖြစ်သွားတာပါပဲ၊

ႏွ

အေးလွှင်ကဒီရွာဇာတိမဟုတ်ဘူး၊ သူတို့ရွာမှာ စတည်းချပြီး သစ်လာဝယ်နေရင်း အိမ်အဝင်အထွက်လုပ်ရာက ဝတဲ့ဇာတ်လမ်းပါ၊ အေးလွှင်က ခရိုင်မြို့ကြီးမှာနေတယ်သာပြောတာကြားရပေမယ့် သူ့အကြောင်းဇစ်ဇစ်မြစ်မြစ် မသိရိုးအမှန်၊ သစ်ဝယ်ပြီးပြန်တိုင်း မြို့က ပြန်လာမှာ ဒေါ်မြသီတို့မိသားစုအတွက် အဝတ်အစား၊ အလှပြင်ပစ္စည်းတွေနဲ့ စားဖို့သောက်ဖို့ မုန့်ပဲသရေစာတွေဝယ်လာတာ မနည်းပါဘူး၊ အေးလွှင်က ကုန်သည်ပွဲစားပီပီ စကားပြောကလည်းကောင်း၊ အထာကလည်းညက်လေတော့ ဒေါ်မြသီကျခဲ့တာလည်း အပြစ်မပြောသာတာ အမှန်၊ လူအတော်များများက သူ့အပေါ်သုံးသပ်တယ်၊ (အေးလွှင်တစ်ယောက် - အိမ်အောက်က ရွှေတွင်းကြီးတွေ့သွားတာ) တဲ့၊ အေးလွှင်ကိုဒါလောက်အသက်ချင်းကွာပြီး ယူမိကတည်းက စီးပွားရေးအတွက် တွက်ပြီးယူတယ် ပြောကြမယ်ပေ့ါ၊ ရိုင်းရိုင်းပြောရရင် ထမိနား ခိုစားမယ့်စိမ်ကိန်းလို့ ပြောချင်တာပါ၊ မပြေးသော် ကန်ရာရှိဖြစ်နေပြီ၊

အေးလွှင်ဘက်ကနေပြီး ရှေ့နေစ တစ်ပြားမရ၊ လိုက်လံဖြေရှင်းခဲ့တာက ခင်ထွန်းလေ၊ သူက အေးလွှင်ဟာ သူ့ယောက္ခမဒေါ်မြသီကိုတကယ့်အချစ်စစ်နဲ့ချစ်တာ၊ အေးလွှင့်ရုပ်ရည် (လူပျိုတန်းမဲ့) ခုလိုယူတာမျိုးကရှားတယ်၊ သူ့စကားက အေးလွှင်နဲ့ရတာပဲ၊ သူ့ယောက္ခမကံကောင်းနေသလိုလို၊ သူ့အနေနဲ့အေးလွှင်ကိုခင်မင်တယ်၊ လိုလားတယ်၊ ဆွေရင်းမျိုးရင်းတစ်ယောက်အဖြစ် သ[illegible]မှတ်



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ သူ့ရဲ့ လှိုက်လှဲဖော်ရွေစိတ်ကို မကြိုက်တာက သူ့ဇနီး ခင်လေးမူ၊ "ကြက်တူရွေးက တော်တော်၊ မယ်ဖော်သည်း" နေတာကို။

"ဒီမှာ - ကိုထွန်း - ရှင်က ကျွန်မနဲ့ ပတ်သက်မှ ကိုအေးလွင်နဲ့ ခွေမျိုးစပ်တော်ရတာပါ။ ဒါတောင်ပတွေ့ဖူးယောက္ခမ၊ ကျွန်မကပတွေ့လုပ်သူကိုဘာသာလဝါနေတာရှင့်အမြင်ပဲ၊ အဲဒါကိုရှင်သိသိကြီးနဲ့ တအားပလူးရှုပ်နေတာ ဘာသဘောလဲ၊ ဟိုကမသိကျိုးကျွံနေတာကိုဝင်၊ ဝင်ရောနေတာ ကျွန်မ မကြိုက်ဘူး။ ကိုယ့်ဘက္ခြေနဲ့ကိုယ် နေစမ်းပါ၊ သိက္ခာရှိစမ်းပါရှင်"

"ငါက စာနာလို့ပါကွာ၊ တစ်မြို့လုံးလိုလို သူ့ကိုယောက်ျားပိုင်းလုံးလောက်နီးနီး ပြောနေကြတာ၊ သူ ဘယ်လောက်ခံစားရမလဲ၊ မင်းစဉ်းစားကြည့်၊ သူလည်း ရှက်တတ်ပေမပေ့၊ သူ့အပေါ်သနားသွားတယ်"

"နေပါဦး - အဲဒါက ရှင့်အလုပ်လား။ သူ့ထက်အသက်ကြီးပြီး ပစ္စည်းရှိတဲ့မိန်းမယူရင် ဒါမျိုး အပြောခံရမယ်ဆိုတာ သူမတွေးတတ်ဘူးလား၊ တကယ်တော့ မဟုတ်ပါဘူးလို့ သူ ရဲရဲဝံ့ဝံ့ ပြောနိုင်လို့လား။ မင်္ဂလာဆောင်တာပဲ လေးသိန်းလောက်ကုန်တယ်၊ သူပေးနိုင်တာတစ်သိန်းမရှိဘူး၊ ဟော - ကျွန်မအဖေဝယ်ထားတဲ့ ခုတင်ပေါ် တက်အိပ်ပြီး အမေဆင်ပေးထားတဲ့ဆွဲကြိုးကတင် နှစ်ကျပ်သား၊ ကဲ - သူ့မှာ ဘာပါလာလဲ၊ တယ်မပြောလိုက်ချင်ဘူး၊ အမေ့ထောက်ထားလို့နော် - ဟင်း"

"ဟော"

သူ့ဇနီးသည်ရဲ့ပြတ်သားတဲ့စကားတွေကြောင့် မျက်လုံးပြူးသွားရတယ်၊

၊၊ ၊၊

လူရိုး ခင်ထွန်းက လိုလိုလားလား ဆက်ဆံနေပေမယ့်အေးလွင်ကခင်ထွန်းကိုကြည့်မရ၊ သူ့ရဲ့(အသစ်စက်စက်ဇနီး) မမသီကိုယ်တိုင် မျက်နှာသာပေးလွန်းနေတာ အဆိုးဆုံးပေါ့၊ မမသီ (ဒေါ်မြသီ) က သမီးထက် ခင်ထွန်းကို အလေးထားနေတာ သူ့အမြင်ပဲ၊ ခေါ်တာကြည့်လေ၊ (သားရေ၊ သားလေး၊ အထွန်း)တဲ့၊ တကယ်တမ်း သူက သားမက်ကိုအရေးပေးလွန်းတာ (ဘာသဘောလဲ)၊ ဇနီး မိပ် ရောက်လာကတည်းက သူ့ရင်ထဲ မသိမသာရှုးဝင်နေတဲ့ဆူးခြောင့်ကလေးတစ်ချောင်းဟာ ရှိနေခဲ့တယ်၊ ဆူးလေးက ထွက်မသွားဘဲ တစ်နေ့တခြားအနာဖြစ်လာတာ သူ အသိဆုံး၊ အဲဒီဆူးလေးက (သံသယ) ဆိုတဲ့ ဆူးလေးပါပဲ၊ မကတိရိုးသားတဲ့ ချစ်ခင်လေးစားမှုတွေ အပေါ် အထင်အမြင် လွဲမှားနေသူမှာ မှောင်နေသလောက် မသိကြတဲ့သူတွေမှာ အခင်အမင်မပျက်၊ ဝင်လျက်၊ ထွက်လျက်ပဲပေါ့၊ သံသယကြီးမားလာ အတွက် ဒေါ်သတွေ နောက်က ပါယာတပါလာတယ်၊ ဒီတော့ အမှတ်မတေး အငြိုးထားတတ်လာပြီး

အရင်သစ်ဝယ်ကိုယ်စားလှယ်အဖြစ် စပ်ပင်ပန်းပန်း လုပ်နေရာက ဒေါ်မြသီ လုပ်တွေဝင်ကူရတာလောက်ဆိုတော့ အေးလွင့်အဖို့အပုံကြီးကိုသက်သာသွားတယ်၊ ဒါပေမဲ့၊ သူ့စိတ်ဆင်းရဲနေရတုန်း၊ ရင်ထဲ နိုးလို့ရလုဖြစ်နေတဲ့ သံသယ စိတ်က သူ့ကို နှိပ်စက်နေတာပါ၊ သူကလည်းအကြံသမားဆိုတော့ ခင်ထွန်းကိုလူတွေရှေ့ဘယ်လိုဆက်ဆံရမယ်ဆိုတာ သဘောပေါက်သွားတယ်လေ၊ (မချစ်သော်လည်း အောင့်ကာနမ်း)သူကလိုက်လိုက်လျောလျော ဆက်ဆံလာတဲ့အခါ အရိုးခံ ခင်ထွန်းအဖို့ သူ့ကိုပိုပြီး ခင်မင်တွယ်တာသွားတယ်၊ ဒီတော့ ဇနီးသည်ရဲ့သတိပေးသံတွေလည်း မေ့ကုန်ပြီပေါ့၊

အကြံသမားအေးလွင်ဟာတစ်ဖက်က သူ့ဇနီးနဲ့ ခင်ထွန်းတို့အခြေအနေကို လေ့လာနေသလို၊ တစ်ဖက်မှာ ခင်ထွန်းကို အခါအခွင့်သင့်ရင် ဒုက္ခပေးဖို့နည်းလမ်းတွေကိုပဲ ရှာကြံနေတယ်၊ ဘာမှမသိတဲ့ ခင်ထွန်းကတော့ ရယ်ရယ်မောမောပျော်လို့၊ မိသားစုတွေစည်းစည်းလုံးလုံးရှိတာ အကောင်းဆုံးဆိုပြီး ဝမ်းသာနေသလားမသိဘူး၊ ခင်ထွန်းဟာ လယ်ယာကိုင်းကျွန်းအလုပ်လုပ်ရင် တစ်ခါတစ်ခါတည်း ဝါသနာအရတောင်ခြေကိုကျော်ပြီး တောလိုက်ထွက်တတ်တယ်၊ သူကျွမ်းကျင်တာကဒူးလေးမို့သူလက်စွဲ

www.burmeseclassic.com

တော် ဒူးလေးကြီးကို တသသနဲ့ပါပဲ။ သူတို့ဝန်းကျင်မှာရှိတဲ့ မုဆိုးသုံးလေးယောက်ဟာ ဒူးလေးပဲ သုံးတာများပါတယ်။ သားကောင်ကြီးကြီးတွေထက် ချေ၊ သမင်၊ စိုင်၊ ဆတ်နဲ့ မျောက်တွေ၊



66

ရင်ဘတ်မှာ မြှားတစ်စင်းက စူးဝင်နေပြီ။ တောင်ကမ်းပါးယံထက်ကကျလို့ သစ်ပင်၊ သစ်ကိုင်းတွေ ရိုက်မိတဲ့ဒဏ်ရာကြောင့် ကိုခင်ထွန်းသေရတဲ့ပုံမျိုး။ ဗိုက်ပြီးသေချာတာက ဒါဟာ မတော်တဆဖြစ်တာမဟုတ်တဲ့ လူသတ်မှုတစ်ခုပါပဲ။

ငှက်တွေပစ်တဲ့အလေ့ ရှိကြတာပါပဲ၊ အေးလွင် လိုက်ချင်တယ်ဆိုလို့ တောလိုက်ဖို့တွဲခေါ်သွားဖူးတယ်။ ခင်ထွန်းက အစစလျှို့ဝှက်မထားတတ်ဘဲ ပွင့်လင်းရိုးသားတော့ မခြွင်းချန်တတ်ဘူးလေ။

"ဒီလမ်းက တော်ရုံလူ မသိဘူး၊ ကျွန်တော့်ကို ရွာထဲက ကွယ်လွန်သွားတဲ့မုဆိုးကြီး ပြထားတာ၊ လမ်းရိုးကသွားရင် တစ်မိုင်လောက် ကွေ့ပတ်သွားရမယ့် ဒီလမ်းကသွားပြီး တောင်ကမ်းပါးယံတက်၊ ဟိုဘက်က တောကြောလေးကျော်ရင် တောစပ်သို့ရောက်သွားရော၊ အပင်ပန်း သက်သာတာပေါ့။ ဒါပေမဲ့ တောင်ကမ်းပါးယံ တက်တတ်ဖို့လိုတာပါပဲ၊ ဒီချုံကြီးအောက်က ဖြတ်၊ သစ်လေးတွေကြားက တိုးဝင်၊ လှေကားထစ်လိုဖြစ်နေတဲ့ ကျောက်တုံးလေးတွေ နင်းတက်လိုက်၊ ဟိုသစ်ပင်ပေါ်ကတစ်ဆင့် တွယ်ဖက်သွားရ၊ တောင်ကမ်းပါးယံရောက်ရော၊ လာ - ကျွန်တော်ပြမယ်"

ခင်ထွန်း လက်တွေ့တက်ပြလို့ အေးလွင်တောစပ်ဖြတ်လမ်းကိုသိသွားတယ်၊

"သား၊ ခင်ထွန်း - အမေ့ရေနှစ်ထမ်းလောက် ထမ်းပေးစမ်း၊ ဖိုးမှင်မလာလို့ သုံးရေတွေ မရှိတော့ဘူး၊ မတွေးချက်ဖို့ပြုတ်ဖို့ ခက်နေပြီ"

တစ်နေ့ ဒေါ်မြသီက ရေထမ်းသမား မလာလို့ အခက်အခဲ တွေ့နေတာနဲ့ ခင်ထွန်းကို အကူအညီ တောင်းတယ်၊ ဟိုတုန်းကတည်းက ခင်ထွန်းက သိသိတတ်တတ် ခပ်ပေးနေကျလေ၊ ခင်ထွန်းက လယ်ထဲသွားရင် သူ့မိဘအိမ်ကတစ်ဆင့် သွားတာပါ၊ သူ့အိမ်မှာ နွားတွေ၊ လှည်းတွေ ထားတာမဟုတ်ဘူး၊ သူ့ဖနီးကိုလည်းအိမ်အလုပ်အပြင် တခြားကိစ္စတွေ မပင်ပန်းစေချင်တာ ပါမှာပေါ့၊ ခင်ထွန်းက သူ့အိမ်သုံးဖို့ရေ၊ ချိုးဖို့ရေ သူကိုယ်တိုင်ခပ်တယ်၊ အပိုကုန်မရှာဘူး၊

"ကျွန်တော် ပို့ပေးမယ် - အမေစိတ်သာချ"

"မင်းလာလို့ အိမ်ဝင်ခဲ့ဦး၊ ပေးစရာရှိလို့ - မေ့မနေနဲ့နော်"

ဒေါ်မြသီ ပြောပြောဆိုဆို ပြန်ထွက်သွားတယ်၊ ခင်ထွန်းကို လာပြီးခပ်ပေးဖို့ ပြောတာ နှစ်ထမ်းပေမယ့် စဉ့်အိုးတစ်အိုးပြည့်အောင် ခပ်ပေးလိုက်တာပါ၊ ဒါကြောင့်လည်း ဒေါ်မြသီ သားမက်ရ ကံကောင်းတယ်လို့ တစ်ရွာလုံးက ပြောနေကြတာလေ၊ ခင်ထွန်း ခေတ်ပညာ ရှစ်တန်းအောင်ပဲရှိတယ်၊ အလိမ္မာအသိတတ်ကတော့ ရှားတယ်ပြောရမှာပဲ၊ အသောက်အစား၊ အလောင်းအစား၊ အပျော်အပါးကင်းတယ်၊ ဇနီးသားမယား ရှစ်လိုက်တာလည်း တုန်လို့၊ အိမ်ထောင်သက် နှစ်နှစ်ကျော် သုံးနှစ် ခွန်းကြီးခွန်းငယ် မဖြစ်စဖူး၊ ဇနီးက စိတ်ဆိုးစိတ်ကောက်တဲ့တိုင်အောင် သူက အချော့သမားမို့ ကတောက်ကဆဖြစ်ဖို့ ရှိနိုင်မယ်တဲ့လား၊

"အမေ - ရေအိုး ရေပြည့်ပြီးပြီ"

"အေး၊ ဒီမှာမင်းတို့မိသားစုအတွက် အမေအဝတ်အစားတွေဝယ်လာခဲ့တယ်၊ မင်းမိန်းမက အဆင်မကြိုက်ဘူး၊ ဈေးများရင် မသိန်းရှင်ဆိုင်မှာလဲယူလို့ ပြောလိုက်နော်"

"ဟာ - အမေ ဝယ်ပေးတာဆို သူနဲ့လိုက်မှာပါ၊ သူ့ဘာသာ ဝယ်လိုက်ရင် တော့တကယ့်အမယ်ကြီးဆင်၊ အရောင်ရင့်ရင့်တွေချည်းပဲ"

www.burmeseclassic.com

"အောင်မယ် - အောင်မယ် - သမီးကို ပြန်ပြောရဦးမယ်၊ ညည်းလင်က ညည်း၀ယ်ရင် အမယ်အိုဆင်ကြီးလို့ ငါ့ကိုပြောတယ်ဆိုတာ ..."

"ရှိုးပါရဲ့ - မလုပ်ပါနဲ့ - အမေရယ်၊ ဒါဆို - ချော့မရအောင် စိတ်ဆိုးစိတ်ကောက်တော့မှာ၊ တောင်းပန်ပါတယ်နော်"

"သွား - ခွေးကောင်လေးကြောက်လိုက်ရတာ လွန်ရောပဲ"

ဒေါ်မြသီက မနာအောင် ကျောကိုထုလိုက်တဲ့အခါ ခင်ထွန်း ခေါင်းကိုပုပြီး ရယ်မောထွက်သွားတယ်၊ ဒါကို - အိမ်ထောင့် အကွယ်က မြင်လိုက်ရတဲ့ အေးလွင်တက်ခေါက်အံကြိတ်ပြီးခေါင်းတညိတ်ညိတ်၊ အခြေအနေအကျိုးအကြောင်း အတိအကျမသိဘဲ အထင်လွဲသွားခဲ့တယ်၊

အဲဒီနေ့ကခင်ထွန်းတစ်ယောက်ထဲ အမဲပစ်ထွက်သွားတယ်၊နံနက်စောစောပါပဲ၊ ညနေစောင်းမှောင်ရီပျိုးတဲ့အထိ ပြန်ရောက်မလာဘူး၊ ခါတိုင်းလည်း အဖော်မပါဘဲ သွားနေကျ၊ ညနေဆိုပြန်လာနေကျပါ၊ ဖနီးသည် ခင်လေးမူက စိတ်ပူလို့ ဟိုမေးသည့်မေး ဖြစ်နေပြီ၊ ဒေါ်မြသီကိုယ်တိုင် သမီးကိုမနည်းချော့မော့နှစ်သိမ့်နေရတယ်၊ အရေးထဲ အေးလွင်က မရှိ၊ ကိစ္စတစ်ခုကြောင့် မနက်ကမှ မြို့ထွက်သွားတာပါ၊ မနက်လင်းလင်းချင်းချင်းရှိမှ လူတွေ လွှတ်အရှာခိုင်းဖို့အစီအစဉ်လုပ်လိုက်ရတယ်၊ ခင်ထွန်းရဲ့သားချင်းတွေလည်းသိတော့ စိတ်ပူကုန်ကြပြီပေါ့၊အားလုံးကယောက်ကယက်ဖြစ်နေကြရပြီလေ၊

နောက်နေ့မှာရွာခံမုဆိုးတစ်ယောက်နဲ့ ခင်ထွန်းညီ၀မ်းကွဲနှစ်ယောက်တို့တစ်ဆိုင်းက တောထဲအထိ လိုက်ကြတယ်၊ ကျန်တဲ့ရွာခံ မုဆိုးတစ်ဦးရယ်၊ ခင်ထွန်းဦးလေးနဲ့ မိတ်ဆွေတစ်ဦး၊ သုံးဦးအဖွဲ့ လမ်းရိုးမှ မသွားဘဲ ရွာတောင်ပိုင်းက ထွက်ကြတာဟာ မုဆိုးအကြံပေးလို့ပါ၊

"ကိုခင်ထွန်း၊ တောပစ်သွားတဲ့အခါ လမ်းရိုးက သွားတာမဟုတ်ဘူး၊ ရွာတောင်ပိုင်းက သွားတာတွေ့ဖူးတယ်၊ ဘယ်လမ်းက သွားသလဲလို့ မမေးခဲ့လို့ မသိတာပါ၊ မှ - သူသွားရင် ရွာတောင်ပိုင်းက သွားဖို့များပါတယ်"

ရွာတောင်ပိုင်းက ထွက်ပြီး တောလမ်းလေးအတိုင်းလျှောက်လာခဲ့တယ်၊ လူသွားလူလာနည်းလို့ လမ်းစ ပျောက်သွားပေမယ့်အားမပျက်ဘဲဆက်လျှောက်လာခဲ့တာပါ၊ မုဆိုးက မျက်စိလျှင်လျှင်မို့ သွားရင်းနဲ့ မြင်လိုက်တာက ဖူးလေး ...၊

"ဟိုသစ်ပင်မှာချိတ်နေတဲ့တွဲလောင်းကြီးက ဖူးလေးတစ်စင်းပဲ"

သေချာကြည့်မှ ကွဲကွဲပြားပြား မြင်လာရတဲ့ဖူးလေးကို မုဆိုးက တက်ဖြုတ်တယ်၊ဖူးလေးကမပျက်မစီးအကောင်းပကတိ၊

"ဟာ - ဒါက - ခင်ထွန်း - ကိုင်တဲ့ ဖူးလေးပဲ၊ သေချာသိတာပေါ့"

"ဟုတ်တယ် - ဟုတ်တယ်၊ ဒင်မှာ က၊ တီလို့ ထွင်းထားတယ်"

သွားတဲ့လူတွေက ကိုခင်ထွန်းရဲ့ဖူးလေးမှန်းသိကတည်းက ပတ်၀န်းကျင်မှာ ကိုခင်ထွန်းကို ရှာကြည့်နေကြတယ်၊ သစ်ပင်ချုံပုတ်တွေအတွင်းဖြဲခွဲရှာနေကြတာပါ၊ ချုံတောကလည်း ခပ်ထူထူမို့ ရွာခံမုဆိုးက အသေအချာ ကြည့်နေတယ်၊

"ဒီချုံတောကိုကြည့်ရင် လူသွားလူလာရှိပုံပဲ၊ သွားထားတဲ့ခြေရာတွေဟာ တွေ့နေရတုန်း၊ ဟော - ဒီသစ်ပင်တွေကြားပဲ ၀င်သွားဟန်ရှိတယ်၊ လာ၊ သွားကြည့်ရအောင်၊ တစ်ခုခုများ တွေ့မလားလို့"

တောင်ကမ်းပါးယံအစပ်ဆီရောက်သွားတဲ့နောက် ယင်မမဲရိုင်းတွေ ၀ုန်းခနဲပျံသန်းသွားတာ တွေ့ရပြီး ဖြုန်းခနဲတွေ့လိုက်ရတာက ကိုခင်ထွန်း၊ အသက်ရှင်လျက်တော့မဟုတ်၊ ခေါက်တိခေါက်ကွေး အလောင်းကြီးအဖြစ်၊

ရင်ဘတ်မှာ မြားတစ်စင်းက စူး၀င်နေပြီ၊ တောင်ကမ်းပါးယံထက်ကကျလို့ သစ်ပင်၊ သစ်ကိုင်းတွေရိုက်မိတဲ့ဒဏ်ရာကြောင့် ကိုခင်ထွန်းသေရတဲ့ပုံမျိုး၊ ပိုပြီး သေချာတာက ဒါဟာ မတော်တဆဖြစ်တာမဟုတ်တဲ့ လူသတ်မှုတစ်ခုပါ၊ သေ

www.burmeseclassic.com

သူ့အလောင်းကိုမထိမကိုင်ဘဲရဲစခန်းကို သွားအကြောင်းကြားရတယ်။ ရဲတွေ မရောက်သေးမီကိုခင်ထွန်းမိသားစုကမှာ ပျက်နေကြပါပြီ။ ဇနီးသည်ရဲ့အပူသောက နဲ့ မခံမရပ်နိုင်ဖြစ်နေပြီ၊ ဒေါသတွေ အုံ ကြွနေတဲ့ ကိုခင်ထွန်းရဲ့ဆွေရင်းမျိုးရင်း တွေကြား ရွာလူကြီးတွေမှာ ဗျာများနေရ ရှာတယ်။ အားလုံးကိုငြိမ်သက်အေးချမ်း အောင် နှစ်သိမ့်နေရတာက လွယ်မှတ် လို့၊ နေ့လယ် မရှိ၊ တရှိမှာ ရဲစခန်းက ဒုရဲအုပ်တစ်ယောက်၊ ရဲတပ်ကြပ်၊ ရဲသား နှစ်ယောက် (လေးယောက်အဖွဲ့) နဲ့သွားပြီး အကြောင်းကြားတဲ့ရွာသားတွေရောက် လာကြတယ်။ ခရီးကလည်း ဝေးလွန်း တာကို။

ရဲကလုပ်နည်းလုပ်ထုံးတွေကုန်စင် အောင်လုပ်ပြီးပတ်ဝန်းကျင်မှာသဲလွန်စ တွေ ရှာတာမှာ ကိုခင်ထွန်းရဲ့ဒူးလေး၊ တိုလီမိုလီပစ္စည်းတွေ ထည့်ထားတဲ့ အိတ်၊ ဒါတွေပဲ တွေ့တာပါ၊ ရဲစခန်းက လာတဲ့ ဒုရဲအုပ်ကလေးအနေနဲ့ တောင် ကမ်းပါးယံအပေါ်တက်ကြည့်လိုကြောင်း

လူကြီးတွေစကားဆိုလာတော့ရွာခံမုဆိုး ရှေ့ကတက်၊ လမ်းပြပေးမယ်တဲ့။ မုဆိုး နောက်မှ ရွာကလူနှစ်ယောက်၊ ပြီးတော့ ဒုရဲအုပ်ကလေး၊ နောက်ဆုံးတက်တာ ရွာလူကြီး(ငယ်သူ)တစ်ယောက်။ တွယ် ဇက်တက်လို့ သိပ်မကြာခင်မှာ တောင် ကမ်းပါးယံထိပ်ကို ရောက်ကြတယ်။

"ဒီအပေါ်က လိမ့်ကျတာ သေချာ တာပေါ့၊ သူ့မြားဘူးကို တောင်ကမ်းပါး ယံချုံစပ်မှာ ချထားခဲ့တယ်၊ မြားဘူးမှာ ခင်ထွန်းလို့ရေးထားတာအမြင်သာကြီး။ ဒီမှာကြည့်လေ၊ အပေါ်တက်ပြီးမှပြန်ကျ တာ ကျိန်းသေပါပဲ"

ပြောပြောဆိုဆိုမုဆိုးကမြားဘူးကို ယူပြခဲ့တယ်၊ ကိုခင်ထွန်းကိုယ်မှာ ရှုးဝင် နေခဲ့တဲ့ မြားလာရာလမ်းကြောင်းကို ဒုရဲအုပ်ကလေး ဆန်းစစ်ပြီး လိုက်လံရှာ နေသလား မသိဘူး၊ သူ့မျက်လုံးက ဟို ကြည့်ဒီကြည့်၊ ကမ်းပါးအတက်လမ်းရှေ့ မှာတစ်ဝက်တစ်ပျက်ပေါ်နေတဲ့ကြိုးစကို ဆွဲမလိုက်တော့ ချုံနောက်က တစ်စုံရဲ့ ကြိုးက ဆက်သွယ်ထားသလိုမျိုး၊ ဒုရဲအုပ်

ကလေး၊ ရှေ့ကချုံကိုမသက်ကဖြစ်ပြီး လှမ်း စီလျှောက်သွားပြီး ကြည့်မိတယ်။

"ဟာ – တွေ့ပြီဗျို့၊ ကိုခင်ထွန်းကို ပစ်သွားတာ ဒီလက်နက်ကိုး"

ချည်ထားတဲ့ ဝါးပြောင်းတစ်ခုမှာ သားရေပင်များနှင့် ဆင်ထားတဲ့ မောင်း ကတ်တံနဲ့ မြားထည့်ဖို့နေရာ၊ မြားကို ထောင့်ရိုက်တုတ်လိုက်မယ့်ရိုက်တံ၊ ကတ်တံလမ်းကြောင်းကို ထိန်းထားတဲ့ မောင်းခလုတ်၊ မောင်းခလုတ်ဆွဲဖြုတ် မယ့်ကြိုး၊ ကြိုးထိပ်ကိုတစ်ပတ်ချည်ထား တဲ့ ဝါးတံလေး၊ ဝါးတံလေးကိုထိန်းထား တာကတိုင်ငုတ်နှစ်ငုတ်၊ ပီရိသေသပ်တဲ့ ထောင်ချောက်တစ်ခုမို့ တကယ့်ကို ထိ ရောက်တဲ့ လူသတ်လက်နက်ဆိုနိုင် တယ်၊ မြင်ကွင်းဖုံးကွယ်နေသလိုတကူး တကချိန်ထားတဲ့ ထောင်ချောက်လို့ ပြောရမှာပါ၊ ကမ်းပါးအတက် အမှိုက် သစ်ရွက်အုပ်ထားတဲ့ ကြိုးလေးရဲ့တုတ် တံကိုတိုးမိတိုက်မိရင် မောင်းခလုတ်က ဖြုတ်သွားလို့မြားမှန်တော့တာပေါ့။ မြား မှန်ပြီဆိုကတည်းက တောင်ကမ်းပါးယံ ထက်က လန်ကျသွားပြီ၊ မြားဒဏ်ရာနဲ့

မသေပေမဲ့ သစ်ပင်သစ်ကိုင်းတွေ၊ ကျောက်စွန်းတွေ ရိုက်ပြီး သေမှာ၊ ဆင် ထားသူရဲ့စိတ်ထားနဲ့ အာဃာတအငြိုး အတေးကိုပြနေတယ်လို့ ပြောရမယ်၊

"မာတ်သီတစ်ယောက်ရဲ့စနက်ဖြစ် ဖို့များတယ်။ လုပ်ထားပုံကတော့သေသေ သပ်သပ်ပါပဲ၊ မတော်တဆဖြစ်တာ မဟုတ်ဘူး။ ကြိုတင်ကြံစည်တာ"

ဒုရဲအုပ်ကလေးက မှတ်ချက်ပေးပြီး ပတ်ဝန်းကျင်မှာ သဲလွန်စရှာပြန်တယ်၊ ချုံပုတ်နောက်ကစီးကရက်ဆေးလိပ်တို နှစ်တိုတွေ့လို့ ပလတ်စတစ်အိတ်ထဲ ထည့်လိုက်တာက အမှုရဲ့သဲလွန်စပဲပေါ့၊ အမှုကိုလာကြည့်နေတဲ့သူတွေကလည်း မနည်းလှဘူး။ ဖြစ်လေ့ဖြစ်ထမရှိတဲ့ (လူ သတ်မှု) မဟုတ်လား။ စိတ်ဝင်စားကြ တာပေါ့၊ ပြီးတော့ – ကိုခင်ထွန်းက ရွာမှာ အားလုံးနဲ့အဆင်ပြေတယ်။ ရန်သူ (မလို မုန်းထားသူ) ဆိုတာမရှိသလောက်ပါပဲ၊ အစဉ်းစားရအကျပ်သား။ လူသတ်မှု၊ ရွာ ကောင်စီဥက္ကဋ္ဌကို ရွာသားနှစ်ယောက် ကတီးတိုးလာစကားပြောနေကြတယ်၊ ကောင်စီဥက္ကဋ္ဌက ခေါင်းတညိတ်ညိတ်

www.burmeseclassic.com

ပါ။ ပြီးတော့ - ရွာသားနှစ်ယောက် ပြန်ထွက်သွားကြပြန်တယ်။ ကောင်စီဥက္ကဋ္ဌက ရွာသားတွေ ပေးခဲ့တဲ့ သတင်းကို ဒုရဲအုပ်ကလေး ပြန်ပြောတဲ့အခါ သူက စာအုပ်ထဲမှာ ရေးမှတ်တယ်။ မေးစရာရှိတာတွေ စုံစုံလင်လင် မေးနေပြန်တယ်။ သူက ရွာခံမုဆိုး (တောင်ကမ်းပါးယံတက်သူ)ကို မေးမြန်းနေတာ အတော်ကြာသလား မဆိုနိုင်ဘူး။ မုဆိုးမျာ သူ့အမေးတွေဖြေရတာ တမောကြီး။

"ကဲ - ကျွန်တော်တို့ စောစောက လာသွားတဲ့ သူ့မိသားစုတွေနဲ့ တွေ့ပြီး မေးစရာလေးတွေရှိသေးတယ်။ မေးရဦးမယ်"

"ဘယ့်နယ်လဲ - ဗိုလ်လေး၊ အမှုအခြေအနေက ..."

"ဘာကိုဆိုလိုတာလဲ၊ ဥက္ကဋ္ဌကြီးရဲ့"

"သတ်တဲ့တရားခံ ပေါ်နိုင်ပါ့မလား လို့ပါ"

"ရာဇဝတ်ဘေးပြေးမလွတ်၊ ရာဇဝတ်မှုကောင်းကျိုးမပြုဆိုတာတွေ ရှိနေသားပဲ - ဥက္ကဋ္ဌကြီးရယ်။ ရှောင်ဖယ်လို့ မရပါဘူး။ မိမှာပါ"

ဒုရဲအုပ်ကလေးနဲ့ ရဲသားတစ်ယောက် ကျန်ခဲ့ပြီး လိုအပ်တဲ့စစ်ချက်တွေ ယူနေတုန်းမှာ ရဲတပ်ကြပ်နဲ့ရဲသားတစ်ယောက်ကို သီးသန့်တာဝန် ပေးအပ်ခဲ့တယ်။ ရဲတပ်ဖွဲ့အစီအစဉ်နဲ့ရပ်ရွာလူကြီးတွေကို ဆွေးနွေးတိုင်ပင်ပြီးတဲ့နောက် သေသူရဲ့ အလောင်းကို ဆေးရုံပို့ဖို့ ပြင်ရပြန်တာပါပဲ။ ဆေးစစ်ချက် ယူရမယ်လေ။

ဒါကလည်း - လူသတ်မှုအတွက် မဖြစ်မနေ လုပ်ရမယ့် (အရေးကြီး)ကိစ္စလေ။

ဇေ့စပ်သေရွာလွန်းတယ်လို့ ပြောရမှာပဲ။ မှတ်တမ်းယူလာတာနဲ့ပတ်သက်ပြီး စခန်းက သတင်းပေးတဲ့ ရွာသားနှစ်ယောက် ခေါ်စစ်ပြီးပြီ၊ စခန်းမှူးရဲ့ အကြောင်းကြားစာအရ ကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ ဒေါ်မြသီ ခင်မွန်းကိုအေးလွင်တို့အားလုံး စခန်းသွားရပြန်တယ်။ ရွာမှာ မဖြစ်ဘူးသေးတဲ့ လူသတ်မှုဖြစ်ခဲ့သလိုတစ်ရွာလုံးမှာစုံစမ်းစစ်ဆေးမှုတွေပေါ်ပေါ်ထင်ထင်တစ်မျိုး၊မသိမသာတစ်မျိုးလုပ်နေကြပြီ။ (ဘယ်သူတရားခံဖြစ်လဲ။) အားလုံးက သိချင်နေကြတယ်လေ။

"ကဲ - လာကြဗျာ - ထိုင်ပါ"

စခန်းမှူးက သူ့အခန်းထဲ အားလုံးကို ခေါ်လိုက်တယ်၊ ကောင်စီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့က ရောက်ခဲ့ပါများလို့ မစိမ်းပေမဲ့၊ မျက်နှာစိမ်းကိုအေးလွင်အဖို့ ကြောင်တက်တက်။ သူ့မျက်နှာမှာလည်း စိုးရိမ်ထိတ်လန့်မှုတွေ မဖုံးနိုင်၊ မဖိနိုင်။

"သူက ကိုအေးလွင် ထင်တယ် ဟုတ်ရဲ့လား - ဥက္ကဋ္ဌကြီး"

"မှန်ပါတယ်၊ စခန်းမှူးကြီး၊ အသတ်ခံရတဲ့မောင်ခင်ထွန်းရဲ့ပထွေးယောက္ခမပါ။ ကွယ်လွန်တဲ့နေ့က သူရွာမှာမရှိပါဘူး။ မြို့တက်သွားတယ်"

"အော် - အော် - ဒီမှာ ဆေးလိပ်သောက်ကြဦးဗျာ၊ ကောလေးနော်၊ လက်မှတ်ထိုးစရာလေးတွေရှိလို့ ခေတ္တစောင့်ပေးကြပါ၊ သိပ်မကြာပါဘူး"

ဥက္ကဋ္ဌတို့နှစ်ဦးက ဆေးလိပ်သောက်ရင်း စကားတပြောပြော လုပ်နေချိန်မှာ စခန်းမှူးကြီးက လက်မှတ်ထိုးဖို့စာတစ်ထပ်ကြီးယူပြီး အလုပ်များနေလေရဲ့။ ကိုအေးလွင်တစ်ယောက်သာ စကားပြောဖော်မဲ့နေလို့တည်ခင်းထားတဲ့ဆေးလိပ်ကို မီးညှိပြီး အားရပါးရ ဖွာရှိုက်နေတယ်လေ။ ဆယ်မိနစ်ကျော်ကျော်မှာ အလုပ်တွေ စခန်းသတ်သွားတော့ စာရွက်ကြီးထပ်ကြီး ရွှေ့ပြီး စခန်းမှူးကြီးက စကားစပါတယ်။

"ဥက္ကဋ္ဌတို့ရွာလူသတ်မှုနဲ့ပတ်သက်လို့ အတော်များများက စိတ်ဝင်စားကြတယ်။ ရွာမှာ မဖြစ်ဘူးတာလည်း ကြာပြီလေ၊ ဒီဖြစ်ရပ်မှာ လုပ်သွားတဲ့လူက အစဉ်းသိ ဓာတ်သိ။ ပြီးတော့ - မုဆိုးလုပ်ငန်းကိုလည်း တီးမိခေါက်မိတဲ့လူမျိုး။ ကိုခင်ထွန်းကို မလိုမုန်းထားနေတဲ့လူတစ်ယောက်ပါပဲ၊ လူတိုင်းမသိတဲ့ ဖြတ်လမ်းကို ကိုခင်ထွန်းလို့ပဲ သိထားတာယ်။ ဒါမှမဟုတ် ကိုခင်ထွန်း ပြထားတာ၊ ဒါကြောင့် ဘယ်လိုလုပ်ရင် ဘာဖြစ်မယ်ဆိုတာသိလို့ကြံ့တင်ကြံနိုင်တာပေါ့၊ သူမေ့သွားတာတစ်ခုရှိတယ်၊ အဲဒါက သူဟာလုပ်တဲ့နေရာမှာပိရိပေမယ့်လွန်စ

www.burmeseclassic.com

တွေ သိမ်းမသွားခဲ့နိုင်ဘူး။ အဲဒါကြောင့် သူဆိုတာ ထင်ထင်ရှားရှား သိနိုင်တာပေါ့"

"ဘာတွေကျန်ခဲ့လို့လဲ၊ စခန်းမှူးကြီး"

"သူဟာ ဆေးလိပ်သောက်ပြီး ထိုးဖိမွှေချေတတ်တဲ့အကျင့်။ သူ သောက်ခဲ့တဲ့စီးကရက်နှစ်လိပ် ထိုးချေထားတာ သိမ်းလာတယ်လေ၊ သက်သေခံပစ္စည်းအဖြစ်နဲ့ပါ။ နမူနာပြရရင် ကိုအေးလွင် ခွက်ထဲ ထည့်ထားပုံကို ကြည့်"

စခန်းမှူးစကားက အေးလွင် တစ်ကိုယ်လုံး တုန်ခါသွားစေတယ်။

"ဘာ - ဘာဖြစ်လို့ခင်ထွန်းကို ကျွန်တော်က သတ်ရမှာလဲ။ ကျွန်တော် မသတ်ဘူး၊မသတ်ဘူး။ကျွန်တော်လုံးဝ မသတ်ဘူး"

ချက်ချင်းကိုအေးလွင်ကျခြေသိကျွာ ပျက်လောက်အောင် အသံထွက်လာတာပါ။

"ခင်ဗျားသတ်တယ်လည်းမပြောရသေးပါလား။ ကဲ - ရမေးပြီ၊ ခင်ဗျား ဘာဖြစ်လို့ သတ်တာလဲ၊ ခင်ဗျားဟာ အလောင်းမတွေ့ခင်တစ်ရက်ကမှ ဝါးလုံး ထမ်းပြီး တောင်ကမ်းပါးယံဘက်သွားတာ မြင်သူနှစ်ယောက် ရှိတယ်၊ အရင် အရင် ခင်ဗျား အထက်မှာနေတုန်းက တောတက်သမား။ အစ်မလုပ်သူခေါ်လို့ ဒီကိုရောက်လာတာ။ မုဆိုးအတွေ့အကြုံ လုပ်ပုံလုပ်နည်းတွေလည်း သိတယ်၊ ခင်ဗျား - ကိုခင်ထွန်းနဲ့အတူ တောနှစ်ခါ တက်ခဲ့ဖူးတာ ဒေါ်မြသီက ပြောခဲ့ပြီးပြီ။ ကိုခင်ထွန်းဇနီး ခင်လေးမူလည်း သိတယ်။ ခင်ဗျားရဲ့ဝါသနာဝီဇအရ ထိုးချေထားတဲ့ဆေးလိပ်တိုနှစ်တိုကိုအခင်းဖြစ်နေရာက သိမ်းဆည်းလာခဲ့ပြီ၊ ခင်ဗျား လုပ်ထားတဲ့ဝါးလုံးထဲ မြားထည့်ပစ်တာမျိုးက ဒီအရပ်မှာ သုံးလေ့မရှိဘူး။ အထက်ပိုင်းမှာ ငှက်ထောင်၊ မျောက်ထောင်တာ၊ ဒီမှာ အဲဒါမျိုးသုံးတဲ့ ဝါးက ကြီးပြီးတိုတိုပဲ သုံးတယ်၊ ထိပ်ဆောင့်တဲ့ ကြွက်ထောင်တာလေ၊ ကဲ - ခင်ဗျားငြင်းချင်သေးလား။ ငြင်းလို့လည်း မရတော့ပါဘူးလေ"

ရအချိန်၊ အေးလွင်ပုံစံက ကြက်လည်လိမ်ထားသလိုမျိုး၊ စကားပြန်လည်း မရ၊ ထွံ့အသူတစ်ဦးပမာ ထစ်အနေရှာတယ်၊ ဥက္ကဋ္ဌတို့နှစ်ဦးက သူ့ကိုကြည့်နေတဲ့အကြည့်က စက်ဆုပ်တဲ့ အကြည့်၊ အသတ်ခံရတာဟာ သူတို့ရွာဇာတိသား မဟုတ်လား။ ပြီးတော့ - သဘောမနော ဖြူတဲ့ စိတ်ရင်းကောင်းတဲ့သူတစ်ဦး။

"ခင်ဗျား ထွက်ချက် တရားဝင် ပေးတော့မယ်ပေါ့"

လေးလေးတွဲ့တွဲ့ခေါင်းညိတ်ပြတာကလွဲပြီး သူမှာ ဘာလုပ်စရာရှိတော့မှာလဲ၊ ရာဇဝတ်ဘေးဆိုတာ ပြေးလို့ရတာမှ မဟုတ်ပဲလို့။ ကိုအေးလွင်တစ်ယောက် သိလိုက်ပါပြီ၊ ဒါပေမဲ့ - သိချိန်က နောက်ကျသွားတာမို့ ....။

**သဒိသံ ပါကံ ဇနေတိ**

**မျိုးသစ်**

## စာမူရှင်များသို့


မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ **မိတ္တူ** ပွားထားကြပါရန်။

**အယ်ဒီတာအဖွဲ့**
**သည်းထိတ်ရင်ဖိုမဂ္ဂဇင်း**

www.burmeseclassic.com

# ရိုးပြတ်ကျွင်းက ရဲသိုင်းမများ

လေးမှောင်



**ငှက်လယ်ပြွတ်** စားကျက်ကွင်းတွင် "ကျူ၊ သက်ကယ်၊ တောင်ထန်း၊ ဓနိ" ရိတ်ကြသော မစမ်းမြေ၊ မတင်အေးနှင့် မသောင်းညွန့်တို့(၃)ဦး နေ့စဉ်နေ့တိုင်း ဆုံနေကျဖြစ်သည်။ ထိုသို့ တွေ့ဆုံကြရာတွင် ရဲဖန်ရံခါ ထိုကွင်းကို နွားလာကျောင်းကြသည့် "တင်လှနှင့် ကျော်စိုး" တို့လည်း ရောက်လာတတ်ကြသည်။

ငှက်လယ်ပြွတ်စားကျက်ကွင်းကား ကျွဲသောင်ရွာ၊ ဖီးမြူကုန်းရွာ၊ ဆိုင်မြွန်ရွာ၊ စံတက်ကုန်းရွာ၊ တူရိုးရွာဆိုသည့် ရွာငယ်များ ပတ်လည်ဝိုင်းထားသောကွင်းကြီးဖြစ်ပြီး မိုးအခါ ရေအလွှန်နှတ်သော "ရေနက်ကွင်း"ကြီးဖြစ်သလို ယခုလိုနွေကာလတွင် ရေတွေ ခန်းခြောက်ပြီး စားကျက်ကွင်းကြီးလိုဖြစ်နေပေသည်။

ကျွဲသောင်၊ ဖီးမြူကုန်း၊ စံတက်ကုန်း၊ တူရိုးရွာတို့ကား ဝေန်မြစ်(ပုသိမ်မြစ်) တည်ရှိကြသော ရွာငယ်များဖြစ်ကြပြီး ကျွဲသောင်ရွာကား အင်္ဂပူမြို့နယ်အပိုင်ဖြစ်၍ ကျန်ရွာငယ်တို့ လေးမျက်နှာမြို့နယ်အပိုင်ဖြစ်ကြသည်။

သက်ငယ်ကောက်ရိတ်တောင်ထန်းဓနိခုတ်သူအမျိုးသမီး(၃)ဦးက တူရိုးရွာမှ မုဆိုးတို့၏ဇနီးများဖြစ်ကြပြီး နွားကျောင်းသားတွေမှာ စံတက်ကုန်းရွာသားကလေးများ ဖြစ်ကြသည်။

သူတို့ ထိန်းကျောင်းသော နွားအုပ်ကို ယခုလို နွေရာသီကာလမျိုးတွင် စားကျက်မြေဖြစ်သော ငှက်လယ်ပြွတ်စားကျက်ကွင်းတွင်နေ့စဉ်အိမ်မှထမင်းထုပ်ကိုယ်စီထည့်ကာစားသောက်ကြရသလို မိန်းမသားတွေကလည်း တစ်နေကုန် လုပ်ကိုင်ကြရင်း ခင်မင်ရင်းနှီးသွားကြ

တောလိုက်မုဆိုးများတွင်
အမျိုးသားများသာ ပါဝင်လှုပ်ရှား
တတ်သော်လည်း ရှားရှားပါးပါးအမျိုးသမီး
မုဆိုးများ၏ စွန့်လှူတ်စွန့်စား အမဲလိုက်ပုံ
အကြောင်း ..

www.burmeseclassic.com

www.burmeseclassic.com

သူများဖြစ်သည်။ အထူးသဖြင့် နွားအုပ်ကိုထိန်းနေရပေမယ့်စိတ်ဓာတ်ကမှဆိုးအခံရှိကြသူများဖြစ်သည့်အတွက်မှဆိုးဖနီးများနှင့် ခင်မင်ရင်းနှီးသွားကာလောက်လေးခွကိုကိုင်ပြီးတွေ့သမျှငှက်ပေါင်းစုံကိုပစ်ကာမီးကင်၍စားသောက်ကြသည့်အတွက် အခြားသောနွားကျောင်းသားများနှင့်စာလျှင် သူတို့(၅)ဦးမှာ ပိုမိုရင်းနှီးကြသူတို့ဖြစ်သည်။

တင်လှကနွားကျောင်းရင်းပစ်ခတ်လို့ရရှိသည့်ငှက်တွေကို မစမ်းမြကိုလွယ်အိတ်အတွင်းက ထုတ်ပေးပြီးအမွေးနုတ်ကာ မီးနှင့်ကင်စားဖို့ ထုတ်ပေးလိုက်သည်။ သူတို့အဖွဲ့မနက်စာစားချိန်တိုင်း သည်နေရာတွင် ဆုံတွေ့ကာပစ်ခတ်လာလို့ရသည့်ငှက်ကင်များဖြင့်အိမ်မှပါလာသည့်ဟင်းတို့ဖြင့် စုပေါင်းစားသောက်နေကြနေရာလေးပင်။ သို့အတွက် ပြောလိုက်သည်က -

"ဟိုအကောင် ကျော်စိုး - ခုချိန်ထိရောက်မလာသေးဘူးလား။ သူ့နွားတွေလည်း တားကျက်ထဲမှာ မတွေ့မိဘူးဟ။ ဘာများဖြစ်နေတာလဲ"

ထိုစကားကြောင့် မစမ်းမြက ပစ်ခတ်လို့ရရှိသည့်ငှက်တွေကိုမတင်အေး၊ မသောင်းညွန့်တို့နှင့်အတူ အမွေးနုတ်ရင်း -

"အေးဟုတ်တယ် - တင်လှ၊ နေမြင့်နေလို့ငါတို့ထမင်းစားချိန်တောင်ရောက်နေပြီ၊ ခုအချိန်ထိ လူမလာတဲ့အပြင် သူ့ကျောင်းတဲ့နွားတွေတောင် မတွေ့ရဘူးဆိုတော့ လမ်းမှာ ဘာတွေဖြစ်နိုင်လို့လဲဟ။ စဉ်းစားကြည့်ကြပါဦး"

ပစ်ခတ်လို့ရရှိလာသည့်အကောင်တွေကိုမိန်းမသားတွေကစုပေါင်းအမွေးနုတ်နေကြရင်းမစမ်းမြကြီးစဉ်းစားလိုက်သည်က ကျော်စိုးဆိုသည့် နွားကျောင်းသားကား ကျွဲသောင်ရွာသားဖြစ်ပြီး သူတို့အပါအဝင် အခြားသော နွားကျောင်းသားတွေအပြင် သူတို့လို အိမ်မိုးရန်သက်ကယ်ခုတ်သူများသည်နေ့စဉ်နံနက်မိုးလင်းမှ မိုးချုပ်ထိတိုင် အချိန်ကုန်နေကြရသူများဖြစ်သည်။

"ငါ မနက်က ဒီရိုးပြတ်ကွင်းကိုလာရင်း ကျော်စိုး သူ့နွားအုပ်ကြီးမပြီး ထွက်သွားတာတွေ့လိုက်ရတယ်ဟ။ တားကျက်မြေရှေ့ဘက်မြက်ခင်းဆီ ရောက်တော့မြက်ခင်းတောထဲမှာယုန်ရှေ့တွေလတ်လတ်ဆတ်ဆတ်တွေ့လို့ ကြည့်တော့ယားကောင်ခြေရာတွေကိုလည်း တွေ့ခဲ့ရတယ်တဲ့"

မစမ်းမြ ပြောလိုက်သည့် စကားကြောင့်ငှက်မွေးနုတ်နေသည့်မတင်အေးက -

"အေးပေါ့ဟဲ့ - မြက်နုတွေ ထွက်ပြီဆိုတော့ယုန်တွေလည်းလာသလိုအခြားယားကောင်တွေလည်း ဆင်းကြပြီပေါ့ဟဲ့"

သူတို့နှစ်ဦးပြောနေသည့်စကားကိုနားထောင်နေသည့် မသောင်းညွန့်က -

"ဒါနဲ့မစမ်းမြ - မနက်ကဒီကိုအလာကျော်စိုး နွားအုပ်ကိုမောင်းပြီး ဒီကိုလာတာတွေ့ခဲ့တယ်ဆိုရင် ဒီကောင်ရောက်ချိန်တန်ပြီပေါ့ဟဲ့။ ခုချိန်ထိ လူလည်းရောက်မလာသလို နွားတွေကိုလည်း တစ်ကောင်မှမတွေ့ရဘူးဆိုတော့ လမ်းမှာ ဘာများဖြစ်မလဲ - စဉ်းစားဦး"

မသောင်းညွန့် ပြောလိုက်သည့်စကားကြောင့် သူတို့အားလုံးဖြစ်နိုင်ချေရှိသည်တို့ကိုလိုက်လံစဉ်းစားရင်းတင်လှက -

"မစမ်းမြပြောသလိုဆိုရင်တားကျက်အရှေ့မြက်ခင်းတောမှာ ယုန်ရှေတွေ့သလို အခြားအကောင်တွေခြေရာကိုပါတွေ့တယ်ဆိုတော့ ငါ့အထင် တစ်ခုခုပဲဟ။ ဒါပေမဲ့ - သူ မလာတောင် နွားတွေရောက်လာဖို့ ကောင်းတယ်။ ခုတော့လူရောနွားပါ ပျောက်နေတယ်ဆိုတော့ ငှက်လယ် စအိုင်မှာရော ရေခန်းပြီလားဟဲ့"

"ခန်းပြီလို့ပဲ ပြောရမှာပေါ့။ နွံတွေပဲရှိတော့တာ သားကောင်ခြေရာတွေလည်းမြေပျော့ထဲ ဆင်းထားတာ မှစ်နေတာပဲဟ"

သူတို့ပြောနေစဉ်လွယ်အိတ်ဟောင်းလေးကိုလွယ်ပြီး ကျော်စိုးရောက်ရှိလာသည်မို့ တင်လှက -

"မင်း - ဒီနေ့ နောက်ကျပါလားဟ ဘာဖြစ်လို့တုံး။ မစမ်းမြက မင်း မနက်ကတည်းကနွားအုပ်ကိုမောင်းထွက်တာတွေ့လိုက်တယ်ပြောတယ်။ ခုမှ ရောက်လာတယ်ဆိုတော့ ဘယ်ဝင်ရှုပ်နေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"အေးကွာ – ငါတို့ရွာကလည်း စိုက်ခင်းတွေရဲ့အနောက်ရိုးမအစပ်ဆိုတော့ တောကောင်ဝင်မွှေတယ်နဲ့တူတယ်ဟ။ နွားတွေက အနံ့ရပြီး နောက်ကြောင်းချည်း ပြန်ပြေးတော့ ရွာကို ပြန်လိုက်ပြီး နွားတွေခေါ်ပြီး လာတော့လဲ ဘယ်လိုမှ မောင်းလို့မရတာနဲ့ ကြန့်ကြာသွားတာကွ။ စိုက်ခင်းက စပါးတွေကလည်း မှည့်ခါနီးဆိုတော့ လတ်တလော ဒုက္ခပေးနေတာက တောဝက်အုပ်ရန်က တစ်မျိုး၊ တောဆင်ရိုင်းရန်က တစ်မျိုး။ ဒီကြားထဲ ဒီအကောင်ကြီးက ဝင်မွှေပြန်ပြီနဲ့တူတယ်။ ငါ့မှာလည်း အဖော်မရှိတော့ ဒေါသကျပ်နဲ့ ကျပ်ပဲ။ ရော့ – ဒီမှာ ကြက်တူရွေးတွေ ငါပစ်လာခဲ့တာ၊ အမွေးနုတ် လက်စနဲ့ ဆက်ပြီး နုတ်လိုက်ကြကွာ နော်"

ကျော်စိုးက ပြောပြောဆိုဆို လွယ်အိတ်အတွင်းက သူပစ်လာခဲ့သည့်ကြက်တူရွေးငါးကောင်ကို ထုတ်ပေးလိုက်သည်။ သူပြောသည်ကလည်း ဟုတ်တော့ဟုတ်သည်။ တောဆင်ရိုင်းတို့ သဘာဝနှင့် စရိုက်ဆိုသည်ကလည်း မိုးကာလတွင် အလွန်နက်ရှိုင်းပြီး ကုန်းဆန်သောတောများအတွင်း တစ်အုပ်လျှင်ကောင်ရေ(၅၀)နီးပါးထိစုပေါင်းနေထိုင်ကျက်စားလေ့ရှိကြသည်။ မိုးကုန်ပြီး ရေများခန်းခြောက်သောအခါ အုပ်စုလိုက် အနိမ့်ပိုင်းကိုဆင်းပြီး အစာရှာဖွေစားသောက်ကြသည်။

တောဆင်ရိုင်းအုပ်တို့သည် ကိုယ့်အုပ်နှင့်ကိုယ် နှစ်စဉ်နှစ်တိုင်း ရေကြည်ရာ မြက်နုရာကို ဆင်းနေကျမို့ သွားရာလမ်းကြောင်းကိုသိပြီး ထိုလမ်းကြောင်းရှိ ရွာငယ်တို့မှ တောသူတောင်သားတို့ စိုက်ခင်းတွေကိုလည်း သိရှိကြပြီး တိတ်တဆိတ်ဝင်ရောက်ခိုးယူစားသောက်နေကျလမ်းအတိုင်းသာ ဆင်းသက်ကြမြဲဖြစ်သည်။

ထိုကဲ့သို့ မြေပြန့်ကို ဆင်းကြသည့်အခါတွင်လည်း သွားချင်သလို သွားကြသည်မဟုတ်ပဲ ရှေ့ဆုံးမှ ဦးဆောင်သွားသည့်ဆင်ရိုင်းကို နောက်ကလိုက်ကြသောဆင်က တင်ပါးဆုံပေါ်တွင် နှာမောင်းတင်ပြီးလိုက်သလိုနောက်ကလိုက်သည့်အကောင်တွေကလည်း ထိုပုံစံအတိုင်း ဆင့်ကာဆင့်ကာ ရှေ့မှ သွားသောဆင်လမ်းကြောင်းအတိုင်း ထပ်တူနင်းကာ နှာမောင်းတင်ပြီး လိုက်ကြသည်။ အဘယ်ကြောင့် ထိုသို့သွားကြသနည်း ဆိုသော်မြေမျှော့ကိုနင်းကာနွံနစ်မည်စိုးသည့်အတွက်ကြောင့် ဖြစ်ပေသည်။ အောက်စံမြေမှာသည့်သူတို့စိတ်ကြိုက် ရောက်ရှိမှသာ ထိုအတွဲကို ဖြုတ်ပြီး ပြန့်ပြန့်ကျဲကျဲသွားလာရင်း တောင်ခြေရွာတွေ စိုက်ထားကြသည့် စိုက်ခင်းတွေကို ညအခါ ဝင်ရောက်ခိုးယူ စားသောက်တတ်ကြသည်။

ငှက်တွေကို အမွေးနုတ်၊ ရင်ခွဲ၊ အတွင်းကလီစာထုတ်ပြီး ဝါးညှပ်နှင့် ကင်ဖို့လုပ်နေစဉ်မီးမွှေးနေသည့်တင်လှက –

"ကျော်စိုး – မင်းကို အကူအညီတောင်းချင်တယ် – ရမလား"

"အေး – ပြောလေကွာ၊ ဘယ်လိုမျိုးဆိုတာကို"

"ငါ့လယ်စောင့်တဲမှာ အဖော်လိုက်အိပ်ပေးပါလား။ တောဝက်အုပ်တွေဝင်လာရင် ခြောက်လှန့်ထုတ်ဖို့က ငါတစ်ယောက်တည်းဖြစ်နေလို့ပါကွာ"

ထိုစကားကြောင့် ငှက်တွေကို မီးကင်နေသည့်ကျော်စိုးက –

"အေး – ကောင်းသားပဲ၊ မင်းလယ်တဲကိုစောင့်ရင်း စားကျက်မြေအရှေ့မြက်ခင်းပြင်မှာ ညပိုင်း ယုန်ဝင်တယ်၊ ပစ်လိုက်ကြမလား"

"ယုန်ပစ်တာတော့ဟုတ်ပါပြီ၊ ဘာနဲ့ပစ်ကြမှာလဲ"

"လောက်လေးခွပဲရှိတာ – အဲဒါနဲ့ပစ်ကြတာပေါ့ကွ"

"ငါကတော့ ငှက်လယ်မြတ်ကွင်းများက ခန်းခြောက်စပြုနေတဲ့ရေအိုင်ကြီးမှာ တကာန်းတွေလာစားတဲ့ တောကြောင်ကို ပစ်ချင်တာကွ။ တောကြောင် ပစ်လို့မရလည်း အနောက်ဘက်ဝါးရုံကောက်တောထဲမှာ တောကြက်၊ ရစ်၊ ငှက်ဝါးယောင်းနဲ့ အောက်ချင်းငှက်တွေကို ပစ်လို့ရတာပေါ့"

"အဲဒီဘက်ကိုသွားချင်ပေမယ့် ရိုးမကြီးနဲ့နီးတော့ အန္တရာယ်များတယ်ကွ၊ ငါတို့မှာရှိတာက လောက်လေးခွဆိုတော့ ရင်ဆိုင်တိုးရင် ဟုတ်မှာမဟုတ်ဘူး။ လက်နက်မရှိတာ နာလိမ့်မယ်ကွာ"

www.burmeseclassic.com

ငှက်များ ကင်ထားသည်ကလည်း ကျက်ပြီမို့သူတို့(၅)ဦးစားသောက်လိုက်ကြရင်း မစမ်းမြကာ -

"တင်လှတဲမှာ စောင့်အိပ်ရင်းဝက်ပစ်မယ်ဆိုတော့ငါစိတ်ဝင်စားတယ်ဟ။ ဒါပေမဲ့ - ဟို ကောင်မနစ်ကောင်နဲ့ ညှိကြည့်ဦးမယ်။ အဆင်ပြေရင် ငါတို့(၃)ယောက်ပါလိုက်အိပ်မယ်၊ ဘယ်လိုလဲ - မိအေးနဲ့ မိသောင်းညွန့်"

မစမ်းမြ လှမ်းမေးလိုက်တော့ မသောင်းညွန့်က -

"ကျုပ်ကတော့ဖြစ်တယ်ဟဲ့။ ကျုပ်ယောကျ်ားမြတ်မင်းဟန်ကလေး မျက်နှာက သူ့အဘိုး အသည်းအသန်ဖြစ်လို့ သွားနေတယ်။ ကျုပ်တစ်ယောက်တည်းဆိုတော့ဖြစ်တယ်။ ညည်းတို့သာ ဖြစ်၊ မဖြစ် ပြော"

ထိုစကားကြောင့် မစမ်းမြက -

"ငါ့ယောကျ်ား သိန်းဝင်းကတော့ ညနေဆို မူးပြီးပြဲနေတာဟ၊ အိမ်ပြန်မလာတာက များတယ်၊ ဒါကြောင့် မပူနဲ့၊ ဟိုကောင်မမိသောင်းညွန့်နှင့်ယောကျ်ား ဝင်းနိုင်က ဂရိုဂရောင်နဲ့ မူးရင်ရစ်လို့ မဆုံးတော့တဲ့ကောင် - နှင့် သဘောကို ပြော"

"အေး - ငါ့လင် - ဝင်းနိုင် အစက တော့ မူးရင်ရစ်တယ်လို့ ငါထင်တာဟ။ ဒါကြောင့်လည်း သည်းခံပေါင်းပါတယ်၊ ခုတော့ - သူ့အကြောင်းဘူးပေါ်သလိုပေါ်ပြီလေဟယ်၊ သချိုင်းဘေးက ဆုမွန်ဦးဆိုတဲ့ကောင်မနဲ့ဟဲ့၊ ကြာပြီဆိုပဲ၊

အဲဒီအကြောင်းကိုဟိုနေ့ကအရက်ရောင်းတဲ့အပျိုကြီးဆီက အမှတ်မထင်ကြားလို့ ငါလည်း သိလိုက်ရပြီး စာရင်းရှင်းပြီးပြီ။ ခုတော့ - ခုတော့လေကွယ်၊ ကျွန်မမှာ တစ်ယောက်တည်း အပျိုကြီးပါကွယ်"

မသောင်းညွန့်က သူ့ဘာဝဖြစ်စဉ်ကို ဟာသနှောပြောလိုက်သည့်အတွက် ရယ်ပွဲကလေး ဖြစ်သွားသည်က အမှန်။ တင်လှနှင့်ကျော်စိုးတို့ကရီးပြတ်ကွင်းထဲ တွေ့ခဲ့ကြရသည့် သူငယ်ချင်းများ အကြောင်း တစေ့တစောင်း သိလိုက်ရသည့်အတွက် စိတ်မကောင်းသော်လည်း -

"နင်တို့ပါ ငါ့လယ်စောင့်တဲမှာ လာအိပ်ကြမယ်ဆိုတော့ ဝမ်းသာတယ်ဟယ်။ ငါတို့မှာ ပစ်ဖို့လက်နက်က လောက်လေးခွပဲရှိတယ်ဆိုတော့ ဘယ်လိုလုပ်ကြရင်ကောင်းမလဲဆိုတာ စဉ်းစားကြပါဦးဟ"

"ငါ့ယောကျ်ားက မုဆိုးဆိုတော့ သူကိုင်တဲ့ ဒူးလေးနဲ့ မြားဆိပ်ရှိတယ်၊ အဲဒါကို ကိုင်မယ်လေ၊ ညည်းတို့ကရော ဘာကိုင်ကြမလဲ"

မစမ်းမြပြောလိုက်သည့်အတွက် မသောင်းညွန့်က -

"ငါလည်း ငါ့ယောကျ်ားကိုင်တဲ့ ဒူးလေးနဲ့ အဆိပ်ပုလင်းယူခဲ့မယ်ဟယ်"

ထိုသို့ပြောနေစဉ် မတင်အေးကလည်း -

"ငါကတော့ ယောကျ်ားတောင်ရောက်ဆင်တဲ့အခါ မိထားတဲ့သားကောင်ကိုစခန်းသိမ်းတဲ့လှံ(၂)ချောင်း ရှိတယ်၊ အဲဒါ ယူခဲ့မယ်ဟယ်"

"အဲဒီကိစ္စကတော့ဟုတ်ပါပြီ၊ ငါတို့ သွားနေတုန်းလယ်ကွင်းထဲကိုတောအုပ်ဝင်ခဲ့ရင် ဘယ်လိုလုပ်ကြမလဲဟင်"

"တောင်ရောက်ဆင်ပြီး ထားခဲ့ကြမယ်ဟယ်၊ ငါ့မှာ ဘံညှပ်(၂)ခု ရှိတယ်"

"စမ်းမြပြောသလိုဆို ငါ့မှာလည်း (၂)ခုရှိတယ်ဟ"

တင်လှ ပြောလိုက်သည့် စကားကြောင့် ကျော်စိုး ပြန်ပြောလိုက်သည်က -

"ဒီလိုဆို - ဘံညှပ်(၄)ခု၊ ကျန်တာတော့ အခြေအနေကြည့်တောင်ကြတာပေါ့။ ဒီလိုဆို - မနက်ဖြန်မနက် လူစုပြီး တောင်ရောက်ဆင်ကြမယ်၊ ညပိုင်းလှုပ်ရှားကြတာပေါ့"

အိမ်သို့ ပြန်ခဲ့ကြပေသည်၊ မနက်ဖြန်မနက် လူစုကြပြီပဲလေ၊

နောက်တစ်နေ့ နံနက်ပိုင်းတွင် တောင်ခြေရှိတင်လှလယ်စောင့်တဲတွင် သူငယ်ချင်း(၅)ယောက်ဆုံတွေ့ကြသည်၊ ညကတည်းက အိမ်တွင်မွေးထားသော ကြက်ကို ရိုက်ချက်ထားသည့်ဟင်းဖြင့် ဗိုက်ဖြည့်စားသောက်လိုက်ကြပြီး ဘံညှပ်များနှင့် အခြားအသုံးအဆောင်ပစ္စည်း

www.burmeseclassic.com

တွေကိုယူကာ (၅)ဦးသားရိုးမကြီးအမြေဘက်သို့ ထွက်ခဲ့ကြပေသည်။

"ငါတို့ ထောင့်ကြီးကွင်းဘက်ဖြတ်ပြီး သွားကြရအောင်နော်"

မသောင်းညွန့် ပြောလိုက်သည့်စကားကြောင့် မတင်အေးက –

"နင်ကလဲ – ပေရှည်နေပြန်ပြီဟယ်။ သံညှပ်တွေနဲ့လေးတယ်ဟ၊ တောလမ်းအတိုင်းသွားပြီးထောင်ချောက်တွေဆင်ပြီးမှ အဲဒီလမ်းကို သွားကြတာပေါ့"

အမှန်တော့၊ မတင်အေးပြောသည်ကလည်း မှန်သည်။ သူတို့သယ်ဆောင်လာကြသည့် သံညှပ်ကြီးတွေမှာ တစ်ခုလျှင် နှစ်ပိဿာကျော်ကျော်အလေးချိန်ရှိပြီး ညှပ်၏ တစ်ဖက်တစ်ချက်တွင် လခြမ်းသဏ္ဍာန်ရှိပြီး ခွေးသွားစိပ်တို့ကလွှသွားကဲ့သို့ အစီအရီရှိသည်။

လခြမ်းကွေးကဲ့သို့ရှိသော ညှပ်တစ်ခုစီအား ဆွဲဆန့်မောင်းတင်ထားလိုက်လျှင် အချင်းတစ်ပေသာသာ စက်ဝိုင်းတစ်ခုလို ဖြစ်သွားသည်။ ညှပ်ကွင်း၏အလယ်တွင် နင်းခုံခလုတ်နှင့် တွဲလျက်ထားရှိသောကြောင့် နင်းခုန်ဖြစ်သည့်ကန့်လန့်ဖြတ်ခလုတ်ကို ထိုးဖိလိုက်သည်နှင့် တစ်ဖက်တစ်ချက်ညှပ်များကညှပ်လိုက်ပြီဖြစ်ပေမည်။ သံညှပ်ကိုဝါးမျှလုံးခန့်ရှိ စပရိန်တို့၏ ဆွဲညှပ်ထားသည့်အားကြောင့်တော်ရုံလွတ်မထွက်အောင်ရုန်းကန်ဖို့ ခက်လှသည်။ အားကောင်းမောင်းသန်လူနှစ်ယောက်အားနှင့် ဆွဲဆန့်ဖြုတ်ယူမှသာ မိနေသည့် သားကောင်ကို ဆွဲဖြုတ်ယူ၍ ရမည်ဖြစ်ပေသည်။

စပါးစိုက်ခင်းအတွင်းတောဝက်အုပ်ဖြတ်သန်းတိုးဝင်နိုင်သည့်နေရာကို ရွေးချယ်ပြီး သံညှပ် (၄)ခုကို တပ်ဆင်ပြီးနောက် မစမ်းမြက –

"ကဲ – တင်လှ၊ သံညှပ်တွေ ထောင်လို့ပြီးပြီ။ ဘယ်နေရာတွေ ထောင်ဖို့လိုမလဲဆိုတာ ကြည့်ကြဦးဟဲ့"

"လိုရမည်ရဟိုချုံပင်တွေကြားလင်နေတဲ့နေရာမှာ ထောင်ချောက် (၂)ခုလောက် ဆင်လိုက်ကြရင် ကောင်းမယ်ဟ"

ကျော်စိုး ပြောလိုက်သည့်စကားကြောင့် မစမ်းမြက –

"အေး – ဟုတ်တယ်၊ ဘယ်လိုထောင်ချောက်မျိုးဆင်ကြမလဲ စဉ်းစားကြဦး"

"သုတ်ကိုင်းထောင်ရင် ကောင်းမယ်ဟ၊ ဒါပေမဲ့၊ ကိုင်းတံကိုလုပ်ဖို့မျောက်ချောသားရှာဖို့က ခက်တယ်၊ ဘယ်လိုထောင်ချောက်ဆင်မလဲ စဉ်းစားကြပါဦး"

မတင်အေးကဝင်ပြောလိုက်သည်။ အမှန်တော့လည်း သူမပြောသည်ကဟုတ်နေသည်၊ အဘယ်ကြောင့်ဆိုသော် ထောင်ရမည့်အကောင်သည်တောဝက်အုပ်ဖြစ်ပြီး အရွယ်အစားကို ပုံသေခန့်မှန်းလို့မရ။ သို့အတွက် ခန့်မှန်းခြေ ဝက်ပျို၊ ဝက်ဖြန်းတစ်ကောင်၏ အလေးချိန်သည်ပိဿာချိန် (၂၀) အထက်ရှိသည်မို့ သုတ်ကိုင်းပြုလုပ်မည့် ကိုင်းတံအနေအထားမှာ လုံးပတ်အရင်းက ပေါင်လုံးခန့်ရှိပြီး အရှည်က အတောင် (၂၀) သာသာရှိ ကိုင်းတံမျိုးကို ရှာဖွေခုတ်ယူလုပ်မှသာ ရမည်မဟုတ်ပါလော။

“

နှစ်ဦးသား လောက်လေး
ပစ်လွှတ်သံ၊ ထိမှန်သံ၊ မြေပြင်ကို
ဆောင့်ကျလဲကျပြီး နာနာကြည်းကြည်း
အော်မြည်သံတို့ကို ဆက်တိုက်ကြားလိုက်
ကြရပေသည်။ တစ်နေရာတည်းတွင်
တောယုန်နှစ်ကောင်ကို ရလိုက်ကြပေပြီ။
ယုန်ဖြူကြီးတွေမို့ အကောင်က
ကြီးသည်။



www.burmeseclassic.com

ထိုသို့ပြောနေကြစဉ်မသောင်းညွန့်က -

"ထိုဝါးရုံတောအစွန်မှာ ပေါက်နေတဲ့ ဝါးနစ်ပင်ကိုခုတ်ပြီး ကိုင်းတံခုတ်ရင် ရမယ်နဲ့တူတယ်။ ကြည့်ကြစမ်းပါဦးဟ ရှ၊ မရကို"

သူမပြောလိုက်သည့်စကားကြောင့် အားလုံးက ဝါးရုံတောရှိ ဝါးပင်များဆီ အကြည့်က ရောက်သွားကာ ကိုင်းတံလုပ်လို့ရမည့်အနေအထားမို့တင်လှနှင့် ကျော်စိုးတို့က သွားရောက်ခုတ်ယူကာ ကိုင်းဖျားကိုင်းနားတွေကို ခုတ်ဖြတ်ပြီး လိုအပ်သည့် ကိုင်းတံအနေအထားရတော့ သုတ်ကိုင်းထောင်မည့် နေရာသို့ ယူဆောင်ကာမြေကြီးကိုနစ်တောင်သာသာ တွင်းတူးလိုက်ပြီး ဝါးပင်အရင်းပိုင်းကို မြေပြင်တွင် (၆၀)ဒီဂရီ ခပ်စောင်းစောင်း ထောင်စိုက်၍ အခိုင်အမာဖြစ်အောင် မြေကို သိပ်ဖို့လိုက်ကြသည်။

ကိုင်းတံ ပြုတ်ထွက်မသွားစေရန် မြေပြင်တွင်ခိုင်မာသောအဆင့်ကိုရောက်တော့မှ ကိုင်းတံအဖျားတွင် ကြိမ်နွယ်စကြိုးတစ်ဖက်ကို ပြုတ်ထွက်မသွားစေရန် အခိုင်အမာ ချည်နှောင်လိုက်ကြကာ ကိုင်းတံအဖျားကို (ကုတ်) အားကိုယူပြီး ခက်ရာခက်ဆစ် ကွေးညွတ်လိုက်ကာ မြေပြင်တွင် သုတ်အားကောင်းသော ကိုင်းတံအဖြစ်ထောင်လိုက်ကြပြီး သုတ်ကိုင်းအဖျားတွင် ချည်နှောင်ထားသည့် ကြိမ်နွယ်တစ်ဖက်ကြိုးစကို ကွင်းလျှော လုပ်ကာ တောဝက်တွေ မရိပ်မိအောင် မြေသား၊ သစ်ရွက်ခြောက်၊ ကောက်ရိုးများ ဖုံးအုပ်၍ထောင်ထားလိုက်ကြသည်။

သုတ်ကိုင်း(၂)ခု ထောင်ထားပြီးချိန်သည် ညနေပင် စောင်းနေပြီမို့ တဲဆီသို့ပြန်ကာနားနေ၊ စားသောက်လိုက်ကြပေတော့သည်။ ညပိုင်း အစီအစဉ်က ရှိကြသေးသည်မဟုတ်ပါလော။

လအကွေးလေး၏မှုန်ဝါးဝါးအလင်းရောင်သည်ကျွဲသောင်ရွာကလေးအပေါ် ခပ်ယဲ့ယဲ့ ဖြာဆင်းနေသည်။ မှိုင်းညို့ညို့

ညွှ်အရိပ်သည်အတန်ငယ်စိမ့်အေးနေ သလို ညင်းညင်းညှံ့ညှံ့ တိုက်ခတ်သော လနအေးတို့ကြောင့် စိမ့်အေးလျက်ရှိ သလိုဖြစ်နေသည်။

ညဉ့်ဦးယံကိုအတန်ငယ်ကျော်ဖြတ် လာခဲ့ပြီမို့ ညဉ့်အစာရှာငှက်တို့အော်သံ ကိုကြားနေရသည်။ မိုင်(၂၀၀)ပတ်လည် ကျယ်ပြန့်သော "ငှက်လာယ်ပြတ်ကွင်း" ကြီးကား ပကတိအိပ်မောကျလျက် တိတ်ဆိတ်နေသယောင်ပင်၊ ယခုလို ချိန်ကာလသည်ရေနက်ကွင်းစားကျက် မြေနေရာတွင်ဘယ်လိုနွားကျောင်းသား နှင့်သက်ငယ်ရိတ်သည့်လူများဝင်ရောက် လှုပ်ရှားမှုပြုကြမည်မဟုတ်သော်လည်း စားကျက်မြေမြက်ခင်းတောဘက်ဆီသို့ တောယုန်နှင့် တောကြောင်ပစ်ခတ်ရန် ထွက်ခဲ့ကြသည့် သူတို့အဖွဲ့သား(၅)ဦး အတွက်တော့ အချိန်ကောင်းဖြစ်ပေသည်။

ရွာမှတစ်မိုင်လေးဖာလုံခန့်ဝေးကွာသော ရေနက်ကွင်း ဟိုမှာဘက်ရိုးမကြီး နှင့် နီးစပ်သောနေရာဖြစ်သည်မို့ သားကောင်တို့ကညအခါလူခြေအတိတ်တွင် နင်းဖြန်းထားသောမြက်ရိုင်းပင်နုကလေး တွေကိုလာရောက်စားသောက်တတ်ကြ သည်။ ထိုအကောင်တွေထဲမှ တောယုန် ပိုပစ်ခတ်ရန် ထွက်ခဲ့ကြသူများဖြစ်သည်။

"မိတင်အေး - မီးထိုးနော်၊ တင်လှနဲ့ ကျော်စိုးတို့က ယုန်တွေ့ရင် ပစ်၊ ငါနဲ့ မိသောင်းညွန့်တို့က အဆိပ်လူးထားတဲ့ ဒူးလေးကိုင်ထားတယ်၊ အမိကပစ်ရမှာ က နင်တို့နစ်ကောင်ပဲနော်၊ ငါတို့နစ် ယောက်အန္တရာယ်ရှိနိုင်တဲ့အကောင်မျိုး ဆိုရင် ကူပစ်ပေးမယ် - ကြားလား"

မစမ်းမြက လက်နှိပ်ဓာတ်မီးကို မတင်အေးကို လှမ်းပေးလိုက်သဖြင့် လက်တစ်ဖက်က လှံကိုကိုင်သလို ကျန် တစ်ဖက်က လက်နှိပ်ဓာတ်မီးကို ကိုင် ဆောင်ကာ (၅)ဦးသား မြက်ခင်းတော ပြင်ရှိရာဆီသို့ လျှောက်လှမ်းခဲ့ကြပေ သည်။

နွေကာလပင်ဖြစ်စေကာမူ သန်း ခေါင်ယံအချိန်မို့ ကောင်းကင်ထက်မှ နင်းငွေတွေ သွန်းကြထားသည့်အ[illegible] ဝန်းကျင်ကို အထင်အရှား[illegible]ရ၏ ထို

www.burmeseclassic.com

အချိန်လေပြင်းတစ်ချက်သုတ်ဖြူးလိုက်မှုကြောင့် ရိုးတံကျဲကျဲ အကိုင်းအခက်များ ယိမ်းထိုးလှုပ်ရှားသွားကြသည်နှင့် အတူ ရိုးမကြီးဘက်ဆီမှ လေနှင့်အတူ လွင့်မျောပါလာသည့် "အူးခနဲ၊ အူးခနဲ" ပြတ်တောင်းတောင်း ခွေးအအုပ်အုသံတို့ကိုလည်း ကြားနေရသည်။ ထိုအသံကြောင့် မီးရောင်အောက်က မြက်ခင်းပြင်တစ်ခွင်လုံး ငြိမ်သက်သွားသည်ဆိုသော်လည်း မည်သူ့အားကိုးဖြင့် မသိ၊ ပိုင်းအော်လိုက်ကြသည့် ပုရစ်အုပ်အော်သံတို့က စီစီညံလာပြန်သည်။

သူတို့(၅)ဦးကား မိုးကာလကျော်လွန်သည်မှ ရေခန်းသည့်အချိန်မှစပြီး နေ့စဉ်ကိုယ့်အလုပ်နှင့်ကိုယ် ဝင်ရောက်ခဲ့ကြသည့်စားကျက်မြေဖြစ်သည်မို့ ယခုလို ချောက်ချားစရာဝန်းကျင်က ဖန်တီးလာသော်လည်း ထိုဝန်းကျင်ကို နေ့စဉ် (၅)ဦးစလုံးနေ့စဉ်အနံ့ရောက်နေကြသူများဖြစ်သည်မို့ ကြောက်လန့်မှုကို ထိန်းကွပ်ထားကြသည့်နယ်ပင်။

အနေအထားက ချောက်ချားလောက်အောင် ဖန်တီးနေသော်လည်း သူတို့နှင့်သည်ဝန်းကျင်က ရင်းနှီးကျွမ်းဝင်နေသည်မို့ ကြောက်စိတ်မရှိကြသည်က အမှန်။

မတင်အေးက မီးကို ဆက်မထိုးဘဲ ချိုးတွဲသောလရောင်အောက်အလင်းကို အရယူကာ မြက်ခင်းတောဆီ တိုးကပ်လိုက်ကြသည်၊ မြက်ခင်းစပ်သို့အရောက် "မတင်အေး" က ကိုင်ဆောင်ထားသည့် ဓာတ်မီးကိုအပေါ်ကိုပင့်ထိုးထားရင်း ထိုမီးအလင်းတန်းကမီးမောင်းသဖွယ်မြက်ခင်းပြင်ရှိရာကို တဖြည်းဖြည်း နိမ့်ဆင်းသွားသည်၊ သူတို့အားလုံး မြက်ခင်းများအတွင်းကမီးရောင်ကိုလိုက်လံကြည့်နေသည့် မျက်လုံးစိမ်းများကို တွေ့လိုက်ကြရသည်။

"ဟဲ့အကောင်နစ်ကောင်၊ ယုန်တွေဟဲ့၊ ငါမီးရိုက်ခေါ်ပေးမယ်၊ သေချာမှပစ်ကြနော်"

"ဟဲ့ဟဲ့ - ငါမီးရိုက်ခေါ်မယ် - အနားရောက်မှပစ်ကြ"

မတင်အေးက ပြောရင်း ကိုင်ထားကာ ထိုးထားသည့် မီးအလင်းတန်းကို နိမ့်ချည်မြင့်ချည် ကွေ့ကာဝိုက်ကာ လှည့်ပတ်မီးအလင်းရောင်ကိုကစားရင်းအနီးကို ဆွဲခေါ်နေသည်။ တောယုန်တွေကလည်း မီးရောင်ကို ဘယ်ကဲ့သို့ ထွက်သည်တော့ဖြင့်မသိ၊ စားလက်စအစာကိုလွှတ်ကာ မီးအလင်းတန်းနောက်လိုက်လာကြသည်ကို တွေ့လိုက်ရပေသည်၊

"ဖောက် - ဖောက် - ဖောက်"

"ခေါက် - ခေါက် - ခေါက်"

"ခွီး - ရှူး - ဖျီး - ဖျီး"

နစ်ဦးသား လောက်လေးပစ်လွှတ်သံ၊ ထိမှန်သံ၊ မြေပြင်ကိုဘေးတိုက်လဲကျပြီး နာနာကြည်းကြည်း အော်မြည်သံတို့ကိုဆက်တိုက်ကြားလိုက်ကြရပေသည်၊ တစ်နေရာတည်းတွင် တောယုန်နစ်ကောင်ကို ရလိုက်ကြပေပြီ။ ယုန်ဖြူကြီးတွေမို့ အကောင်က ကြီးသည်၊

တင်လှက ယုန်ဖြူကြီးနစ်ကောင်ကို ပုဆိုးကို ကွင်းသိုင်းကာ လွယ်လိုက်ချိန် မတင်အေးက မြက်ခင်းပြင်ဆီသို့ မီးနှင့်လှမ်းထိုးလိုက်ပြန်သည်၊ မီးကိုဖြန့်ထိုးနေစဉ် ဘာမှမတွေ့ရြားသဖြင့် ပါးစပ်ကလည်း -

"ဟို နစ်ကောင် အော်သံကြောင့် ကျန်တဲ့အကောင်တွေ လစ်ကုန်ကြပြီ။ ရှေ့ကို ဆက်လိုက်ကြရအောင်ဟေ့"

မီးနှင့်လှမ်းထိုးကာ ရှာဖွေနေသည့် မတင်အေးစကားကြောင့် မစမ်းမြက -

"ဒါဆို - လယ်စအိုင်ဘက်ကို သွားကြမယ်၊ တောကြောင်အပြင် ဘေးကဝါးတောမှာ တောကြက်လည်း ပစ်လို့ရတယ်"

"အဲ ဒီ ဘက် ကို သွား မယ် ဆို ရင် နင်တို့ကိုင်တဲ့ဒူးလေးတွေကိုအသင့်ပြင်ထားကြနော်။ ရိုးမကြီးနဲ့နီးတဲ့နေရာဆိုတော့ကိုယ့်ဘက်က လက်ဦးဖို့လိုတယ်။ အန္တရာယ်ပေးမယ့်အကောင်နဲ့တွေ့ရင် ဟုတ်ပေ့ဖြစ်နေဦးမယ်"

ကျော်စိုးသတိပေးလိုက်သည့်စကားကြောင့် မစမ်းမြနှင့် မသောင်းညွန့်တို့က ကိုင်ဆောင်ထားကြသည့် ဒူးလေးတွေကိုလေးညှို့ဆွဲတင်ကာမြားလှံကြောင်း

www.burmeseclassic.com

တွင် အဆိပ်လူးမြားတံကို ပျားဖယောင်းနှင့်ကပ်၍ အသင့်ပြင်လိုက်ကြသည်၊ ကျော်စိုးသတိပေးသည့်စကားကလည်း မှန်သည်၊ အဘယ့်ကြောင့်ဆိုသော် ယခုလိုရေခန်းစပြုနေသည့် ရေအိုင်ကြီးတွင် ထွက်လာကြသည့်ကဏန်းများကိုတောကြောင်တွေ လာစားသလို တောဝက်တွေကလည်း လာစားကြသည်၊ အခြားသောသားစားသတ္တဝါကြီးတွေကလည်း လာပြီး ချောင်းမြောင်းစားသောက်တတ်ကြသည် မဟုတ်ပါလား။

ငါးဦးသား လမ်းအတိုင်း မီးကို ရှာဖွေကာ လာခဲ့ကြရင်း နာရီဝက်သာသာခန့်အကြာ ရေ့ကိုက် (၆၀) ခန့်အကွာ တောချုံပင်အုပ်အုပ်အကြားမှ ရဲခနဲ ရောင်ပြန်ဟပ်လိုက်သည့်မျက်လုံးအစုံကိုတွေ့လိုက်ကြရသဖြင့် မတင်အေးက ထိုမျက်လုံးရဲရဲကို မီးထောက်ကာ ရပ်တန့်စေလိုက်ပြီ၊

"ဗုဒ္ဓေါ - တောကြောင်တော့မဟုတ်နိုင်ဘူး၊ တောကောင်ဟ - သတိထားကြနော်"

မတင်အေးက မီးကို ထောက်ထားရင်းပြောလိုက်သည့်အချိန်မသောင်းညွှန့်က မြေပြင်တွင် မှဆိုးဒူးထောက်ထိုင်လိုက်ပြီး ရှုံ့နှယ်တောအကြားရဲခနဲ တွေ့လိုက်ရသောနေရာဆီ ဒူးလေးနှင့်ချိန်ရွယ်ကာ လျှပ်တစ်ပြက် ပစ်လွှတ်လိုက်ပေသည်၊

"ဒေါင် - ဝှစ်"

လေးညို့ကို ပစ်လွှတ်လိုက်သဖြင့် မြားတံက လေကိုခွင်းကာ တောချုံတို့အကြားထိုးဖောက်ဝင်ရောက်သွားသည့် အသံကို ကြားလိုက်ရသည်နှင့်အတူ သားကောင်ကလည်း သဘောပေါက်လိုက်ဟန်ထင့်၊ မီးရောင်အောက်တွင် ဆတ်ခနဲ ကိုယ်ကို ယို့လိုက်ပြီး နောက်ကျွမ်းပစ်၍ရှောင်လိုက်ပြီး နောက်ဘက်တောချုံပင်တူရှုဆီ တိုးဝင်ပျောက်ကွယ်သွားသည်ကို အားလုံးမြင်လိုက်ကြရသည်၊ ထိုစဉ် လောက်လေးခွကိုယ်စီကိုင်ထားကြသည့် တင်လှနှင့် ကျော်စိုးကလည်းလေးသီးနှင့်ပစ်လွှတ်လိုက်ကြပြန်သည်၊ "ဘုတ်" ခနဲအသံကြားလိုက်

ရသည်နှင့်အတူ ချုံတောတိုးရင်း "ဟဲ" ခနဲ မာန်ဖီသံကြီးကို ကြားလိုက်ရပြန်သည်။

"သစ်ဆင်ကွ - လေးသီးကဘေးကိုထိသွားတယ်နဲ့တူတယ်၊ ငါတို့ကို အန္တရာယ်ပြန်ပေးတော့မယ်၊ နောက်ပြန်ဆုတ်ကြမလား"

မစမ်းမြက ပစ်ပြီးသား လေးညို့ကို ပြန်တင်ကာမြားတံတပ်လိုက်ပြီးအသင့်ကိုင်ရင်း ရေ့ဆက်မတိုးကြတော့ဘဲ နောက်ကြောင်းပြန်ဆုတ်ခဲ့ကြပေတော့သည်။

"အေးဟယ် - အဖြစ်ကတော့ ပြောတောင်မပြောချင်တော့ဘူး၊ တောကြောင်ပစ်ဖို့သွားရင်း ဟင်းကောင်နဲ့တိုးရတယ်လို့၊ ငါတို့ သူ့အစာမဖြစ်တာ ကံကောင်းတယ်"

"အေးကွာ - စိတ်ချရတဲ့လက်နက်ရှိလို့ကတော့ ပွဲကောင်းပဲဟ၊ ငါ့ဆရာတွေရန်ကုန်ကရောက်လာကြရင်လည်း အကောင်းသား"

မစမ်းမြပြောလိုက်သည့်စကားအပေါ် ယုန်နှစ်ကောင်ကိုအရေချွတ်အတွင်းကလီစာထုတ်၊ ခုတ်ထစ်ပိုင်းဖြတ်နေသည့် တင်လှက ထပ်ဆင့်ပြောလိုက်သည်၊ အတန်ကြာတော့ ယုန်သားဟင်းကျက်ပြီမို့ ညလယ်စာ စားလိုက်ကြရင်း -

"တင် လှ ရေ - ဟေ့ တင် လှရှိသလားဟေ့"

ကွင်းပြင်က လှမ်းပြီးအော်သံကြားလိုက်ရသည့်အတွက် ထမင်းစားနေကြရင်းက အသံကြားရာဆီ မီးနှင့် လှမ်းထိုးကြည့်ရင်းက -

"ဟ - လှမြင့်ပါလား၊ အချိန်မတော်ကြီး - ဘာကိစ္စများပါလိမ့်"

တင်လှတစ်ယောက် အပြင်ကို မီးနှင့်ထိုးပြီး ကဲကြည့်လိုက်ရင်း နှုတ်ကလည်း -

"လှမြင့်ရေ - ဝင်ခဲ့လေကွာ၊ ငါတို့ ထမင်းစားနေကြတယ်၊ ယုန်သားနဲ့ ဝင်စားဦး - ဘာကိစ္စရှိလို့လဲဟ"

"မင်းဆရာ မြို့က မုဆိုးကြီး ရောက်လာတယ်ကွ၊ မင်းကို ခုခေါ်ပေးပါဆိုလို့ ငါလာခေါ်တာ၊ သူတို့ စားသောက်ပြီးလို့ ဒိုက်ပြည့်နေပြီ၊ မစားတော့ဘူး၊ မင်းကို



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ပေးပါဆိုလို့ လာပြောတာ၊ ငါမဝင်တော့ဘူး။ အဲဒီ့ကို မင်းသွားလိုက်ဦး"

"အေးပါဟ - သူတို့က ဘယ်အိမ်မှာ တည်းတာလဲဆိုတာ ပြောပါဦး"

"ရာအိမ်မှူးကြီး ဦးဝင်းနိုင်အိမ်ကိုဟ၊ ငါမှူးနေပြီ သွားတော့မယ်၊ သွားဖြစ်အောင် သွားလိုက်နော်၊ အောင်မယ် မင်းလယ်စောင့်တဲမှာ ကောင်မတွေနဲ့ ပါလာတာကို။ မင်းက ဘယ်ရွှင်ဖန်ထားတာလဲ၊ ငါမှူးနေလို့မဝင်တော့ဘူး၊ သွားတော့မယ်ကွာ"

မှူးမှူးနှင့် သူထင်ရာကို စွပ်ပြောသွားသည့်စကားနှင့်အတူ လေးကွက်သိုင်းနင်းကာ ထွက်သွားသည့်နောက်ကျောမှ "မစမ်းမြ၊ မတင်အေးနှင့် မသောင်းညွန့်" တို့ ဆဲဆိုမေတ္တာပို့သံကို ကြားနိုင်မည်မဟုတ်တော့ပေ၊

❧❦❧

မည်သို့ပင်ဖြစ်စေ၊ တင်လှုတစ်ယောက်အဖို့ သူ့ဆုတောင်းက ပြည့်သည်ဟု ပြောရပေမည်။ အဘယ့်ကြောင့်ဆိုသော် သူ၏ဆရာရင်းဖြစ်သူ ရန်ကုန်မှဆိုးကြီးတို့အဖွဲ့ မျှော်လင့်သည့်အချိန် ရောက်လာကြခြင်းကြောင့်ဖြစ်ပေသည်။ သို့အတွက် တင်လှုတစ်ယောက် တဲပေါ်နှန်ဆင်းပြီး ရာအိမ်မှူး ဦးဝင်းနိုင်အိမ်ဘက်ကို သုတ်ချေတင်ပေတော့သည်။

တင်လှုတစ်ယောက် လယ်စောင့်တဲဆီရောက်တော့ အတော်ညဥ့်နက်နေပေပြီ၊ ထောင်ချောက်များ ထောင်ထားရာဆီသို့ တောဝက်အုပ် ဝင်ပုံမရ၊ သို့အတွက် မထူးခြားသဖြင့် အိပ်စက်အနားယူလိုက်ကြပေသည်၊

❧❦❧

အဘကောင်း၊ အစ်ကိုကြီး ဦးသိန်းလွင်နှင့် ကျွန်တော်တို့(၃)ဦးသား သေနတ်တွေလွယ်ပြီး တင်လှုတို့ လယ်စောင့်တဲဆီရောက်တော့ နံနက်(၉)နာရီပင် မထိုးတတ်သေး။ မနက်စာအတွက် ချက်ပြုတ်နေသည့် အမျိုးသမီး(၃)ဦးနှင့် ကျော်စိုးဆိုသူကို တင်လှုက မိတ်ဆက်ပေးသဖြင့် အဘကောင်းက -

"ညက မင်းပြောပြတာ သူတို့တွေလားကွ"

"ဟုတ်ပါတယ် - အဘကောင်း၊ သူတို့တွေပါပဲ"

တင်လှုက တစ်ဦးချင်းအမည်များကိုပြောကာ မိတ်ဆက်ပေးလိုက်သည်မို့ ကျွန်တော်တို့ကလည်း ပြန်လည်မိတ်ဆက်ကြရင်း နံနက်စာကို တဲတွင် ဗိုက်ဖြည့်စားသောက်လိုက်ကြပြီး အဘကောင်းက -

"မင်းတို့ သစ်ဆင်ကောင်တွေ့တဲ့နေရာက ဘယ်နေရာလဲဟင်"

"ကျွန်မတို့အဖွဲ့ လယ်စအိုင်ဘက်ကိုသွားတာ - အဘရဲ့၊ အဲဒီ့မှာ ရေကစန်းတော့၊ လယ်ပုစွန်လုံးနဲ့ ကဏန်းတွေထွက်တော့ လာစားကြတဲ့ တောကြောင်နဲ့ တောဝက်ပစ်ဖို့အသွား၊ အဲဒီ့ကောင်ကြီးနဲ့တိုးတိုးတာ၊ လူကလည်းများတော့ ကဲကောင်းသွားတယ်၊ ကျွန်မကဒူးလေးနဲ့ ပစ်လိုက်ပေမယ့် မထိဘူး၊ တင်လှုနဲ့ ကျော်စိုးတို့က လေးခွနဲ့ပစ်တာ ထိသွားလို့ ဟိန်းသံကြီးတောင် ပေးသွားသေးတယ်"

မစမ်းမြက ဝင်ရောက်ရှင်းပြလိုက်သည်၊ ထိုအချိန် အစ်ကိုကြီးဦးသိန်းလွင်က -

"မနေ့ကမင်းတို့ဘာလက်နက်တွေ ကိုင်သွားကြတာလဲဟ"

"ကျွန်မနဲ့မသောင်းညွန့်က ဒူးလေး၊ မတင်အေးက လှံ၊ တင်လှုနဲ့ ကျော်စိုးတို့က လောက်လေးခွကိုင်ကြတယ်လေ"

"အဆိပ်ကော သုံးသေးသလား"

"ကျွန်မတို့ယောက်ျားတွေက မုဆိုးတွေဆိုတော့ သူတို့သုံးတဲ့အဆိပ်နဲ့ ပစ်တာပါ၊ အရင်တုန်းက သေနတ်ရှိတော့ သေနတ်သုံးကြတာပေါ့လေ"

"ဟုတ်လား - သမီးတို့ခင်ပွန်းတွေက မုဆိုးတွေတဲ့လား၊ ဒီလိုဆိုရင် ဒီပွဲမှာ အဘတို့ယူလာတဲ့သေနတ်တွေကို သမီးတို့ကိုင်ကြ၊ သမီးတို့ကိုင်တဲ့ဒူးလေးတွေကို အဘတို့က ကိုင်ပြီးပစ်ကြတာပေါ့။

www.burmeseclassic.com

သားကောင်ကိုတွေ့ရင်နောက်မတွန့်ကြကြေးလေ - ဘယ်လိုလဲ"

"ဟာအဘရယ် - စိန်လိုက်ကြတာပေါ့"

အားလုံးက အားတတ်သရောပြောလိုက်သည်။ ထမင်းလည်း စားပြီးကြပြီမို့ ထွက်ရန်ပြင်ဆင်လိုက်ကြပေသည်။

"ငါတို့ လယ်စအိုင်ဘက်ကို အရင်မသွားဘဲ ဝါးတောဘက်ဆီ အရင်သွားကြမယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီမှာ ညနေပိုင်းမှ တောကြောင်ထွက်တာဆိုတော့ အပြန်မှ ဝင်ကြတာပေါ့"

လမ်းကြောင်းလွှဲကာ ရိုးမဖက်ဝါးတောတွေရှိရာဘက်ဆီသို့ ဦးတည်လိုက်ကြပေသည်၊ လက်နက်ကိုယ်စီကိုင်ကာ တစ်နာရီသာသာ လျှောက်လှမ်းလိုက်ကြသော်လည်း တောက ငြိမ်လျက်ရှိပြီး ခါတွန့်သံ၊ ချေဟောက်သံကိုပင် မကြားရ။ ပြတ်တောင်းတောင်းနှင့် တောကြက်ဖတွန်သံမှအပ တိတ်ဆိတ်လျက်ရှိသည်၊ ဆက်လက်လျှောက်လှမ်းခဲ့ရင်း ဝါးရုံပင်ကိုင်းဖျားထက်မှ ပျင်းရိပျင်းတွဲ ကူနေသောချိုးတစ်ကောင်၏ကူသံပြတ်တောင်းတောင်းကြားလိုက်ရသည်၊ အမျိုးသမီး (၃)ဦးက သေနတ်ကို အသင့်ကိုင်ရင်း ရှေ့မှသွားနေသလိုအလယ်မှကျွန်တော်တို့(၃)ဦးကဓူးလေးကိုင်ရင်းလိုက်နေပြီး တင်လှနှင့် ကျော်စိုးက နောက်မှ အသာလိုက်နေသည်။ပြီးတော့ - ဝါးရုံတောကြီးအတွင်း အသံမကြားအောင် တစ်လှမ်းချင်း တိုးဝင်နေကြသည်၊

သေနတ်ကို ကိုင်ထားကြသည့် အမျိုးသမီး(၃)ဦးက မြေပြင်ထက် မြေရာကိုကြည့်ကာ လိုက်နေရင်း ကိုက်ငါးရာခန့်တိုးဝင်လိုက်တော့သည့်တိုင်မည်သည့်ခြေရာကိုမှ မတွေ့ရသေး။ တစ်ဖာလုံခန့်တိုးဝင်လိုက်တော့ရှေ့မှသုံးဦးသားရပ်တန့်ပြီးမိုးအခါကလေပြင်းဒဏ်ကြောင့် အမြစ်မှကျွတ်ကာ လဲကျနေသည့် သစ်ပင်ကြီး၏ ကျိုးပြတ်စုပုံနေသော သစ်ကိုင်းသစ်ခက် သစ်ရွက်ပုံကြီးကို လှမ်းကြည့်နေကြသည်ကိုတွေ့လိုက်ရသည်၊

ထိုစဉ်အလယ်တွင်ရှိနေသူမစမ်းမြကသေနတ်ကို ညာဘက်က ကိုင်ပြီး ဘယ်လက်က ဂဝံကျစ်တခဲတစ်ခဲကို ကောက်ကိုင်ပြီး ထိုအပုံကြီးဆီ ပစ်ကြည့်လိုက်သည်၊ ဖြုန်းခနဲ ထပျံသွားသော အစာကောက်နေသည့်တောကြက်မနစ်ကောင်မှတစ်ပါး အခြားလှုပ်ရှားမှုကို မမြင်ရပဲ တောသည်ငြိမ်သက်နေသည်၊

ထိုအချိန် အလယ်မှဒူးလေးကိုယ်စီကိုင်ဆောင်ထားကြသော အဘကောင်းနှင့် အစ်ကိုကြီး ဦးသိန်းလွင်နစ်ယောက်က လျှပ်တစ်ပြက်ညာဘက်စောင်းစောင်းသပွတ်ခါးချုံကြီးဘက်ဆီ ပြေးလွှားသွားသော အကောင်တစ်ကောင်ကို ပြိုင်တူလို လှမ်းပစ်လိုက်ကြသည်၊

"ဒေါင် - ဝှစ်"

"ဒေါင် - ဝှစ်"

ကျွန်တော်က သူတို့နစ်ဦးနောက်မှဖြစ်သည့်အတွက် ဘေးတိုက်အနေအထားနှင့်ဖြစ်စေကာမူ လှစ်ခနဲ ပြေးလွှားသွားသည့်သားကောင်ကိုဘယ်လိုအကောင်မျိုးဆိုသည်ကို မသိသည်ကအမှန်၊ ခန့်မှန်းတွေးတောလိုက်မိသည်ကတောခွေးတစ်ကောင်ဖြစ်မည်ဟုမှန်းဆလိုက်ရှိန် မြားတံနစ်ချောင်းက ထိုအကောင်လက်ပြင်ကို ထိုးစိုက်သွားသည်မို့ ပြေးလွှားနေသည့်သားကောင်က ဘေးတိုက်လဲကျသွားရင်း နုတ်ကလည်း တစ်ချီးချီးအသံထွက်ကာ လူးလိမ့်နေသည့်အတွက် အဘကောင်းအား -

"အဘကောင်း - အဲဒါ ဘာကောင်လဲဟင်"

"ကြောင်မြင်းကြီးလေကွာ၊ အတော်ကြီးတဲ့အကောင်ကြီး၊ ဖောင်းမွှေးတွေနဲ့ထောင်နေတာမတွေ့ဘူးလားဟ"

"ဟုတ်လား - အဲဒါကြောင်မြင်းကြီးလား၊ ကြီးလိုက်တာ - အဘရယ်၊ ကျွန်တော်က တောခွေးအောက်မေ့နေတာ"

ကျွန်တော်ပြောရင်း ကြည့်နေစဉ်အဆိပ်လူးမြားတံ စိုက်ဝင်ခြင်း ခံလိုက်ရသော ကြောင်မြင်းကြီးမှာ ဆန့်ငင်ဆန့်ငင်ဖြစ်နေသည်ကိုတအံ့တဩငိုင်းကြည့်

www.burmeseclassic.com

နေကြစဉ် အတန်ကြာတော့ ငြိမ်သက်သွားသည်ကို တွေ့လိုက်ရပေသည်။

ထိုအချိန် နောက်က လိုက်လာကြသည့်နှစ်ဦးအနက် ကျော်စိုးက ကောက်ယူရန်ပြေးလွှားသွားနေစဉ်သစ်လဲပင်၏ ပင်စည်လုံးအထက် အရွက်ခြောက်တွေကြား ပြားပြားကပ်အောက်စံက အဝါရောင်ဖြစ်သော်လည်း ခပ်မွဲမွဲနှင့် အပြောရောင်ဘက်သမ်းနေသောတစ်ကိုယ်လုံး အနက်ရောင် အစက်အပြောက်တို့မှာ နှင်းဆီပွင့်ချပ်တို့သဖွယ် အကွက်ရိုက်ထားသလိုအတော်ပင်လှပသည့်ဦးခေါင်း ဝိုင်းဝိုင်း၊ နားရွက်နှစ်ဖက်ကလည်း တိုဝိုင်းဝိုင်း။ ပါးနှစ်ဖက်တွင် အမွေးများ ပေါက်နေပြီး ကိုယ်လုံးက သေးသွယ်၍ ကိုယ်ထဲအရှည်က ငါးပေခန့်၊ အမြီးပါပေါင်းလျှင် ရှစ်ပေခန့်၊ အလေးချိန်က သိပ်မရှိလှသောထိုအကောင်ကခုန်အုပ်ရန်အတွက် ပါးစပ်ကြီးကိုဖြဲ၊ သွားစွယ်ကြီးတွေ အဖွေးသားနှင့် သစ်လဲပင်စည်လုံးမှထကာ အားယူပြီး ကျော်စိုးကို ခုန်အုပ်လိုက်စဉ် -

"ဒိုင်း - ဒိုင်း - ဒိုင်း"

သေနတ်သံ(၃)ချက်က ပြိုင်တူလိုထွက်ပေါ်လာကြသည်။ ကျော်စိုးတစ်ယောက်သူကောက်ယူမည့်ကြောင်မြင်းဆီကိုပင် မရောက်။ ခုန်အုပ်လိုက်သောသစ်ဆင်ကောင်မှာ ပြင်းထန်စွာ ပေါက်ကွဲသံနှင့်အတူ ကျည်ခဲလုံးတို့က သူ၏ကိုယ်တွင်းကို ဖြတ်ဖောက်ကာ သယ်ကျည်ခဲလုံးတို့အရှိန်နှင့်နောက်ကြောင်းကိုပြန်ပါကာ မြေပြင်ကိုပစ်ကျပြီး နာနာကြည်းကြည်းရန်လိုမာန်ဖီသံကြီးကိုပြု၍ ပစ်ကျကာ လူးလိမ့်နေစဉ် -

"ခေါင်"

ကျွန်တော်က မြေပြင်တွင် သွေးသံရဲရဲနှင့် နာကြည်းရန်လိုသံကြီးဖြင့် အော်ဟစ်နေသည့် သစ်ဆင်ကောင်၏ လည်တိုင်ရင်းကိုပစ်သွင်းလိုက်ပေသည်။သစ်ဆင်ကောင်ကြီးမှာ အထိနာသွားသည့်အတွက်ကြာရှည်မလှုပ်ရှားနိုင်။အတန်ကြာတော့ - အသံပါပျောက်ပြီးငြိမ်သက်သွားပေသည်။

ကြောင်မြင်းသေကြီးကို ကောက်ယူဖို့အသွားမျှော်လင့်မထားပဲသစ်လဲပင်၏ရွက်ခြောက်တွေအကြားကိုယ်ရောင်ဖျောက်ကာ ခုန်အုပ်ကိုက်ခဲဖို့ ကြိုးစားလိုက်သည့် သစ်ဆင်ကောင်ကြီးမှာ မှဆိုးမ(မိန်းမမုဆိုး)သုံးဦး၏ လျှပ်တစ်ပြက်ပစ်ချက်တို့အပြင် ဒူးလေးကို ကျွန်တော်လို မုဆိုး၏ တန်ပြန်တိုက်ချက်ကြောင့် နာလန်မထူတော့သည့်အဖြစ်ကို သိလိုက်သည့် ကျော်စိုးမှာ နေရာမှကြုံးထွက်ပြေးလွှားပြီး ကျွန်တော့်ကို ပြေးဖက်လျက် အနမ်းမိုး ရွာလိုက်သည်။

(မုဆိုးမ(၃)ဦးကိုတော့ကျွန်တော့်ကို လုပ်သလို မျိုး လုပ်သလား၊ မလုပ်သလားကိုတော့ ကျွန်တော် မသိတာအမှန်။)

ကျားသစ်(သစ်ဆင်ကောင်)အသေနှင့်ကြောင်မြင်းကြီးတို့ကို နွားလှည်းဖြင့်သယ်ကာတဲဆီပြန်ရောက်တော့ မိုးချုပ်စပင် ပြုနေပေပြီ။

ဒိုင်ကိုပေးသွင်းကာ ရလာသည့်ငွေဖြင့်ကျွန်တော်တို့ထန်းရည်ဝိုင်းကိုစတင်ဖျိုးလိုက်ရင်း (၁၁)နာရီသာသာအချိန်တွင် -

"ဖြောင်း - ဖြောင်း - အူး - အူး - အူးအွတ်အွတ် - အူး - အီး"

ထောင်ထားသည့် သံညှပ်တွေ မောင်းပြုတ်သံ၊ သံညှပ်မိသော တောဝက်များ၏ နာနာကြည်းကြည်းအော်မြည်သံ၊ ကျန်တောဝက်တို့၏ တထိတ်တလန့် အော်မြည်ပြေးလွှားသံ၊ တစ်ကောင်နှင့်တစ်ကောင် တိုးဝေ့ထိခိုက်လဲပြိုသံတို့ကြောင့်တဲအတွင်းရှိအိပ်ပျော်နေကြသူတွေပါ နိုးကုန်ကြပေသည်။

"သံညှပ်ခလုတ်ပြုတ်သံ - မိတဲ့အကောင်ရဲ့အော်သံဆိုတော့ သေချာပြီကွ"

အဘကောင်း ပြောလိုက်သည့်စကားကြောင့် တင်လှနှင့် ကျော်စိုးတို့အပြင်မိန်းကလေးတွေကပါလက်နှိပ်မီးကိုဆွဲသူဆွဲ၊ဒူးလေးကိုင်သူကိုင်၊လှံကိုင်ဓားကိုင်နှင့် ထောင်ချောက်များ ထောင်ထားရာ လယ်ကွင်းအတွင်း သွားကြမည်လုပ်နေသည့်အတွက် အစ်ကိုကြီးဦးသိန်းလွင်က -

"မိုးလင်းမှ သွားကြကွာ - အရဲမတိုးကြနဲ့ - အန္တရာယ်ကြီးတယ်ကွ။ မိုးလင်းမှ သွားလိုက်ကြရအောင်၊ သေချာနေပြီပဲ"





www.burmeseclassic.com

www.burmeseclassic.com

သူတားလိုက်သည့်စကားကလည်း ဟုတ်နေပေသည်၊ သားကောင်တွေကို ယခုကဲ့သို့ ထောင်ချောက်ဆင်ဖမ်းဆီးကြရာတွင်အမိခံလိုက်ပြီးမသေမရှင်ဖြစ်နေသော သားကောင်မျိုးဆိုသည်က လူကိုမြင်တွေ့ပါက လွန်စွာမှ အန္တရာယ်ပေးတတ်သည်၊ အဘယ့်ကြောင့် ဆိုသော် ဦးစွာ သူ့အသက်ကိုနတ်ယူပြီးမှ ထောင်ချောက်အတွင်းက ဖြုတ်ယူရမှာဖြစ်သည့်အတွက်နောက်ဆုံးအသက်မသေခင် လူကို ပြန်ပြီးကလဲ့စားချေ၊ တန်ပြန်တိုက်ခိုက်ပြီး ကိုယ်လွတ်ရုန်းထွက်သွားတတ်ကြသည့်အတွက်သေဆုံးသွားကြရသည့် မုဆိုးတွေ မနည်းမနောရှိခဲ့ကြဖူးသည်မဟုတ်ပါလား။

"ဟုတ်တယ်ကွ - အသံတွေ ကြားနေရတုန်းဆိုတော့မိုးလင်းအောင်စောင့်ပြီးမှ သွားလိုက်ကြတာပေါ့၊ မသေလို့လူကို တုံ့ပြန်ရင်လည်း ထင်သာမြင်သာပေါ့"

"အီး - အီး - အွတ် - အူး"

ကျွန်တော်တို့ ပြောဆိုနေကြစဉ် လယ်ကွင်းအတွင်း ထောင်ချောက်မိတောဝက်တို့ထံမှ နာနာကြည်းကြည်းအော်မြည်သံတွေကို ကြားနေရဆဲဖြစ်သည်၊ အစ်ကိုကြီးက -

"မင်းတို့ ထောင်ချောက် ဘယ်နခုဆင်ထားလဲ၊ ဘယ်လိုမျိုးထောင်ချောက်တွေလဲ - တင်လှ"

"အုပ်လိုက်ကို ထောင်ထားတာဆိုတော့သံညှပ်ကလေးခု၊ သုတ်ကိုင်းသုံးခုဆိုတော့ (၇)ခု - အစ်ကိုကြီးရဲ့ဘာပြုလို့တုံး"

"ဒါဆို - ခုကြားနေရတဲ့အသံတွေက မျိုးစုံပဲကွ၊ အကြီးသံရော အငယ်သံတွေကို ကြားနေရတယ်၊ ငါ့အထင် (၅)ကောင်လောက် ရှိမယ်"

"အုပ်လိုက်ဝင်တာဆိုတော့ ဖြစ်နိုင်တာပေါ့လေ"

"ဒါနဲ့ စောစောက လုံတစ်ချောင်းတွေ့ပါတယ်၊ ငါ့ကို ပြပါဦး"

တင်လှကတဲအတွင်းဝင်ပြီး လှံရှည်ကိုထုတ်ကာပြလိုက်သည့်အတွက် လှမ်းယူကာ ဖင်တစ်ပြန်၊ ခေါင်းတစ်ပြန်ကြည့်လိုက်ပြီး -

"ကောင်းတယ်ကွ - မြက်က လက်တစ်ဝါးသာသာ၊ အရှည်က တစ်တောင်နှစ်မိုက်၊ လှံရိုးက ခုနစ်တောင်၊ လက်တစ်ကိုင်ဝါးနဲ့ လုပ်ထားပြီး ဝါးပိုးရှုက်ပုံနှစ်ဖက်အသွားချွထားတဲ့လှံပဲ၊ ဒီလှံမျိုးကိုထောင်ချောက်ဆင်မုဆိုးတွေက (ပစ်လှံ)အဖြစ်သုံးကြတာကွ၊ မင်း ဘယ်ကရတာလဲ၊ လုပ်ထားတာလား"

"ဟိုလေ - ဟို - ရွာဖျားက ထောင်ချောက်မုဆိုးတင်ထွန်း - သူ့ညီမလေးမော်မော်နေမကောင်းလို့ဆေးဖိုးမရှိတာလာထားသွားတာ၊ (၃၅)ကျပ်နဲ့"

"ဘယ်တင်ထွန်းလဲဟ - ပြောပါဦး"

"ဟိုအရင်က မီးသွေးဖုတ်နေတဲ့ တင်ထွန်းလေ"

"အော်အော် - ဒါကြောင့်ကိုး၊ လှံကမုဆိုးရင့်မကြီးတွေကိုင်တဲ့လှံမျိုးပဲကွ၊ ဒါကြောင့် ကောင်းတာကိုး၊ ဒီလှံမျိုးဟာထောင်ချောက်ဆင်ဖမ်းတဲ့မုဆိုးအတွက် မဖြစ်မနေလှံမျိုးကွ၊ သနားပါတယ်၊ သူ့ညီမလေးဆေးဖိုးဝါးအတွက်မို့လိုအပ်လို့ မင်းဆီမှာ ပေါင်ထားရတယ်ဆိုတော့ ငါ ကိုယ်ချင်းလည်း စာမိပြီး စိတ်မကောင်းလည်းဖြစ်မိပါတယ်"

ထိုသို့ပြောလိုက်သည့်စကားကို ကြားလိုက်ရသည့် အဘကောင်းက -

"အေးကွာ - တင်ထွန်းအကြောင်းကြားရတာငါလည်းစိတ်မကောင်းပါဘူး၊ ငါတို့တွေ သစ်ဆင်နဲ့ ကြောင်မြင်းလည်းရပြီးပြီ၊ ခုလည်း တောဝက်တွေ ထပ်ရဦးမယ်ဆိုတော့ မနက်ကို အကုန်ရောင်းလိုက်ပြီး ရတဲ့ငွေကို ကောင်မလေး(၃)ယောက်နဲ့မင်းတို့နဲ့အတူ တင်ထွန်းအပါအဝင် ခွဲပြီးယူ လိုက်ကြ၊ သူ့လှံကိုလည်း ပြန်ပေးလိုက်ပါနော်"

အားလုံးက ဝမ်းသာအားရဖြစ်နေသည့်အချိန် ဝန်းကျင်သည် ကျေးငှက်သံတစာစာနှင့် ရောင်နီပျို့လာပေပြီ၊ နံနက်စာ ဗိုက်ဖြည့် စားသောက်လိုက်ကြပြီးလက်နက်ကိုယ်စီကိုင်ကာထောင်ချောက်များရှိရာဆီ သွားလိုက်တော့ သံညှပ်များတွင်မိပြီး သွေးသံရဲရဲ သေပွဲဝင်နေသည့်ဝက်ဖြူး(၄)ကောင်၊ သုတ်ကိုင်းတွင်မိကာလည်ပင်းကြိုးတန်းလန်းနှင့်အသက်ပျောက်နေသည့်ဝက်မတစ်ကောင်၊ မြေထောက်တွင်ကြိုးကွင်းစွပ်မိ

www.burmeseclassic.com

နေပြီးအော်ဟစ်ရုန်းကန်နေသောတော ဝက်(ဝက်တောင်း)တစ်ကောင်ကိုတွေ့ လိုက်ရသည်မို့ မစမ်းမြဲက ဒူးလေးနှင့် စခန်းသိမ်းလိုက်ပေသည်။

အားလုံးကိစ္စပြီးတော့ နေပင် အတော်ရင့်နေပေပြီ။ အဘကောင်းက -

"တင်လှနဲ့ ကျော်စိုး - အသေးတစ်ကောင်စားဖို့ထားခဲ့ပြီး ကျန်တာကိုဟိုကို ပို့ပြီးငွေဖော်လိုက်ကွာ။ ညက ငါပြောတဲ့ အတိုင်းငွေခွဲလိုက်ကြ။ လုံကိုလည်းပြန် ပေးလိုက်နော်"

အဘကောင်းပြောလိုက်သည့်စကား ကြောင့်တင်လှနှင့်ကျော်စိုးတို့နှစ်ယောက် လွယ်အိတ်ကိုလွယ်ကာ ရွာဘက်ဆီကို ထွက်သွားကြပေသည်။ သူတို့(၆)ဦး အတွက် နေ့သစ်တစ်နေ့ လုပခြင်းများ စွာနဲ့ စောင့်ကြိုနေပေသည်။

>> လေးမောင်

## စာမူရှင်များသို့ ..

[illegible]

# မြဝဇီ သေမင်းချိုင်



www.burmeseclassic.com

www.burmeseclassic.com

**ကျွန်ုပ်တို့** စီးလာသော ဇန္နကသင်္ဘောသည် မြန်ပါလော့မြစ်မှ ဖြတ်ကျော်လျက် ချောင်းတစ်ချောင်းထဲ ဝင်လာ၏။ ထို့နောက်ရွှေမြစ်ကိုရောက်လာခဲ့သည်။

လပွတ္တာမြို့မြောက်ပိုင်းဆန်စက်နှင့်အိမ်များ၊ ပွဲရုံများကို မြင်လာရသည်။ မော်တော်ကြီးငယ်များနှင့် ဝန်တင်ဘောက်တူလှေများကိုလည်း တွေ့ရ၏။

လပွတ္တာမြို့နယ်သည်မြန်မာနိုင်ငံ၏ငါးပိအိုး၊ ဆားအိုး၊ ထမင်းအိုးဒေသပင်ဖြစ်၏။ ရေလုပ်ငန်းနှင့်ဆားချက်လုပ်ငန်း၊ မီးသွေးအပြင် ဆန်စပါးလည်း အထူးအထွက်တိုးရာဒေသလည်းဖြစ်ပါသည်။

ကျွန်ုပ်၏မိခင်ကြီး၏ညီမနှစ်ဦးသည် လပွတ္တာရောက်လာပြီး လယ်ယာလုပ်ငန်း၊ ငါးပိလုပ်ငန်းများဖြင့် ကြီးပွားကာ ထိုညီမနှစ်ဦးမှ ပေါက်ဖွားသောညီအစ်ကိုမောင်နှမများသည် အိုးဘို၊ သက်နှဲကြီး၊ စုံညင်းတန်း၊ ပင်လယ်ပေါက်ရွာကြီးများအထိ ပြန့်လျက်ရှိနေလေသည်။

လပွတ္တာသို့ သင်္ဘောဆိုက်ချိန်မှာ ညနေလေးနာရီထိုးရန် ဆယ်မိနစ်သာလိုတော့၏။

ကျွန်တော်၏တူကြီးမြင့်နှင့် ဇနီးတို့က သင်္ဘောဆိပ်သို့ လာ၍ကြိုကြသည်။

ယခုတစ်ကြိမ် လပွတ္တာသို့ ရောက်လာခြင်းမှာ စုံညင်းတန်းပင်လယ်ကမ်းခြေရွာကြီးအထိသွားကာ ဖျံနှင့် ငါးမန်းအပြင် လွှန်ခဲ့သောသုံးလလောက်က ရေလုပ်သားများအား ဒုက္ခပေးနေသည့် ခေါင်းဖြူနှင့် လက်တိုဆိုသည့် မိချောင်းနှစ်ကောင်အားပစ်ခတ်ဖမ်းဆီးရန်ဖြစ်ပါသည်။

ထိုမိချောင်းနှစ်ကောင်အပြင် ရေလုပ်သားများက နာမည်ပေးထားသော ကျားကြီးခေါ်နတ်ငါးမန်းကြီးတစ်ကောင်အားလည်း နှိမ်နင်းရန်ဖြစ်၏။

ကျွန်ုပ်နှင့်အတူပင် မှဆိုးကြီးဦးဖဝေးပါလာခဲ့ပါသည်။ ထိုဒေသသည် ကျွန်ုပ်တို့အတွက်မူ "စိမ်း" မနေတော့ပါ။

ထိုနေ့ညစာအဖြစ် တူကြီးမြင့်၏ဇနီးက ပုစွန်တုပ်ကြီးဆီ ပြန်ချက်ကျွေးပါသည်။ ပုစွန်တုပ်သည် ရန်ကုန်မှာပင်လေးဆယ်ကျော် ဈေးပေးရပြီး လပွတ္တာမှာပင် သုံးဆယ်ကျော်သည်ဟု သိရ၏။

ထိုနေ့ညတွင် မိတ်ဟောင်းများနှင့်တွေ့ကာ စကားလက်ဆုံကျခဲ့ပြီး နံနက်တွင် ခရီးထွက်ရဦးမည်မို့ စပ်စောစောအိပ်ရာဝင်ခဲ့ကြပါသည်။

ကြောက်မက်ဖွယ်
ချိုင်ကြီးထဲတွင် ရေမှုဆိုးများ
ဖြစ်ကြသည့် မိကျောင်း၊ ငါးမန်းများနှင့်
ရင်ဆိုင်တွေ့ကြုံရပုံ၊ သတ်စွန့်ဆံဖျား
ရှုန်းကန်လှုပ်ရှားရပုံကို ..

လွန်ခဲ့သောသုံးလ။

သက်နှဲကြီးတွင်ပိုက်သူကြီးဦးဖေအး၏သမီးနှင့် ရေလုပ်သား မောင်ကြိုင်တို့သည် မိဘများ၏ သဘောတူချက်အရ လက်ထပ်ခဲ့ကြသည်။

ရေလုပ်သားများအဖို့ ပိုက်ချပြီးမှသာအနည်းငယ်အနားယူခွင့်ရကြသည်။ ညဉ့်(၂)နာရီတွင် ချထားသောပိုက်များဖော်ရန်အတွက် လှေဖြင့် ထွက်ကြရ၏။

မောင်ကြိုင်တစ်ယောက်ဦးဖေအးက သမက်တော်ချခြင်းဖြင့်နိုင်းကောင်းသည့် နွားတစ်ကောင်ရသကဲ့သို့ ရှိနေ၏။ မောင်ကြိုင်မှာယောက္ခမအိမ်တွင်လိုက်၍နေရသည်။ ဤသို့လိုက်နေရသောကြောင့် ယောက္ခမက မျက်စိနှစ်လုံးဖြင့် အစဉ်တစိုက်ကြည့်နေ၏။ ယောက္ခမနိုင်းသည်ကို မငြင်းရ။

မောင်ကြိုင်၏မိဘများမှာလည်း ရေလုပ်သားများဖြစ်ပြီး မောင်ကြိုင်တစ်ယောက် အိမ်ထောင်ပြုသွားသောအခါတွင် ညီတစ်ဦးသာ ဖခင်နှင့် လက်တွဲ၍လုပ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com

"မောင်ကြိုင်၊ ဒီနေ့ကျောက်ဆောင်ချိုင်ဘက်ကို သွားပြီးပိုက်ချဖော့"

မောင်ကြိုင်၏ယောက္ခမဦးအေးက အမိန့်ပေးခဲ့၏။ ချိုင့်ဘက်တွင် ယခုတလောငါးအမိများရုံမကကဲကောင်းလျှင် ငါးမန်းများကိုပင် မိနိုင်ပါသေးသည်။

ညိုနု ...။

ညိုနုမှာ မောင်ကြိုင်၏ဇနီးဖြစ်သည်။ မောင်ကြိုင်က အသက်သုံးဆယ်နီးနီးလူရွယ်၊ ညိုနုက အသက်နှစ်ဆယ်ဖြစ်၍ လိုက်ဖက်ညီသောဇနီးမောင်နှံပင်ဖြစ်၏။

အသားညိုညို၊ မျက်နှာဝိုင်းဝိုင်း၊ ပြည့်ဖြိုးသောကိုယ်လုံး၊ စကားသွက်လက်ချက်ချာပြီး အိမ်မှုကိစ္စကို မလစ်မဟာရအောင် ထိန်းနိုင်သောဇနီးကောင်းဖြစ်သည်။

ညိုနုက ချိုင်တွင် ပိုက်ချခြင်း၊ ဇန်းလိုက်၊ ငန်းများခြင်းကိုအနည်းငယ်စိုးရိမ်သည်။ ဖခင်ကြီးက လင်တော်မောင်အားနိုင်းသည်ကိုလည်းမကန့်ကွက်ရဲ၊ လွန်ခဲ့ရက်က ကျားပိုက်ထောင် သူ ဇန်းလိုက်သူများကို ရုတ်ငါးမန်း ငါးမန်းကျားကြီးတစ်ကောင် ဒုက္ခပေးသဖြင့် ပြေးကြရသည်။

တစ်ဖန် ခေါင်းဖြူနှင့် လက်တိုဆိုသော မိကျောင်းနှစ်ကောင်ကလည်း ချိုင်ဘက်တွင်ညအခါစားကျက်တည်း။ နံနက်စောစောတစ်ကြိမ်၊ ညနေတစ်ကြိမ် ပေါ်လာကာ ပိုက်လှေများကို ဆွဲကိုက်သည်။ လူများကခြောက်လှန့်နိုင်မှထွက်သွားသည်။ သလွှတ်ထိုးရေမှုဆိုးများပင် ခေါင်းဖြူနှင့်လက်တိုကိုအရှုံးပေးထားရသောကြောင့် ချိုင်ဘက်ကိုပိုက်သွားမချစေခြင်းဖြစ်၏။

ညိုနုက မောင်ကြိုင့်ကို အိပ်ရာဝင်သောအခါ တိုးတိုးကလေး သတိပေးသည်။

"အစ်ကိုကြိုင်"

"ဘာလဲ – ညိုနု"

"ချိုင်ကိုပိုက်သွားချရင် သတိထားပါနော်၊ အဲဒီမှာ ငါးမန်းကျားကြီးရော ခေါင်းဖြူနဲ့ လက်တိုပါ တစ်ခါတစ်ခါပေါ်လာလို့လူတွေထွက်ပြေးရတယ်။ အစ်ကိုလည်း သတိထားပါ"

"အစ်ကို သိပါတယ် – ညိုနုရယ်၊ အစ်ကိုသွားမှာက ညဉ့်နှစ်ချက်ထိုးလောက်မှ ခေါင်းဖြူရော ငါးမန်းကျားပါ ပေါ်မလာနိုင်သေးပါဘူး။ အဲဒီအချိန်ဆိုရင် မိကျောင်းတွေထုံးစံအရ အိပ်ကျင်းမှာ တက်အိပ်နေမယ်။ ငါးမန်းကျားလည်း ကျောက်ဆောင်ကြား ဝင်နိုနေမှာ သေချာတယ်"

"ကျွန်မက စိုးရိမ်လို့ပြောတာပါ"

"အေးပါဟာ – ငါ့ကို နှစ်နာရီမှာနှိုးနော်။ မမေ့နဲ့ – ငါအိပ်ချင်ပြီကွာ"

မောင်ကြိုင်သည် ပြောပြီးသည်နှင့် တရှူးရှူးအိပ်မောကျသွားတော့၏။

သူ့အဖို့ လှေပြင်၊ ပိုက်ဖာ၊ ငါးများကိုရောင်းပို့၊ ငါးခြောက်ခွဲ၊ ထင်းခွဲ စသည်ဖြင့် အိမ်လုပ်ငန်း မနားရသလို ညိုနုက ငါးပိစင်တွင် ငါးခြောက်လှန်း၊ မွေးထားသော ဝက်နှစ်ကောင် ဝက်စာကျွေး၊ ရေခပ်၊ ထမင်းချက်၊ အဝတ်လျှော်ရခြင်းဖြင့် တစ်နေကုန်သည်မှာ မအားရ။

မိဘများအိပ်ရှိန်တန်လျှင်ပြင်ဆင်ပေးရသလို မိခင်ကြီးအား နှိပ်နင်းပေးပြီးမှ အိပ်ရာဝင်နိုင်သည်။ အိမ်နီးချင်းများနှင့် စကားပြောနိုင်သည်။

ရေလုပ်ငန်းများအဖို့ မပါမပြီးသော လက်နက်မှာဆောင်ဓားနှင့်မှိန်းကိုတော့ အမြဲဆောင်ထားရသည်။ ရှောင်းများအင်းများတွင် လုပ်ကိုင်သော ရေလုပ်သားများပင် ဆောင်ဓားနှင့်မှိန်းကိုတော့ ဆောင်ကြရသည်။

ညဉ့်နှစ်ချက် မထိုးသေး။

အိမ်ရှေ့မှ မောင်ကြိုင်၏ အပေါင်းအဖော်ရေလုပ်သားတစ်ဦး၏ခေါ်သံပေါ် ထွက်လာ၏။

"မောင်ကြိုင် – မောင်ကြိုင်"

ညိုနုက နှိုးနေသဖြင့် –

"အစ်ကိုချစ်တီးလား – ကိုကြိုင်ကို နှိုးလိုက်မယ် – အစ်ကိုချစ်တီးရေ"

ညိုနုက အိပ်မောကျနေသည့်မောင်ကြိုင်ကို လှုပ်နှိုးရင်း –

"အစ်ကို ကြိုင် – အိမ်ရှေ့မှာ ကိုချစ်တီးကြီး စောင့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

မောင်ကြိုင်က ဟင်းခနဲ မြည်လိုက်ရင်းက -

"ချစ်တီးရေ၊ ငါမျက်နှာသစ်၊ အဝတ်လဲဦးမယ်ဟေ့"

"အေးပါ - အေးပါ"

ကိုချစ်တီးက အိမ်ရှေ့တံခါးမရှိတော့အိမ်ကပြင်တွင် ဖင်ချထိုင်ကာ မှောင်ထဲက စောင့်နေ၏။ ညိုနက ရေနံဆီမီးခွက်ကို မီးထွန်းလိုက်သည်။

မောင်ကြိုင်က အလျင်အမြန် မျက်နှာသစ်ကာ ဝတ်သောလုံချည် အပြင်ခေါင်းစည်းလုံချည်အဟောင်းတစ်ထည်ယူ၍ ခေါင်းပေါင်း ပေါင်းလိုက်၏။

အမှန်တော့ - ယောကျ်ားမဦးအေးက ခေါင်းရင်းဘက်တွင် သီးသန့်အိမ်နှင့်နေပြီး မောင်ကြိုင်တို့က ထိုအိမ်ခြေရင်းအဝီကလေးဆွဲကာ နေရခြင်းဖြစ်၏။

ကိုချစ်တီးက မောင်ကြိုင်အား လှမ်းမေးလိုက်၏။

"တို့ - ဒီနေ့ ဘယ်မှာပိုက်တွေချမှာလဲ"

"ငါ့အဖေက ချိုင်မှာပိုက်ချဖို့မှာထားတယ်ကွ"

မောင်ကြိုင်က ပြောလိုက်သဖြင့် -

"ဟေ့ - ချိုင်မှာဆိုရင် သတိထားရလိမ့်မယ်။ အေးလေ - ငါလည်း လိုက်ပါ့မယ်"

ချစ်တီးနှင့် မောင်ကြိုင်သည် အတွဲညီ၍ သဘောချင်းတိုက်ဆိုင်ပြီး ညီအစ်ကိုပမာ ခင်မင်သူများဖြစ်၏။

ထိုအခိုက် ဦးအေး တံခါးဖွင့်ထလာပြီး -

"ဟေ့ လူလေး - အဖေ့ပိုက်တွေကို ချိုင်ကွေ့အထက် ကျောက်ဆောင်ကြီးနဲ့ ကိုက်တစ်ရာကွာလောက် ချထားနော်။ အဖေ မိုးလင်းမှ လိုက်လာခဲ့မယ်"

"ဟုတ်ကဲ့ - အဖေ"

မောင်ကြိုင်က ပြောရင်း ရင်ထိတ်သွားခဲ့၏။ ဦးအေးပြောသောစကားကို ချစ်တီးကလည်း မကြိုက်လှပေ။

ဦးအေးက ချစ်တီးအား -

"မောင်ချစ်တီး - ကျောက်ဆောင်ကြီးကွေ့မှာ ချတာဟာ အထိအမိများမယ်ကွ။ နည်းနည်းတော့ စွန့်ရမှာပေါ့ကွာ"

ချစ်တီးက ဘာမှပြန်မပြောမီ ဦးအေးအိမ်ထဲသို့ ပြန်ဝင်သွားခဲ့၏။

မောင်ကြိုင်လည်း ယူစရာရှိသော အပိုဟက်တစ်ချောင်း၊ ငါးတန်လိုက် ငါးများကြိုးခွေတစ်ချောင်း၊ ဆောင်ဓားနှင့် မိန်းဘူးခြောက်၊ ရေဘူးတို့ကိုယူ၍ ချစ်တီးနှင့်အတူ ရေဆိပ်ဆင်းလာ၏။

အချိန်မှာ ရေတက်နေသဖြင့် ရေလှိုင်းများ တဝုန်းဝုန်းမြည်နေ၏။ ဒီရေသံသည် မြည်ဟည်းလျက်ရှိနေလေသည်။

မောင်ကြိုင်သည် သူ့ဝလှေပေါ်ပါလာသော ပစ္စည်းများချပြီး လှေထိပ်တွင်ရှိသော နိုင်လွန်ပိုက်နှစ်ပုံအား စစ်ဆေးကြည့်လိုက်ပြီး လှေထိပ်တွင် လေလုံမှန်အိမ်ကလေးအား မီးထွန်းလိုက်၏။

မီးထွန်းလိုက်ခြင်းမှာ စက်လှေများ မော်တော်များမြင်နိုင်ရန်ဖြစ်သည်။

မောင်ကြိုင် ပိုက်လှေနှင့် ချစ်တီး ပိုက်လှေသည် ယှဉ်၍လှော်လာကြ၏။

ချိုင်ကွေ့ရောက်လျှင် မောင်ကြိုင်လှေရပ်၍ ပိုက်ကို ချလိုက်၏။ ချစ်တီးကလည်း သူ့ပိုက်များအား ကိုက်ငါးဆယ်အကွာမှ စတင်ချနေ၏။ ပိုက်ကြိုးနှင့် ဖော့သီးများမှာ လေးတစ်စင်းကဲ့သို့ ကွေးသွားလေသည်။

မောင်ကြိုင်က သူ့ပိုက်ချပြီးသည်နှင့် ယောကျ်ားမပိုက်ချရန်အတွက် ထွက်သွား၏။

"ဟေ့ - မောင်ကြိုင်၊ မင့်ယောကျ်ထီးကြီးပိုက်သွားချတော့မလား"

"သူပြောတဲ့အတိုင်း ချပေးရမှာပေါ့ ချစ်တီးရေ။ သူက သမီးပေးထားတာ မဟုတ်လား"

"ဟား - ဟား - ဟား - တာဝန်ကျေရမှာပေါ့ကွာ"

မောင်ကြိုင်သည် ကျောက်ဆောင်ကြီးချိုင့်သို့ လှော်ထွက်လာသည်။ ရေလှိုင်းသံနှင့်အတူ တက်နှစ်ချောင်းတကျွိကျွိခပ်သံကသာ ပေါ်ထွက်နေ၏။

ကောင်းကင်ပြင်တွင်ကြယ်ကလေးများ တလက်လက်တောက်ပလျက်ရှိနေ၏။

www.burmeseclassic.com

ကျောက်ဆောင်ကြီးများဆီမှ
ပင်လယ်လှိုင်းများကြား
လူတစ်ဦးအား ကိုက်ချီကာ
ခေါင်းထောင်ပေါ်ထွက်လာသည့်
မိကျောင်းကြီးတစ်ကောင်အား
တွေ့လိုက်ရပြီး ရေထဲသို့ ပြန်လည်
ငုပ်သွားလေတော့၏။

# ၄၄



ကျောက်ဆောင်ကြီးကွေ့မှာ ကျောက်ဆောင်ကြီးများပေါ်ထွက်နေရာဖြစ်၏။ ကျောက်ဆောင်ကြီးများနှင့် ကိုက်တစ်ရာကွာတွင် ယောက္ခမ၏ပိုက်များကို ခပ်သွက်သွက် ချလိုက်၏။

ထိုစဉ် -

"ဝုန်း"

ရုတ်တရက်အသံကြီးတစ်သံထွက်လာ၏။

ထိုအသံနှင့် ကျောက်ဆောင်နှစ်ဆောင်ကြားမှ ရေပန်းကြီးပေါ်ထွက်လာပြီး သဘော်တစ်စင်းခုတ်လာသည့်အလား ငါးကြီးတစ်ကောင် ပြေးလာနေ၏။ ထိုအချိန်တွင် ပိုက်ချပြီးဖြစ်၍ မောင်ကြိုင်သည် လှော်တက်ကို ပြေးဆွဲကာ အမြန်ဆုံးခတ်ထွက်ခဲ့၏။ လာနေသောငါးသည် ခုတ်ငါးမန်းကျားကြီးဖြစ်မည်ကို မောင်ကြိုင် သဘောပေါက်ထား၏။

"ချစ်တီးရေ - ချစ်တီး"

"ဘာလဲဟေ့"

"ငါးမန်းကျားကြီး လိုက်လာတယ်ဟေ့"

"ဟေ့ - မင်းကို မီလာမှာပဲ၊ တို့လှေနစ်စင်းခွဲပြီး မိန်းနဲ့ထိုးမယ်ကွာ"

ချစ်တီးကလည်းပိုက်ချပြီး၍ သူ့ထံလှော်လာ၏။ ထို့နောက် လှေနစ်စင်းခွဲ၍ ငါးမန်းကျားကြီးလာရာဆီသို့ လှေဦးကို တည်ပေးလိုက်သည်။



လှေဦးမှမီးရောင်များက ငါးမန်းကြီး၏မျက်လုံးများကို ပြာဝေသွားပုံရ၏။ ငါးမန်းကျားကြီးသည်မီးရောင်ရှိသည့်အရာဝတ္ထုကို တိုက်ခိုက်ခြင်းမရှိကြ။ နံနက်နှင့် နေ့အခါများ နေဝင်ချိန်များတွင်သာ တိုက်ခိုက်တတ်ကြ၏။

"ဝုန်း"

ခုတ်ငါးမန်း ငါးမန်းကျားကြီးသည် အမြီးဖြင့်ရေလှိုင်းခတ်ပြီး ရေအောက်ငုပ်သွားတော့၏။ ပေါ်မလာတော့။

"ဟား - ဟား - ဟား - ဟား ငါးကောင်ကြီး၊ တို့ ကြောက်သွားပြီဟေ့"

ချစ်တီးက ရယ်၍ပြောလိုက်၏။

ထို့နောက်သူတို့သည်ပိုက်တန်းများရှိသောနေရာသို့ လှော်လာကြ၏။

နံနက်လေးနာရီအုန်းမောင်းခေါက်သံအချို့ပျံ့လွင့်လာလေသည်။

✦

နံနက်လင်းခြည်များ ပင်လယ်ရေပြင်ပေါ် ပျံ့ဆင်းလာလေသည်။

တစ်ညလုံးပိုက်တန်းများကို စောင့်နေရသောချစ်တီးနှင့်မောင်ကြိုင်တို့သည် ပိုက်တန်းများ၏အခြေအနေကို စောင့်ကြည့်ရင်းဆဲပင် လှေဦးမှ မီးအိမ်များ၏အလင်းရောင်များလည်း ပျောက်ကွယ်သွားခဲ့၏။

နေဝန်းသည်ပင်လယ်ထဲမှတဖြည်းဖြည်း ပေါ်လာနေပြီဖြစ်၏။

မောင်ကြိုင်၏ယောက္ခမ ဦးအေးသည်ပိုက်လှေဖြင့် အေးအေးဆေးဆေးလှော်ခတ်လာသည်။

အနားရောက်လျှင် -

"မောင်ကြိုင် - ငါ့ပိုက်တွေကျောက်ဆောင်ကွေ့မှာ ချထားတယ်ဟုတ်လား"

"ဟုတ်တယ် - အဖေ"

မောင်ကြိုင်ကပြောရင်း ညကပိုက်ချပြီးစဉ် ခုတ်ငါးမန်း၊ ငါးမန်းကျားကြီးထိုးလိုက်လာရာက ရေထဲငုပ်ကာ ပျောက်ကွယ်သွားပုံကို ပြောပြခဲ့၏။

"အဖေသွားရင် သတိထား၊"



www.burmeseclassic.com

www.burmeseclassic.com

ဦးအေးက -

"ဟော့ - ဝါ့မှာ သလွှတ်ကြီး ပါလာပါတယ်၊ လာစမ်းပါစေ - ဒါမှ ဒီအကောင်ကြီးကိုဖမ်းပြီး ဈေးကောင်းကောင်းနဲ့ ရောင်းနိုင်မှာ"

ဦးအေးသည်ထိုသို့ပြောကာကျောက်ဆောင်ကြီးကွေ့သို့လျှော်ခတ်သွားတော့၏။

မောင်ကြိုင်၊ ချစ်တီးတို့ပိုက်တန်းနှင့် ကျောက်ဆောင်ကြီးကွေ့ပိုက်တန်းသည် ကိုက်တစ်ထောင်နီးပါးကွာလှ၏။

နေဝန်းသည် တဖြည်းဖြည်းတက်လာရာ ထန်းတစ်ဖျားနီးပါး ရောက်လာလေပြီ။

မောင်ကြိုင်နှင့် ချစ်တီးတို့သည် မိမိတို့၏ပိုက်များကို ဖော်လျက်ရှိနေ၏။ ငါးတွေနှင့် ငါးတန်အများဆုံး ဖမ်းမိနေသဖြင့် မောင်ကြိုင်တို့မှာ ပျော်ရွှင်နေတော့သည်။ ထိုစဉ် -

"အား"

ရုတ်တရက် အသံနက်ကြီးဖြင့် လူတစ်ဦး၏အော်သံသည်ကျောက်ဆောင်ကြီးကွေ့မှ ပေါ်ထွက်လာတော့၏။

ချစ်တီးက -

"မောင်ကြိုင်ရေ - မင်းယောက္ခမတော့တစ်ခုခုဖြစ်ပြီ၊ လိုက်ကြရအောင်"

မောင်ကြိုင်နှင့် ချစ်တီးတို့သည် ဖော်လက်စပိုက်များကိုချပြီး ကျောက်ဆောင်ကြီးကွေ့သို့ အလျင်အမြန် လိုက်သွားကြ၏။

ဦးအေး၏ပိုက်လှေကလေးသာ ရေလှိုင်းပေါ်တွင် လူးလိမ့်နေသည်ကို တွေ့ရပြီး ဦးအေးကိုမူ မတွေ့ရတော့ချေ။

"ဟာ - ဟိုမှာ - ဟိုမှာ"

ရုတ်တရက် ကျောက်ဆောင်ကြီးများဆီမှပင်လယ်လှိုင်းများကြားလူတစ်ဦးအား ကိုက်ချီကာ ခေါင်းထောင်ပေါ်ထွက်လာသည့်မိကျောင်းကြီးတစ်ကောင်အား တွေ့လိုက်ရပြီး ရေထဲသို့ ရုတ်တရက် ပြန်လည်ငုပ်သွားလေတော့၏။

"ခေါင်းဖြူတော့ ဦးအေးကို ဆွဲသွားပြီး ဘယ်လိုမှ မကယ်နိုင်တော့ဘူး၊ ကဲ သူ့ပိုက်တွေ မြန်မြန်ဖော်ကြရအောင်"

ချစ်တီးက ငိုင်နေသောမောင်ကြိုင်ကို သတိပေးလိုက်မှ နှစ်ဦးသား ဦးအေး၏ပိုက်များကို ဖော်လိုက်ကြ၏။

ထူးထူးခြားခြား ငါးမန်းငယ်တစ်ကောင်နှင့် ပင်လယ်ငါးရှူကြီးများအပြင် ငါးတန်များပါ ဦးအေး၏ပိုက်တွင်းမှ ရလိုက်ကြ၏။ ထို့နောက် အမြန်ဆုံးပြန်ခဲ့ကြပြီး သူတို့ပိုက်များအား ဖော်ကာ သင်္ဘောက်န်းကြီးဆီသို့ ပြန်ခဲ့လေတော့၏။

လဝန်းထွက်လာပြန်၏။

ကျွန်ုပ်တို့မှဆိုးအဖွဲ့သည် သင်္ဘောက်န်းကြီး မောင်ကြိုင်၏အိမ်တွင် တည်းခိုကာ လွှတ်နေသော ခုတ်ငါးမန်း ငါးမန်းကျားနှင့် ခေါင်းဖြူနှင့် လက်တို့တို့အား နိမ်နင်းရန် ချိုင်ကွေ့ထွက်လာခဲ့၏။

မောင်ကြိုင်နှင့် ချစ်တီးတို့အားပိုက်တန်းများ ချစေခြင်း၊ ငါးမန်းနှင့်မိကျောင်းဖမ်း ဖော့လုံးနှင့် ကြက်တောင်တပ်ထားသည့် ငါးများရျိတ်ကြီးဖြင့် "ပန်းလိုက်" များစေခြင်း၊ ကျွန်ုပ်တို့က ဘေးမှ လှည့်ပတ်စောင့်နေကြ၏။

အထက်ပါမောင်ကြိုင်၏ယောက္ခမ ဦးအေး၏ဖြစ်ပုံကို ကျွန်ုပ်တို့က သိထားပြီးဖြစ်၏။

ထိုစဉ် ...

ဒီရေတက်လာကာ လှိုင်းလည်း တဝုန်းဝုန်းမြည်လာလေသည်။

"ဝုန်း"

"ဝုန်း"



www.burmeseclassic.com

"လာပြီကွ - ငါးမန်းကျားကြီး"

ချစ်တီး၏အော်သံ ပေါ်ထွက်လာလေသည်။ ကျွန်ုပ်မှဆိုးအဖွဲ့တွင် ကျွန်ုပ်နှင့် ဦးဖဝေးသာ ပါရှိပြီး လှေပဲ့ကိုင်လှော်သူတို့သာ ရှိ၏။

ပဲ့ကိုင်လှော်သူက ရေလှိုင်းများအတွင်း ကြီးမားသောအစွယ်ကြီးကို ထောင်၍ ပြေးလာသည့် ငါးမန်းကြီးကို ပိုက်လှေဦးတည်ပေးလိုက်၏။

ဦးဖဝေးက -

"ငါပစ်မယ် - စိန်တင်၊ မင်းကမီးထိုးလိုက်စမ်း"

ကျွန်ုပ်က ငါးတောင့်ထိုးလက်နှိပ်ဓာတ်မီးဖြင့်ထိုးလိုက်ရာ ငါးမန်းကျားကြီးအား ထင်ထင်ရှားရှားတွေ့ရ၏။ ငါးမန်းကြီးက ချစ်တီးပိုက်လှေဆီသို့ ကူးခတ်လာခြင်းဖြစ်၍ ကျွန်ုပ်တို့နှင့် ဘေးတိုက်ဖြစ်နေ၏။

ငါးမန်းကြီး၏မျက်လုံးများသည် ဒေါသရောင်ကြောင့် ဝင်းလက်နေ၏။

"ချစ်တီး - တို့ပစ်ပြီးတာနဲ့ သလွတ်နဲ့ ထိုးချလိုက်ပေတော့"

ဦးဖဝေးက ကျွန်ုပ်ထံမှ (.၄၇၅) ရိုင်ဖယ်ဖြင့် ငါးမန်းကြီး၏မျက်စိနောက်ကို ပစ်ချလိုက်၏။ မီးထိုးလိုက်သဖြင့် အနည်းငယ် အရှိန်သေသွားစဉ် ပစ်ခတ်လိုက်ခြင်းဖြစ်ပါသည်။

"ဒိုင်း"

ရိုင်ဖယ်သံသည် ဟိန်းထွက်သွားပြီး ချစ်တီးကလည်း သလွတ်မှိန်းကြီးဖြင့် ဘေးတိုက်ထိုးစိုက် ပစ်ခတ်လိုက်ပါသည်။

"ဝုန်း"

ငါးမန်းကျားကြီးသည် လူးပ်ရှားသွားကာ ရေအောက်ငုပ်သွားလေတော့၏။

ရေအောက် ငုပ်ပြေးသွားသော်လည်း ခဏသာ ပြေးနိုင်ပြီး ရေပေါ် ပေါ်လာကာ အသက်ပျောက်သွားတော့၏။

ငါးမန်းကျားကြီး၏အမြီးမှ ခေါင်းအထိ ထိုးလိုက်သောအခါတွင် ဆယ့်ငါးပေတိတိ ရှိနေလေသည်။ ရေလုပ်သားများအတွက် တစ်ရန်အေးသွားရလေပြီ။



ခေါင်းဖြူနှင့် လက်တိုကို မတွေ့ရသေး။ ကျွန်ုပ်က နံနက်ကျောက်ဆောင်များဆီသို့ လှော်ခတ်သွားရန် ပိုက်လှေသမားအား ပြောလိုက်ရ၏။

ကျောက်ဆောင်ကြီးများသည် တစ်ဆောင်နှင့်တစ်ဆောင် ပေငါးဆယ်လောက်ကွာ၍ ပင်လယ်ထဲမှ ပေါ်ထွက်နေ၏။ ကျောက်ဆောင်များအားကွေ့ပတ်လှော်ခတ်ရာနေစဉ် ကျွန်ုပ်၏နှာခေါင်းထဲတွင် ညှီစို့စို့အနံ့တစ်ခုရလိုက်ပါသည်။

ရေလှိုင်းများနှင့် ကျောက်ဆောင်များရိုက်ခတ်သံကတဝုန်းဝုန်းမြည်လျက်ရှိနေလေသည်။

ကျွန်ုပ်ကကျောက်ဆောင်ကြီးတစ်ဆောင်ဘေးမှ ကပ်သွားစဉ် အသံသဲ့သဲ့ကြားလိုက်ရ၏။

မီးထိုးကြည့်လိုက်ရာ "ခုပ်တွင်း" အထက်မှ မည်းမည်းသတ္တဝါကြီးတစ်ကောင် ဝေါခနဲ ထိုးဆင်းလာပါ၏။

ဆရာကြီး ဦးဖဝေးကလည်း လက်မြန်ပါသည်။

"ဒိုင်း"

"ဝုန်း"

"ဖထီးရေ - အဲဒါ ခေါင်းဖြူပဲဗျ၊ ကဲ လက်တိုဆိုတဲ့ သူ့မယား မိကျောင်းမတစ်ကောင် ကျန်ဦးမယ်"

ကျွန်ုပ်က ဖထီးအား လက်နှိပ်ဓာတ်မီးပေးပြီး ကျွန်ုပ်က (.၄၇၅) ရိုင်ဖယ်ယူကာ အသင့်စောင့်ဆိုင်းနေ၏။

ကျောက်ဆောင်ကြီးများကြားဖြတ်၍ လှိုင်းများက ပြင်းထန်လှ၏။

"ဝုန်း"

"ဗွမ်း"

ပင်လယ်လှိုင်းများအကြားကျောက်ဆောင်ကြီးတစ်ဆောင်မှ ခုန်ဆင်းလာသည့် မည်းမည်းသတ္တဝါကြီး။

"ဗွမ်း - ဖြောင်း"

ရေလှိုင်းများကြားမှ အမြီးဖြင့်ရိုက်ကာ ကျွန်ုပ်တို့ထံသို့ တိုက်ခိုက်ရန် မြိတ်သဘောကြီးတစ်စင်းပမာ တစ်ဟုန်ထိုးပြေးလာတော့၏။

ဦးဖဝေးက သူ၏ (.၄၀၅) ပြောင်းပူးနှင့်အတူ မီးထိုးလိုက်၏။

www.burmeseclassic.com

ထိုမိကျောင်းသည် လက်တို့ပင်ဖြစ်ရပေမည်။ ကျွန်ုပ်က ဆိုင်းမနေပဲ မျက်စိနောက်သို့ ဒသမ (၄၇၅) ကျည်မာဖြင့် ပစ်ချလိုက်၏။

"ဒိုင်း"

"ဒိုင်း"

ဦးဖဝေးကလည်း လက်ပြင်ဆီ ပစ်ချလိုက်ရာ ကော်ဒိုက်ယမ်းနံ့များ ထောင်းခနဲ ထသွားတော့၏။

လက်တို့သည် ရေအောက်သို့ ရောက်သွားပေပြီ။

ခေါင်းဖြူနှင့် လက်တို့အား ရေငုပ်ကျွမ်းကျင်သောသူများအား ခေါ်ယူကာ ရေအောက်သို့ ကြိုးခွေများနှင့် ဆင်းစေသည်၊

မိကျောင်းနှစ်ကောင်စလုံးသည် ကျောက်ဆောင်၊ ကျောက်စွယ်များကြား ဖက်၍သေနေကြပြီဖြစ်လေရာ ရေပေါ်သို့ လုပ်သားများနှင့် ခက်ခက်ခဲခဲ ဆွဲတင်စေရပါသတည်း။

မြဝတီ

### [illegible]

[illegible]

### လတ်တက်ရည်အစွန်းချွတ်နည်း

အစွန်းကွက်တွင် ဆားအနည်းငယ်ကိုဖုံး၍ အတော်ကြာအောင် အုပ်ထားပါ။ အဝတ်ကို လျှော်ဖွပ်သည့်အခါ အလွယ်တကူ ပျောက်သွားသွားပါမည်။

### သံချေးအစွန်းချွတ်နည်း

သံချေးစွန်းနေသောနေရာကို သံပုရာရည်၊ ဆားဖျော်ကာ စွန်းနေသောနေရာကို ဆွတ်ဖြန်းပြီး ဂွင်းအထည်ကို နေလှန်းပါ။ မကြာခဏ လုပ်ပါ။



www.burmeseclassic.com



www.burmeseclassic.com

ပုလိပ်မောင်ကြီး နဖူးကျည်ပေါက်မှန်ပြီးသေတာ ကြားကြားသမျှက ဝမ်းသာကြလို့တဲ့ဗျာ၊

ဒီအကြောင်းပြောပြသူက ဂဠုန်တပ်သားဟောင်းကြီး အဘိုးအုန်းပေါ့၊

အင်္ဂလိပ်အစိုးရလက်ထက်မှာဗမာပုလိပ်တွေကလစေားဝန်ထမ်း၊ဗမာဗမာချင်း မညှာဘူး၊၊ နှိပ်စက်ရှိင်းစိုင်းကြတယ်၊

အင်္ဂလိပ်အရာရှိတွေကို သခင်လို့ခေါ်ကြ၊

ဘုရားလို့ ထူးကြ၊

သူကြီး ဆေိုင်ကဆို သခင်ကြီးဘုရားတဲ့၊

ရာဇဝတ်အုပ်ကျောက်ခဲကိုရာဇဝတ်အုပ်မင်းတဲ့၊

ချစ်တီးကုလား ငွေရှင်ကို သူဌေးတဲ့၊

သခင်ကြီး - ဆပ်သခင်ကြီး၊

ရာဇဝတ်အုပ်တော်မင်း၊သူကြီးမင်းအာလကပ္ပသူဌေးကြီး၊

ပုလိပ် ...၊

သူတို့ နင်းချေချင်တိုင်း နင်းချေခံရတာက တောင်သူလယ်သမား နင်းပြား၊

ဆံတောက်ပိုင်းနဲ့ တောသူအရိုင်းမလေးများ အင်္ဂလိပ်အစိုးရလက်နက်နဲ့ အာဏာနဲ့ အုပ်ချုပ်သွားတဲ့ခေတ်မှာ ဆင်းရဲသားနင်းပြားတွေရဲ့ သွေးနဲ့ မျက်ရည်အိုင်ထွန်းခဲ့တယ်၊

ဖဲ ဖဲ ဖဲ

မင်းစဉ်းစား - စာရေးဆရာ၊

မုံရွာမြို့နယ်၊ တောင်ကန်ကျေးရွာရဲ့အဖြစ်၊

ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဂျပန်တပ်မတော်ဝင်လာရော ဂျပန်က ဗုံးမိုးရွာရျ၊ သင်းတို့ ခွေးပြေးဝက်ပြေးပြေး၊

ဆင်းရဲသားနင်းပြားများကို
အင်္ဂလိပ်အလိုတော်ရိ ချစ်တီးများက
ခေါင်းပုံဖြတ် အနိုင်ကျင့်ရာမှ မခံနိုင်ဘဲ
အုံကြွခဲ့ကြရာ ..

ဂျပန်စစ်တပ်ကလည်း မြန်မာပြည်အလယ်ပိုင်းဒေသရေနံချောင်း၊ ချောက်၊ ပခုက္ကူ၊ ရေစကြို၊ မုံရွာတစ်ဖက်ကမ်းညောင်ပင်ကြီးဆိပ်ကမ်းကို ရောက်နေကြပြီ၊

သေပြေးရှင်ပြေးပြေးနေတဲ့အင်္ဂလိပ်ကလည်း မုံရွာကနေ ခံတပ်လုပ်၊

မုံရွာရေဦးကားလမ်းအတိုင်း မဟာမြိုင်တောအုပ်ထဲကိုရှောင်တိမ်းဆုတ်ခွာကြတာကွ၊

ဗြိတိသျှတပ်တွေ နေ့ရောညပါ ဆုတ်ခွာနေတဲ့ကားသံလှူသံ၊စစ်ဖိနပ်သံကို လူထုကတွေ့တော့ ကြောက်ကြတာပေါ့၊

စစ်ဆုတ်တဲ့လမ်းကြောင်းနဲ့ လွတ်တဲ့နေရာကိုပြေးကြ၊ ရှောင်ကြ၊ ဒီကောင်တွေက ရိက္ခာလည်းပြတ်၊ သေသူလည်းသေကြ၊ ဒဏ်ရာတွေလည်း ရနေတော့ ဗမာလူမျိုးတွေကိုအရမ်းမုန်းတီးနေတာကွ၊

သူတို့ ခုလိုပြေးရတာ အောင်ဆန်းကြောင့်၊ ဗမာလူကြောင့်၊

အောင်ဆန်းသွားခေါ်တဲ့ ဂျပန်ကြောင့်၊

ဒီလိုအပြစ်ပြောပြီး နာကြည်းနေတာ၊

ဗိုလ်ချုပ်အောင်ဆန်းကို ရန်သူလိုသဘောထားတာကြာပြီ၊ဖလွန်မှာတရားဟောတော့ ဆုငွေငါးကျပ်ထုတ်ပြီး ဖမ်းဖို့လုပ်တာ၊

ရာဇဝတ်အုပ်မင်း ဦးလှတောရဲ့ဖနိုးမရှိလှတောကောင်းမှုကြောင့်အင်္ဂလိပ်စစ်တပ်နဲ့ အင်္ဂလိပ်ကျွန်ရဲ့လခစား ကျွန်ဗမာပုလိပ်ရာဇဝတ်အုပ်တွေဝိုင်းတဲ့ကြားက ကိုအောင်ဆန်း ငှက်ပျောသီးသယ်သမ္ဗန်နဲ့ ရန်ကုန် - ပုဇွန်တောင်ရေဆိပ်ကို အန္တရာယ်ကင်းစွာ ရောက်ရှိခဲ့တယ်၊

အဲဒီငှက်ပျောသမ္ဗန်သမားကရင်က အခြားလူမဟုတ်ဘူး၊ နောင်အခါမန်းဘခိုင်လို့ နာမည်ကျော်တဲ့ကရင်ကြီး၊

ငါတို့ မြန်မာလူမျိုးမှာလည်း၊ အင်္ဂလိပ်အစိုးရကို ဘုရားထူး မော်ဖူးချင်တဲ့လူရှိသလို၊ အင်္ဂလိပ်အစိုးရအုပ်ချုပ်လွှမ်းမိုးဖိနှိပ်ချုပ်ချယ်တာကို ခါးခါးသီးသီးမုန်းတဲ့လူတွေလည်းရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com

မေရီလှတောဆိုတဲ့ မြန်မာအမျိုးသမီးဆိုရင် သခင်အောင်ဆန်းကိုစွန့်စွန့်စားစား ကယ်ထုတ်ခဲ့တာ။

သူမယောက်ျားက အင်္ဂလိပ်အစိုးရသစ္စာခံရာဇဝတ်အုပ်၊ သို့သော် လင်ရောမယားရော မျိုးချစ်စိတ်ရှိတယ်။

သခင်အောင်ဆန်းက ဗိုလ်ချုပ်အောင်ဆန်းဖြစ်ခဲ့တာ ရာထူးလိုချင်လို့မဟုတ်ဘူး။

နှစ်ပေါင်းများစွာ မတရားသိမ်းပိုက်အုပ်ချုပ်နေတဲ့ အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်မောင်းထုတ်ချင်လို့ဂျပန်မှာစစ်ပညာအနစ်နာခံ သင်ယူပြီးဗိုလ်ချုပ်အမည်ခံခဲ့တာ။

ခု - ဂျပန်က အင်္ဂလိပ်တပ်တွေကို ဖုံးမိုးရှာနေပြီ။

အဲဒီနေ့က ၁၉၄၂ - ခုနှစ်၊ မေ(၂) ရက် နံနက်(၉)နာရီအချိန်။

ဗြိတိသျှ သံချပ်ကာ ကားတစ်စီးကန်တောင်ရွာကို မောင်းဝင်လာတယ်၊ ဘယ်လိုမောင်းသွားလဲဆိုတော့။

ရွာရဲ့ တောင်ဘက်ချင်းတွင်းမြစ်နံဘေးက ရေကြိုရှင်မနတ်နန်းထားတဲ့လက်ပံပင်ကြီးအောက်ကို မောင်းသွားတာ။ ရက်စက်ပုံနှယ်၊ တာရေးဆရာရှယ်။

ဒီတုန်းက ချင်းတွင်းမြစ်ထဲမှာ လှေတွေ ဖောင်တွေ၊ မော်တော်တွေ ရတယ်။ စုန်းကြင်းရွာ၊ ကျောက်မြစ်ရွာဆိပ်ကမ်းမှာရှိတဲ့ လှေသမ္ဗန်မော်တော်တွေကို အမြောက်နဲ့ပစ်ခတ်ပြီး နှစ်မြုပ်ပစ်တာကွာ။ အကုန်သေ၊ အကုန်မြုပ်။

ပြေးနိုင်တဲ့လူပဲ လွတ်တယ်။

ဒီတုန်းက သံချပ်ကာ ကားပေါ်မှာ အင်္ဂလိပ်နဲ့ ဂေါ်ရာစစ်သား လေးငါးဦးပါတာ၊ ရွာကလူတွေ သိတယ်၊ မြင်ကြတယ်။ လူငယ်တွေက ချောင်းမြောင်းကြည့်၊

အင်္ဂလိပ်စစ်သားတွေက လူငယ်တွေကိုလက်ယပ်လှမ်းခေါ်။ လူငယ်တွေက မသွားရဲ၊ ပုန်းနေကြ၊

ဒီအချိန်မှာ ချင်းတွင်းမြစ်ရိုးအတိုင်း ဂျပန်စစ်လေယာဉ်တွေကလည်း အင်္ဂလိပ်ရန်သူကို ဝဲပျံပြီးရှာနေချိန်၊

ဒီမှာ - ဂျပန်မော်တော်အဖြူရောင်တစ်စီးကလည်း ချင်းတွင်းမြစ်ကို ဆန်တက်တယ်ဟော့၊



ဂျပန်မော်တော်ကတောင်ကန်ရွာရဲ့ မြောက်ဘက်ဆိပ်ကမ်းကိုတက်ပြီး ဂျပန်စစ်သားလေးယောက်ရယ်၊ သခင်ညိုကြီးတို့ရယ် ရွာထဲကို ဝင်လာကြတယ်။

ဒီမှာ "ဗွေ့ကြီး" ရွာသား သခင်ညိုကြီးက တွေ့တဲ့ရွာသူရွာသားတွေကို မေးတာပေါ့။

"ဦးကြီးကို ဒီဝန်းကျင်မှာ အင်္ဂလိပ်စစ်သားတွေ ရှိလား။ မြင်လား။

ရွာသားတွေက ရိုးလည်းရိုး၊ ကြောက်လည်း ကြောက်ကြတယ်လေ၊

"ရှိတယ် - သခင်ညိုကြီး"

"ဟုတ်လား - ဘယ်နားမှာတုံးဗျ၊ မြန်မြန်ပြောပါ"

"ဟောဟို - ရေကြိုနတ်နန်းရှေ့က လက်ပံပင်ကြီးအောက်မှာဗျ"

"ရန်သူ ဘယ်နှယောက်တုံးဗျ"

"အင်္ဂလိပ်စစ်သားနဲ့ ကုလားစစ်သားလေးဦးဗျ၊ သံချပ်ကာကားနဲ့ ရှိနေတယ်ဗျို့"

"ကျေးဇူးပဲဟေ့"

သခင်ညိုကြီးနဲ့ ဂျပန်စစ်သားလေးယောက် လက်ပံပင်ကြီးရှိရာကို ပုန်းပုန်းကွယ်ကွယ်သွားကြတယ်၊

ရွာသူရွာသားတွေလည်း ပြောပြီးမှ ကြောက်ရွံ့ထိုးရိမ်ကုန်တာပေါ့၊ မကြာဘူးကွာ၊ သေနတ်သံတွေ အပြန်အလှန်ပစ်ကြရော၊

သေနတ်သံတွေ ငြိမ်သွားတော့ သခင်ညိုကြီးက အင်္ဂလိပ်စစ်သားတစ်ယောက်ကို ကြိုးတုပ်ပြီး ခေါ်လာတယ်တဲ့၊ သခင်ညိုကြီးပြောချက်အရ ဒီအင်္ဂလိပ်စစ်သားက ဗိုလ်တဲ့၊ အင်္ဂလိပ်စစ်သားတစ်ဦး သေတယ်၊ ဂေါ်ရာစစ်သားတော့ ထွက်ပြေးသွားတယ်တဲ့။

သခင်ညိုကြီးနဲ့ ဂျပန်စစ်သားလေးဦးဟာ အင်္ဂလိပ်စစ်ဗိုလ်ကိုဖမ်းပြီး မော်တော်နဲ့ မြစ်အတိုင်း ဆင်းသွားကြတယ်၊

ညနေ(၃)နာရီလည်းရောက်ရော စစ်ကားတွေရွာရှိရာ မောင်းလာတဲ့အသံတွေ ကြားရပါရောဟေ့။

အင်္ဂလိပ်စစ်သားတွေ ကားတွေနဲ့ လာနေတော့ ရွာသူရွာသားတွေလည်း ကြောက်လန့်ပြီး ပြေးကြပြီ။ သို့သော် နောက်ကျသွားပြီကွာ။

အင်္ဂလိပ်စစ်သားတွေ ရွာကို [illegible] ပတ်လည်ဝိုင်းထားပြီးနေရာယူထားတာ



www.burmeseclassic.com

www.burmeseclassic.com

မြင်ရတယ်ပေါ့၊ တစ်ချိန်တည်းမှာပဲ ရွာဦးကျောင်းကို အမြောက်တွေ စစ်သေနတ်တွေနဲ့ဝိုင်းပစ်တာ ဘုန်းကြီးကျောင်း မီးလောင်ပြာကျသွားတယ်၊

ရွာထဲကအိမ်တွေကို လောင်မီး သေနတ်နဲ့ပစ်လို့ရှိသမျှအိမ်တွေမီးဟုန်းဟုန်းတောက်ပြီး ပြာကျ၊

ပြေးနေတဲ့လူမှန်သမျှ အကုန်ပစ်သတ်ကြတာရွာထဲလမ်းပေါ်မှာအလောင်းတွေ သွေးသံရဲရဲနဲ့ ဖွေးနေတာပဲ၊

သဲသောင်ပြင်ပေါ်ပြေးနေတဲ့ရွာသူရွာသားတွေကို သေနတ်နဲ့ပစ်၊ မသေမရှင်ဖြစ်နေသူတွေကို လှံစွပ်နဲ့ထိုးသတ်၊

စုစုပေါင်း လူကြီးအယောက်(၅၀) ရက်ရက်စက်စက် အသတ်ခံရတယ်၊ ဒဏ်ရာရတာ (၇)ယောက်၊

သူတို့အင်္ဂလိပ်စစ်ဗိုလ်အဖမ်းရတာ တောင်ကန်ရွာရဲ့သတင်းပေးမှုကြောင့် ဆိုပြီး ရွာလုံးကျွတ်သတ်တာ၊

ဒဏ်ရာရသူတွေက ချောင်းထဲ ခုန်ချပြေးလို့လွတ်တာ၊

ဗြ ဗြ ဗြ

တို့ဟံသာဝတီခရိုင်မှာလည်း အဲဒီလိုပဲရက်ရက်စက်စက်အသတ်ခံရတယ်၊ ခရမ်းမြို့နယ်၊ ကျုံကူးကျေးရွာပေါ့ကွာ၊

၁၃၀၃ - ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်၊

၁၉၄၂ - ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်၊ စနေနေ့၊ မနက်(၈)နာရီ၊

အင်္ဂလိပ်စစ်တပ်က ရှုံးမည်းမဲပြီး သတ်ကြတာပေါ့၊

ကျုံးတူးကျေးရွာမှာ အိမ်ခြေ(၄၀) ကျော်ရှိတယ်၊

အားလုံး လယ်သမားချည်းပဲ၊ ကုလားရောမြန်မာရော အတူနေကြတာ၊ ကောင်းကင်မှာလည်း အင်္ဂလိပ်စစ်လေယာဉ်၊ ဂျပန်စစ်လေယာဉ်တွေ ကောင်းကင်တိုက်ပွဲဖြစ်နေကြတယ်၊

ဗုံးဒဏ်ကြောင့် ကျုံးတူးကျေးရွာရှိ သမျှတဲအိမ်တွေ မီးဟုန်းဟုန်းတောက် ပြာကျနေပြီလေ၊

တမံကြီးရွာကနေ စစ်ကားသံတွေ ကြားရတယ်၊

တမံကြီးရွာသား စပါးသယ်လာတဲ့ ဦးဖိုးထူးကို အသားလွတ် အင်္ဂလိပ်စစ်သားတွေက သေနတ်နဲ့ ပစ်သတ်လိုက်တယ်ကွာ၊

ကျုံးတူးရွာက ရှိသမျှလူတွေ ရွာအနောက်မြောက်က ဘုန်းကြီးဦးပညာကျောင်းမှာ ပြေးလွှားပုန်းနိုကြတာပေါ့၊

ဘုန်းကြီးကျောင်းထဲမှာဆိုရင် သူတို့စစ်သားတွေ ရန်မပြုလောက်ဘူးထင်တာ၊ ဘုန်းကြီးတော့ ရှိသေမယ်ထင်တာပေါ့၊

အင်္ဂလိပ်စစ်သားတွေဟာဘုန်းကြီးရှေ့မှာရှိတဲ့ ဦးတုတ်ကြီး၊ ဦးဖိုးမှင်ကို တွေ့တာနဲ့ ပစ်သတ်တယ်၊

ကျောင်းအောက်မှာရှိတဲ့ ဦးစိမ်းကို ပစ်သတ်တယ်၊

သေနတ်သံတွေ ညံနေပြီကွာ၊

ပြီး၊ ဘုန်းကြီးကျောင်းတံခါးကို ရိုက်ဖွင့်ပြီး ကျောင်းထဲ ပုန်းနေတဲ့လူတွေ အကုန်ထင်းခိုင်း၊ ကျောင်းဇရပ်ရှေ့မှာ အကုန်ရပ်ခိုင်းတယ်၊

ဒီမှာ ပိန်းကန်သားကိုထွန်းနဲ့ကဲတုး ရွာသား၊ ကိုမောင်အုန်းကို လူများရှေ့မှာ အသားလွတ် မမေးမမြန်းပဲ ပစ်သတ်လိုက်ကြပါရောကွာ၊



66

ရွာရဲ့ တောင်ဘက်ချောင်းတွင်းမြစ်နံဘေးက ရေကြို့ရှင်မနတ်နန်းထားတဲ့ လက်ပံပင်ကြီးအောက်ကို မောင်းသွားတာ။ ရက်စက်ပုံနယ်၊ စာရေးဆရာရယ်။ ဒီတုန်းက ချင်းတွင်းမြစ်ထဲမှာ လှေတွေ ဖောင်တွေ၊ မော်တော်တွေ ရတယ်။ စုန်းကြင်းရွာ၊ ကျောက်မြစ်ရွာဆိပ်ကမ်းမှာရှိတဲ့ လှေသမ္ဗန်မော်တော်တွေကို အမြောက်နဲ့ပစ်ခတ်ပြီး နစ်မြုပ်ပစ်တာကွာ။ အကုန်သေ၊ အကုန်မြုပ် ပြေးနိုင်တဲ့လူပဲ လွတ်တယ်။





www.burmeseclassic.com

www.burmeseclassic.com

ရှာသားအားလုံးကြောက်လန့်ငိုယိုး ဘုန်းတော်ကြီးဦးပညာက မသတ်ဖို့ မေတ္တာရပ်တယ်။

စစ်ဗိုလ်စစ်သားတွေကဘုန်းကြီးကို အော်ငေါက်ပစ်တယ်။ တစ်ယောက်သောစစ်သားက သေနတ်ဒင်နဲ့ ထုမလို့လုပ်တယ်။ မိုက်ရိုင်းလိုက်တဲ့စစ်သားတွေကွာ။

ဘုန်းကြီးဦးပညာ စိုးရိမ်ကြောက်လန့်နေတဲ့ ရွာသူရွာသား တပည့်ဒကာတွေကို ကရုဏာမျက်လုံးနင့်ကြည့်ပြီး မေတ္တာပို့နေလိုက်တယ်။

စစ်သားတွေကလူအုပ်ကိုနှစ်စုခွဲပြီး ယောကျ်ားတစ်တန်း၊ မိန်းမတစ်တန်းခွဲပြီးကျောင်းအနောက်တောင်ဘက်ကုန်းပေါ်မှာ တန်းစီငုတ်တုတ်ထိုင်ခိုင်းတယ်။

ပြီးနောက်၊ အားလုံးကို သေနတ်တွေနဲ့ ပစ်ခတ်သတ်ပစ်လိုက်တယ်။ သေနတ်ဒဏ်ရာရသူတွေရဲ့အော်ဟစ်ငိုကြွေးသံတွေ တောင်ကုန်းပြင်မှာ ညံနေတယ်တဲ့ကွာ။ မသေပဲ လူးလွန့်နေသူတွေကို ထပ်ပြီးပစ်သတ်တယ်။

ဘာကြောင့်သတ်ရတာလဲ၊ သူ... မပြောဘူး၊ သူတို့တွက်ထားတာက ... သားတွေအားလုံး ရန်သူ၊ လက်နက်... အာဏာရှိနေတော့ထင်တိုင်းကြဲကြ... ပေါ့ကွာ၊ ရွာသူရွာသားတွေလက်ထဲ... လက်နက်နဲ့တူတာ အပ်တိုတစ်ချော... မရှိပါဘူးကွာ။

ဒီလူသတ်ပွဲမှာ အပြစ်မဲ့ရွာသ... (၂၇)ဦးသေတယ်။

အလောင်းတွေက မြင်မကော... ဘူး။ ဘယ်သူမှလည်း အလောင်းေ... အနီးကိုမကပ်ရဲကြဘူး၊ အလောင်းေ... ပုပ်ပွနေပြီး။

နောက်တစ်ပတ်ခန့်ကြာမှ အ... ဝန်းကျင်ရွာသားတွေရောက်လာကြ... ဇရပ်အနီးက ဂုံးခိုကျင်းထဲ စုထည့်... လိုက်ကြရတယ် – စာရေးဆရာ၊

ဘာကြောင့် သူတို့ တစ်ရွာလုံ... သတ်ပစ်ရသလဲ၊

အဖြေကမကြာခင်ပေါ်လာခဲ့... အဲဒီအဖြစ်အပျက်မတိုင်ခင်က ကျ... ရွာမှာနေတဲ့ တရုတ်လူမျိုး ဦးစူးဝါး... ...ပါဝိုးဝါးတို့အိမ်က နှစ်လုံးပြူးသေနတ်ကို ရွာသားတွေက သိမ်းသွားသတဲ့။

ဦးစူးဝါးက သေနတ်ပြန်တောင်း...တယ်၊ ရွာသားတွေက ပြန်မပေးဘူး။

ဒါနဲ့ – အင်္ဂလိပ်စစ်တပ်ကို သွား...တိုင်တယ်။

ဒီမှာပဲအင်္ဂလိပ်စစ်သားတွေရောက်...ပြီး မမေးမစမ်းပဲ တစ်ရွာလုံးကို ရက်...ရက်စက်စက် သတ်ပစ်လိုက်ကြတာ။

မသေပဲဒဏ်ရာနဲ့ကျန်ရစ်ခဲ့တာငါး...ယောက်။


ဒါကြောင့်၊ အင်္ဂလိပ်အစိုးရကိုဂျပန်...ပေါင်းပြီးပြန်တိုင်ရတာ၊ ဂျပန်ကိုလည်း...လွန်းကြိုက်လွန်းလို့မဟုတ်ဘူး။

တော်လှန်ရေးလုပ်တာ၊ ပါးစပ်နဲ့...လုပ်လို့မရဘူး။

လွတ်လပ်ရေးကို ပါးစပ်နဲ့ တောင်း...လို့မရဘူး။

လက်နက်နဲ့ တန်းတူရည်တူ ပြန်...ကိုက်မှရတာ။

စုပြောတာတွေဖြစ်ရပ်မှန်တွေနော်...ရေးဆရာ။



ရင်နင့်စရာအဖြစ်ကိုအင်္ဂလိပ်ခေတ်မှာ ငါတို့ မျက်မြင်ကြုံတွေခဲ့ရတယ်၊ အင်္ဂလိပ်အစိုးရက အိန္ဒိယမြောက်ပိုင်းက ချစ်တီးကုလားကြမ်းအဖွဲ့တွေကိုခေါ်လာပြီး မြန်မာပိုင်လယ်တွေကို လုပ်ကိုင်စေတယ်။

သူ့ကျွန်ကုလားတွေ ကောင်းစားဖို့ ငါတို့ မူလလယ်ပိုင်သူက လယ်မြေကနေ ထွက်ပေးရတယ်၊

လယ်ကောင်း ယာကောင်းတွေကို ရုရှိချစ်တီးကုလားသူဌေးနဲ့မြန်မာအရင်းရှင်ခနရှင်တွေက အစိုးရနဲ့ပေါင်းပြီး လယ်ကောင်းတွေကို အဓမ္မသိမ်းတယ်၊

အတိုးကြီးကြီးနဲ့ မတရားစာချုပ်တွေနဲ့ လယ်သမားကို နှိပ်စက်တယ်၊

မင်းစဉ်းစားကြည့် – စာရေးဆရာ၊

အစိုးရကအမတော်ကြေးကိုမစို့မပို့ ရှေးတယ်၊

လယ်တွေ မိုးခေါင်လို့ပျက်တော့ အမတော်ကြေးမဆပ်နိုင်ကြဘူး၊ လူခွန်က ငတ်တဲ့ကြားထဲ ကောက်လိုက်သေး၊

လယ်ခွန်မပေးနိုင်တော့ ကောင်ချ၊

www.burmeseclassic.com

ထောင်မကျချင်တော့ ချစ်တီးကုလားသူဌေးထံမှာ ငွေချေး၊ အတိုးက ငွေတစ်ရာချေးရင် အတိုးက ငါးဆယ်ကျပ်။

ကြာတော့၊ အတိုးလည်း မဆပ်နိုင်။ အရင်းလည်း မဆပ်နိုင်၊

ချစ်တီးကုလားသူဌေး မာမွတ်ကြီးတို့က ပုလိပ်တွေခေါ်လာပြီး လယ်သိမ်း၊ အိမ်သိမ်း၊ ထွန်တုံး၊ ထွန်တံသိမ်း။

အင်္ဂလိပ်အစိုးရကလည်း အကုန်သိမ်း။ ပြီး - လေလံပစ်။

လေလံပစ်လို့ရသမျှငွေ အကုန်ယူသွား။

ကိုယ့်လယ်သမားတွေ နင်းပြားတွေ ပေးစရာတွေမရှိ၊ စားစရာ ဆန်မရှိ၊ နေစရာ ပြေးစရာမြေမရှိ။

ရွှေယူတယ်၊ ငွေယူတယ်၊ မြေကိုယူတယ်၊ လယ်ကိုယူတယ်။ ပြီးတော့လူကို ထောင်ချ၊ သမီးပျိုတွေကို အဓမ္မသိမ်းပိုက်ဖျက်ဆီး။

တစ်နေ့မှာတော့ မဒေါ်သစ္စားရဲ့လယ်ငါးကေကို ချစ်တီးက အတွေးနဲ့ လာသိမ်းတယ်။ ဒေါ်သစ္စားက ငိုယိုပြီး မေတ္တာရ…တယ်။

"နင် - အိမ်ပေါ်က ဆင်းပါ။ ဒီမှ…ဝရမ်းပါတယ်"

"သူဌေးရယ် - ကျွန်မ မုဆိုးမပါ၊ …များနွားငှားပြီး လယ်လုပ်ရတာပါ၊ ဒီတ…နစ်တော့ စောင့်ပါ - သူဌေးရယ်"

"မရဘူး - နင်နော် - အတိုးလည်…မပေးဘူး။ အတိုးရော အရင်းရောများ…ပြီ၊ ဒီနေ့ - အိမ်ရောလယ်ရောငါသိမ်း…ထွက်ပါ - ဒါ - တရားရုံးရဲ့ ဆုံးဖြတ်ချ…ထွက်ကြ"

"မလုပ်ပါနဲ့ - တောင်းပန်ပါတ…သူဌေးရယ်"

မရဘူး - တပည့် လူမိုက်တွေ…ဒေါ်သစ္စားတို့မိသားစုကို ဆွဲရုန်းကိုလ…ရှိတဲ့အိုးခွက်ပါမကျန် ယူတော့ဒေါ်သ…ပေါက်ကွဲပြီပေါ့ကွာ။

ချစ်တီးကို ရွာကလူတွေကလ…ပိုင်းတောင်းပန်ကြတယ်၊ မေတ္တာရ…အားလုံးကို ချစ်တီးသူဌေးခေါ်ထာ…

…လိပ်တွေက သေနတ်နဲ့ ချိန်ထားလို့…ယ်သူမှ မကပ်ရဲကြဘူး။

ဒေါ်သစ္စားကလေးလေးယောက်နဲ့…မ်းပေါ်မှာငို၊

ကြာတော့ - ဒေါ်သစ္စား မခံစားနိုင်…တော့ဘူး၊

မြစည်းရိုးတိုင်ကို နဲ့ချွတ်ပြီး ချစ်တီး…လားသူဌေး ပြေးအရိုက် -

"ဒိုင်း"

"အမလေး"

"အမေ - အမေ"

"သစ္စား - သစ္စား"

"နောက်ထပ်ဝင်လာတဲ့လူ အသေ…- နောက်ဆုတ်ကြစမ်း"

"ဒိုင်း"

ဒေါ်သစ္စားက ကုလားသူဌေးမဲတူး…ကို ပြေးအရိုက် ပုလိပ်သားတစ်ဦး…လိုက်တဲ့ သေနတ်ကျည်ဆန်က…သစ္စားရဲ့နဖူးတည့်တည့်ကို ဖောက်…၊ နေရာတင် ပွဲချင်းပြီး သေပါရော

ငါတို့တောက်ခေတ်ရဲ့က လွဲပြီး ဘာမှ မတတ်နိုင်ဘူး၊ သူတို့က ငွေရှိတယ်၊

အာဏာရှိသူနဲ့ပေါင်းတယ်၊ အာဏာပိုင်တွေကို ငွေပေးခေါ်လို့ရတယ်၊

ဒီလယ်ကွင်းတွေ ငါတို့ မပိုင်တော့ဘူး၊ ကြွေးနဲ့သိမ်းတယ်၊

အာဏာနဲ့သိမ်းတယ်။ ပြီး၊ သီးစားချတယ်၊ ငါတို့လယ်ကိုငါတို့သီးစားခမတန်တဆတိုးပေးနဲ့ ငတ်မသေရုံတစ်မည်လုပ်ခဲ့ရတယ်၊

အခု - ဒေါ်သစ္စားကိုအင်္ဂလိပ်အစိုးရရဲ့ကျွန်ပုလိပ်က အကြမ်းဖမ်းရန်မူလို့ဆိုပြီး ပစ်သတ်လိုက်ပြီ၊

ငါတို့ မြေမဲ့ယာမဲ့၊ ပစ္စည်းမဲ့တွေလေကွာ၊ ငါတို့သူကြီးက ငါတို့ဘက်က မပါဘူး၊

ရာအိမ်ခေါင်း ဆယ်အိမ်ခေါင်းကငါ့လူမဟုတ်ဘူး၊ ချစ်တီးကုလားသူဌေးရဲ့ပုလိပ်ရဲ့လူ၊ အစိုးရရဲ့လူ၊

ကိုင်း - ဘယ်သူ့ကို သွားတိုင်လို့ရမှာလဲ၊ တရားသူကြီးက အင်္ဂလိပ်အစိုးရရဲ့လူ၊





www.burmeseclassic.com

www.burmeseclassic.com

အသံတွေ ညံနေတယ်။
မိုးလင်းတော့မှ ဂျွန်သူပုန်တွေ
ပြန်သွားကြတယ်။ ရာဇဝတ်အုပ် သေိန်း
ခေါင်းထက်ခြမ်းကွဲပြီးသေ။ သူကြီးကြိုင်
လည်ပင်းပြတ်နေ့သေ။ သူကြီးမိန်းမ
မစ္စာကျယ် နားရွက်နှစ်ဖက် အပြတ်ခံရ။
ဟော–ကြားရပါပြီဗျာ။ ရွာအဝင်လမ်း
ရှိရာကို အချို့က ပြေးကြည့်ကြ။
အချို့က ရွာသချိုင်းရှိရာကို
ပြေးသွားကြ။




အစိုးရဗိအားပေးသမျှ ထောင်ချရတဲ့လူ၊ ကြိုးမိန့်ပေးရတဲ့လူ၊

ဒေါ်သစ္စာကို သတ်တဲ့လူက ဗမာပုလိပ်ကွာ၊

စဉ်းစားကြည့် – တာဝရေးဆရာ၊

အင်္ဂလိပ်အုပ်ချုပ်နေတဲ့ခေတ်မှာ ရာထူးရှိတဲ့ ဗမာမှန်ရင် ဗမာချင်းကို နှိုင်လိုမင်းထက်ပြုတဲ့လူ များတယ်ကွာ၊

ငါတို့ ဒေါ်သစ္စာရဲ့အလောင်းကို ပြာပုံထောင်သချိုင်းမှာ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြတယ်၊

ရွာထဲကရှိရှိသမျှလယ်သမားအညတြယာသမားမွဲတွေ အသုဘလိုက်ပို့ကြတယ်၊ သချိုင်းမှာငိုသံနဲ့တောက်ခေါက်သံ ညံနေတာပဲ။

ဒေါ်သစ္စာရဲ့ကလေး လေးယောက်ကိုတော့ ရွာဦးဘုန်းကြီးကျောင်းက စောင့်ရှောက်ရတော့တာပေါ့။

မုဆိုးမ ဒေါ်သစ္စာရဲ့အလောင်းကို သူ့လင် မောင်ပေစစ်ရဲ့ မြေပုံနံဘေးမှာပဲ ယှဉ်တွဲမြေမြှုပ်ပေးခဲ့ကြတယ်၊

ဒေါ်သစ္စာသင်္ဂြိုဟ်တဲ့နေ့က ငါတို့မြို့ဖူးတဲ့ လူကြီးသုံးလေးဦးလည်း အသုဘလိုက်ပို့ကြတယ်၊ လူထွားကြီးတွေကွ၊

ထိုးကွင်းမင်ကြောင်နဲ့ လူသုံးဦး၊ အဖွဲ့ကတော့ မဟုတ်ဘူးထင်ပါရဲ့၊

သချိုင်းမှာလူရှင်းတော့ငါတို့ကိုမေးတယ်၊

"ပုလိပ်က သေနတ်နဲ့ပစ်တာဆို"

"ဟုတ်တယ်ဗျ – ချစ်တီးသူဌေးခေါ်လာတဲ့ပုလိပ်တွေထဲက တစ်ကောင်ပဲ"

"ဒီပုလိပ်နာမည် သိလားဟေ့"

"သိတယ်ဗျ"

"သိရင် ပြောစမ်းပါကွ"

"ပုလိပ်သားနာမည်က မောင်ကြီးတဲ့ဗျ"

"သေချာတယ်ဗျာ – သူမကြာခဏ ချစ်တီးကုလားနဲ့ရော ရာဇဝတ်နဲ့ရော ရွာတွေကို လာလာနေတဲ့ကောင်ဗျ"

"ရာဇဝတ်အုပ်အာသိန်းကရော"

"သူက သာဆိုးတယ်ဗျ"

"ဘယ်လိုဆိုးတာတုံးကွ၊ ပြောပါဦး"

သူကြီးကြိုင်နဲ့ပေါင်းပြီး ရွာထဲက အလုပ်မရှိတဲ့လူငယ်တွေ ဖမ်း၊ ငွေညှစ်နေတာဗျ။

"ဒီလောက်ပဲလားကွ"

"ရှိသေးတာပေါ့ဗျာ၊ ပြီးခဲ့တဲ့လက ကြိုးဆွဲချသေသွားတဲ့ မတင်စိန်ကို ရာဇဝတ်သေိန်း ခြေတော်တင်တာဗျ၊ သူကြီး စနက်လည်း ပါတာပေါ့ဗျာ၊

"မင်းတို့ ဂျွန်သူပုန်ဆိုတာ ကြားဖူးလား"

"ဂျွန် – ဂျွန်ဆရာစံအဖွဲ့ကို ပြောတာလားဟင်"

"ဟုတ်တယ် – မင်းတို့ ဂျွန်အဖွဲ့ထဲ ဝင်ကြပါလားကွာ"

"ဗျာ – ပု – ပုလိပ် – သိ – သိရင်"

"အဲဒီအမျိုးယုတ်သစ္စာဖောက်တွေကိုပါ ဂျွန်သူပုန်က ဝါးတားပစ်တာကွ၊ မင်းတို့ သေမထူး၊ နေမထူးဥစ္စာ၊ ဂျွန်သူပုန်လုပ်ပြီး ပြန်ချမှပေါ့"

နှတ်ခမ်းမွေးကားကား တိုက်ပုံရင်ကွဲနဲ့လူကြီးက သချိုင်းကုန်းပေါ်မှာ ပြောနေတာမကြောက်မရွံ့ပြောနေတာဟေ့၊



www.burmeseclassic.com

"ဦးကြီး"

"ဘာတုံး"

"ဦးကြီးတို့က ပုလိပ်ကလား၊ ဂျွန်ကလားဟင်"

"မင်းတို့က ပုလိပ်ထင်နေလို့လား"

"အဲ - အဲ - ဟို - ဟို"

"ပုလိပ်အသား ဂျွန်စားမတဲ့"

"အင်္ဂလိပ်စစ်သား ဂျွန်စားမတဲ့"

"သစ္စာဖောက်အသားဂျွန်စားမတဲ့ မှတ်ထားကွ၊ ဂျွန်သူပုန်က ကျွန်ခံတဲ့လူမဟုတ်ဘူး၊ သခင်မျိုးတွေ၊ မင်းတို့ သတ္တိရှိရင် သာယာဝတီအလံတောင်ကို လိုက်ခဲ့ကြ၊ ငါတို့ဂျွန်သူပုန်တွေပဲ၊ငါတို့ အကြောင်း အင်္ဂလိပ်အစိုးရနဲ့ ပုလိပ်တို့ မင်းတို့ သွားပြောမလားဟေ့"

"မ - မပြောပါဘူး ခင် - ခင်ဗျ"

"ကြောက် - ကြောက်ပါတယ်ဗျာ"

"မှတ်ထား - ငါ့လူတို့၊ ညီတို့ - ဂျွန်သူပုန်က လယ်ယာမြေကို အခွန်မသိမ်းဘူး၊ နိုင်ငံခြားသားလူမျိုးခြားသူဌေးတွေနဲ့ပေါင်းပြီး တောတွေ၊ တောင်တွေ၊ မြေတွေ ရောင်းမစားဘူး၊ အပြစ်မဲ့လယ်သမားကို မသတ်ဘူး၊ ထောင်မချဘူး၊ လက်နက်အားကိုးနဲ့ အနိုင်မကျင့်ဘူး၊ ကုပ်သွေးစုပ်မနေရှင်တွေ အားရဖို့ လယ်သမား၊ယာသမားကိုသတ်မပြဘူး၊ငါတို့ လက်နက်ရှိတဲ့ အင်္ဂလိပ်အစိုးရကို ဂရုမစိုက်ဘူး၊ သေရမှာလည်း မကြောက်ဘူး၊ဂျွန်သေရင်ဂျွန်ပြန်လာလိမ့်မယ်၊ ဂျွန်သူပုန်မျိုးဆက် ဆရာစံမျိုးဆက် ဘယ်တော့မှ မျိုးမသုန်းဘူးကွ၊ ငါတို့ဝါ ကြိုက်ရင် ကြိုက်တဲ့နေ့ အလံတောင်ကို လိုက်ခဲ့၊ သေရဲတာ ဂျွန်၊ သတ်ရဲတာလည်း ဂျွန်ပဲ - သွားပဟေ့"

လူထွားကြီးသုံးဦး သချိုင်းထဲကနေ ခပ်သွက်သွက်ခြေလှမ်းနဲ့ ထွက်သွားကြတယ်၊ ငါတို့ဂျွန်သူပုန်ကို အနီးကပ်မြင်ဖူးတာပဲ - ငါ့လူရေ၊

ရဲရဲတောက်စကားတွေကြားရတာဟေ့၊

သာယာဝတီက သုပန္နကဂျွန်ရာဇာဘွဲ့ခံ ဂျွန်ဆရာစံအကြောင်းငါတို့ သဲ့သဲ့ကြားဖူးတာ ကြားပေါ့ကွာ၊

ငါတို့ ခေါင်းနားပန်းတွေ ကြီးသွားကြတယ်၊

ကြက်သီး ဖျန်းဖျန်းထသွားကြတယ်။

ဒီအကြောင်း ရွာထဲမှာ ယောင်လို့မပြောကြနဲ့၊

ဂျွန်သူပုန်နဲ့ ငါတို့ စကားပြောကြတယ်ဆိုတာ သူကြီးသိသွားရင် ပုလိပ်သိသွားရင် ငါတို့ဘဝ ဆုံးပြီ၊

⚐ ⚐ ⚐

ငါတို့ဒေသမှာ ဂျွန်သူပုန်တွေရောက်လာပြီကွာ၊ ရဲကင်းကို စီးသွားသတဲ့ဟေ့၊လက်နက်တွေပါသွားသတဲ့၊ ကင်းစောင့်လည်း သေဆိုပဲ၊

အင်းစိန်ဘက်မှာ အောင်ရွှေနဲ့ မောင်ဖေတို့သူပုန်အဖွဲ့က ရဲကင်းကိုစီး၊ ပုလိပ်သားတွေ သတ်သွားပြီတဲ့၊

မနေ့ညက ငါတို့ဒေသဝန်းကျင်မှာ ဂျွန်တဲ့ဟေ့ဆိုတဲ့ ကြုံးဝါးသံတွေ ကြားရတယ်၊

သူကြီးအိမ်ရောက်နေတဲ့ ရာဇဝတ်အုပ်ငသိန်းကိုသတ်လိုက်ပြီးသေနတ်သံတွေ ညံနေတယ်၊

ပြေးသူ၊ ပုန်းသူ၊ အော်ဟစ်သူတွေလည်း မနည်းဘူးဟေ့၊

"ရွာသူရွာသားတွေ ကိုယ့်အိမ်မှာ ကိုယ်နေကြ၊ ငါတို့ဂျွန်ပဲဟေ့၊ တို့အမျိုးတို့မနှိပ်စက်ဘူး၊ မကြောက်ကြနဲ့"

"ရာဇဝတ်အုပ်အသားဂျွန်စားမယ်ဟေ့"

"ပုလိပ်အသား ဂျွန်စားမယ်ကွ"

"သူကြီးအသား ဂျွန်စားမယ်ဟေ့"

"ချစ်တီးအသား အစိမ်းစားမယ်ကွ"

အသံတွေ ညံနေတယ်၊ မိုးလင်းတော့မှ ဂျွန်သူပုန်တွေ ပြန်သွားကြတယ်၊

ရာဇဝတ်အုပ် ငသိန်း ခေါင်းထက်ခြမ်းကွဲပြီးသေ၊

သူကြီးကြောင် လည်ပင်းပြတ်နဲ့သေ၊

သူကြီးမိန်းမမစ္စာကျယ်နားရွက်ပြဲ ဖက်အဖြတ်ခံရ၊ ပော - ကြားရပါပြီဗျာ၊

www.burmeseclassic.com

ရွာအဝင်လမ်းရှိရာကိုအချို့ကပြေးကြည့်ကြ၊

အချို့က ရွာသချိုင်းရှိရာကို ပြေးသွားကြ၊

"ဘာဖြစ်လို့ ပြေးကြတာလဲဟေ့"

"ရွာတော်ရှင်နတ်ကွန်းရှေ့မှာခေါင်းပြတ်တွေ့တဲ့ကွ"

"ဟေ - ဘယ်သူ့ခေါင်းတုံး"

"မသိဘူး - သိချင်လို့သွားကြတာ"

ငါလည်း ရွာထိပ်က ရွာတော်ရှင်နတ်ကွန်းရှေ့ကို အပြေးရောက်သွားတယ်။ ရွာတော်ရှင်နတ်ကွန်းရှေ့က မြေပြင်မှာ ခေါင်းပြတ်ကြီးတစ်လုံး။

"ဟင် - ဒါ ချစ်တီးသူဌေး မာမွတ်ကြီးဟ"

"ဟုတ်တယ်ဟေ့"

"ဘယ်သူသတ်သွားတုံး"

"ဂျွန်သူပုန်တဲ့၊ သူကြီးနဲ့ ရာဇဝတ်အုပ်ရော၊ ပုလိပ်သားတွေရော အကုန်သတ်သွားတာဟေ့"

ချစ်တီးသူဌေး မာမွတ်ကြီးရဲ့နဖူးပြောင်ပြောင်မည်းမည်းတူးမျက်ခွက်မှာပြူးကျယ်လန်နေတဲ့ မျက်လုံးနစ်လုံးကို အသည်းလန့်ဖွယ် မြင်ရတယ်ကွာ၊

ဒါနဲ့အတူ မီးရှို့ထားတဲ့ အော်ဒီမန်စာချုပ်တွေလည်း တင်းတောင်းတစ်လုံးနီးပါး ပွစာကျဲလို့၊ ရွာထဲမှာလည်း အုတ်အော်သောင်းတင်းဖြစ်ကုန်ပြီ။

တချို့လည်း အထုပ်ဆွဲပြီး ပြေးကြပြီ၊

လှည်းသံ၊ နွားသံ၊ ကလေးခေါ်သံတွေ ညံနေတယ်၊ လူတချို့သချိုင်းကုန်း ရှိရာပြေးသွားနေလို့ငါလည်းသူတို့နောက်ကို ပြေးလိုက်သွားကြည့်တယ်။

"ဟယ်"

"ဒါ - ဒါ - ပုလိပ်သား - ဟို - ဟို"

"ပုလိပ်သားမောင်ကြီးမဟုတ်လား"

"ဟုတ်တယ် - ဒါမောင်ကြီး"

မြင်ရတဲ့မြင်ကွင်းက ဒေါ်သစ္စာရဲ့နဖူးကို သေနတ်နဲ့ ပစ်သတ်တဲ့ပုလိပ်သား - မောင်ကြီးရယ်၊ မြေပုံတစ်ခုရဲ့ခြေရင်းမှာ တစ်စောင်းလဲကျပြီး အသက်ပျောက်နေတယ်ကွ။ သူ့နဖူးမှာကျည်ဝင်ရာတစ်ချက်၊

နောက်စိကတော့ ဟောင်းလောင်းပွင့်လို့၊ အံ့ဩဖို့ကောင်းတာက သူ့နဖူးပွင့်နောက်စိပွင့်ပြီး လဲကျသေတဲ့မြေပုံက ဒေါ်သစ္စာရဲ့မြေပုံခြေရင်းမှာ၊

"မောင်ကြီး ဝဋ်ပြန်လည်တာပဲဟေ့"

"ဒီပုလိပ်စုတ်သေသင့်တာကြာပြီကွ၊ မှသေတာ ကျေးဇူးပါပဲ - ဂျွန်သူပုန်တို့ရေ - သာဓုပါဗျာ"

သည့်နောက် ငါတို့တစ်ရွာလုံးရောအထုပ်ဆွဲပြီး မုတ္တမကွေ့ကို လှေဖောင်တွေနဲ့ ကူးပြေးကြတယ်ကွာ၊

ဘာလို့လဲဆိုတော့ အင်္ဂလိပ်စစ်တပ်ကားတွေနဲ့ လာနေကြပြီတဲ့၊ နောက်သတင်းတစ်ခုက ဂျွန်သူပုန်တွေလည်း ဓားလှံ၊ သေနတ်တွေနဲ့အင်္ဂလိပ်စစ်သား ပုလိပ်ဂေါ်ရာတွေကိုရင်ဆိုင်တိုက်ဖို့မြင်းတွေ၊ အလံတွေနဲ့ ဒုန်းစိုင်း လာနေကြပြီတဲ့၊

**မောင်ညိုမှိုင်း(သန်လျင်)**

[illegible]

[illegible] ဝ်းမှုဖြင့် အပေါ်မှ [illegible] ပျောက်ပါမည်။

***ဟင်းအိုးအားငှနေသော်***

မီးခဲရဲရဲအားငှ်နေသောဟင်းအိုးထဲသို့(၂)မိနစ်ခန့်ထည့်ပြီး ပြန်ဆယ်ပါက ဆားပေ့ါသွားပါလိမ့်မည်၊


***ငါးသလောက်ပေါင်းနည်း***

ကြွေပန်းကန် (သို့မဟုတ်) ကြွေဇွန်းတစ်ချောင်းကိုဟင်းအိုးထဲ ထည့်ချက်ပါက ဟင်းအိုးဆူရုံဖြင့် အသားနူးပြီး စားသောက်နိုင်ပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

**တယ်လီဖုန်း** မြည်သံကြောင့် ဒေါက်တာသူရလွင် အိပ်ပျော်နေရာမှ နိုးလာသည်၊

"ဟာ - ပြဿနာပါလား"

သူ့အိပ်ရာနံဘေးရှိစားပွဲပေါ်မှာ မြည်နေသော တယ်လီဖုန်းကို မြူစူမိသည်၊ တယ်လီဖုန်း ဆက်မြည်နေသဖြင့် နံရံကို လက်ဖြင့် စမ်းပြီး မီးခလုတ်ကို ဖွင့်လိုက်သည်၊ မီးလင်းမလာပေ၊

"အိုး - မီးကလည်း ပျက်ပြန်ပြီ"

စိတ်ပျက်စွာ ရေရွတ်မိ၏၊ မကြာသေးဘူးထင်ပါရဲ့၊ အိပ်ရာပေါ်တွင်စောင်းပြီး တယ်လီဖုန်းကို လှမ်းယူနားထောင်လိုက်သည်၊

"ဟုတ်ကဲ့ - ဒေါက်တာသူရလွင် စကားပြောနေပါတယ်"

တစ်ဖက်မှ စကားပြောသူ၏အသံမှာ တုန်လှုပ်ချောက်ချားနေသည်၊

"အခုစကားပြောတာ ဦးဩဘာပါ၊ ဒေါက်တာ - အခုချက်ချင်းပဲ လာစေချင်ပါတယ်၊ ဆရာကြီးဦးဇေကျော်ကိုရေချိုးခန်းထဲမှာ လဲနေတာ တွေ့ရတယ်၊ သူ သေပြီလားမပြောတတ်ဘူး"

"ဟုတ်ကဲ့ - ကျွန်တော် အခုချက်ချင်းပဲ လာခဲ့မယ်"

ပြောပြီး၊ တယ်လီဖုန်းပြန်ချလိုက်သည်၊

ဒေါက်တာသူရလွင်သည် အံဆွဲအတွင်းမှ အရေးပေါ်လျှပ်စစ်မီးအိမ်ကို ထုတ်ပြီး ဖွင့်လိုက်သည်၊ အခန်းထဲတွင် လင်းထိန်သွားသည်နှင့် လက်မှနာရီကို ကြည့်သည်၊ ညတစ်နာရီထိုးရန် ဆယ်မိနစ် လိုသေးသည်၊ ထို့နောက် အဝတ်အစားများကို လဲလှယ်ဝတ်ဆင်သည်၊

ရေချိုးခန်းတွင်
အသတ်ခံရသော လူတစ်ယောက်ကို
သတ်သူ တရားခံကို ဦးရီတွင်း
ပုန်းအောင်းနေရာမှ မိခဲ့သော်လည်း

ဦးဇေကျော် မသေပါစေနဲ့ဟု သူ ဆုတောင်းမိ၏၊ ဦးဇေကျော်မှာ စိတ်တို သော်လည်း သူ့ကို ဆေးကုခ ရက်ရက်ရောရော ပေးတတ်သူဖြစ်သည်၊ ရန်ကုန်မြို့၏ အကျော်ကြားဆုံး စက်မှုလုပ်ငန်းရှင်ကြီးထဲတွင် ပါဝင်သည်၊ သူ့မှာ နှလုံးရောဂါရှိသည်၊ နှလုံးရောဂါသည် လူတစ်ယောက်၏အသက်ကို ချက်ချင်းခွေ့တတ်သည်၊

ထိုအခိုက် လျှပ်စစ်မီးပြန်လင်းလာသည်၊

"အင်း - မီးပြန်လာလို့သာ တော်သေးတယ်၊ ထပ်မပျက်ပါစေနဲ့"

မီးရောင်ကြောင့် မျက်တောင်ခတ်ရင်း ပြောမိသည်၊ ထို့နောက် ဒေါက်တာသူရလွင်က ကားကိုဒေါင်သို့ ထွက်လာခဲ့သည်၊

ဦးဇေကျော်၏ပိတောက်မြိုင်စံအိမ်မှာ တောက်ကြံ့နှင့် မော်ဘီအကြား ပြည်လမ်းမကြီးဘေးတွင်ရှိ၏၊ ကျယ်ဝန်းသောခြံဝင်းအတွင်း သစ်ပင်ကြီးများအလယ်၌ ဆောက်ထားသော ရှေးပုံစံတိုက်ကြီးဖြစ်၏၊ ငါးမိနစ်ခန့်အကြာတွင် ဒေါက်တာသူရလွင်၏ကားသည်ပိတောက်မြိုင်စံအိမ်ကြီး၏ အဝင်ဝတံခါးရှေ့တွင် ရပ်နေ၏၊

အသက်ငါးဆယ်ကျော် ဆံပင်များဖြူနေသော၊ အသားညိုညို၊ ပိန်ပိန်လူတစ်ယောက်က တံခါးဝမှ စောင့်နေရှာသည်၊ ထိုလူသည် အညိုရောင်တုတ်အင်္ကျီဟောင်းတစ်ထည်ကိုဝတ်ထား၏၊ လူကြီးသည် တုန်တုန်ယင်ယင် ဖြစ်နေသည်၊

"ဒေါက်တာရောက်လာလို့ သိပ်အားရှိတာပဲ၊ ကျွန်တော် ဘာလုပ်ရမှန်းတောင် မသိတော့ဘူး၊ ဒေါက်တာ့ကို စောင့်ရတာ တော်တော်ကြာတယ်"

ဒေါက်တာသူရလွင်က သူ့လက်မှနာရီကို မြှောက်ကြည့်သည်၊

"ခင်ဗျား တယ်လီဖုန်းဆက်ပြီး ဆယ်မိနစ်ပဲ ကြာပါတယ် - ဦးဩဘာ"

"ဒေါက်တာ၊ ဒီထက်စောပြီးရောက်လာလည်း အကျိုးထူးမယ်မထင်ပါဘူး၊ ဆရာကြီးရေချိုးခန်းထဲမှာပါ၊ လိုက်ကြည့်ပါ - ဒေါက်တာ"

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာသူရလွင်သည်ဦးဩဘာ နောက်သို့ လိုက်သွား၏။ ခမ်းနားသော စည့်ခန်းကိုဖြတ်၍ ကော်ဇောခင်းထား သောလှေကားထစ်များကိုတက်ခဲ့သည်။ မကြာခင်အပေါ်ထပ်ရေချိုးခန်းသို့ရောက် သွား၏။ ရေချိုးခန်းတံခါး ပွင့်နေသည်။

ဒေါက်တာသူရလွင်သည် ရေချိုး ကန်ထဲ၌ကိုယ်တစ်ပိုင်းနစ်နေသောလူ၏ ဖြူနမ်းနမ်းမျက်နှာကို လှမ်းကြည့်လိုက် ၏။ ဦးဩဘာအား လှည့်ကြည့် ပြီး မျက် နှာထားတင်းတင်းဖြင့် မေးလိုက်သည်။

"ဘာကြောင့် - ဦးဇေကျော်က ဒီကို ရောက်နေရတာလဲ"

"ကျွန် - ကျွန်တော် - စည့်ခန်းထဲမှာ သတင်းစာဖတ်နေပါတယ်"

"စာဖတ် နေတယ် - ဟုတ် လား။ ဒီမှာ မီးမပျက်ဘူးလား"

"မသိဘူး - ဆရာ"

"မော်ဘီမှာမီးပျက်တယ်။ ကဲ၊ ဆက် ပြောပါဦး"

"ဆရာကြီး ရေချိုးခန်းထဲဝင်သွား တာ အသံကို ကြားရပါတယ်။ ရေပိုက် ခေါင်းက ရေကျသံက သိပ်ကြာလွန်းနေ တယ်လို့ထင်တယ်။ ဒါကြောင့် ..."

"ခင်ဗျား - ဒီကိုလာကြည့်တယ်လို့ ပြောမလို့လား"

"ဟုတ်ပါတယ် - ဒေါက်တာ"

"ခင်ဗျား - ဆရာကြီးသေတာကို အဲဒီအချိန်ကတည်းက သိလား"

"သိပါတယ်"

"အသတ်ခံရတယ်ဆိုတာ မသိဘူး လား"

ဦးဩဘာ တုန်လှုပ်သွား၏။

"အသတ်ခံရတယ် - ဟုတ်လား"

သူက ပြန်မေးသည်။

"ဟုတ်တယ် - ဦးဩဘာ၊ လည်ပင်း လိမ်ပြီး အသတ်ခံရတာပဲ၊ မျက်လုံးပြူး နေတယ်၊ လျှာတန်းလန်းထွက်နေတယ် အမြှုပ်တွေ ..."

ဒေါက်တာသူရလွင်စကားရပ်လိုက် ၏။ သူ့နောက်ဘက် ဗီရိုအတွင်းမှ လှုပ် ရှားသံ ကြားနေရသောကြောင့်ဖြစ်သည်။

ဗီရိုမှာ အလွန်ကြီးမားသော ရှေး ဟောင်းဗီရိုဖြစ်သည်၊ အတွင်းတွင် အဝတ်အစားများ လှမ်းနိုင်အောင် ကျယ် ...န်း၏။ ဒေါက်တာသူရလွင်သည် ဗီရို ...ခါးကို ဆွဲဖွင့်လိုက်သည်၊ ဗီရိုထဲတွင် ...ူတစ်ဦး ရှိနေသည်။

ထိုသူသည် တီရှပ်တစ်ကောင် ...ဲ့သို့ အော်ပြီးခုန်ထွက်လာ၏။ ဒေါက် ...တာသူရလွင်မှာ ဖဆေးကျောင်းသားဘဝ ...က လက်ဝှေ့ထိုးလေ့ကျင့်ခဲ့ဖူးသူဖြစ်သည့် ...အတိုင်း၊ ဘေးသို့တိမ်းပြီး ညာလက်သီး ...ဖြင့် ထိုလူကို လှမ်းထိုးလိုက်၏။ မျက်နှာ ...ကို တည့်မတ်စွာ ထိသွားသဖြင့် ထိုလူ ...ကြမ်းပြင်ပေါ်သို့ လဲကျသွားတော့သည်။

ဒေါက်တာသည် လဲကျနေသူ၏ ...ရုပ်ဆိုးသောမျက်နှာကို ငုံ့ကြည့်နေ ...သည်၊ မျက်နှာတစ်ခုလုံး၌ ပါးမြိုင်းမွေး ...နှာမုတ်ဆိတ်မွေးများထူထပ်နေသည်။ ...ို့နောက် ဦးဩဘာကို ပြောလိုက်သည်။

"မော်ဘီရဲစခန်းကို တယ်လီဖုန်း ...ဆက်လိုက်ပါ။ ကျွန်တော်ဒီလူကိုစောင့် ...ကြည့်နေမယ်"

မကြာခင် မော်ဘီရဲစခန်းမှ ရဲအုပ် ...ဦးကျော်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက် ...လာသည်၊ ဦးကျော်စိုးက တယ်လီဖုန်း ဆက်ခေါ်လိုက်သဖြင့် အင်းစိန်စီအိုင်ဒီမှ အိုင်အိုရှစ်ကောင်းပါ ရောက်လာသည်။ သူတို့သည် ဒေါက်တာသူရလွင် ပြောပြ သည်ကို စိတ်ဝင်စားစွာ နားထောင်ကြ ၏။

"ဒါဆို - လူသတ်သမားတို့ မိပြီ။ ဒါဟာ - စက်ရုံက အလုပ်သမား သတွ ကြီးပဲ"

ရဲအုပ်ကျော်စိုးက ပြော၏။

"သူသတ်တဲ့အကြောင်းအထောက် အထား မရှိသေးဘူး"

အိုင်အိုရှစ်ကောင်းက ဝင်ပြောသည်။ ဦးကျော်စိုး စိတ်ပျက်သွား၏။ ဦးဩဘာ ဘက်သို့ လှည့်ပြီးပြော၏။

"ဒါဆို - အမှုကို အစက ပြန်စစ်ရ အောင်၊ ကဲ - ဦးဩဘာ - အဖြစ်အပျက် ကို ပြောပါဦး"

"ဆရာ ဦးဇေကျော်ဟာ ဒီည ဆယ် နာရီခွဲထိ အသက်ရှင်လျက် ရှိနေပါတယ်"

ဦးဩဘာက တရားသူကြီးရှေ့တွင် အစစ်ခံသလို မမှားအောင် စကားတို ထိန်းပြောနေ၏။





www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအချိန်မှာ မောင်ပိုင်စိုးဝေလည်း သူနှင့်အတူ ရှိနေတယ်"

"ပိုင်စိုးဝေက ဘယ်သူလဲ"

အိုင်အိုချစ်ကောင်းက မေးသည်။ လက်ထဲတွင် မှတ်စုစာအုပ်နှင့် ဘောလ်ပင် ကိုင်ထားသည်။

"စက်ရုံက ငွေစာရင်းကိုင်ပါ"

"သူ - ဒီကို ဘာလာလုပ်တာလဲ"

"ဒါတော့ - ကျွန်တော်လည်း မသိဘူး။ အလုပ်သမားကိစ္စ ဆွေးနွေးတယ်လို့ထင်တာပဲ။ ဆယ်နာရီခွဲမှာ ကျွန်တော် ကော်ဖီဖျော်ပြီး သွားပို့ပါတယ်။ စားပွဲပေါ်မှာ ငွေစာရင်းစာအုပ်တွေ တွေ့ရတယ်။ ဆရာကြီးက ကျွန်တော့်ကို အိပ်ချင်အိပ်တော့လို့ ပြောတယ်။ ဒါကြောင့် - ကျွန်တော်လည်း လုပ်စရာရှိတာတွေလုပ်ပြီး အိပ်ခန်းကို လာခဲ့ပါတယ်။

ကျွန်တော်ဟာ ချက်ချင်းမအိပ်တတ်ပါဘူး။ အခန်းထဲမှာ တစ်နာရီ၊ နှစ်နာရီကြာအောင် အမြဲတမ်း စာဖတ်လေ့ရှိပါတယ်။ တစ်ဆယ့်နှစ်နာရီ တစ်ဆယ့်ငါးမိနစ်မှာ ပိုင်စိုးဝေပြန်သွားတယ်။ ဆရာကြီး တံခါးပြန်ပိတ်သံကို ကြားရတ...

ဆရာကြီးဟာ မအိပ်သေးဘဲ ပတ္တ... တီးနေတယ်။ ခါတိုင်းလိုပဲ "ဖိုးခေါင်... ကြော် မန်းတောင်ရိုးပေါ်" သီချင်းကို... တယ်။

ကျွန်တော့်အိပ်ခန်းက သူ့အိပ်ခ... ကပ်လျက်မှာ ရှိတယ်။ ညရေးည... အကြောင်းပေါ်ရင် သူ့အလွယ်တကူ... လို့ရအောင်လို့ပါ။ ဆရာကြီးဟာ အ... ထဲကိုလာပြီး အတန်ကြာအောင် အ... လုပ်နေတယ်။ အဲဒီနောက် ရေချိုး... ကိုဝင်တဲ့အသံ ကြားရတယ်။ ကျွန်... ကို မလိုအပ်လို့ မခေါ်တာလို့ ထင်... ကြောင့် စာဆက်ဖတ်နေခဲ့တယ်။ ကျွ... တော် စာဖတ်တာ အချိန်အတော်ကြ... သွားတယ်။ သတိရလို့ နာရီကြည့်လိုက်... တဲ့အခါ ရေပိုက်က ရေကျသံကြားရတ... ကျွန်တော် နာရီကြည့်လိုက်တယ်။ ... သံမှမကြားရဘဲ ရေကျသံပဲ ကြား... တယ်။

တစ်ခုခုဖြစ်နေပြီလို့ကျွန်တော်... လိုက်တယ်။ အိပ်ခန်းက ထွက်ပြီး ...

...ကိုလာကြည့်တဲ့အခါမှာ ဆရာကြီးကို ...ပုံစံအတိုင်း တွေ့ရတယ်။ တွေ့တွေ့ ...ပဲ အသက်မရှိတော့ဘူးဆိုတာကို ...ပါတယ်။ အဲဒီ့နောက် ရေပိုက်ခေါင်းကို ...ပြီး ဒေါက်တာ့ဆီကို တယ်လီဖုန်း ...ပါတယ်"

"ရေချိုးခန်းထဲဝင်လာချိန်မှာ သူ့ကို ...ဘူးလား"

ဦးကျော်စိုးက သတိမေ့နေသော ...ကြီးကို မေးငေါ့ပြပြီး မေးလိုက် ...သည်။

"မမြင်ဘူး ခင်ဗျ"

"သူ - ဒီအခန်းထဲကို ဘယ်လိုဝင် ...သလဲ၊ လှုပ်ရှားသံ၊ သတ်ပုတ်သံ ...ကြားရဘူးလား"

"မကြားပါဘူး ခင်ဗျာ"

"အင်း - ထူးဆန်းတာပဲ၊ ခင်ဗျားနား ...တော့ ကောင်းပါရဲ့နော်"

အိုင်အိုချစ်ကောင်းက ပြောသည်။ ...နောက် ဒေါက်တာသူရလွင်ကို မေး ...သည်။

"ဒီလူ - လည်ပင်းညှစ်ပြီးအသတ်ခံ ...သေရျာရဲ့လား ဒေါက်တာ"

ဒေါက်တာသူရလွင်က ပခုံးတွန့်လိုက်သည်။

"ဆေးရုံဆေးစာမှာ ပါမှာပါ။ ဒါပေမဲ့ ခင်ဗျားတို့ကို တစ်ခုတော့ပြလိုက်မယ်။ ခင်ဗျားတို့ကို စောင့်နေတုန်း ဒါကိုမြင်ခဲ့တယ်"

ဒေါက်တာသူရလွင်သည် လူသေခေါင်းကို မ,လိုက်သည်။ ပျော့ခွေနေသော လည်ပင်းပတ်လည်၌ အနီရောင် အရစ်ကြောင်းကို တွေ့ရသည်။

"ဟာ - သူ့စက်ရုံက ထွက်တဲ့ပဝါနဲ့ အသတ်ခံရတာပဲ၊ နိုင်လွန်ကြိုး"

"ကျွန်တော်လည်း ဒီလိုပဲ ယူဆတယ်"

ဒေါက်တာသူရလွင်က ပြောသည်။

"နိုင်လွန်ကြိုးကိုကွင်းလျှောလုပ်ပြီး လည်ပင်းကိုညှစ်ရင် အဲဒီလိုဒဏ်ရာပေါ်တတ်တယ်"

"ဦးဖေကျော်ဟာ နိုင်လွန်ကြိုးစက် ပိုင်ရှင်ပဲ"

"ဒါဆို - ကျွန်တော် လူသတ်မှုရဲ့ အကြောင်းကိုသိပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်စိုးက ပြောသည်။

"ယက္ခကြီးဟာကြိုးစက်မှာ အလုပ်လုပ်တယ်။ လုပ်ခနဲ့ပတ်သက်ပြီး အလုပ်သမားတွေက ဦးဇေကျော်ကို မကျေနပ်ကြဘူး"

"ဒါပေမဲ့ - သူသတ်တဲ့ အကြောင်းအထောက်အထားမရှိဘူး"

"သူ မကြာခင် သတိရမှာပါ။ အဲဒီတော့မှ သူ့ကို စစ်ဆေးရဦးမယ်"

အချိန်အတော်ကြာမှ ယက္ခကြီး သတိရလာပြီး စကားပြောနိုင်လေသည်။

"ကျွန်တော်ဟာ ဒီအိမ်အနောက်ဘက်က တောထဲကို ယုန်ထောင်ဖို့ ရောက်လာတာပါ"

"ဒီနေရာဟာ ကန့်သတ်ထားတဲ့ သစ်တောဧရိယာကွ"

ဦးကျော်စိုးက ပြောသည်။

"စားစရာမရှိလို့ ယုန်လိုက်ရတာပါ ဆရာ။ ဒီအဘိုးကြီးက လုပ်ခနည်းနည်းပဲ ပေးတယ်။ ကျွန်တော့်အိမ်မှာ စားလူ အင်မတန်များလှပါတယ်"

"ဒါတွေ မပြောနဲ့ကွာ၊ အမှုအကြောင်းသာပြော..."

"အင်း - ကျွန်တော် ယုန်ထော...
ရောက်နေတာပါ။ အဲဒီအချိန်မှာပဲ ရေ...
ခန်းထဲက မီးရောင်မြင်ရတယ်။ ကျွန်...
အဲဒီမီးရောင်ကို ရပ်ကြည့်နေခဲ့တ...
အဲဒီအချိန် လူတစ်ယောက်ဟာ ရေ...
ခန်းထဲက ဆင်းလာတယ်"

"ပြတင်းပေါက်က ဆင်းလာ...
လား"

"ဟုတ်ပါတယ်၊ အဲဒီမှာ လှေ...
တစ်ခု ထောင်ထားတာ တွေ့ရတ...
အဲဒီလူဟာ လှေကားက ဆင်းလာ...
အောက်ရောက်တဲ့အခါမှာ အမှော...
ကို ပြေးဝင်သွားပါတယ်"

"အဲဒီလူရဲ့မျက်နှာကို ခင်ဗျား...
ရဘူးလို့ ပြောမယ်မဟုတ်လား"

ဦးကျော်စိုးက ခနဲ့တဲ့တဲ့လေသံ...
မေးသည်။

"ဘယ်လိုမှမမြင်နိုင်ပါဘူး - ...
ရယ်။ မနေ့ညက ညဦးပိုင်းမှာ လမ...
ပါဘူး။ ကျွန်တော်ဟာ အတော်...
အောင်ရပ်ပြီး ဘာလုပ်ရမလဲလို့ စဉ်း...
နေခဲ့တယ်။ အဲဒီရဲ့နောက်မှာ လှေ...
တက်ပြီး အထဲကို ချောင်းကြည့်ချင်...

"ကျွန်တော်ဟာ လှေကားက အသံ...
...အောင် တက်ခဲ့ပါတယ်။ ပြတင်း...
...ကိုဖွင့်ပြီး ခန်းဆီးကို ဖယ်ထုတ်...
...တယ်။ အထဲကိုချောင်းကြည့်လိုက်...
...ရေချိုးကန်ထဲမှာ လဲနေတဲ့ အဘိုး...
...ကိုမြင်ရပါတယ်"

"...နလုံးရောဂါကြောင့်သူမေ့မြောနေ...
...လို့ပဲ ထင်ပါတယ်။ ဘာမှမလုပ်ဘဲ...
...ိုင်းထားခဲ့ဖို့ကို စိတ်ကူးမိတယ်။
...ိုမလုပ်မိတာ မှားပါတယ်။ အဲဒီ...
...် ပြတင်းပေါက်က ကျော်ဝင်ခဲ့...
...အဘိုးကြီးကို အကူအညီပေးဖို့ပါ။
...ထဲကိုရောက်ချိန်မှာပဲ လှေကားက...
...လာတဲ့ခြေသံတွေ ကြားရတယ်။
...ထဲက ပြန်ထွက်ဖို့ မဖြစ်နိုင်တော့...
...ွက် ဗီရိုထဲကို ဝင်ပုန်းနေခဲ့တယ်။
...ယောက်က လူသတ်မှုလို့ ပြောသံ...
...တဲ့အခါမှာ ကျွန်တော် သိပ်ကြောက်...
...ယ်။ လူသတ်မှုနဲ့ အဖမ်းခံရမယ်...
...ာတယ်။ ရဲတွေ ရောက်မလာခင်...
...န်းထဲက ထွက်ပြေးဖို့ ကြံခဲ့တယ်။
...ချိန်မှာ ဗီရိုထဲက အသံထွက်သွား...
တယ်၊ နောက်ထပ်ဖြစ်တာတွေကို ခင်ဗျားတို့ သိပြီးဖြစ်ပါတယ်"

ရဲအုပ် ဦးကျော်စိုးက ဘယ်လို သဘောရလဲဟူသော မျက်နှာပေးဖြင့် အိုင်အို ချစ်ကောင်းကို လှမ်း၍ကြည့်သည်။



“ သို့သော် ဒေါက်တာ သူရလွင်၏ လက်သီးအကြောင့် သူ နာနေပြီ။ အိုင်အိုချစ်ကောင်းမှာ ယက္ခကြီးကို ချုပ်ထိန်းနိုင်အောင် မနည်းကြိုးစားနေရသည်။ နောက်ဆုံးတွင် ဦးကျော်စိုး၏ အကူအညီဖြင့် ယက္ခကြီးကို လက်ထိတ်ခတ်နိုင်ခဲ့၏။ ထို့နောက် ယက္ခကြီး၏ ကိုယ်ပေါ်ကို စနစ်တကျ ရှာဖွေလေသည်။

www.burmeseclassic.com

"နိုင်လုံတဲ့ အထောက်အထားလို တယ်"

အိုင်အိုချစ်ကောင်းက ပြောသည်။

"သူ ပြောတာ မှန်ရင် တော့ အလောင်းကို ဦးသြဘာတွေ့လို့ ရေပိုက်ခေါင်းပိတ်ပြီး အောက်ထပ်ကို ဆင်း၊ ဒေါက်တာသူရလွင်ကိုစောင့်နေတဲ့အခါ မှာသူအခန်းထဲရောက်လာတာဖြစ်လိမ့် မယ်။ အဲဒီလူ လှေကားက ဆင်းလာတာ ဘယ်အချိန်ကလဲ"

"ကျွန်တော် မသိဘူး၊ နာရီမရှိဘူး"

"လှေကားကတက်မလာခင်တော ထဲမှာ ရပ်နေတာ ဘယ်လောက်ကြာ တယ်လို့ထင်လဲ"

"သေသေချာချာ မပြောနိုင်ဘူး၊ ဆယ်မိနစ်လောက်ရှိမယ်"

"ဦးသြဘာ - ဒေါက်တာ သူရလွင် ဆီကို (၁၂)နာရီမိနစ်(၅၀)မှာ ဖုန်းဆက် ခဲ့တယ်၊ ယက္ခကြီးပြောတာမှန်ရင် လူသတ်သမားဟာ (၁၂)နာရီမိနစ်(၄၀) လောက်မှာ လှေကားက ဆင်းသွားတာ ဖြစ်လိမ့်မယ်"

"ဘာတွေလျှောက်ပြီးအတွေးခေါင် နေတာလဲ - အိုင်အိုချစ်ကောင်း"

ဦးကျော်စိုးက စိတ်မရှည်စွာ ပြော သည်။

"အမှုက ရှင်းနေပြီပဲ"

"ဦးသြဘာ၊ ဘာကြောင့်ရေချိုးခန်း ထဲက လှပ်ရှားသံမကြားသလဲဆိုတာကို ကျွန်တော် စဉ်းစားလို့မရဘူး"

"ဦးသြဘာပြောတာကိုယုံသင့်တယ် အိုင်အိုချစ်ကောင်း၊ ရေပိုက်ခေါင်းက ရေကျနေတယ်၊ ပြီးတော့ - လည်ပင်းကို နိုင်လွန်ကြိုးကွင်းစွပ်ခံရတဲ့ လူတစ် ယောက်ဟာ သိပ်အသံထွက်နိုင်မှာ မဟုတ်ဘူး"

"နိုင်လွန်ကြိုး"

ယက္ခကြီးနှုတ်မှအသံထွက်လာ၏။ အရုပ်ဆိုးသောမျက်နှာကြီးကို ရှုံ့မဲ့ပြီး မေး၏။

"အဘိုးကြီးက နိုင်လွန်ကြိုးနဲ့ လည် လိမ်ပြီး အသတ်ခံရတာလား ခင်ဗျာ"

"သူ ဘာဖြစ်တယ်ဆိုတာကိုခင်ဗျား သိပါတယ်၊ ဘာကြောင့် ..."



ယက္ခကြီးသည် ရုတ်တရက်ထပြီး ဆိုသို့ ပြောလေသည်။ အိုင်အိုချစ် ကောင်းက နောက်မှ ပြေးလိုက်သည်။ သောက်သား လုံးထွေးပြီး ကြမ်းပြင် သို့ ကျသွား၏။ ယက္ခကြီးက အပြင်း ကန် ခုန်သည်။ သို့သော် ဒေါက်တာ လွင်၏ လက်သီးဒဏ်ကြောင့် သူ နာ ပြီ အိုင်အိုချစ်ကောင်းမှာ ယက္ခကြီးကို ထိန်းနိုင်အောင် မနည်းကြိုးစားနေ သည်။ နောက်ဆုံးတွင် ဦးကျော်စိုး၏ အညီဖြင့် ယက္ခကြီးကို လက်ထိတ် နိုင်ခဲ့၏။ ထို့နောက် ယက္ခကြီး၏ ပေါ်ကိုစနစ်တကျရှာဖွေလေသည်။ ခင် ထူးခြားသောပစ္စည်းတစ်ခုကို ၏ နိုင်လွန်ကြိုးခွေပင် ဖြစ်ပါသည်။

"ဒါကြောင့်၊ သူ ထွက်ပြေးတာကိုး"

ရဲအုပ်ကျော်စိုးအား လှမ်းပေးရင်း ချစ်ကောင်း ပြောသည်။ ရဲအုပ် စိုး အံ့သြသွား၏။ နိုင်လွန်ကြိုးခွေ ယက္ခကြီးကို မေးသည်။

"မင်း ဘာပြောမလဲ - ယက္ခကြီး"

"သုန်ဖမ်းတဲ့ကျော့ကွင်းလုပ်မလို့ ရာ"

"ဘာကျော့ကွင်းလဲ၊ အဘိုးကြီးကို ဒါနဲ့ လည်ပင်းညှစ်သတ်တာ"

နောက် - အိုင်အိုချစ်ကောင်းအား လှည့်ပြောသည်။

"ဒါဆို - ကျွန်တော်တို့ လိုချင်တာ အားလုံးရပြီ - ဆရာချစ်ကောင်း"

"မပြည့်စုံသေးဘူးဗျ၊ ဆရာကျော်စိုး၊ အချက်တစ်ချက်၊ နှစ်ချက်လောက်တော့ ထပ်ရှာရဦးမယ်"

အိုင်အိုချစ်ကောင်းက ပြောသည်။

"ကောင်းပြီလေ၊ ဆရာပဲ ဆက်လုပ် ပါ၊ လက်ဗွေယူဖို့နဲ့ ဓာတ်ပုံရိုက်ဖို့ ကျွန် တော့်လူကို လွှတ်လိုက်မယ်"

"ကျေးဇူးပဲ - ဆရာကျော်စိုး"

"ကျွန်တော် - ယက္ခကြီးကိုဖမ်းပြီး တရားစွဲဖို့စီစဉ်တော့မယ်၊ ထူးခြားမှုရှိရင် ကျွန်တော့်ကို အကြောင်းကြားပါ"

ထို့နောက် ဦးကျော်စိုး ပြန်သွား၏။ ရဲတပ်သားနှစ်ဦး ယက္ခကြီးကို ဖမ်းခေါ် သွားသည်။

အိုင်အိုချစ်ကောင်းသည် ရေချိုးခန်း ကို လှည့်ပတ်ကြည့်ရှုနေ၏။ ဦးဇော်ကျော် ကိုယက္ခကြီးသတ်သည်ဟူသည်း သူယုံ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်၏၊ ဦးဇေကျော်က သူ့အားအလုပ်ထုတ်ခဲ့၏၊ အမှုဖြစ်ပွားသည့်နေရာတွင် သူ ရောက်နေသည်၊ ထွက်ပြေးရန် ကြိုးစား၏၊ သူ့ကိုယ်ပေါ်တွင် နိုင်လွန်ကြိုးခွေ ရှိနေ၏၊ ဤအချက်များသည် သူ့ကို လူသတ်တရားခံအဖြစ် ညွှန်ပြနေသည်၊

အိုင်အိုချစ်ကောင်းအနေဖြင့် ထိုမျှနှင့် ကျေနပ်နိုင်ပေ၊ တိကျခိုင်လုံသော အထောက်အထား (သို့မဟုတ်) တရားခံ၏ ကိုယ်တိုင်ဝန်ခံချက်ရမှ ကျေနပ်ချင်သည်၊ ယက္ကကြီးသည် ဝန်ခံချက်ပေးမည်ဟု သူ မထင်ပေ၊ ထို့ကြောင့် နောက်ထပ် ခိုင်လုံသောအထောက်အထား ရှာရပေမည်၊

ဦးဇေကျော်၏ ရေလဲလုံချည်ကို ကုလားထိုင်ပေါ်တွင် တွေ့ရ၏၊ ဖိနပ်ကို ကုလားထိုင်အောက်တွင် တွေ့ရသည်၊ ရေချိုးခန်းထဲတွင် ထိုပစ္စည်းနှစ်မျိုးသာ ထူးထူးခြားခြား တွေ့ရသည်၊

အိုင်အိုချစ်ကောင်းက ဦးဇေကျော်၏အိပ်ခန်းကိုသွားရှာပြန်၏၊ ဦးဇေကျော်သည် ရေချိုးခန်းသို့မသွားခင် သေသပ်စွာခေါက်လျက် ကုလားထိုင်ပေါ်တွင် တင်ထားခဲ့၏၊ အလျင်စလိုထွက်သွားပုံ မရပေ၊

ရေချိုးခန်းသို့ပြန်ရောက်သောအခါ ဓာတ်ပုံသမားနှင့် လက်ဗွေယူသူများသည် လုပ်ငန်းဆောင်ရွက်ပြီးဖြစ်ကြောင်း တွေ့ရ၏၊ အိုင်အိုချစ်ကောင်းသည် အလောင်းကို သယ်ယူခွင့်ပြုလိုက်၏၊ အလောင်းကို ကူညီပြီး မ,ချီပေးနေစဉ် တွင်နာခေါင်းဘေးတစ်ဖက်တစ်ချက်စီမှ မည်းနက်သော ချိုင့်ခွင့်နှစ်ခုကို သတိပြုမိလိုက်၏၊

"သူ့မျက်မှန် ဘယ်မှာလဲ"

"ကျွန်တော် မသိဘူး"

ဦးသြဘာက ဖြေသည်၊

"ကျွန်တော် မတွေ့ဘူး"

"သူ့မျက်စိက အနီးမှုန်တာလား"

"ဟုတ်ပါတယ်၊ မျက်စိအလွန်မှုန်ပါတယ်၊ မျက်မှန်မပါရင် ဘာကိုမှ မမြင်ရဘူး"

"ဒါဆို - ရေချိုးကန်ထဲဝင်ချိန်အထိ မျက်မှန်တပ်ထားရလိမ့်မယ်၊ အခု မျက်မှန်ဘယ်မှာလဲ"

ပျောက်နေသောမျက်မှန်ကို လိုက်ရှာသည်၊ အိုင်အိုချစ်ကောင်းသည် တစ်ခုအတွင်းမှမျက်မှန်တစ်လက် တွေ့ခဲ့သည်၊ မျက်မှန်မှာ ဖုန်တက်နေ၏၊

"ဒါက စပယ်ယာဆောင်ထားတဲ့ မျက်မှန်ပါ"

ဦးသြဘာက ပြောသည်၊

"သူတပ်နေကျမျက်မှန်ဟာ တစ်နေရာမှာ ရှိလိမ့်မယ်"

အိုင်အိုချစ်ကောင်းက တစ်အိမ်လုံး မွှေပိုင်းပြီးတစ်ပိုင်းစနစ်တကျရှာဖွေ၏၊ ... ဘတ်ဆုံးတွင်လိပ်ထားသောကော် ... ခွင်စိုက်ဝင်နေသည့်မှန်ကွဲစတစ်စ တွေ့ရသည်၊ ပျောက်နေသော မျက်မှန်ကွဲစဖြစ်မည်ဟု ယူဆမိ၏၊ ... ဘောပေါ်တွင် ဒူးထောက်နေရာမှ ... လိုက်သည်၊ အိုင်အိုချစ်ကောင်းက ... ဘာကိုကြည့်ပြီးမေးသည်၊

"ဦးဇေကျော်ဟာ အိပ်ရာဝင်ခါနီးမှာ ... တီးတယ်လို့ခင်ဗျားပြောတယ်၊ ... သီချင်းကို တီးတတ်လဲ"

"ဗိုးခေါင်ကြွေးကြော်မန်းတောင်ရိုး ပေါ်ဆိုတဲ့သီချင်းပါ၊ အဲဒါ - သူ အမြဲတီးနေကျသီချင်းပါ"

"အလုပ်သမားတွေ လုပ်စတိုးတောင်းတဲ့ အကြောင်းကို ခင်ဗျား သိလား"

"ကျွန်တော် မသိပါဘူး"

"အဲဒီအကြောင်းကို ဘယ်သူ့ကို မေးရင် သိနိုင်မလဲ"

"ပိုင်စိုးဝေ သိမယ်လို့ထင်ပါတယ်"

"ဒီအချိန်မျိုးမှာ သူ့ကို သွားနှိုးပြီး မေးလို့ကောင်းပါ့မလား"

"ရပါလိမ့်မယ်၊ သူဟာ ဦးဇေကျော်ရဲ့သားတစ်ယောက်လိုပါပဲ"

"သူ ဘယ်မှာနေသလဲ"

"မော်ဘီရှပ်ရှင်ရုံနားမှာပါ၊ ဒေါက်တာသူရလွင်ဆေးခန်းနဲ့ သိပ်မဝေးဘူး"

"ဒီလောက်ဆို - ကျွန်တော် သွားတတ်ပြီ"

ပိုင်စိုးဝေသည်အိပ်ရာမှထပြီး တံခါး ဖွင့်ပေး၏၊ အိုင်အိုချစ်ကောင်းက အကျိုး





www.burmeseclassic.com

www.burmeseclassic.com

အကြောင်းပြောပြသောအခါ မျက်လုံး ပြူးကျယ်သွား၏။

"အိမ်ထဲဝင်ထိုင်ပါဦး"

ဧည့်ခန်းထဲမှာ ထိုင်ပြီးနောက် -

"မယုံနိုင်အောင်ပါပဲ ခင်ဗျာ၊ ကျွန်တော် - သူ့အိမ်က ပြန်လာတာ မကြာသေးဘူး" ဟု စိတ်မကောင်းစွာ ပြောသည်။

ပိုင်စိုးဝေမှာ အသက်(၃၅)နှစ်ခန့် အသားဖြူဖြူလူရွယ်တစ်ဦးဖြစ်သည်။ ဧည့်ခန်း၌ ခေတ်မီအသုံးအဆောင်များ ပြည့်စုံစွာ ရှိ၏။ ဧည့်ခန်းနံရံတွင် နိုင်ငံခြားနှင့် ပြည်တွင်းမှ ရုပ်ရှင်မင်းသမီးဓာတ်ပုံများ ချိတ်ထားသည်။ အိုင်အိုချစ်ကောင်းက ထိုအချက်ကို သတိထားလိုက်၏။

"ကျွန်တော် တကယ့်ကို စိတ်မကောင်းဖြစ်မိတယ်၊ ဦးဟာ ကျွန်တော့်အဖေလိုပါပဲ"

ပိုင်စိုးဝေကပြောလေ၏။ တစ်ဆက်တည်း -

"ကဲ - ကျွန်တော် ဘာအကူအညီပေးရမလဲ ပြောပါ"

"ကျွန်တော် သိသမျှတော့ ခင်ဗျားဟာ ဦးဇေကျော်ကို အသက်ရှင်လျက်တွေ့ခဲ့တဲ့နောက်ဆုံးလူပဲ၊ လူသတ်သမားက လွဲရင်ပေါ့ - ဟုတ်ရဲ့လား"

"ဦးသြဘာကော ..."

"ဦးသြဘာက သူ့အခန်းထဲမှာ ရောက်နေပြီ"

"ဒါဆို ဟုတ်ပါတယ်၊ ဦးဇေကျော်က သူ့ကို အိပ်ချင်အိပ်နိုင်ပြီလို့ပြောတာကို ကျွန်တော် မှတ်မိပြီ"

"ဒါဆို - ဦးဇေကျော်က အလုပ်သမားတွေ လုပ်ခတိုးတောင်းတာနဲ့ပတ်သက်ပြီး ဘာပြောခဲ့လဲ၊ လူသတ်မှုရဲ့ရည်ရွယ်ချက်ကိုတော့ သိဖို့လိုတယ်"

"အဲဒီအကြောင်းကို ဘာမှမပြောဘူး၊ အလုပ်သမားတွေကတော့ လုပ်ခတိုးလိုချင်တာပေါ့ဗျာ၊ လုပ်ခတိုးမပေးရင် ဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုပြီး ခြိမ်းခြောက်တယ်၊ ဒါပေမဲ့ - ဦးဇေကျော်က ဂရုမစိုက်ဘူး"

"ဦးဇေကျော်ဟာ ဒီကိစ္စကိုအလေးအနက်ထားလိမ့်မယ်၊ ဦးသြဘာက



[...]တို့အလုပ်သမားတွေအကြောင်း [...]ဆွေးနွေးနေတယ်လို့ပြောတယ်"

"ဆွေးနွေးပါတယ်၊ စာရင်းတွေပြန် [...]ပြီး လုပ်ခတိုးပေးနိုင်မလားလို့ [...]တယ်၊ ဟိုမှာ စာရင်းစာအုပ်တွေ၊ [...]တော် အဲဒီက ပြန်လာပြီးနောက် [...]ခဲ့တာ"

"ခင်ဗျားတို့ ဘယ်လိုဆုံးဖြတ်ခဲ့ [...]"

"လုပ်ခတိုးမပေးနိုင်ဘူး၊ အခုပေး [...]ခကို လက်မခံနိုင်ရင် အလုပ်က [...]ကြရုံပဲတဲ့"

"သက္ကကြီးကို သိသလား"

"သိပါတယ်၊ ဒါပေမဲ့ သူ့အကြောင်း ဘာမှမပြောပါဘူး"

အိုင်အိုချစ်ကောင်းက အတန်ကြာ [...]တိတ်နေပြန်၏။ ထို့နောက် မေးပြန် [...]

"ဦးသြဘာက ပြောတယ်၊ ခင်ဗျား [...]နာရီ (၁၅)မိနစ်မှာ ပိတောက်မြိုင် [...]သွားတယ်လို့"

"(၁၂)နာရီ (၁၅)မိနစ်တိတိပါ"

ပိုင်စိုးဝေက တိတိကျကျဖြေသည်။

"အဲဒီတုန်းက ကျွန်တော်နာရီကြည့်ခဲ့ပါတယ်၊ အိမ်ကိုလမ်းလျှောက်ပြန်ရင် ဘယ်လောက်ကြာမလဲလို့ သိချင်လို့ပါ"

"ဘယ်လောက်ကြာသလဲ"

"မိနစ်(၂၀)တိတိပါ"

"ဒီစာအုပ်တွေကိုသယ်ပြီး လမ်းလျှောက်ရတာပဲ၊ ဒီလောက်တော့ ကြာလိမ့်မယ်၊ ဒါဆို - (၁၂)နာရီ (၃၅)မိနစ်မှာ အိမ်ကို ရောက်လိမ့်မယ်"

"ဟုတ်ပါတယ်၊ အိမ်ရောက်တော့ (၁၅)မိနစ်ထိုင်ပြီး ဆွေးနွေးပွဲမှာ ပြောခဲ့တဲ့အကြောင်းတွေကို မှတ်စုရေးသေးတယ်၊ အဲနောက် အိပ်ရာဝင်တယ်"

"ဒါဆို ..."

အိုင်အိုချစ်ကောင်းက ပြောသည့်စကားကို ခေတ္တရပ်ထားလိုက်၏။

"ဘာဖြစ်လို့လဲ ခင်ဗျာ"

"ဘာမှမဖြစ်ပါဘူး၊ ခင်ဗျားရဲ့ကျန်းမာရေးကို အံ့သြမိတာပါ၊ ခင်ဗျားဟာ မနက်ဖြန်မှာအလုပ်သမားတွေကိုဖြေပေးဖို့စာရေးရဦးမယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါတယ် ခင်ဗျာ။ ဒါပေမဲ့ - ကျွန်တော့်ခေါင်းထဲမှာ အချက်အလက်တွေ ရှုပ်ပြီးဖြစ်တဲ့အတွက် အစကအဆုံး မရှိပါဘူး"

"ဟုတ်တာပေါ့"

အိုင်အိုချစ်ကောင်းက ထရပ်လိုက်သည်။

"လုပ်အားခကိစ္စဟာ လူသတ်မှုရဲ့ အဓိကအကြောင်း ဖြစ်ပါလိမ့်မယ်။ အခြားအကြောင်းမရှိနိုင်ဘူး"

ထို့နောက် သူ့အိတ်ထဲမှ စီးကရက်ကို ထုတ်လိုက်၏။

"ဆေးလိပ်သောက်ပါ၊ ကိုပိုင်စိုးဝေ"

"ကျေးဇူးပဲ"

ပိုင်စိုးဝေသည် စီးကရက်တစ်လိပ် ယူသည်။ မီးခြစ်ခြစ်ပြီး မီးညှိ၏။

"နောက်ထပ် ဘာကူညီရဦးမလဲ ခင်ဗျာ"

"ခင်ဗျားအနေနဲ့ ဝန်မလေးဘူးဆိုရင် ..."

အိုင်အိုချစ်ကောင်းက စကားရပ်ပြီး စီးကရက်ကို မီးညှိနေသည်။

"ကျွန်တော်နဲ့အတူ ရဲစခန်းကိုလိုက်ခဲ့စေချင်ပါတယ်။ ရဲအုပ် ဦးကျော်စိုးက ဒီအမှုကို ကိုင်နေတယ်။ သူဟာ အမှုအတွက် သိပ်စိတ်ဓာတ်ကျနေတယ်။ အခု ကျွန်တော့်ကိုပြောတဲ့အကြောင်းတွေကို သူ့ကို ပြောပြစေချင်ပါတယ်။ တရားဝင် ထွက်ဆိုချက်ပေါ့ဗျာ"

"အခုချက်ချင်းလား"

"ခင်ဗျား လိုက်နိုင်မယ်ဆိုရင်ပါ"

"ကောင်းပြီလေ"

ပိုင်စိုးဝေက ပခုံးကျုံ့လိုက်၏။

"ခဏစောင့်ပါ၊ ကျွန်တော် အဝတ်အစားလဲလိုက်ပါဦးမယ်"

ပိုင်စိုးဝေသည် ရဲစခန်းသို့လိုက်လာပြီး ထွက်ဆိုချက်ပေးပြီး လက်မှတ်ထိုး၏။ ရဲအုပ် ဦးကျော်စိုးသည် ထွက်ဆိုချက်ကိုဖတ်ပြီး မျက်နှာရှုံ့လိုက်၏။

"ဒီထွက်ဆိုချက်ဟာ ဘာမှအသုံးမဝင်ဘူးဗျ"

ဦးကျော်စိုးက အိုင်အိုချစ်ကောင်းကို လှည့်ကြည့်ပြီး ပြောပြန်သည်။



"ဒါနဲ့များ ဆရာရယ် - ညကြီးအချိန်တော်မှာ သူ့ကို ဒီခေါ်ရတယ်လို့"

"သူ လိမ်ပြောနေတာဗျ။ ဦးဖေကျော်ကိုသတ်တာ သူပဲ"

ဦးကျော်စိုးရော၊ ပိုင်စိုးဝေပါ သူ့ကို ကြည့်ပြီး အံ့အားသင့်နေကြသည်။

"ဘာပြောတယ်ဗျ"

ပိုင်စိုးဝေက မေးသည်။

"ခင်ဗျား - ဘာကြောင့် ဦးဖေကျော်ကို သတ်သလဲဆိုတာ ကျွန်တော် မသိသေးဘူး။ ငွေစာရင်းတွေ လိမ်ထားတာ ဖြစ်မယ်ထင်တာပဲ"

"ကျွန်တော် - ဒါမျိုး ဘယ်တုံးကမှ မလုပ်ခဲ့ဘူး"

"ခင်ဗျား စဉ်းစားကြည့်ပါ"

အိုင်အိုချစ်ကောင်းက ဦးကျော်စိုးကို ကြည့်ပြီးပြောသည်။

"ဦးဖေကျော်ရဲ့မျက်မှန်က စာကြည့်ခန်းထဲမှာ ကွဲခဲ့တယ်။ သူ့လိုမျက်စိအလွန်မှုန်တဲ့ လူတစ်ယောက်ဟာ ဘာကြောင့် အပိုဆောင်ထားတဲ့မျက်မှန်ကို ချက်ချင်း ထုတ်ပြီး မတပ်ခဲ့သလဲဆိုတာကို ကျွန်တော် စဉ်းစားလို့မရဘူး"

"ဘာတွေပြောနေတာလဲ - ဆရာရယ်။ ကျွန်တော် နားမလည်တော့ဘူး"

ဦးကျော်စိုးက ညည်းညူပြီး ပြောဆိုနေသည်။

"ဒါဆိုရင် - လိုရင်းကိုပြောပြမယ်။ သူဟာ အပေါ်ထပ်ကို ပြန်တက်လာချိန်မှာ သေနေပြီလေ။ ဒါကြောင့် - ဦးညြဘာက သတ်ပုတ်သံကို မကြားရတာပဲ"

"မဟုတ်တာတွေ မပြောနဲ့"

ပိုင်စိုးဝေက ဝင်ပြော၏။

"ဒါဟာ ..."

"ဦးညြဘာဟာ ဦးဖေကျော်ကို မြင်တာမဟုတ်ဘူး။ လှုပ်ရှားသွားလာတဲ့ အသံကိုပဲ ကြားတယ်လို့ ပြောခဲ့တယ်"

အိုင်အိုချစ်ကောင်းက ဆက်ပြောသည်။

"ပိုင်စိုးဝေ ပြန်သွားတာကိုလည်း မမြင်ဘူး။ တံခါးပိတ်သံ၊ မင်းတုပ်ချသံနဲ့ အပေါ်ထပ်ကို လူတစ်ယောက်အသံကို ကြားခဲ့တယ်။ ဒါတွေကိုအခြေခံပြီး ကျွန်တော် ဒီလိုတွေးမိတယ်"

"ဦးဖေကျော်ဟာ ပိုင်စိုးဝေတို့ စက်ရုံ ငွေတွေကို လိမ်ပြီးထားတယ်လို့



www.burmeseclassic.com

www.burmeseclassic.com

သံသယရှိလိမ့်မယ်ဗျာ။ ဒါကြောင့် – ငွေစာရင်းစာအုပ်တွေယူပြီး ပိတောက်မြိုင်ကို လာဖို့ခေါ်လိုက်တယ်။ သူ့အလိမ်ပေါ်မယ်ဆိုတာ သိတဲ့အတွက် ပိုင်စိုးဝေဟာ ဦးဇေကျော်ကိုသတ်ဖို့ ကြိုတင်စီစဉ်ခဲ့တယ်။ လေ့ကားကို ပြတင်းပေါက်မှာ ထောင်ထားခဲ့တယ်၊ အပြင်က လူတစ်ယောက်က အိမ်ထဲဝင်ပြီး လူသတ်မှုကျူးလွန်တယ်လို့ထင်သွားအောင် လုပ်တာပဲ၊ သူ့အိမ်ကိုပြန်သွားတဲ့အကြောင်း ထင်ရှားစေတဲ့အကြောင်းတစ်ခုကို သူသိထားခဲ့ပါတယ်၊ လူသတ်သမားက ဦးဇေကျော်ကိုမကျေနပ်တဲ့အလုပ်သမားလို့ထင်အောင် နိုင်လွန်ကြိုးကို အသုံးပြုခဲ့တယ်"

"ယက္ခကြီးကိုယ်ပေါ်က နိုင်လွန်ကြိုးကို ရှာတွေ့ခဲ့တယ်လေ"

ပိုင်စိုးဝေက အချက်ကျကျဝင်ပြောသည်၊

"ယက္ခကြီး ရေချိုးခန်းထဲကိုရောက်လာတာဟာ ခင်ဗျားအတွက် ကံကောင်းတဲ့တိုက်ဆိုင်မှုပဲ၊ သူပြောတာတွေ အားလုံးမှန်တယ်၊ ဦးသြဘာက သူ့အိပ်ခန်း[illegible]ဝင်သွားပြီးမှ မကြာခင် ခင်ဗျားဟာ ဦးဇေကျော်ကို နိုင်လွန်ကြိုးနဲ့ လည်[illegible]လိမ်ပြီး သတ်ခဲ့တယ်၊ အဲဒီ့အချိန်မှာ ဦးဇေကျော်ရဲ့မျက်မှန် ကျကွဲသွားတယ်၊ ခင်ဗျားဟာမှန်ကွဲတွေကိုသေသေချာချာ[illegible] ကောက်ယူခဲ့တယ်၊ ဒါပေမဲ့ – ကော်[illegible]ပေါ်မှာ ကပ်နေတဲ့မှန်ကွဲစကို မမြင်ခဲ့ဘူး"

"(၁၂)နာရီ(၁၅)မိနစ်မှာ တံခါး[illegible] ခဲ့တယ်၊ ပြီးတော့ – အသံမြည်အောင်[illegible] ပြန်ပိတ်တယ်၊ မင်းတုပ်ချလိုက်တယ်[illegible] ဒါဟာ ခင်ဗျား အိမ်ပြန်သွားပြီလို့ ထင်[illegible] အောင် လုပ်တာပဲ၊ ဦးဇေကျော်ရဲ့ အလောင်းကိုမ,ပြီးအိပ်ခန်းထဲကိုယူလာ[illegible]တယ်၊ ပြီးတော့ – အဝတ်အစားတွေကို[illegible] ချွတ်တယ်၊ လှုပ်ရှားသံကို ဦးသြဘာ[illegible] ကြားမယ်ဆိုတာကိုသိတယ်၊ အဲဒီနောက်[illegible] အလောင်းကို ရေချိုးခန်းထဲ ယူလာပြီး[illegible] တယ်၊ ရေချိုးကန်ထဲ ချပြီး ရေပိုက်ခေါင်း[illegible] ဖွင့်တယ်၊ အဲဒီနောက် ပြတင်းပေါက်မှာ[illegible] ထောင်ထားတဲ့ လှေကားက ဆင်း[illegible] တယ်"

ရှည်လျားစွာ ရှင်းပြရသဖြင့် အိုင်အိုချစ်ကောင်း မောသွား၏၊ စကားကို ခဏနားလိုက်၏၊ ပိုင်စိုးဝေက သူ့ကိုမခိုးမခန့်ကြည့်နေ၏၊ ဦးကျော်စိုးက လေးနက်စွာ တွေးနေ၏၊

"ဆရာပြောတာ ဖြစ်လည်း ဖြစ်နိုင်တယ်၊ ဒါပေမဲ့လည်းအထောက်အထား မရှိဘူး"

ဦးကျော်စိုးက ပြောသည်၊

"ဟုတ်ပါတယ်၊ ကျွန်တော်အထောက်အထားပြပါ့မယ်၊ ပိုင်စိုးဝေဟာ ဒီအိမ်မှာ ထင်ထွက်နေကျဖြစ်တယ် ဆိုတာကို ခင်ဗျားသိတယ်နော်၊ ဦးသြဘာဟာ အိပ်ခင်စာဖတ်နေကျဖြစ်တယ်ဆိုတာကိုလည်း ခင်ဗျားသိတယ်၊ ဦးဇေကျော်[illegible] ဒိုးခေါင်ကြွေးကြော်သီချင်းကို ပတ္တ[illegible]နဲ့ တီးတာကိုလည်း သိတယ်"

"ဟုတ်ပြီ – ဆက်ပြောပါ"

"ကျွန်တော် – ပိုင်စိုးဝေအိမ်ကိုသွား[illegible]တယ်၊ အဲဒီတုန်းက သူက လိမ်ပြောခဲ့[illegible]တယ်၊ (၁၂)နာရီ(၃၅)မိနစ်မှာ အိမ်ပြန်ရောက်တယ်လို့ပြောတယ်၊ တကယ်တ (၁၂)နာရီ (၅၀)မိနစ်အထိ သူ့အိမ်ကို ပြန်မရောက်သေးဘူး၊ ညက လျှပ်စစ်မီးပြတ်သွားခဲ့တယ်၊ (၁၂)နာရီ(၅၀)မိနစ်အထိ မီးပြန်မလာဘူး၊ ဦးသြဘာတရဲ့စခန်းကိုတယ်လီဖုန်းမဆက်ခင်အထိ မီးပြန်မလာဘူး၊ ပိုင်စိုးဝေဟာလျှပ်စစ်မီးပျက်တာကို သိပုံမရဘူး၊ ဘာကြောင့်လည်းဆိုတော့ လျှပ်စစ်မီးပြန်လာတဲ့အထိ သူ အိမ်ကို ပြန်မရောက်သေးလို့ပဲ"

"ဒါတော့ သဘောပေါက်ပါပြီ"

ဦးကျော်စိုးက ပိုင်စိုးဝေကိုကြည့်ပြီး ပြောသည်၊ ပိုင်စိုးဝေ၏မျက်နှာမှာ သွေးဆုတ်သလို ဖြူရော်နေသည်၊

"ဒါပေမဲ့ – အထောက်အထားလိုတယ်ဆရာ၊ သူလူသတ်မှုကိုကျူးလွန်ခဲ့ကြောင်း နိုင်လုံတဲ့အထောက်အထား မရှိသေးဘူးဗျ"

"ကျွန်တော် ပြောဖို့ကျန်ပါသေးတယ်" အိုင်အိုချစ်ကောင်း ဆက်ပြောသည်၊





www.burmeseclassic.com

www.burmeseclassic.com

"သူ့လက်တွေကုတ်အင်္ကျီအိတ်ထဲ ကနုတ်ထားတာတွေ့တယ်မဟုတ်လား။ ကျွန်တော် သူ့ကို စီးကရက်ပေးတုန်းက သူ့လက်တွေကိုမြင်လိုက်ရတယ်၊ ကိုင်းခင်ဗျား အခုကြည့်ပါ"

ဦးကျော်စိုးသည် ပိုင်စိုးဝေ၏လက်များကို အတင်းဖြန့်ကြည့်၏၊ လက်နှစ်ဖက်စလုံး၏ လက်မနှင့် လက်ညှိုးတွင် ချိုင့်နေသော အနီစင်းကြောင်းများကို တွေ့ရသည်၊

"လူတစ်ယောက်ကို နိုင်လွန်ကြိုးနဲ့ လည်ပင်းညှစ်သတ်ရတာမလွယ်ဘူးဗျ၊ ဦးဇေကျော်ရဲ့လည်ပင်းမှာလည်း အဲဒီအက်ရာမျိုးရှိတယ်၊ အဲဒီအက်ရာနှစ်ခုဟာ အတူတူပဲ"

အိုင်အိုချစ်ကောင်းက တိတိကျကျ ပြောလေသည်၊

"ဒါပေမဲ့၊ ပိုင်စိုးဝေပြန်သွားတဲ့နောက်မှာ ခါတိုင်းလို ဦးဇေကျော် ပတ္တလားတီးသံတို ကြားရပါတယ်လို့ ဦးသြဘာက ပြောတယ်၊ အဲဒီအချိန်မှာ ဦးဇေကျော် သေနေပြီဆိုရင် ပတ္တလားတီးနိုင်ပါ့မလား"

ရဲအုပ် ဦးကျော်စိုးက စိတ်ရှုပ်

ဟန်ဖြင့် ပြန်မေးသည်၊

"ကျွန်တော် - ပိုင်စိုးဝေအိမ်

တုန်းက ဧည့်ခန်းထဲမှာ မိန်းမချော

တွေရဲ့ဓာတ်ပုံတွေ အများကြီးတွေ့

တယ်၊ အဲဒီမှာ ထူးထူးခြားခြားတစ်ခု

ခဲ့ရတယ်ဗျ၊ မှန်ပေါင်သွင်းထားတဲ့လ

မှတ်တစ်ခုပါ၊ အဲဒါကတော့ဗျာ - ရန်

တက္ကသိုလ်အနုပညာအသင်းကကျ

တဲ့ဝါးပတ္တလားအတီးပြိုင်ပွဲမှာ ဝိဇ္ဇာ(

တန်းကျောင်းသားမောင်ပိုင်စိုးဝေပ

ဆုရတဲ့ လက်မှတ်ပါပဲ"

အိုင်အိုချစ်ကောင်း၏စကားအ

တွင် နားထောင်နေသော ပိုင်စိုး

ခေါင်းငိုက်စိုက်ကျသွားလေ

သတည်း၊

ဘသက်



www.burmeseclassic.com

# ချစ်မြတ်နိုးရယ် ကျွန်တော်ရယ်

ရှင်ခေါင်းယဉ်




**တနင်္ဂနွေ**ညတစ်ညဖြစ်သည်၊ ထို့ကြောင့်ပုလဲရွှေရည်ကာလပ်တွင် ည်ကားနေသည်၊ ၁၉၄၇ – ခုနှစ်ဝန်း ာ ရန်ကုန်မြို့တွင် ဧကော်မီသားနား ညကာလပ်ဟူ၍လက်ချိုးရေတွက် ိုင်လောက်အောင် နည်းပါးသည်။

လွတ်လပ်ရေးမရမီကာလဖြစ်သော င့်ပုလဲရွှေရည်ကာလပ်သို့ဗြိတိသျှ ာဖြူများနှင့်ဂုဏ်သရေရှိအထက် လွှာဟု သူတို့ကိုယ်သူတို့ခေါ်င်းစဉ် ားသော မြန်မာလူကြီးမင်းအချို့ ဇာသီသီ သုံးနိုင်စွဲနိုင်ကြသော ဘို ဝါက်နေကြသူများ စသည်တို့ဖြင့် ားနေလေသည်။

ထိုကာလပ်တွင် ကျွန်တော်သည် တော်တစ်ယောက်ဖြစ်ပြီးလက်ဆွဲ ာနှင့် တီးမှုတ်သီဆို ဖျော်ဖြေရသူ ယောက်ဖြစ်သည်။ ကျွန်တော်ရှိရာ တစင်မြင့်နှင့် အနီးဆုံးရှေ့တန်း တွင်စားပွဲတစ်လုံးဖြင့်တစ်ယောက်တည်း ယမကာတစ်ခွက် မှီဝဲနေသော မိန်းမပျို တစ်ယောက်ကို သတိပြုမိသည်၊

သူမ၏ ပြည့်ပြည့်ဝန်းဝန်း မျက်နှာ လေးကိုသက်တံ့ရောင်စုံဆေးရောင်များ ခြယ်သထားသောကြောင့် ပိုမိုထင်ရှား သောအလှပိုင်ရှင် ဖြစ်နေလေသည်၊ သူမသည်ကျွန်တော်၏သီဆိုဖျော်ဖြေမှု ကိုချစ်ရည်ရွှန်းလဲ့သောမျက်လုံးအစုံဖြင့် မျက်ခြည်မပြတ်ကြည့်နေသောကြောင့် သတိထားမိခြင်း ဖြစ်သည်၊ တစ်ချက် တစ်ချက်နီစွေးပြည့်တင်းသော နှုတ်ခမ်း နှစ်လွှာကိုတွန့်၍ အပြုံးလဲ့လဲ့ဖြင့် ပြုံး တတ်သေးသည်၊

သူမ၏ ဝတ်စားပြင်ဆင်မှုနှင့် ဆင် ယင်ထုံးဖွဲ့မှုကို ကြည့်ရခြင်းအားဖြင့် ဘိုဆန်သည်ဟူ၍သုံးနှုန်းခေါ်ဝေါ်သမုတ်



မာယာများလှသော
မာယာရှင်တစ်ယောက်က
ရာဇဝတ်မှုတစ်ခုအတွက် ဆားစာခံ
ပြုလုပ်ရန် ကြိုးစားရာမှ ..

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က စမှားတာပါ။
နောင်ကြီးက စကားနဲ့ပြောတာကို။
ကျွန်တော်က စိတ်မထိန်းပဲ ကိုယ်ထိ
လက်ရောက် ကျူးလွန်မိတဲ့အတွက်
တောင်းပန်ပါတယ်။ တကယ်တော့
စင်သီယာလိုအမျိုးသမီးနဲ့ တွဲခဲ့သူတိုင်း
အခုလိုအပြောမျိုး ခံရလိမ့်မယ်ဆိုတာ
ကျွန်တော် သိနားလည်ထားဖို့
ကောင်းပါတယ်။



လေ့ရှိသောအမျိုးအစားထဲမှဖြစ်ပေလိမ့်မည်။ အထူးသဖြင့်ပွင့်လင်းသည်၊ ရဲတင်းသည်၊ မြန်မာ့ထုံးတမ်းစဉ်လာ၊ မိကောင်းဖခင်တို့၏သမီးများနည်းတူ ဗိုင်းကောင်းကျောက်ဖိအတန်းအစား မဟုတ်ပါချေ။

မည်သို့ဖြစ်စေ၊ လွန်ခဲ့သောတင်း... သာသာခန့်ကသော ကျွန်တော့်အ... သွေးပူဖလှောကျင့်ခန်းလေးတစ်ပွဲမ... ခဲ့ပါလျှင် ထိုအမျိုးသမီးအနီးသို့ ချဉ်း... မိပေလိမ့်မည်။ ထိုသို့ ချဉ်းကပ်ဖော်... စဉ် အချစ်သီချင်း သိမ်သိမ်မွေ့မွေ့... ဖြင့် သီဆိုခြင်းကို အချို့ခေတ်မီအ... သမီးတို့ကကျေနပ်နှစ်သက်လေ့ရှိ... သို့ရာတွင် ထိုကဲ့သို့သောမိန်းမရော... တွင်အတွဲအဖြစ် အမျိုးသားတစ်ယော... ယောက် ပါလေ့ရှိသည်။ အကယ်၍... သဝန်ကြောင်တတ်သော အမျိုး... အဖော်ဖြစ်နေပါက ကျွန်တော့်အ... ပြဿနာတစ်ရပ် ထပ်မံဆင်နွှဲရ... မည်။

တစ်ညတည်းတွင် စားသောက်... ကပ်စတန်မာတို့နှင့် တစ်ကြိမ်... နှစ်ကြိမ်တိုင်တိုင် ကိုယ်ထိလက်ရော... ရန်ပွဲဖြစ်ခဲ့လျှင် ကျွန်တော့်အဖို့ တ... အဆိုတော်ဘဝကို စွန့်လွှတ်ရမည်... သေချာနေသည်။

ကျွန်တော်၏သီဆိုဖျော်ဖြေမှုပြီး... ချိန်တွင် စင်မြင့်အနောက်ဘက်လေ... ဆင်းခဲ့ရသည်။ ထိုနောက် သေးဘက်...

...သွားစကြံမှပတ်၍စင်မြင့်ရှေ့သို့အထွက် ...စာစာက မိန်းမပျိုထိုင်နေရာစားပွဲသို့ ...ကြည့်တစ်ချက် ဝေ့ခနဲ ရောက်ရှိသွား ...သည်။ သို့ရာတွင်အမျိုးသမီးထိုင်ခဲ့သော ...ပွဲတွင် တစ်စုံတစ်ယောက်မှမတွေ့ ...ည်သည့်အချိန်က ခြေရာဖျောက်သွား ...န်းမသိလိုက်ရ။

ထို့ကြောင့်ကျွန်တော်သည်ကလပ် ...အတွင်းဘက်ရှိ ဘားကောင်တာသို့ ...လျှောက်ခဲ့သည်။ ယစ်ရွှေရည်တစ်ခွက် ...၍မြည်းစုပ်နေမိလိုက်သည်။ ထိုအခါ ...အတွင်း ဘားကောင်တာထောင့်ဘက်မှ ...ယ်လီဖုန်းအသံမြည်လာသည်။ အရက် ...နဲ့သူက ကောက်ယူနားထောင်လိုက် ...သည်။ ကျွန်တော့်ဘက်သို့ မျက်လုံးတစ် ...ချက် ဝေ့ကြည့်လိုက်ပြီး စကားပြောခွက် ...ကို လှမ်းပေးလာသည်။

"ဟဲလို၊ ကျွန်တော် မင်းကျော်ထိုက် ...ပါ - ဘယ်သူပါလဲ"

ကျွန်တော်က အဖြေတစ်ခွန်းနှင့် ...မေးခွန်းတစ်ခုကို ဆက်တိုက်ပြုသည်။

"ချစ်မြတ်နိုးဆက်တာပါ။ သူမှတ်မိ ...မဟုတ်ဘူး။ စောစောက ကိုထိုက် ...သီချင်းဆိုနေတုန်းမှာ ရှေ့ဆုံးစားပွဲက ...ထားပေးနေသူပါ - သိပြီလား"

အမျိုးသမီးက တရင်းတနှီး ပြော သည်။

"သိပါပြီ၊ ဒါထက် - ဖုန်းဆက်ရတဲ့ အကြောင်းက ဘာများလဲ"

"အရမ်းအရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး ကိုထိုက်ရဲ့အကူအညီကို အသည်းအသန် ရမှ ဖြစ်မယ်၊ ဒီည ကိုထိုက်နဲ့ တွေ့မှဖြစ်မယ်"

အမျိုးသမီးက ခပ်သွက်သွက်ပြော သည်။

ကျွန်တော်သည် လောလောဆယ် အချိန်တွင် အတွေးတစ်ခု ရုတ်တရက် ပေါ်လာသည်။

"ဘယ်မှာတွေ့မှာလဲ"

ကျွန်တော်၏မေးခွန်းကို ချစ်မြတ်နိုး ကလိပ်စာတစ်ခုရွတ်ပြသည်။ ကျွန်တော် က ဘားကောင်တာရှိ တစ်ရှူးပိုင်လေး တစ်ခုတွင် ချက်ချင်းရေးမှတ် လိုက် သည်။

ကျွန်တော်သည် ချစ်မြတ်နိုးပေး သောလိပ်စာအတိုင်း သွားရောက်တွေ့ ဆုံရန် တီးဝိုင်းအဖွဲ့ခေါင်းဆောင် ဝီလျံထံ တွင် ခွင့်တောင်းသည်။ ဝီလျံက သူ့မော် ရစ်မိုင်နာကားလေးကို ယာဉ်မောင်းနှင့် အတူ ပို့ပေးနိုင်းလိုက်သည်။

www.burmeseclassic.com

ချစ်မြတ်နိုး၊ပြောပြသောလိပ်စာအတိုင်းကားနှင့်လိုက်ပါနေဆဲတွင်ညဦးပိုင်းက ဖြစ်ခဲ့ရသောပြဿနာကို ပြန်လည်အမှတ်ရမိသည်။

တစ်ချိန်တစ်ခါက ကျွန်တော်နှင့်အတွဲအဖြစ် ယာယီတွဲခဲ့ဖူးသူ စင်သီယာသည် ပုလဲရွှေရည်ကလပ်တွင်းသို့ ဝင်လာသည်၊ ကျွန်တော်က အကြည့်ချင်းဆုံမိသည်တွင် အပြုံးတစ်ချက် ဖြင့်အလိုက်သင့် နှုတ်ဆက်လိုက်သည်။

သို့ရာတွင် စင်သီယာက ရှုတင်းတင်းဖြင့် မျက်နှာလွှဲသွားသည်။

"ဆောရီးကွာ - မင်းကိုယ့်ကိုမမှတ်မိလောက်အောင်ပြောင်းလဲသွားမှန်းမသိလို့ပါ၊ နောက်ဆိုရင် လုံးဝနှုတ်ဆက်ဖို့မစဉ်းစားတော့ဘူး"

ကျွန်တော်က အရွဲ့တိုက်ပြောသည်၊

ထိုအခိုက်အတန့်တွင်စင်သီယာ၏နောက်မှကပ်လျက်ပါလာသူတစ်ယောက်ကရှေ့သို့ခြေတစ်လှမ်းတက်၍ကျွန်တော်နှင့် စင်သီယာကြားတွင် နေရာယူလိုက်သည်၊ ကျွန်တော့်ကိုမီးဝင်းဝင်းတောက်သောမျက်လုံးအစုံဖြင့် ခြေဆုံးခေါင်းဆုံးကြည့်၍ စင်သီယာကို လှမ်းမေးသည်၊

"စင်သီယာ - အဲဒါမင်းအသိလား"

"နိုး - တစ်ခါမှ မတွေ့ဖူးဘူး"

စင်သီယာက ပြောင်လိမ်ပြောင်တားပြောသည်၊

"ကိုယ့်လူ ဘာလာကြောင်တာလဲ"

ထိုသူကအတွဲရှေ့တွင်မာန်တက်ပြသည်၊

"စင်သီယာနဲ့ကိုယ် အတွဲဖြစ်ခဲ့ဖူးတာ ခေတ်ပေါ်ဂီတသမားတွေအားလုံးသိတယ်၊ ပြဿနာမရှိဘူး၊ စင်သီယာနဲ့တွဲခဲ့ဖူးတဲ့လူတိုင်းကို ပြဿနာရှာရင် ဘယ်တော့မှ ဆုံးမှာမဟုတ်ဘူး - ရှင်းလား"

ကျွန်တော်က လှောင်ခနဲ့ အာချောင်လိုက်သည်၊

သို့ရာတွင် မမျှော်လင့်သောဖြစ်ရပ်တစ်ခု လျှပ်တစ်ပြက်ဖြစ်ပေါ်သွားသည်။ စင်သီယာ၏အတွဲ၊ငနဲသားက လက်သွက်ပုံရသည်။ ကျွန်တော့်မေးရိုးကိုပင့်လက်သီးတစ်ချက်ဖြင့်ပကာမပျိုးလိုက်သည်။ မေးရိုးတစ်ခုလုံး ကျဉ်တက်သွားသည်။ ကျွန်တော့်တစ်ကိုယ်လုံး၊ နောက်သို့လျှောတိုက်ယိုင်ဆင်းသွားကာ အုတ်နံရံနှင့် တိုက်မိပြီး ဖင်ထိုင်လျက်သား ဖြစ်သွားသည်။

ကျွန်တော်သည်အသွက်လက်ဆုံးမြန်ထစဉ်...

ငနဲသားက ကျွန်တော့်ထံသို့ ညာဖိုက်လက်သီးတစ်လုံး ထပ်မံ၍လွှတ်လိုက်ပြန်သည်၊ ဤတစ်ကြိမ်တွင် ကျွန်တော်က ဒူးညွှတ်ရှောင်တိမ်း၍ သူ့ခန္ဓာကိုယ်ကြီးတစ်ခုလုံးအားလွန်သွားချိန်တွင် ကျွန်တော့်ခါးကိုပြန်မတ်လိုက်သည်၊

တစ်ချိန်တည်းမှာပင် သူ့ကုပ်ပိုးကိုသတ်ဝါးစောင်းခုတ်ထည့်သည်၊ သူ၏အနေအထားမှာ သမံတလင်းကြမ်းပြင်ပေါ်သို့လေးဖက်ထောက်လျက်သားပစ်ကျသွားသည်၊ ကျွန်တော်က စီးထားသော ရှူးဖိနပ်ဦးချွန်ဖြင့် သူ့နားထင်ကိုဆောင့်ကန်ရန် အားယူလွှဲလိုက်စဉ်ကလပ်အဖွဲ့ဝင်များ၊ သူ့မိတ်ဆွေ ကိုယ့်မိတ်ဆွေများကအလျင်အမြန် ဝိုင်းရံဖျန်ဖြေကြသည်၊

အခန့်မသင့်၍ ဖြစ်ရသောရန်ပွဲကိုဆက်လက်၍ ကြီးကြီးမားမား ဖြစ်မလာစေရန် ပြေရာပြေကြောင်း ဟန့်တားကြသည်။ ထိုအခါ စင်သီယာအတွဲ ကအသက်ပြင်းပြင်း တစ်ချက်ရှူပြီးမှ လေကိုမှုတ်ထုတ်ကာစိတ်လျှော့လိုက်သည်။ ကျွန်တော်ရှိရာသို့ လက်ဖြန့်ကမ်းပေးသည်၊

"ကျွန်တော်က စမှားတာပါ၊ နောင်ကြီးက စကားနဲ့ပြောတာကို၊ ကျွန်တော်က စိတ်မထိန်းပဲ ကိုယ်ထိလက်ရောက်ကျူးလွန်မိတဲ့အတွက် တောင်းပန်ပါတယ်၊ တကယ်တော့စင်သီယာလိုအမျိုးသမီးနဲ့ တွဲခဲ့သူတိုင်း အခုလိုအပြောမျိုးခံရလိမ့်မယ်ဆိုတာ ကျွန်တော် သိနားလည်ထားဖို့ ကောင်းပါတယ်၊ တဲ့ - ဖြစ်တာလည်းပြီးသွားပါပြီ၊ ကမ်းမွန် - ရှိတ်ဟန်း"

"ခင်ဗျား သဘောပေါက်တာ မြန်သားပဲ - မိတ်ဆွေ"

ကျွန်တော်က အလိုက်သင့် နှုတ်ဆက်လိုက်သည်၊

"ကျွန်တော့်နာမည်စမစ်ပါ၊ နောက်တွေ့ရင်လည်း ခေါ်နိုင်ပါတယ်"

စမစ်နှင့်ကျွန်တော် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်၊

။ ။

www.burmeseclassic.com

ထိုအတွေးဆုံးချိန်တွင် စောစောက ချစ်မြတ်နိုး ဖုန်းထဲမှပေးသော လိပ်စာ ရေးမှတ်ထားသည့်စာရွက်အတိုင်း မောင်း ပို့ခဲ့သော မောရစ်မိုင်နာကားလေးသည် နှစ်ထပ်အိမ်အိုကြီးတစ်အိမ်ရှေ့တွင် ရပ်တန့်သွားသည်။

ကျွန်တော် ကားပေါ်မှ ဆင်းချိန်တွင် ကားပြန်ထွက်သွားသည်။ အိမ်အိုကြီး၏ အပေါ်ထပ်တွင် မီးလင်းနေသည်။ အောက်ထပ်တွင်လူနေပုံမရ။ မှောင်ပိန်းနေသည်။ လူနေရပ်ကွက်တစ်ခုဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်မှောင်မည်းနေသည်။ နှစ်ထပ်အိမ်ကြီး၏နောက်ကျောဘက် မလှမ်းမကမ်းတွင် မီးရထားသံလမ်းကို လှမ်းမြင်နေရသည်။

ကျွန်တော်က နှစ်ထပ်ပျဉ်ထောင် အိမ်ကြီး၏ အောက်ထပ်တံခါးရှေ့သို့ ရောက်ရှိသည်နှင့်တစ်ပြိုင်နက် တံခါး ခေါက်လိုက်သည်။ ဖွင့်ပေးသူက ချစ်မြတ်နိုးဆိုသော မိန်းမပျိုလေး။

"လာ - အစ်ကို - လိုက်ခဲ့နော်"

ကျွန်တော်သည် သူမ၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားသည်။ သစ်သားလှေခါးကြီးမှ ရှေ့ဆင့်နောက် ဆင့်တက်ခဲ့ရာတွင် ချစ်မြတ်နိုး၏ ခန္ဓာကိုယ်မှ ထွက်ပေါ်နေသော ရျှိသင်းနံ့ကို ရှူရှိုက်မိသည်။

သည့်မိန်းမပျို၏ အဆင်းသဏ္ဌာန်နှင့် ရနံ့သင်းတို့သည် ချိုမြသာယာသော အသံနှင့် လိုက်လျောညီထွေ အဆင်ပြေသည်။ အထိအတွေ့သည်လည်း နွေးထွေးနူးညံ့မည်မှာ သေချာသည်ဟူ၍ ကျွန်တော့်စိတ်ထဲတွင် အလိုအလျောက် ကောက်ချက်ချမိသည်။

အပေါ်ထပ်ဧည့်ခန်းတွင်းသို့လိုက်မိသောအခါ သားနားသပ်ရပ်သော အိမ်ထောင်ပရိဘောဂများသည် နေသားတကျ ပျော်မွေ့ဖွယ်ရာ ခင်းကျင်းပြင်ဆင်ထားရှိသည်။ သူမက ကျွန်တော့်ကို ဆက်တီကုလားထိုင်တစ်လုံးကို ညွှန်ပြ၍ -

"ထိုင် - အစ်ကို - ဘာသောက်မလဲ ပြော။ အပူလား။ အအေးလား"

သွက်လက်ချက်ချာ၍ ခေတ်ဆန်သော အသွင်သဏ္ဌာန် အပြည့်အဝဖြစ်သည်။

"အအေး - တစ်ခုခုဆိုရင် ကောင်း ပါ"

ကျွန်တော်က အလိုက်သင့်ပြော ည်။

"အိုကေ၊ သံပုရာရည်ရှဥ်ချိုချိုလေး ခဲ့မယ်"

တားအဆုံးတွင် လှစ်ခနဲ အတွင်း သို့ သွက်လက်စွာ ဝင်သွားသည်။

တော်က ထိုင်ရာမှထ၍ အပေါ်ထပ် ပေါက်၏ ခန်းဆီးကို ဘေးဖယ်၍ ကြည့်မိသည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ားသံလမ်းကြီးသည် လမ်းမီး တိုင်တဝါးအောက်တွင်ငြိမ်သက်စွာ ှောင်းနေလေသည်။

ကြာမီ ချစ်မြတ်နိုးသည် ပန်းကန် ပေါ်တွင် သံပုရာရည်ဖန်ခွက်ကိုတင် ည့်ခန်းတွင်းသို့ ပြန်ဝင်လာသည်။ ရည်ဖန်ခွက်ကို ကျွန်တော်က ယူသည်။

"အေးအေးဆေးဆေးသောက်ပါဦး ညီမ - အစ်ကို့ကိုပြောပြချင်တာ ရှိပါ"

သူမ၏စကားကို နားထောင်နေစဉ်တွင် ကျွန်တော့်စိတ်တွင်း၌ သက်မကင်းသော စိုးရိမ်စိတ်တစ်ခု အလိုအလျောက် ဖြစ်ပေါ်လာသည်။ ချစ်မြတ်နိုး ထွက်လာသော အတွင်းခန်းကို ဦးခေါင်းငဲ့၍ လှမ်းကြည့်လိုက်မိသည်။

ခုတင်ပေါ်တွင် ခင်းထားသောအိပ်ရာနှင့် အိပ်ရာခင်းဖြူဖြူစင်စင်ပေါ်တွင် တစ်စုံတစ်ယောက်စန့်စန့်ကြီးလဲလျောင်းနေသည်ကို ဖျတ်ခနဲ မြင်လိုက်ရသည်။ ထို့ကြောင့် ကျွန်တော်က အတွင်းခန်းသို့ ခြေတစ်လှမ်းဝင်၍ လှေ့လာလိုက်သည်။

လျှပ်တစ်ပြက်မထင်မှတ်သော မြန်ဆန်မှုဖြင့် လှုပ်ရှားလိုက်သော ကျွန်တော့်ကို ဟန့်တားရန် ချစ်မြတ်နိုးအနေနှင့် စက္ကန့်ပိုင်းမျှ နောက်ကျသွားသည်။

အိပ်ရာပေါ်တွင် စန့်စန့်ကြီးအသက်ရှူရပ်တန့်နေသူမှာ ပုလဲရွှေရည်ကာလပ်ထဲတွင် ကျွန်တော်နှင့် တစ်ပွဲတစ်လမ်း လက်ရည်စမ်းခဲ့ကြသော စမစ်ဖြစ်သည်။ သူ့အနေနှင့် နောက်ထပ်လှုပ်ရှားနိုင်ရာ အကြောင်း မရှိပါတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com

"သူ - ဇီဝိန်ကြွေသွားတာ ဘယ်သူ့လက်ချက်လဲ၊ မင်းနဲ့ စမစ်က ဘယ်လိုပတ်သက်နေသလဲ"

ကျွန်တော်က ဧည့်ခန်းတွင်းသို့ပြန်ထွက်လာပြီးနောက် သူမနှင့်မျက်နှာချင်းဆိုင်ရပ်၍ မေးခွန်းထုတ်လိုက်သည်။ သူမက ကျွန်တော့်အကြည့်ကိုရှောင်လွှဲ၍ အိမ်နောက်ဘက်ခန်းသို့ မျက်နှာမူထား -

"မမစင်သီယာ၊ သူသိချင်တာလေးတွေကို ရှင်းပြလိုက်ပါဦး။ ကျွန်မ သူ့ကိုဒီအထိရောက်အောင်ခေါ်ပြီးပြီ။ ကျွန်မတာဝန်ကျေပြီ။ မမအစီအစဉ်နဲ့ ဆက်လုပ်ဖို့ အချိန်တန်ပါပြီ"

ချစ်မြတ်နိုး၏စကားအဆုံးတွင် ...

စင်သီယာ ထွက်လာသည်။ သူမ၏လက်ထဲတွင် မိန်းမကိုင် ပွိုင့် ၃၂ ပစ္စတိုသေနတ်လေးတစ်လက် ဆုပ်ကိုင်လျက်သားဖြစ်သည်။

"ဟောဒီသေနတ်လေးက ပွိုင့်သာတီတူးဆိုတော့ ကျည်ထိပ်ဖူးသေးပေမယ့် ခြေတစ်လှမ်းစာ အကွာအဝေးမှာရှိတဲ့ရှင့်အသည်းနှလုံးကိုအပေါက်ကလေးတွေ ဖောက်ပေးနိုင်ပါတယ် မယုံမရှိနဲ့"

သူမက အောင်နိုင်သူလေသံဖြင့် ပြောသည်။

ထိုနောက် ဆက်လက်၍ ရှင်းပြရာတွင် -

"ရှင်နဲ့စမစ်နဲ့ ကလပ်မှာဗိုက်တင်ရ ပြီးတဲ့နောက်ပိုင်းမှာဒီအိမ်ကိုပြန်လာကြတယ်။ ရှင်ရှူလိုက်တဲ့စနက်တံဟာ ဒီအိမ်အရောက်ပေါက်ကွဲတော့တာပဲ။ စမစ်က ကျွန်မနဲ့တွဲရတာ သိက္ခာကျသတဲ့။ ဒါကြောင့် - လမ်းခွဲတော့မယ်ဆိုပြီး ကျွန်မကို မွေးနေ့လက်ဆောင်ပေးထားတဲ့စိန်လက်စွပ်ကိုပြန်ယူဖို့ကြိုးစားတယ်။ ကျွန်မကလည်း လုံးဝမပေးနိုင်ဘူး။ ခေါင်းအုံးအောက်မှာ ထားလေ့ရှိတဲ့ ကိုယ်ပိုင်သေနတ်မောင်းတင်ပြီး ကျွန် ကိုချိန်တယ်။ ကျွန်မကဝင်လုရင်းသေနတ်မောင်းခလုတ်ပြုတ်လို့ ကျည်ထွက်ပြီး သူ သေသွားတယ်။ ဒါပေမဲ့ ကျွန်မ အဲ အပြစ်ဒဏ်ကို မခံနိုင်ဘူး။ ထောင်ထဲ နစ်ရှည်လများသွားမနေနိုင်ဘူး။ ဒါကြောင့် ကျွန်မရဲ့ညီမဝမ်းကွဲ ချစ်မြတ်နိုးရဲ့အကူအညီနဲ့ရှင့်ကိုဒီအိမ်အရောက်ဆွဲခေါ်လိုက်ရတာပဲ"

စင်သီယာ၏စကားကို ကျွန်တော်က ဆက်လက်တွေးလိုက်မိသည်။ သေဆုံးသူ စမစ်သည် ကလပ်လူစည်ကားချိန်တွင် နှစ်ယောက်သား အပြင်းအထန်ခိုက်ခဲ့ကြသည်။ နောက်တစ်ကြိမ် စိတ်ကြေပွဲဆင်နွှဲသည်ဆိုလျှင် အများကလက်ခံနိုင်သည်။ ထိုအချက်ကို စင်သီယာက အပိုင်ကိုင်၍ကျွန်တော့်အားညာက်ကျက်ဖြင့် ပြဿနာရှာတော့မည်။

"ရှင်တို့နှစ်ယောက် အပြန်အလှန်ခိုက်ကြ၊ သတ်ကြ၊ သေကြတဲ့ အနေအထားမျိုးဖန်တီးရတော့မယ်။ မကြာခင် အိမ်နောက်ဘက်မီးရထားလမ်းပေါ်က မီးရထားဖြတ်သွားခါနီးပြီး အဲဒီ့အချိန်ဟာ ကျွန်မ သေနတ်မောင်းဖြုတ်ရမယ့်အချိန်ပဲ။ ကဲ - ညီမလေး မြတ်နိုးလည်း သူ့ဘေးမှာ သွားရပ်လိုက်စမ်း"

"ဘာကြောင့်လဲ၊ မြတ်နိုးနဲ့ ဘာဆိုင်လို့လဲ"

"စမစ်သေရတာရော၊ သူ့ကိုပစ်သတ်တာရော ညီမလေးကမျက်မြင်သက်သေဖြစ်နေပြီ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မမအတွက်အန္တရာယ်ရှိနိုင်တယ်၊ ဒါကြောင့် ညီမလေးကိုပါ အပြတ်ရှင်းရတော့မယ်"

"ဟာ - မဟုတ်တာ၊ ဒီလိုမျိုးအသေ မခံနိုင်ပါဘူး"

ချစ်မြတ်နိုးက သူမထံသို့ ခုန်ဝင်သွားသည်။ စင်သီယာက နောက်ထပ်လှမ်းဆုတ်၍ ရှောင်သည်။ ထိုအခိုက်အတန့်တွင် အိမ်နောက်ဘက် ရထား လမ်းပေါ်မှ မီးရထားခုတ်မောင်းသွား ကို သဲ့သဲ့မျှ ကြားရသည်။

ကျွန်တော်သည် ရရှိသောအခွင့် အရေးကို လက်လွှတ်မခံတော့ပဲ လ ထဲရှိ သံပုရာဖန်ခွက်ဖြင့် စင်သီယာထံ ပစ်ပေါက်လိုက်သည်။ သံပုရာရည် နှင့်အတူ ဖန်ခွက်က သူမ၏မျက်လုံး ရွှဲစိုထိမှန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

အထိတ်တလန့် သေနတ်မောင်း ဆွဲညှစ်လိုက်သည်။

ကျည်ထိပ်ဖူးက ချစ်မြတ်နိုး၏ပခုံး စွန်းကို ထွင်းဖောက်ဖြတ်သန်းသွားသည်။ စင်သီယာ၏အာရုံက သူညီမထံသို့ ရောက်ရှိနေသော စက္ကန့်ပိုင်းအတွင်း ကျွန်တော်၏ ရှူးဖိနပ် ဦးချွန်ကန်ချက် အည် သူမလက်ထဲမှ သေနတ်ကို လွင့်စဉ်သွားစေသည်၊ ထိုအခါ သူမသည် မှတ်ကြီးတင် ငိုကြွေးလိုက်သောမျက်ရည်များနှင့်သံပုရာရှည်များကရောထွေးစီးကျလာသောကြောင့် လက်ခုံဖြင့် ပွတ်သုတ်နေသည်။

ကျွန်တော်သည်လွင့်စဉ်သွားသော သေနတ်ကိုကောက်ယူခြင်း၊ နီးရာရဲစခန်းသို့ဖုန်းဆက်ခြင်းစသောလုပ်ရပ်များကို ဇယ်ဆက်သကဲ့သို့ ဆက်တိုက်ပြုလုပ်လိုက်ရလေသည်၊ ချစ်မြတ်နိုးရရှိထားသော သေနတ်ဒဏ်ရာကို ကျွန်တော်က ပြုစုပေးရမည်။ သူမသည် ကျွန်တော့် သံမဏိသက်သေ ဖြစ်နေလေသည် မဟုတ်ပါလား။

➳ ရှင်ဒေါင်းယဉ်

[illegible]

[illegible]

*လျှို့ဝှက်ဝင်သုံးနည်း*

ကြက်သွန်နီအရည်၊ ဆပ်ပြာရည်နှစ်မျိုးလေတူ ရောကြိတ်ကာ ရေနှင့် သင့်ရုံဖျော်ပြီး အပေါ် အရည်ကြည်ယူ၊ မင်အဖြစ် အသုံးပြုပြီး စက္ကူပေါ်တွင် မီးကင်ကြည့်ပါက မြင်နိုင်ပါသည်။



# တစ်ဖွဲ့တစ်ကောင်

# ဝက်စိုင်ပြောင်

မန္တလာသား

www.burmeseclassic.com

www.burmeseclassic.com

**ပြီးခဲ့တဲ့ရက်က** ... မိုးသည်းသလောက် ဒီနေ့တော့ နေသာသည်။ မျက်စိလည်၊ လမ်းမှားသွားကြသော ဟာနစ်နှင့် မောင်ဖဲတို့အဖွဲ့ကလည်း တောင်းကောင်းမွန်မွန် စခန်းပြန်ရောက်ကြပြီမို့ ကျွန်တော်တို့ မုဆိုးအဖွဲ့များ တောလည်ဖို့ စီစဉ်ကြတော့သည်။

"ဒီနေ့ ဆရာမင်း - ဘယ်သူနဲ့တွဲပြီး လည်မလဲ"

မုဆိုးဦးလှဒင်က ကျွန်တော့်ဆန္ဒကို မေးလိုက်ခြင်းဖြစ်သည်။

ကျွန်တော်က ချက်ချင်း ဘာမှပြန်မဖြေသေး၊ ခပ်ထွေထွေတွေးပြီးမှ ဆုံးဖြတ်လိုက်သည်။

"ဦးလှဒင်ရေ - ကျွန်တော် ဒီအပတ်တော့ မလည်တော့ဘူးဗျာ၊ ကျန်တဲ့သူတွေသာ လည်ကြပေတော့"

ကျွန်တော်က ဦးလှဒင်အမေး[ကို] စဉ်းစားပြီး အဖြေပေးလိုက်သည်။ မှန်[...] သည်။ ကျွန်တော်မနေ့က ဟာနစ်တို့အ[...] မျက်စိလည် လမ်းမှားသွားတာရှာရင်[း] မတွေ့သဖြင့် တောစောင့်၊ တောင်စောင့် ဆိုင်ရာပိုင်ရာတွေကို -

"ကျွန်တော့်လူတွေကောင်းကောင်[း] မွန်မွန်၊ ဘေးမသီရန်မခ၊ စခန်းကို ပြ[န်] ရောက်ကြအောင် ကူညီမိုင်းမကြ[...] ကူညီမိုင်းမလို့ ကောင်းကောင်းမွန်မွ[န်] ပြန်ရောက်နေတာတွေ့ရင် ဒီတစ်ပ[တ်] ကျွန်တော် တောမလည်တော့ပါ" [...] တိုင်တည်ကတိပေး၊ အဓိဋ္ဌာန်ဝင်ခဲ့သည်[။]

စခန်းရောက်သောအခါ ကျွန်တော်[...] လူများကောင်းကောင်းမွန်မွန် ချောချော[...] မောမောပြန်ရောက်နေတာတွေ့ရသဖြ[င့်] [...]သာပီတီ ဖြစ်ခဲ့ရသည်။ ဒါကြောင့် [...]ထားသည့်အတိုင်း ကျွန်တော် ဒီတစ်[...] တောမလည်တော့ဟု ဆုံးဖြတ်[...]ခြင်းဖြစ်သည်။



"ဆရာ - မင်း - မနေ့ကပင်ပန်းသွား[...]းမယ်ဆိုရင်လည်း ကျုပ်တို့ အစီ[အစဉ်]အတိုင်း လည်လိုက်ကြမယ်"

"လည်ကြပါ - လည်ကြပါ - ခင်ဗျား[...] အစီအစဉ်အတိုင်း လည်ကြပါ"

"ဒီနေ့ ရာသီဥတုကလည်း ကောင်း[...]တစ်ရမှာ သေချာတယ်"

ဤသို့ဖြင့် ဦးလှဒင်နှင့်ကျော်မိုးက [...]တွဲ၊ ကိုခွေးမောင်နှင့်အောင်စိန်တို့ [...]တစ်တွဲ၊ ကိုကြည်သောင်းနှင့် အေး[မော]င်တို့က တစ်တွဲအတွဲ (၃)တွဲ တွဲ၍ [...]ကြရန် အစီအစဉ်ဆွဲလိုက်ကြတော့[သည်]။

ဦးလှဒင်နှင့် ကျော်မိုးတို့အဖွဲ့က [...]၏ (.၃၀"ဝ၆) ရိုင်ဖယ်တစ်လက်၊ [...]ပြူး တစ်လက်ဖြင့်လည်းကောင်း၊ [ကိုခွေ]းမောင်နှင့်အောင်စိန်တို့အဖွဲ့က ကျွန်တော်၏ (.၃၀" - ဝ၆) ရိုင်ဖယ်နှင့် တစ်လုံးထိုးတစ်လက်တို့ဖြင့် လည်းကောင်း၊ ကိုကြည်သောင်းနှင့် ကိုအေးမောင်တို့က ဟာနစ်၏ (.၃၇) နှစ်လုံးပြူး ရိုင်ဖယ်တစ်လက်နှင့် ပြည်သူ့စစ် ကိုအေးမောင်၏ (.၃၀၃) ရိုင်ဖယ်တို့ဖြင့် လည်းကောင်း အသီးသီး လည်ကြရန် ဖြစ်သည်။

အစီအစဉ် ဆွဲပြီးကြသည်နှင့် ကိုအေးမောင်တို့အဖွဲ့က စခန်းချထားရာ "ကြစ်ကလေး" စခန်း၏မြောက်ဘက် "ခါတွန်ကြစ်" ဆီသို့ လည်းကောင်း၊ ကိုခွေးမောင်နှင့်အောင်စိန်တို့အဖွဲ့က စခန်းတောင်ဘက် "ချည်ထွေး" "အုံးမျှော" ဘက်သို့လည်းကောင်း၊ ကိုလှဒင်နှင့်ကျော်မိုးတို့အဖွဲ့က အနောက်မြောက်ဘက် "သံမြေ" ကျောက်ကြပ်ဆီသို့လည်းကောင်း၊ အသီးအသီး ထွက်သွားကြတော့သည်။ စခန်းတွင်ကား ကျွန်တော် ဟာနစ်၊ မောင်ဖဲ၊ ကျော်ဖဲနှင့် စိုးသိန်းတို့သား စခန်းစောင့်ရင်း ကျွဲကျောင်း၊ နွားကျောင်းရင်း ကျန်ခဲ့ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကြစ်ကလေး"စခန်းမှ အနောက်ဘက် ထွက်ခဲ့ကြသော ဦးလှဒင်နှင့် ကျော်မိုးတို့အဖွဲ့မှာ တစ်မိုင်ဘာသာခန့် သွားမိကြလျှင်ပြောင်ခြေရာအသစ်တွေ့ကြသဖြင့် တဖြည်းဖြည်း ခြေရာခံလိုက်ခဲ့ကြသည်။ ပြောင်ခြေရာမှာတစ်ကောင်တည်း ထီးပိုးခြေရာဖြစ်သဖြင့် ဦးလှဒင်က ကျော်မိုးအား -

"ကျော်မိုး - မင်း ရိုင်ဖယ်ကို ကျည်ဆန်အမာဖူး စိတ်ချရတာ ထည့်ထားနော်၊ ပြောင်က ထီးပိုးကြီးဗျ"

သူ့လက်ထဲမှနှစ်လုံးပြူးတွင်လည်း ဘယ်ပြောင်းကို (LG)ခြောက်လုံးကျည်နှင့်ညာပြောင်းတွင် (Slug) စလပ်သော ထည့်ရင်း သတိပေးပြောကြားလိုက်ခြင်းဖြစ်သည်။

"စိတ်ချစမ်းပါ - ဦးလှဒင်ရာ၊ ကျုပ်သေနတ်မှာ အကောင်းစား (Silver Tips)ငွေထိပ်ဖူးတတ်ကျည် ထည့်ထားတာပါ၊ ခင်ဗျားပြောင် တွေ့စမ်းပါစေ"

ဤသို့ပြောဆိုရင်းနှစ်ယောက်သား ရှေ့ဆက်လိုက်ခဲ့ကြသည်၊ ပြောင်မှာ အင်တိုင်းတောမှ မြက်များကို စားရင်း သွားရင်းသွားနေသဖြင့် ခြေရာက ထင်းနေသည်၊ သွားရင်း တချို့နေရာများတွ[...] ခြေသလုံးပေါင်လယ်လောက်ရှိသစ်[...] များကို ခတ်ခွဲ၊ တိုက်ချိုးထားသည်[...] အသည်းယားစရာပင်ကောင်းနေသည်[...] ဦးလှဒင်က ကျိုးကြေနေသောသစ်[...] များကို မေးငေါ့ပြရင်း ကျော်မိုးအား -

ဒီအကောင် သဘောတော် [...] ထားရလိမ့်မယ်၊ စိတ်ကြီးသလို ချိုလည်[...] အတော်ကြီးပုံရတယ်ကွ"

"ဟာ - ချိုကြီးလေ သဘောကျ[...] ပေါ့၊ ကျုပ်တိုက်မှာ ကြွားကြွားယား[...] ချိတ်ထားရတာပ"

"အပြောကတော့ ဆင်ဖင်ပဲ[...] အတော်ကြီးကျယ်တယ်၊ လက်တွေ့[...] မှ ချိုဗျားမှာ ကားနေဦးမယ်"

ပြောရင်းဆိုရင်း ပြောင်ခြေ[...] အတိုင်း လိုက်ခဲ့ကြရာ အင်တိုင်းလွှ[...] ဝါးတောအစပ်သို့ ရောက်ခဲ့ကြသည်[...] ဝါးတောထဲတွင် မျှစ်များကို အားရ[...] စားထားပြီး ခြေရာများက ရှုပ်ယှက်[...] လွန်းထိုးနေတော့သည်။

"ကျော်မိုး - ဒီအကောင် အိပ်[...] မလို့ခြေရာဖျောက်နေပြီကွ၊ သတိ[...] ခြေသံမကြားအောင်နင်း"

ခြေရာရှုပ်ကို အဖြေထုတ်လိုက်တော့ ဝါးသလဲမြစ်တောရှိရာသို့ဦးညွှတ်သွားသည်ကို တွေ့ရသည်၊ ဦးလှဒင်က မီးခြစ်ထုတ်၍ မီးခြစ်ပြီး လေအသွားအလာကိုလေ့လာအကဲခတ်လိုက်သည်၊

ကံကောင်းလေစွ၊ သူတို့က လေအောက်မှ ဖြစ်နေသဖြင့် စိတ်ချလက်ချ တဖြည်းဖြည်းချင်း မျက်စိလျှင်လျှင် နားပါးပါးထားကာ ဝါးသလဲတောထဲသို့ ပြောင်တိုးကြောင်းအတိုင်း လိုက်တိုးခဲ့ကြသည်၊ ကိုက် (၁၀၀)လောက် တိုးလိုက်သွားမိကြသောအခါ အောက်ခြေ[...]ာ ဝါးသလဲတော၊ အထက်က သစ်ပင်ကြီးများ ပေါက်လျက်ရှိသော နေရာသို့ ရောက်ခဲ့ကြသည်၊

ပြောင်ကြီးကိုယ်မှထွက်သော ရနံ့ကြီးနံ့စုံးစုံးက နှာခေါင်းဝတွင် ထောင်းခနဲ ရိုက်ကြသဖြင့် ဦးလှဒင်က နှာခေါင်းရှုံ့[...] ရှုံ့ပွလုပ်ပြပြီး သူ့နားထင် ဘေးတွင် [...]တ်ဝါးကပ်စောင်းပြကာ အိပ်နေပြီဖြစ်[...]ကြောင်း ကျော်မိုးကို သိစေလိုက်သည်၊

ကျော်မိုးက နားလည်ကြောင်းခေါင်း[...]ညိတ်ပြကာ သူ့သေနတ်ကို ရိုင်ဖယ်ကို မောင်းတစ်ဝက် ထိုးထားရာမှ အပြည့်တင်လိုက်သည်၊ နောက်ပြီး သူက ရှေ့တက်၍ပြောင်တိုးကြောင်းအတိုင်း တစ်လှမ်းချင်းလှမ်းတိုးခဲ့သည်၊

ကိုက် (၃၀)လောက်အကွာတွင်[...] သစ်ပင်ကြီးဆီသို့ ပြောင်တိုးကြောင်းက[...] ဦးတည်နေသဖြင့် ကျော်မိုးတ မျက်စိကို အထူးရှင်လျက် နားကိုလည်း အတတ်နိုင်ဆုံး စွင့်ထားသည်၊

"ရှုး - ရှုး - ဂရူး - ရှူး"

အိပ်နေသော ပြောင်ကြီးမှ အသက်ရှူသံ၊ လည်ချောင်းကြပ်စွဲသံများတို ကြားလိုက်ရသဖြင့် ကျော်မိုးရော၊ ဦးလှဒင်ပါ ကမျာကယာ ထိုင်ချလိုက်ပြီး အသံလာရာသို့ စူးစိုက်ကြည့်လိုက်ရာ ခပ်ညောင်း[...]မည်း မသဲမကွဲ ပြောင်တစ်ကောင်၏ ပုံသဏ္ဌာန်ကိုမြင်ကြရသည်၊ မြင်မြင်ချင်း သေနတ်များဖြင့် ထိုးချိန်လိုက်ကြသော်လည်းခေါင်းဖင်မသဲကွဲသဖြင့်မပစ်သေးဘဲ လှုပ်ရှားမှုကိုစောင့်ကြည့်ပြီး သေနတ်မှပစ်ရန် စိတ်ကို အောင့်အည်းစောင့်ဆိုင်းထားရသည်၊





www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်မှာပင် တစ်ဖက်မြိုင်တော ဆီကသူတို့ရှိရာသို့ "တကစ်၊ တကစ်" တစ်အော်မြည်ရင်း "တဟောဟော"၊ "တရှီး၊ ရှီး" အတောင်ခတ် ပျံလာသော အောက်ချင်းငှက်ဝိုမနှစ်ကောင်က ပြောင် အိပ်ရာ သစ်ပင်ကြီးထက် နားလိုက်ကြ သည်၊ မြစ်ချင်တော့ -အောက်ချင်းငှက် ကောင် နှ နားလိုက်သောကိုင်းမှာ အခြောက်ဖြစ်နေသဖြင့် ကျိုးကျသွား တော့သည်၊

"ဂွပ် - ဂရော - ဘုံး" ဟူသောအသံ များနှင့်အတူ "ဖြုံး - ဝရုန်း - ထွီး - အုန်း - အုန်း" ဟူသော ပြောင်ကြီး အိပ်ရာမှ ဖြုံး ခနဲ ထရပ်ပြီး နာမှတ်ကာ တစ်ချိုးတည်း ဦးတည်ရာသို့ ပြေးလွှားသံများကို အတိုင်းသား ကြားလိုက်ရတော့သည်၊

"မြစ်ကရောကွာ - ကြဲကြဲဖန်ဖန်ကြုံ ပဲကြုံလို့ ဆုံပဲ ဆုံတတ်လွန်းတယ်ကွာ၊ အောက်ချင်းတွေ နင်တို့ နှောင့်ယှက်လို့ တို့အတွက် ပျက်ပါပြီကွာ"

ကျော်မိုးက သေချာပေါက်ပစ်ရ တော့မယ့်ပြောင်၊အောက်ချင်းနှစ်ကောင် ကြောင့် မပစ်ရတော့သဖြင့် မချင့်မရဲ ဒေါသနှင့် ဆဲပစ်လိုက်သည်၊

"ဘယ်တတ်နိုင်မှာလဲကွာ၊ကျော်မိုး ရာ၊ သတ္တဝါဆိုတာ သေနေ့စေ့မှ သေရ တာဟ၊ဒီအကောင်ကငါတို့လက်ချက်နဲ့ မသေထိုက်သေးလို့ ကြုံဖန်လွတ်သွား ရတာကွ"

"ဒါတော့ ဒါပေါ့ - ဦးလှဒင်ရာ၊ ဒါပေမဲ့"

"ဒါပေမမဲ့နဲ့ - ထ - အင်တိုင်းဘက် အမြန်ထွက်ရအောင်၊ ဒီနေရာက ခြင် အရမ်းကိုက်တယ်၊ အတော်ကြာ၊ ပြောင် မပစ်ရဘဲ ငှက်ဖျားရကုန်ဦးမယ်"

မှန်ပါသည်၊ ခြင်များက ဗိုက်တာ လေယာဉ်ပျံများလို မျက်စိအနီးတွင် တဝီဝီနှင့် ရှိနေကြသည်၊ စောစောက ပြောင်ပစ်ချင်ဇောနှင့်ဂရုမထားမိ၊ အခုမှ စိုးရိမ်ပူပန်မိသွားခြင်းဖြစ်သည်၊ နှစ် ယောက်သား အမြန်ဆုံးဝါးတောမှထွက် ၍ အင်တိုင်းသာသို့ လှမ်းခဲ့ကြသည်၊ အင်တိုင်းသာသို့ ရောက်ကြသောအခါ မြေပြောင်ရာ ကုန်းကမူစောင်းနေရာ တွင် ပစ်ထိုင်၍ ဆေးလိပ်သောက်ရင်း နားရင်း ပါလာသောထမင်းထုပ်ကို ဖြေ စားလိုက်ကြသည်၊ ဆာနေတုန်း၊ ထ

...ဘုန်း မပြောတတ်၊ စိုင်သားခြောက် ...သီဆမ်း၊ ထမင်းကြမ်းပင်ဖြစ်လင့် ...စား နတ်သုဒ္ဓါ အရသာထက်ပင် ...ာင်းမည်ဟု ထင်မိသည်၊

"ဂလုံး - ဂွပ် - ဂလုံး"

"ဂွပ် - ဂွပ် - ဂလုံး"

"ဟာ - ဘာလဲ - ဘာသံလဲ - နား ...င်စမ်း"

ဦးလှဒင်၏ အလောသုံးဆယ်ပြော ...းကြောင့် ကျော်မိုး ထမင်းစားရပ် ...က် နားစွင့်နေလိုက်သည်၊

"ဂွပ် - ဂွပ် - ဂလုံး"

"ဟုတ်တယ် - သားကောင်နှစ် ...င် ချိုချင်းခတ်နေကြတဲ့အသံ ထင် ...၊ ခင်ဗျား နှစ်လုံးပြူးနဲ့ သွားချောင်း ...၊ ကျုပ်တော့ ဒါလေးကုန်အောင် ...လိုက်ဦးမယ်"

ဦးလှဒင်က နှစ်လုံးပြူးကိုင်လျက် ...စောင်းတစ်ဖက်ဆီသို့ သွားချောင်း ...သည်၊ ခဏနေတော့ ပြန်ရောက် ...သည်၊ လက်ထဲတွင်တော့ တောင် ...နှစ်လုံးပါလာသည်၊

ကဲ-သွားကြပေတော့၊
ကိုရွှေလိပ်တို့ရေ၊ နင်တို့အစား
ဝက်က စားစာခံသွားလို့ နင်တို့
ကံကောင်းတယ်မှတ်ပေါ့၊




"အသံတွေက ဒီနှစ်ကောင် တိုက် နေကြတာကွ"

"ဟာ - ဒါတွေ ဘာလုပ်ဖို့လဲ၊ အလုပ်ရှုပ်ခံလို့ ယူလာပြန်တာ"

"မင်း မသိပါဘူး - ကျော်မိုးရာ၊ ဒါတွေကို စားစာခံခေါ်လာတာ၊ ဒီနေ့ သားကောင်ကြီး ဟင်းစားရရင် သူတို့ကို ပြန်လွှတ်မယ်၊ ဟင်းစား ဘာမှမရရင် တော့ သင်းတို့ အိုးထဲရောက်ပြီသာ မှတ်"

ဆေးလိပ်သောက်နားပြီးနောက် လိပ်နှစ်လုံးကို နွယ်ကြိုးနဲ့ထုပ်ခတ်၊

www.burmeseclassic.com

သေနတ်ပြောင်းမှာ ရိုက်ထမ်းပြီး ခရီးဆက်ခဲ့ကြပြန်သည်။ အင်တိုင်းကျောရှည်တွင် အတော်သွားမိသောအခါ စိုင်အုပ်ခြေရာလတ်လတ် ဆတ်ဆတ်တွေ့ကြသဖြင့် လိုက်ခဲ့ကြပြန်တော့သည်။ စိုင်အုပ်မှာ အင်တိုင်းအလွန်ချောင်းဆီသို့ ဦးညွှန်သွားသဖြင့် ခြေသံမကြားအောင် တဖြည်းဖြည်းချင်း ချောင်းကမ်းပါးဆီသို့ တပ်ခဲ့ကြသည်။

ချောင်းရိုးကမ်းပါးကပ်မိသွားတော့ အကြားအာရုံကိုဖွင့်နားကိုစွင့်ထားလိုက်သည်။ တစ်ဖက်မှတက်လာသောခြေသံကိုအတိုင်းသားကြားနေရသဖြင့် ခြေရာခံလိုက်နေသော စိုင်အုပ်ပဲဖြစ်မည်ဟု တစ်ထစ်ချဆုံးဖြတ်ကာ ကျော်မိုးက ရိုင်ဖယ်ကိုမောင်းတက်လျက်ပေါ်ထွက်လာမည့်ပစ်ကွင်းကို ငံ့လင့်နေလိုက်သည်။

တဖြည်းဖြည်းနှင့် ခြေသံ ကနီးသထက် နီးလာသလို အကောင်ကလည်းမသဲမကွဲနည်းနည်းချင်းကုန်းထိပ်တွင် ပေါ်လာသည်။ သေနတ်သမားက ပေါ်လာသောနေရာကိုအမိအရချိန်ထားလိုက်ပြီးတစ်ထွာကျော်ကျော်ကျောကုန်းမြင်ကွင်းပေါ်လာသောအခါပွိုင့်(၃၀၊၀၆)ကိုအသေအချာချိန်လျက်မောင်းခလုတ်ကို အညင်သာဆုံး ဖြုတ်လိုက်တော့သည်။

သေနတ်သံက "ဒိုင်း" ခနဲ မြည်ဟီးသွားသလို သားကောင်မှာ တစ်ဖက်သို့ယိုင်လဲကျသွားတော့သည်။ အားရဝမ်းသာနစ်ယောက်သား ပြေးသွားပြီး ကျန်စိုင်များကို ပစ်မည်ဟု အားခဲထားသော်လည်း အထင်နှင့်အမြင် ပါစင်အောင်လွဲသွားတော့သည်။ တကယ်တမ်းလဲနေသောသားကောင်မှာ သူတို့ထင်ထားမျှော်မှန်းထားသောစိုင်အုပ်မှစိုင်မဟုတ်အချိန်(၆၀)မျှရှိမည့် ဝက်တောင်းကြီးတစ်ကောင်သာ ဖြစ်နေသောကြောင့်ပင်။

"ဟာ - စိုင်လည်းမဟုတ်ဘူး။ ဘယ်နယ် - ဝက်ကြီးဖြစ်နေရတာလဲ။ ကျုပ်ထာ စိုင်အုပ်က စိုင်ထင်ပြီး ပစ်ထည့်လိုက်တာဗျ"

"ဒီဝက် လည်း မသေးပါဘူး ကိုကျော်မိုးရာ၊ သူလည်း စိုင်မတော်ကောက်တော့ ရှိပါတယ်၊ ကိုယ်နဲ့ထိုက်တဲ့အကောင်ပဲ ရတာပေါ့"

"ခင်ဗျားကမသေးနေ - ဟိုမှာကျန်တာက ကုလား၊ ဝက်သားနဲ့ ကုလားဘယ်လိုစခန်းသွားကြမလဲ၊ ကျုပ်တော့ ခေါင်းကျိန်းတော့မယ်ထင်တယ်"

"ဟာ - ကုလားက ဝက်သားမစားပေမဲ့ ဗမာတွေက ဝက်သားကြိုက်တယ် အမှုဆိုးလုပ်နေမှတော့ ဒီလောက်တော့ လည်းခွင့်လွှတ်ရမှာပေါ့"

"ဟုတ်ပါပြီဗျာ - ဟာနစ်အပြစ်တင်ရင်တော့ ခင်ဗျားပစ်တာလို့ လွှဲချလိုက်မှာပဲ"

"ချ - ချ ကျုပ်သာ လွှဲချ - ရတယ်"

ပြောပြောဆိုဆို ဦးလှဒင်မှာ ဝက်ခေါင်းမှ တင်ပါးနေရာကို (၂)ပိသာလောက် ကွက်လှီးလိုက်သည်။ နောက်ပြီး သူ ဖမ်းလာသော လိပ်နှစ်ကောင်မှ တစ်ကောင်ကြီးဖြုတ်၍တွဲလိုက်သည်။ လိပ်(၂)ကောင်ကိုတော့သူ့ဂုဏ်တိအတိုင်းချောင်းထဲတွင်း သေးမဲ့လွှတ်ပေးလိုက်တော့သည်။

"ကဲ - သွားကြပေတော့၊ ကိုရွှေလိပ်ရေ၊ နင်တို့အစား ဝက်က ဓားစာခံသွားလို့ နင်တို့ ကံကောင်းတယ်မှတ်ပေ့"

***

စခန်းမှ တောင်ဘက်ထွက်ခဲ့ကြသော ကိုရွှေမောင်နှင့် မောင်စိန်တို့အဖွဲ့တွင် ကိုရွှေမောင်က ပွိုင့်(၃၀ - ၀၆) ရိုင်ဖယ်ကိုကိုင်ပြီး မောင်စိန်က တစ်လုံးထိုးသေနတ်ကို ကိုင်ခဲ့သည်။

"ဗိုလ်ခွေး - နင် ဘယ်ဘက် ဘယ်နေရာသွားမယ် စိတ်ကူးထားလဲ၊ ငါတော့ - ချည်တွေးထဲ သွားချင်တယ်"

"အေး - ကောင်းပါတယ် - ကြွက်ကြီးအရင်ဝင်ကြည့်ပြီးမှ ချည်တွေးဘက်သွားကြတာပေါ့။ မနေ့ကငါတို့လှည့်ရှာတော့ ရှာရင်း ကြွက်ကြီးရောက်ခဲ့တယ်၊ စိုင်းပြောင်၊ ဆင်၊ ခြေရာ၊ သစ်တွေ၊ တောင်းလမောင်းထနေတာတွေ့ခဲ့ရတယ်၊ အခုလည်းအဲဒီဝင်ကြည့်ပြီးမှခြေရာသစ်တွေ့ရင် ဆက်လိုက်တာပေါ့"

"အဖြင့်၊ ကြွက်ကြီးရှိရာအနီးနားလမ်းက ဖြတ်ချကွာ"




www.burmeseclassic.com

www.burmeseclassic.com

နစ်ယောက်သားမေးမြန်းတိုင်ပင်ပြီး ကြစ်ကြီးရှိရာသို့အနီးဆုံးလမ်းမှဖြတ်ရ ခဲ့ကြသည်။ ကြစ်ကြီးရောက်လာကြ သောအခါ မြေရာမြေကြောင်းများကို လေ့လာလိုက်ကြသည်၊ အသစ်စက် စက်ဒီမနက်ဝင်သွားသော မြေရာမှာ စိုင်အုပ်မြေရာသာ တွေ့ကြရသည်။

"ကိုင်း - အောင်စိန်ရေ - မြေရာသစ် ဆိုလို့ ဒီစိုင်အုပ်မြေရာပဲ ရှိတယ်။ မြောင် မြေရာတော့ မတွေ့ဘူး။ စိုင်ပဲ လိုက်ကြ မလား"

"သေချာတာပဲ လိုက်ကြတာပေါ့။ စိုင်လည်းမြောင်လောက်သာမကြီးတာ၊ ထိုးပိုးဆိုရင် မဆိုးပါဘူး"

ဤသို့ဖြင့်ကြစ်ကြီးမှစိုင်အုပ်မြေရာ ကို စလိုက်ခဲ့ကြသည်၊ စိုင်အုပ်မှာ (၇) ကောင်လောက် ရှိပေမည်၊ စိုင်များက ဝါးတောရှိရာသို့ဦးတည်သွားနေကြခြင်း ဖြစ်ပြီး ဝါးတောရောက်သောအခါဝါးရုံမှ မျှစ်များကို ချိုးစားသွားကြသည်၊

ဝါးတောတွင် မျှစ်များပေါသော် လည်း ကြာကြာမစား မနားကြခြင်းမှာ ခြင်၊ မှဲ့များ ကိုက်လွန်းသောကြောင့် ဖြစ် ဟန်တူသည်။ မြေရာများက ဝါးတော ထွက်ပြီး ချည်တွေး၊ အင်တိုင်းဆီသို့ တန်းတန်းမတ်မတ် သွားနေကြခြင်းဖြစ် သည်၊

"ငါတို့စိုင်အုပ်ကို ချည်တွေး၊ အင် တိုင်းမှာ ပစ်ရမယ်ထင်တယ်။ အောင်စိန် ရ - အဲဒီအင်တိုင်းက သာယာပြီး လေ နေ ကောင်းကောင်းရတော့ ခြင်မကိုက် တော့ အိပ်လို့ကောင်းတယ်"

"ဟုတ်မယ်၊ ဗိုလ်ခွေး၊ ဒီကောင်တွေ လေသာတဲ့အင်တိုင်းမှာပဲ အိပ်မှာ၊ ဝါး တောကမှဲ့၊ ခြင်ကိုက်လွန်းတော့ အိပ်ရေး မပေါဘူး၊ ဒါနဲ့ ဗိုလ်ခွေး - နင့်သေနတ်မှာ ကျည်ကောင်းတာ စိတ်ချရတာလေး ရွေးထည့်ထားဦး၊ ငါ့သေနတ်တော့ (Ball) ဘောပဲ ထည့်ထားတယ်"

"ကျည်ဆန်တွေက စိတ်ချရပါ တယ်၊ ဆရာမင်းကိုယ်တိုင် ရွေးပေး လိုက်တဲ့ ဝင်းပြောင်နေတဲ့ကျည်အသစ် တွေပဲ"

သူတို့ စကားတပြောပြောနှင့် အင် တိုင်းတောအစပ် ရောက်ခဲ့ကြသည်၊ မြေရာများမှာ အင်တိုင်းတောအဝင်ထ



သည်းက တိုတစ်ကောင်၊ ဒီတစ်ကောင် ခွဲသွားသဖြင့် စိုင်ပေါက်အကြီးဆုံးနစ် ကောင် မြေရာရွေးပြီး နစ်ယောက်သား ခွဲလိုက်ခဲ့ကြသည်၊ မြေရာများမှာ အဝင် ဘော ခွဲသွားကြသော်လည်း အတွင်း ရောက်သောအခါ ပေါင်းလိုက်နောက် ပြန်လှည့်လာလိုက်၊ ကွေ့လိုက်ဗိုက်လိုက်၊ ဆတ်လိုက်နှင့် ရှုပ်ယှက်ခတ်နေတော့ သည်၊

"ဒီအကောင်တွေအိပ်တော့မှာမို့ တွေ့ရာ၊ ပတ်ချာ မြေရာဖျောက် နေကြ တာကွ၊ မင်းက အကောင်တွေ့အောင် ကြည့်၊ ငါက အထွက်မြေရာထုတ်မှဖြစ် မယ်"

နစ်ယောက်သား တာဝန်ကိုယ်စီ ခွဲ လိုက်ကြပြီး ကိုခွေးမောင်က အကြီးဆုံး စိုင်ပေါက်မြေရာ အသေအချာမှတ်ပြီး တစ်လှမ်းချင်း မြေရာကောက်ထုတ်နေ တော့သည်၊

"ရပြီ - အောင်စိန်ရေ၊ ဒီအကောင် တွေ အရှေ့ဘက်ဆီ ဝန်းပြုပြီး တောင် ဘက်ထွက်သွားကြတာကွ၊ လာ - လာ ဒီဆီလာ"

အောင်စိန် ရောက်လာသောအခါ စိုင်ပေါက်ကြီး မြေရာလမ်းညွှန်သွား သည့်အတိုင်း ဆက်လိုက်ခဲ့ကြသည်။ အတော်လှမ်းလှမ်း လိုက်မိသောအခါ တောတောက တစ်ကောင်စီ ခွဲထွက်သွား သော မြေရာများမှာ ပြန်ပေါင်းလာကြ သည်ကို တွေ့ရတော့သည်၊

"ဒီအကောင်တွေ - ဉာဏ်အတော် များသား ပေါင်းမိသွားပြီဆိုတော့ အိပ် တော့မှာ အသေအချာပဲ၊ မျက်စိလျှင် လျှင် နားပါးပါးနဲ့သွားပေ့"

မြေရာများ ပြန်ပေါင်းမိပြီး ကိုက် (၁၀၀)လောက် ရောက်သောအခါ စိုင် ချေးပုံအချို့ကိုတွေ့ရသဖြင့် မြေနှင့် ခင်း ထိုးကြည့်လိုက်ကြသည်၊ အငွေ့အသက် အပူငွေ့သက်သက် ရှိနေသေးသဖြင့် မကြာသေးကြောင်း သိလိုက်ကြသည်။

သားကောင်အိပ်ကျင်း မကြာမီ တွေ့တော့မှမို့ လေတင်လေအောက် သိ သာရန် မီးခြစ်၍ ကြည့်လိုက်ကြသည်။ လေလွှတ်ရာဘက်မှမှန်းပြီး တစ်လှမ်း ချင်း တက်ခဲ့ကြသည်၊ မျက်စိများက လည်း ကျီးကန်းတောင်မှာက်စိုင်များ



www.burmeseclassic.com

www.burmeseclassic.com

အိပ်တတ်၊ ရိုတတ်သည့်ကမူစောင်း၊ တုန်း၊ ခင်ရိုးနေရာများကို အထူးအလေး ထားရှာကြသည်၊ မကြာပါ၊ သူတို့လက်ျာ ဘက်ကိုက်(၁၀၀)လောက်တွင်သစ်ပင် နှစ်ပင်ကြားမှ နီရဲရဲအရာတစ်ခုကို မြင်ရ သဖြင့် တောင်ပို့လား၊ သားကောင်လား သေချာအောင် စိုက်ကြည့်နေရတော့ သည်။

သူတို့ စူးစမ်းစိုက်ကြည့်နေစဉ်မှာ ဝင် လှုပ်ရှားမှုတစ်ခုကို မြင်လိုက်ကြ သည်၊ နီရဲရဲအရာမှ အမြီးယမ်းလိုက် သည့်မြင်ကွင်း -

"ဟုတ်တယ်၊ ဟုတ်တယ် - စိုင်သေ ချာတယ်၊ အမြီးယမ်းလိုက်တာမြင်လိုက် ရတယ် - ဗိုလ်ခွေး"

"အေး - ငါလည်း မြင်လိုက်တယ်၊ တခြားအကောင်တွေ ကြည့်ဦး"

နှစ်ယောက်စလုံး မျက်စိများကို စူးစိုက်၍ပတ်ဝန်းကျင်ကို ဂရုစိုက်ကြည့် လိုက်ကြသော်လည်း ဘာမှ အစအန မမြင်ကြ၊

"ငါထင်တာတော့ ဒီအကောင်က တင်းစောင့်အကောင် ဖြစ်မယ်၊ တခြား အကောင်တွေက မနီးမဝေးမှာ အိပ်နေ မှာကွ၊ ဒါကြောင့် - တို့မမြင်တာ"

"အေး - ဟုတ်လောက်တယ်၊ ဒါဆို ရင် ဒီအကောင်ပဲ ပစ်ရမယ်ထင်တယ်"

"ဟုတ်တယ် - မြင်တဲ့အကောင်ပဲ အပိုင်ပစ်ကွာ"

သူတို့ ပြောဆိုနေကြစဉ်မှာပင် စိုင် က ဖင်ပေးထားရာမှ ဘေးတိုက်အနေ အထားအဖြစ် ပြောင်းသွားသဖြင့် မြင် ကွင်းက အထင်းသား၊ ရှင်းသွားတော့ သည်။

"ဟာ - စိုင်ပေါက်ကြီးကွ - ပစ် - ပစ် ဗိုလ်ခွေး - ပစ်"

"ဟာ - အဝေးကြီး ရှိသေးတာ၊ ဖင် လို့ ဘယ်ဖြစ်မှာလဲ၊ ဘယ်သေချာမှာလဲ အောင်စိန်ရ"

"ဖြစ်ပါတယ်၊ ဗိုလ်ခွေးရ၊ ဆရာမင်း ဆိုရင် ဒီထက်ဝေးတာတောင် ပစ်သေး တယ် - ရတယ်ဟ"

"ဆရာမင်းနဲ့ငါတူမလားဟ၊ သူ့ထ သူ့သေနတ်နဲ့သူ ပစ်တာဆိုတော့ သေ ချာတာပေါ့၊ ငါက ခါတိုင်းလည်း အနီး



ဘဝ်မှပစ်နေကျဆိုတော့ ဒီလောက်ဝေး ဝေးပစ်ရမှာ စိတ်မချရဲဘူး"

"ဘေးတိုက် - ဒီလောက်အကောင် ကြီးကို မလွဲနိုင်ပါဘူး၊ စိတ်ရဲရဲသာ ပစ် စမ်းပါ၊ ဒါ - ဆရာမင်းသေနတ်ပဲဥစ္စာမှန် မှာပါ၊ နောက်ပြီး - ရှေ့တိုးသွားရင် စိတ် ရှုရဘူး၊ ကင်းကောင်ဆိုတော့မြင်သွား နိုင်တယ်"

"အေး - ဟုတ်ပါတယ်၊ ကိုင်း၊ မထူး ပါဘူး - ပစ်မယ်ကွာ၊ မှန်တာ မမှန်တာ ဖူးဘ်ကိုယ့်ကံပဲပေါ့"

ကိုခွေးမောင်တစ်ယောက် ဆောင့် ကြောင့်ထိုင်၊ ဒူးပေါ်လက်ထောက်၊ သေ နတ်ကိုင်ပြီးအသေအချာချိန်လိုက်သည်၊ သားကောင်၏အကျယ်လက်နောက်နေ ရာသို့ သေနတ်၏ရှေ့ချိန်သီးနောက်ချိန် တို့ တစ်တန်းတည်း တစ်ထပ်တည်း ကျမှ မောင်းခလုတ်ကို အညင်သာဆုံး ဖြတ်ချလိုက်တော့သည်၊

သေနတ်သံက အောင်မြင်စွာမြည် ညည်းထွက်ပေါ်သွားပြီး (၁၈၀)ဂရိမ် လေးချိန်ရှိသော (.၃၀ - ၀၆)ကျည်ဖူး အချွန်က တစ်စက္ကန့်တွင် ပေ (၃၀၀၀) နှုန်းလေထုကိုဖြတ်သန်းတိုးဝှေ့၍တိုက် (၁၀၀)အကွာမှ အပစ်ခံရသော သားကောင်ကိုထိမှန်လိုက်သည်၊ သား ကောင်မှာ လေထဲသို့ မြောက်တက်သွား ပြီး မြင်ကွင်းမှ ပြေးထွက်ပျောက်ကွယ် သွားသည်၊

"ကိုင်း - စိုင်ကြီးတော့ ပြေးပြီတော့၊ သွားပြီနဲ့ တူတယ်ကွာ"

"ဘယ်အချိန်ချိန်ပစ်လိုက်တာလည်း မှန်မှာပါ၊ ရန်သွားပုံထောက်ရင် မှန်တို မှန်တယ်၊ ဗိုလ်ခွေး - လာ - သွားကြည့် ကြမယ်"

"ငါပစ်လိုက်တာတော့ လက်နောက် အကျယ်ပဲ အသေအချာချိန်ပြီး ငြိမ်ခံမှ မောင်းဖြုတ်လိုက်တာပဲ"

"ဒါဆို - မှန်ကိုမှန်တယ်၊ လက် နောက်မို့နေရာနေမှာ ဆရာမင်းပစ်ရင် လည်တိုင်ရင်းတို့၊ လည်တိုင်တို့ဆိုတော့ နေရာတင်ပဲ လဲတာကွ"

ပြောရင်းဆိုရင်းစိုင်ကြီးရပ်နေခဲ့သော နေရာသို့ရောက် သွားကြသည်၊ တွေ့



www.burmeseclassic.com

www.burmeseclassic.com

တော့ မတွေ့ရသေး၊ နွားထိုးသွားသည့် ခြေရာတော့ တွေ့ကြရသည်၊ တခြားစိုင်များမှာ ကင်းကောင်နှင့် မနီးမဝေးနေရာများတွင် အိပ်ထားသည်ကို တွေ့ကြရသည်၊

ပြေးသွားသည့်ခြေရာအတိုင်း ဆယ်လှမ်းခန့် လိုက်မိသောအခါ သွေးများက တောက်လျှောက်ကျသွားသည်ကို တွေ့ကြရသဖြင့် အားတက်သွားကာ သေနတ်တွေကို အရန်သင့်လုပ်ကာ သွေးအမှတ်အတိုင်း ဆက်လိုက်သွားကြသည်၊ ကိုက် (၇၀) လောက်ရောက်မှ လဲကျသေဆုံးနေပြီဖြစ်သော နီဝါဝါစိုင်ပေါက်ကြီးကို တွေ့ရသဖြင့် ဝမ်းသာပီတိဖြစ်ကာ လက်ဝါးရိုက်လိုက်ကြသည်၊

"ကိုင်း – အောင်စိန်ရေ – နားရွက်နဲ့ အမြီးဖြတ်၊ တို့တာဝန်ကျေကြောင်း စခန်းတွန်ခဲ့တဲ့ ဆရာမင်းတို့ကို သက်သေပြရအောင်"

ရိုင်ဖယ်နစ်လက်နှင့် စခန်းပြောက်ဘက်ထွက်ခဲ့ကြသော ကိုကြည်သောင်းနှင့် ကိုအေးမောင်တို့မှာ ပြောင်သာအဓိကထားကြသဖြင့် စိုင်ခြေရာတွေ့သော်လည်း မလိုက်ကြ၊ ပြောင်ခြေရာကိုသာ မဲ၍ ရှာနေကြသည်၊

ဒီ (.၃၇၅) နစ်လုံးပြူးရိုင်ဖယ်ကြီးနဲ့ ပြောင်ပစ်ကြည့်ချင်တာကွ၊ ဟိုတဲ (၉) လုံးစခန်းတုန်းက ကျော်မိုးသစ်ပင်စမ်းတာတော့ ပြင်းလိုက်တာ အားရစရာကြီးပဲ"

"ဆရာမင်းတို့ (.၄၇၀) နစ်လုံးပြူးရိုင်ဖယ်ကြီးလောက်တော့ မပြင်းဘူး ထင်တယ် – ကိုအေးရ"

"ဟ – အဲဒါကြီးနဲ့တော့ မယှဉ်နဲ့လေကွာ၊ ဟိုဟာကြီးက ဒီဟာနဲ့စာရင် အတော လောက်ကြီးနေတာ ဘယ်တူမှာလဲ၊ ငါ ဆိုလိုတာက ပွိုင့် (၃၀ – ၀၆) တို့ (.၃၀၃) တို့နဲ့ ယှဉ်လိုက်ရင် ပြောတာပါ"

စကားတပြောပြောနှင့် သူတို့ အင်တိုင်းသာတစ်ခု ရောက်လာကြသည်၊

...အုပ်ခြေရာတွေက ရှုပ်ယှက်ခတ်နေသည်၊ ကလေးခြေရာတွေလည်း ပါသည်၊

"စိုင်မပစ်ချင်ပါဘူးဆိုမှ စိုင်အုပ်ခြေရာတွေကြီး တွေ့နေရတယ်၊ ပြောင်တွေ ဘယ်ရောက်ကုန်ကြပြီလဲကွ"

"စိတ်မစောပါနဲ့ – ကိုအေးရာ၊ ဒီမှာ ပြောင်ခြေရာ တွေ့ပြီဗျ"

ကိုကြည်သောင်းက သူတွေ့သော ပြောင်ခြေရာကို ပြလိုက်သည်၊ ပြောင်ခြေရာမှာ တစ်ကောင်တည်း ခြေရာဖြစ်သည်၊ အင်တိုင်းတစ်လျှောက် မြွေနောက်စားထားပြီး "ခါတွန်ကြစ်" ဆီသို့ ဦးတည်သွားနေတော့သည်၊ "ခါတွန်ကြစ်" တွင် မြေင်ဝင်စားပြီးမှ တခြားပြောင်အုပ်ခြေများနောက် လိုက်သွားတော့သည်၊

ပြောင်အုပ်ခြေရာမှာ ကြစ်မှထွက်လျှင် ဝါးတောများရှိရာသို့ ဦးတည်သွားနေခြင်းဖြစ်သည်၊ "ဝါးဆို၊ ဝါးခေါင်မျှစ်တံတောင်" ဆိုသည့်အတိုင်း တံတောင်ခန့်ရှည်သော မျှစ်များမှာ စိုင်၊ ပြောင်၊ ဆတ်၊ ဝက်များအတွက် စားအကောင်းဆုံးအရွယ်ဖြစ်သဖြင့် မက်မောကြသည်၊

သူတို့ ဝါးတောအစပ် ရောက်သွားသည်နှင့် "ဂျွပ် – ဖျောက် – ကျလီ – ကျွီ" ဟူသော မျှစ်ချိုးသံ၊ ကိုက်ဝါးသံ၊ စားသံများကို ကြားလိုက်ကြသည်၊ နစ်ယောက်သား ဝမ်းသာစွာနှင့် သေနတ်များကို မောင်းတင်ကာ လက်မနေးတင်ဆောင်ရှု မျက်စိလျှင်လျှင် နားပါးပါးနှင့် တစ်လှမ်းချင်း ရင်ပေါင်တန်းတိုးဝင်သွားကြသည်၊ ဝါးတောအတွင်း (၁၀) ကိုက်မျှဝင်ရောက်သွားမိကြသောအခါ သူတို့၏လက်ျာဘက်ခပ်ကျကျမှ "ထွီ" ခနဲ နှာမှုတ်သံကြီးကြားလိုက်ရပြီး တဝုန်းဝုန်း တခြောင်းခြောင်း ပြေးကုန်ကြသောခြေသံများက မြေပြင် တုန်သွားတော့သည်၊

ရိပ်ခနဲ မည်းခနဲ ပြေးလွှားတုန်ကြသော ပြောင်များကို သေနတ်နှင့် ထိုးချိန်ရှိသာ ချိန်နိုင်ကြသည်၊ ပစ်ခတ်ရန်အခွင့်အရေးက မရလိုက်ကြပေ၊ အမှန်မှာ ပြောင်များက သူတို့ကို မြင်၍မဟုတ် လေအောက်ကျသော အကောင်ဖြစ် လေနံ့ရသွားသဖြင့် သတိပေးနှာမှုတ်၍ ကြောင့် ပြေးကုန်ကြခြင်းဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

သူတို့ကဲကောင်းပြီးသားကောင်ကဲ ဆိုးသည်လားတော့ မပြောတတ်၊ သူတို့ လေတင်ဘက်ကပြောင်ကြီးတစ်ကောင် မှာ အားလုံးပြေးသဖြင့် လူလည်း မနေ သာရောယောင်ပြေးလာရာမုဆိုးများနှင့် ပတ်ပင်းဝင်တိုးတော့သည်။ လူသား မုဆိုးနှစ်ဦးကို မထင်မှတ်ဘဲ တွေ့လိုက် ရာ ပြောင်ကြီးမှာ ကြောင်အမ်းအမ်းဖြစ် သွားပြီး ရပ်လိုက်မိသည်။ မုဆိုးများအဖို့ တသတိရှိပြီး အရန်သင့်အနေအထားမို့ ရှေ့လာရပ်သော ပြောင်ကြီးကို မလွတ် တမ်းပစ်လိုက်ကြသည်။

"ဒိုင်း - ဒိုင်း" ဟူသော သေနတ်သံ (၂)ချက်က တစ်ပြိုင်တည်းလိုလို ထွက် သွားပြီး (၁၀)ကိုက်အကွာတွင်ရှိသော ပြောင်ကြီး၏ဦးခေါင်း၊ လည်ပင်းတို့တွင် တည့်တိမှန်သွားရာနောက်သို့ အနည်း ငယ်လန်ပြီးမှ ပြုတ်ကျ သေဆုံးသွားပါ တော့သည်။

"တော်သေးတယ်ကွာ - ငါက မပစ် ရတော့ဘူးလို့ ထင်နေတာ။ သေနေ့စေ့ တဲ့အကောင်ဆိုတော့ ငါတို့ရှေ့တည့် တည့်ကို လာရပ်ပေးတော့တာပဲ"

"ဟုတ်တယ်နော်၊ ကျုပ်လည်းမပစ် ရလောက်တော့ဘူးလို့ ထင်နေတာ။ မထင်မှတ်ဘဲ အနီးကပ်ကို ပစ်လိုက်ကြ ရတာ၊ ခင်ဗျားနှစ်လုံးပြူးကြီးက ပြင်း သားဗျ၊ ပြောင်ကြီးတစ်ကောင်လုံး နောက်လန်သွားတာပဲ။ ကျုပ် (.၃၀၃) ရိုင်ဖယ်တစ်လက်တည်းသာဆိုရင်ဒီနေ ရာတင် လဲချင်မှလဲမှာ အရှိန်နဲ့ လူဆီ ရောက်လာနိုင်တယ်"

"အေး - ဟုတ်တယ်၊ သေနတ်အား ကောင်းလို့ကွ၊ သေနတ်အား မကောင်း လို့နေရာတွင် မလဲရင်တို့တော့ အတိုက် ခံရဦးမှာ သေချာတယ်၊ ကိုင်း - ကိုင်း နားရွက်ဖြတ်ခဲ့ကွာ၊ သေနတ်ရှင်ဟာနစ် ဝမ်းသာရအောင် ပြဖို့"

နေ့လယ် (၁၂)နာရီကျော်ကျော် လောက်တွင် စခန်းသို့ အရင်ဆုံး ပြန် ရောက်လာကြသူများမှာ ကျော်မိုးတို့ အဖွဲ့ဖြစ်သည်။

"ဟေး - စောလှချည်လား၊ ဘာ ကောင်ပစ်ခဲ့ရလဲ - ရရော ရခဲ့ကြလား"

ကျွန်တော်က ရောက်မဆိုက် မေး တော်သဖြင့် ကျော်မိုးက လက်မထောင် ပြလိုက် နောက်မှပါလာသော ဦးလှဒင် ဆီပြလိုက်သည်။ ဦးလှဒင် ပခုံးပေါ် တော့ မည်းမည်းရဲရဲအသားတွဲ ပါ လာမြင်ကြရသည်။ ရောက်ရောက် ဦးလှဒင်က ကျော်ဖံအားခေါ်လျက် သားတွဲပေးကာ ညနေစာ အမီချက် တော့သည်။

"ကိုဟာနစ်တော့ အားနာပါတယ် ပေမဲ့ - ရခဲ့တာက တောဝက်ဆို ဝက်သားပဲ ချက်စားရတော့မှာပဲ"

လူအားလုံးက ဝက်သားဆို၍ နေသလောက်ဟာနစ်ကတော့ ပြုလိုက်သည်။

ကျော်မိုးက ပစ်ပုံ၊ ခတ်ပုံ၊ အတွေ့ လုံးစုံကို ရေနွေးကြမ်းသောက် ပြောနေရာ ကျွန်တော် ဟာနစ်၊ ဝိုးသိမ်းတို့မှာ စိတ်ဝင်တစား ငနေကြရသည်။

"အဲဒါပဲ - ကိုဟာနစ်ရေ၊ ပစ်တုန်း ကတော့စိုင်ဆိုပြီးပစ်တာ၊ ရတော့တော ဝက်ကြီးဖြစ်နေတာ၊ ဘာမှမတတ်နိုင် တော့ဘူးဗျ"

"ဖြစ်မှဖြစ်ရပလေ - ကျော်မိုးရာ၊ စိုင်နဲ့ဝက် အတော်နီးစပ်တာ၊ မှားငဲ မှား တတ်ပလေကွာ" ဟု ကျွန်တော်က မှတ် ချက်ချလိုက်သည်။

"ဝက်က ဝါးနမျှစ်စားတဲ့ရာသီမို့ အမွေးတွေက ဖြူညစ်ညစ်ဖြစ်နေတော့ ဝိုးတိုးဝါးတားမြင်ရတဲ့ ကျွန်တော်က စိုင် ပြောင်ကြီးလို့ထင်ပြီး ပစ်လိုက်တာ၊ ဝက် မှန်းသိရင် ဘယ်ပစ်မှာလဲ - ကိုဟာနစ် ရာ"

"ဟုတ်ပါပြီ - မင်းပြောသမျှခေါ့ ကျော်မိုးရာ"

ညနေ(၃)နာရီလောက်တွင်ကိုရွှေ မောင်တို့အတွဲလည်းပြန်ရောက်လာကြ သည်၊ သူတို့ကြည့်ရသည်မှာ တက်ကြွ လန်းဆန်းနေပုံရသည်။

"ဘယ်လိုလဲ - ဗိုလ်ရွှေ - ကျုပ်တို့ တော့ ဝက်ကြီးတစ်ကောင် ရခဲ့တယ်၊ ခင်ဗျားတို့အဖွဲ့ရော" ဟု ကျော်မိုးကမေး ပြော့ပြောလိုက်ရာ -

www.burmeseclassic.com

အောင်စိန်က သက်သေခံ ဖြတ်ယူလာသော စိုင်မြီးနှင့်နားရွက် ထုတ်ပြလိုက်သဖြင့် အားလုံးအဖွဲ့သားများ ပျော်သွားကြတော့သည်။

"စိုင်က အမလား၊ အထီးလား၊ ကြီးသလား၊ ဘယ်လောက်ထွက်မယ်မှန်းသလဲ" ဟု မောင်စံက မေးလိုက်ပြန်သည်။

"စိုင်ပေါက်ကွဲ၊ အတော်ရွော်တယ်၊ အချိန် (၁၅၀) လောက်တော့ မှန်းတာပဲ။ ဒါနဲ့ - ကိုကြည်သောင်းတို့အဖွဲ့ရော ပြန်မရောက်ကြသေးဘူးလား၊ သူတို့ဘက်တရော ပစ်သံလေး၊ ဘာလေး မကြားမိကြဘူးလား"

ကိုခွေးမောင်၏အမေးကို ဦးလှဒင်က ဝင်ဖြေလိုက်သည်။

"ဒါတို့ဝက်ပစ်ပြီးပြန်လာတော့ လမ်းမှာ ကြည်သောင်းတို့ ခါတွန်ကြစ်ဆီက သေနတ်(၂)ချက်ဆင့်ပစ်သံတော့ကြားလိုက်မိတယ် - ဗိုလ်ခွေးရ"

"သူတို့အဖွဲ့ရော ရခဲ့ရင်တော့ ဒီနေ့ စခန်းတစ်ရလုံး မြိုင်သွားတော့မှာပဲ"

"မြိုင်မှာထက် မနိုင်မှာကော ထည့်မတွက်တော့ဘူးလား - ဗိုလ်ခွေးရ"

"မနိုင်မဖြစ်အောင် ညလုံးပေါက် အလင်းအောင်လိုက်ကြရုံပေါ့၊ ဆရာမင်းရာ - ကျုပ်တို့အဖွဲ့လူအားလည်း တော်သားပဲ၊ ရတုန်း ပင်ပန်းရမှာဥစ္စာ"

သို့ကလို ပြောဆိုနေကြစဉ်မှာပင် စခန်းတဲဆီသို့ဝင်လာကြသော ကိုကြည်သောင်းနှင့်ကိုအေးမောင်တို့ကိုမြင်လိုက်ကြရသည်။

ရောက်ရောက် ချင်း ဟာနစ်က "ဘာတွေပစ်ခဲ့ရလဲ" ဟု မေးလိုက်၏။

ကြည်သောင်းက သူ့စစ်လွယ်အိတ်ထဲမှ ပြောင်နားရွက်ကိုထုတ်လိုက်သည်။

"ဟာနစ်ရ - အဲဒါ - ပြောင်နားရွက် ဝက်နားရွက် မဟုတ်ဘူး၊ အသေအ ကြည့်ဦးဟ"

ဒီတော့မှ ဟာနစ်မျက်နှာပြုံး သန်းလာပြီး -

"တကယ်ပြောင် ပစ်လာကြ လား၊ အထီးလား၊ အမလား၊ ချိုရော လား၊ ကြီးရောကြီးရဲ့လား" ဟုလာ များစွာမေးရင်း ဝမ်းသာသွားပုံ ရသ

"ချိုကသိပ်အကြီးကြီးတော့ ဘူး၊ အနေတော်လှတပတလေးပဲ တရ ခင်ဗျားအိမ်ချိတ်ဖို့တော့ တော တယ်"

ကိုအေးမောင်ရဲ့စကားက ဟာနစ် နလုံးသားကို ပြုံးရွှင်သွားစေပါတော့သည်။

"ကိုင်း - ဒီနေ့တော့ တောလည်ကြတဲ့အဖွဲ့(၃)အဖွဲ့စလုံး တစ်ဖွဲ့တစ်ကောင် ဝက်၊ စိုင်၊ ပြောင်" ရကြတယ်ဆိုတော့ မိုးကျူးစရာ၊ ဝမ်းသာစရာပဲ၊ ဒါကြောင့် ဝမ်းသာဂုဏ်ပြုတဲ့အထိမ်းအမှတ်အနေနဲ့ ညနေစာအားလုံး ဝက်သားဟင်းနဲ့ ထမင်းစားကြွကြဖို့ ကျုပ်က ဖိတ်မန္တက ပြုလိုက်ပါတယ်ဗျို့" ဟု အိုးသူကြီးကျော်ဇံက အော်လိုက်ရာ ဟာနစ်မှတပါး

ပါးအခြားကျန်မုဆိုးများအားလုံး ဝမ်းယ တသာ ထမင်းဝိုင်းပြင်ထားရာသို့ အမြ လေး သွားလိုက်ကြပါတော့သည်။

တစ်ယောက်တည်း ယောင် ကျန်ခဲ့သော ဟာနစ်အား ကိုကြည်သောင်း က -

"ကိုဟာနစ်ရေ - စိတ်မပျက်ပါနဲ့ ခင်ဗျား ပြောင်သားစားရအောင် ကျုပ် ကိုယ်တိုင် လည်လှီးလုပ်ခဲ့တယ်ဗျို့" တ အော်ပြောလိုက်ပါတော့သတည်း။

» မနုလာသား

ဝန်ထည်များ အရောင်ထင်နည်း

ဆားရေပူပူတွင် ဆေးကြောခြင်းဖြင့် အရောင်တောက်ပလာပါလိမ့်မည်။

ရေခဲတုံး ကာရှည်ထားခံနည်း

ရေခဲတုံးအား သတင်းစာစက္ကူဖြင့် လုံအောင်ထုပ်ထားပါ။



www.burmeseclassic.com

www.burmeseclassic.com




– “ရာဇတောဝါ စောရတောဝါ မနုဿတော

အမနုဿတောဝါ၊ အဂ္ဂိတောဝါ ဥဒကတောဝါ ...” “အယ် - ချို

နောက်တောင် ကျနေပါပြီကော” အတွေးဝင်မိလျှင်ပင် ခြေအရွေ့အ

တုံ့ချင်မိတော့၏။ “ရောက်တော့ ရောက်အောင် သွားဦးမှ

ရောက်မှလည်း ဖြစ်



www.burmeseclassic.com

နို့မို့ သင်းကလေး စိတ်မကောင်းရှိ ရှောမယ်" ဖင့်နွဲ့ဖလေး ကန်ချင်သောခြေ ကို ဘာသာကြိမ်တို့လျက် လှမ်းမိအောင် လှမ်း၊ ရင်ထဲ၌မူ သင်းကလေးကို တရေး ရေးပြေးမြင်မိပြီး မရိုတရို ရိုတိတိ။


မြို့ကြီး၏အစွန်ဆီမှ ကျုံးကော်ပုံကျ ရုပ်တွက်ဝင်စားကလေးဖြစ်သည့်အတိုင်း ဘယ်တိုရယ်ကြည့်ကြည့် အဆင်မပြေ။ ရှိုးရဲ တန်းတိုးကျဲတဲ၊ လမ်းဟူ၍လည်း သီးသီးသန့်သန့်ရှိပုံ မပေါ်၊ တဲသာသာ အိမ်စုတ်အိမ်မွှားပုစုခရုတွေ ပြွတ်သိတိုး နေသည့် ဟိုအကြို သည်အကြားမှသာ မြွေလိမ်မြွေကောက် ဖြရဲရှာဖွေသွားနေ ရသည်။ ရွံ့တွေ၊ ဗွက်တွေ၊ အမှိုက်တွေ၊ ရေဆိုးမြောင်းပုပ်တွေ၊ တအဲ့အဲ့တဟောင် ဟောင် ထောင်းထနေသည့် ဝတ်ပါ ချောင်ကလေး။

မိုးရေတွေ တစက်စက်
တပေါက်ပေါက်
စိုတိစိုစွတ်မို့

လှူနီဖောင်းကြီး တကားကား ဝတ်လ
သည်ကိုပင် ကိုယ့်ကိုယ်ကိုယ် ကြိ
အပြစ်တင်မိရသေး၊ ကြောင်ကမ္ဘာတ
အကောင်းစား ရှူးဖိနပ်ကလေးက
ရွံ့တွေ၊ ဗွက်တွေ အလိမ်းလိမ်းဖြင့် ပ
ပန်းပျက်ဖြစ်သွားရှာလေပြီ။

"ဆရာရယ် - ဒီလမ်းဟုတ်မှဟု
လား။ ချိုးလိုက်ကွေ့လိုက်ရတာများ
လည်း တစ်ကိုယ်လုံး မှန်ကြီးလိမ်မ
တစ်မည်ပဲ၊ ဖတ်သီကို ကျလို့၊ ဆ
ဥစ္စာ"

"ဟုတ်လောက်မှာပါ - ဟော
ရဲ့ မင်းကြားရဲ့မှတ်လား၊ ဘုန်းတော်
တွေ ပရိတ်ရွတ်နေတဲ့အသံ၊ တို့လာ
ယောင်တိယောင်ဝါးနဲ့မို့ တရေးမ



စားဝတ်နေရေး
ဘဝအတွေ့တွေ့ကြောင့်
ထောင်ထဲ ရောက်လာခဲ့သည့်
ပန်းကောင်းအညွန့်ကျိုးကလေးများ၏
ဘဝကို စာရေးဆရာက စာနာစိတ်ဖြင့်
ဖွင့်ဟရေးဖွဲ့လိုက်သည် ။

တာ နေမှာပါဟ။ မနေ့ကပဲ နီဂရိုးမက ဒုန်းထဲမှာ သေသေချာချာပြောသွားတဲ့ ဟာ - ဒီလိပ်စာအတိုင်းပါပဲ"

"ကြည့်လည်းလုပ်ပါဦး၊ ဆရာရယ်၊ တိုကကြည့်ကွက်ကြည့်ကွက်၊ ဒီကကြည့် တွက်ကြည့်ကွက်နဲ့၊ ဒီလိုနေရာမျိုးမှာ ဟောဒီလိုလှူနီဖောင်းကြီးတွေနဲ့ ခွေးတိုး ဝက်ဝင် လျှောက်သွားနေရတာဖြင့် သိပ် မနိုင်သေးပါဘူး"

တော်တော်တော့ကြောင်စီစီအနိုင် သား။

ပူစီမတို့၊ နော်နော်တို့၊ အငယ်လေး တို့၊ သင်းယူလှိုင်တို့၊ ချောအိစ်တို့၊ အင်း သူတို့နတ်မိမယ် သူယောင်မယ်ကလေး များ စတည်းချရာ သူတို့ ဘုမ်နက်သန် လောကနီဗွာန်ရပ်ကွက်ကလေးထဲ လှူနီ ဖောင်းကြီးတွေ ပြုံးနေအောင် ဝတ်စား ထားသည့်ငနဲသားနစ်ပွေမိုးရေထဲ တစွတ် စွတ်လျှောက်ရင်း၊ တဝဲလည်လည်ဖြစ် နေပုံမှာ တာကလိုတိုတိုကြီးမို့ ပြုံးစိစိ တွက်ကြည့်ကွက်ကြည့် မျက်နှာတွေကို ရှောင်မလွှတ်၊ အတုပ်ဟိုသင်းပဲ လာရှာ သည့်တကျာမ္ဘနီနေသောတာဝန်ရှိထောင် ငနဲတွေနယ်၊ ဟိုလူသည်လူ မေးဖို့စမ်းဖို့

လည်းနှုတ်မရဲ၊ "အဲ - ခက်ပ၊အတန်းနည်
ခက်လိုက်ပ၊ ပူစီမရေ"

အဲ၊ ပူစီမဆိုမှ လာဖြစ်ခဲ့ကြသည်တ
ပင်ပူစီမ၏နာရေးကိစ္စ၊ "ပူစီမ ထုံးမြို့" တဲ့
ငါးထန်းရွက်နစ်ကောင်လို ထိပ်မှာထွဲ
နေခဲ့ကြသည့်သင်းကလေး
ဆင်းရဲဖက်နီဂရိုးမအစည်းခံ သင်း
က တခုတ်တရ ဖုန်းဆက်၍ ပြောခဲ့
ဖြစ်သည်။ ပြီးတော့ - ဘာတဲ့ "တိုသ
တွေ တက် အများကြီးပြီး တထော
ကတမ်းတွေ ပြောနေတဲ့ကြားတာပဲ
တစ်ခုခုဖြစ်ခဲ့ရင် ဆရာ ထောင်မှူးကြီ
မသိစေနဲ့တဲ့၊ သိများသိခဲ့ရင် ဘယ်လို
နွင့်လွှတ်မှာမဟုတ်ဘူးတဲ့၊ စိတ်မကော
လည်းဖြစ်လိမ့်မတဲ့၊ ဒါပေတဲ့ - ဘယ့်န
လုပ်မလဲ၊ ပူစီမှာ မူးလို့ရှူးစရာတွေတ
မျိုးဟယ်တစ်ယောက်တလေလတ်
ဗိုရှိရှာတာမဟုတ်ဘူး၊ တစ်တောင်ကြ
တစ်မျက်နှာ၊ ဘယ်ဆီဘယ်တ ရော
လာမှန်းလည်း ဘယ်သူမှမသိ၊ တတ
ရေမျောကမ်းတင်ရယ်၊ အဲ - သူ့အ
မှာ ဆရာထောင်မှူးကြီးတ မိတဲ့တေ
ရာက တစ်ခေါက်တစ်ကျင်မျက်
တလေး လာပြလိုက်ရင်ဖြင့် သင်း

www.burmeseclassic.com

တာတောင် အသေဖြောင့်ရှာလိမ့်မယ် ထင်မိတာနဲ့၊ ဘာပြောပြော ကြက်ရေး ငှက်ရေးတဲ့ဟော့ဆိုရင် သမီးတို့မှာ ဆရာ ထောင်မှူးကြီးကိုပဲ အပ္ပကပ်ဖို့ ပြေးပြေး သတိရကြတော့တာ၊ အဟုတ်တဲ့၊ နီကရိုး တေ ဆက်ပြောနေလိုက်သေးသည်။

"ပလီစိချောက်ချက်တွေ ..." ဟု ထောင်ရက်နိုင်၊ ကောက်ရိုးတစ်မျှင်ကို ဆုပ်ထားသလိုအားကိုးတကြီးသတိ ရသွှတ်မိကြခြင်းဟုပဲ ဆိုသင့်ရာသည်။

"ဖြစ်မှဖြစ်ရလေ - ပူစီမရယ်"

မိုးသံလေသံ တဖြောက်ဖြောက်၊ ရွှံ့ တွေ ဗွက်တွေ ရွှပ်ပက်ရွှပ်ပက် အထဲက ဝင် နာရေးအိမ်မှ ကိုယ်တော်များ၏ သံပြိုင်ညီညီမရဏာနုဿတိပွားများရွတ် တော်နေသံများက "အသုဘအိမ် - ဒီမှာ" ဟု လမ်းပြပေးနေသလိုဖြစ်ရာပရိတ်သံ အတိုင်းနားစွင့်နားကား၍သာ လိုက်ခဲ့မိ ကြတော့၏။

"ဟော၊ ဟော - ဆရာထောင်မှူးကြီး"

"နော့နော်ရေ - အဘလာတယ်ဟဲ့၊ အငယ်လေးရေ - သင်းယုရေ - ဟဲ့အဘ လာတယ်"

"ဟဲ့ - ချောရော - အဘတို့ခြေဆေး ဖို့ရာ ရေခပ်ပေးစမ်း"

"လာ လာ - အဘ၊ ဒီဘက်ကို ကြွ"

တပည့်မတစ်တွေ ပျာယာခတ်လို့။ မရဏာနုဿတိရွတ်သံဖတ်သံတွေ တိတ် မသွားသော်မှ အုံ့ဩရှုးစမ်းဟန် အကြည့် များနှင့်အတူ ကိုယ်တော်တို့ပင်နည်းနည်း ကလေး သံရှိန်ကျသွားခဲ့ သည်ထင့်။

"ဘယ်သူများပါလိမ့်၊ အံ့မယ် ယူနီဖောင်း ကြီးတွေနဲ့၊ ဩ - အရာရှိပါကော၊ အင့် ဟင် - ပူစီမနဲ့ ဘယ်လိုများ ပတ်သက်နေ ကြပါလိမ့်မလဲ၊ ကောနွ" သို့လော သို့လော ကြည့်ကွက် ကြည့်ကွက်များကို လက် ဝင်းကြိုရပြန်တော့သည်။

ရင်နီးဖူးရင်းရှိ၍ ထောင်ကို အိမ် လုပ်လျက် ဝင်စို့ထွက်စို့ပြုနေကြဆဲ မယ် မင်းကြီးမတစ်သိုက်၏ မျက်နှာလေးငါး ခြောက်ခုက ရှာခနဲ ခေါင်းလည်လာကြ၊ ဟော - မမစိမ်းပါကလား၊ အကြောင်းမှ မသိခဲ့လျှင် အရာရှိကြီးကတော် တစ် ယောက်လို၊ လူကုံထံကြေးရတတ်ရင့်မာ ကြီးလိုလို ထင်မိကြရမြဲ ဖွေးဖွေးဖြူဖြူ လှတပတ ခပ်ဝင့်ဝင့် ခပ်မင့်မင့် သူ့မျက် နှာသည် ရုတ်တရက် ညှိုရာမှ မည်းမည်း ရာမှ ပြုံးခနဲ။

"ပူစီမရေ - နင်အားကိုးလှပါတယ် ...တဲ့ နင့်ဆရာ ထောင်မှူးကြီး ရောက် ...ပြီလေ - ဟဲ့၊ နင်သေရင်တောင် ...မပေးပါနဲ့လို့တရရှမှာခဲ့တဲ့နင့်ကျေး ...ကြီး နင့်ကို လာကြည့်နေပြီလေ ...ကြည့်ပါဦးလား၊ ကံမွဲတဲ့မိန်းကလေး ...ဟီးဟီး"

အလိုလေးဗျာ ...၊ သင်းကြီးက အာ ...နင့် ငိုချင်းစနက်တံကို မီးတင်ရှို့ ...သည်နှင့်တစ်ပြိုင်နက် ဟိုကဒီက ...တစ်မကြီး အားပါးတရ လွမ်းပွဲ ...ကြပုံမှာ ရုတ်တရက် သားဖြင့် ...သောင်းကိုညံလို့...။ "နင့်ကျေးဇူး ...ဘဲဟိုလိုလိုဒီလိုလိုဆီးပြိုးနံ့ထား ...ညီးကျွန်တော်တို့ဆရာတပည့် ...နှာက ခပ်မှုပ္ပ၊ ထူထူပိန်းပိန်း၊ ...တ် ထရခက် ခွကျကျကြီးဖြစ်၍

...သည့် ကိုးရိုးကားယားကြီးထဲမှ ...လသူ ပူစီမမျက်နှာလေးကို ...မြင်မိလိုက်လျှင် ရင်ထောင့်မှာ ...တက်တက်တက်အောင့်တက် ...သည်။

"ပူစီမရယ်"

"ရုံးပြန်တွေ ရုံးပြန်တွေ - အချုပ် ကားပေါ်က ဆင်းတာနဲ့ ဘူးတံခါးထဲကို တန်းစီပြီး ဝင်လာခဲ့ကြနော်၊ ဟိုတာမှာ သလို၊ ဒီဟာမှာသလို ဇယားရှုပ်မနေကြ နဲ့ဦး။ အဲ - အကျတွေက ဒီဘက်၊ အချုပ် တွေက ဟိုးဘက်သွား၊ ငါးယောက်တစ် တွဲ ထိုင်၊ ကိုယ့်ထောင်ဝင်စာထုပ်ကို ကိုယ့်ရှေ့ချ၊ ရှာလို့ဖွေလို့ တလာစီလို့ ရအောင်ဟာ အသင့်ဖြည်ထားပေး၊ ဩ ဟောဟို ရှေ့က လေဒီမမတွေက ကိုယ့် ပစ္စည်းကိုယ်ကိုင်ပြီး ခါတိုင်းခါလို ထောင် မှူးကြီး ရုံးခန်းရှေ့ကို ကြွကြွ၊ အဲဒီမှာ တလာစီလိမ့်မယ်၊ ကိုင်း - ကိုင်း - ဆင်မ ယဉ်သာတွေ၊ ဆင်ထီးယဉ်သာတွေနဲ့ တလှုပ်လှုပ်ရှုတ်ပွရှုတ်ပွလုပ်မနေကြနဲ့၊ ခပ်သွက်သွက် ခပ်သွက်သွက်ကလေး ကိုးကြ၊ လမ်းကြောင်းကားတွေ ဖင်ချင်း ခေါင်းချင်းဆက်နေတာ မျက်စိကြီးနဲ့ မြူ နေအောင်မြင်ခဲ့ကြပြီသားမဟုတ်လား။ ကျေးဇူးရှင်တို့၊ ထောင်ထဲကို ခပ်မြန်မြန် ဝင်ချင်ရင် ခပ်လောလောလေး လုပ်ကြ စမ်းပါဦး။ လှုပ်ရှားမှ မုန့်စားရမယ်ခနော် ဒါပဲ ဒါပဲ"

www.burmeseclassic.com

တံခါးတာဝန်ကျ တပ်သားကျော်ကြည်ထိန်၏အသံ။

သည်ထောင်မှာ သူ့လို အာပေါင်အာရင်း ခပ်သန်သန်ထဲက ရှားလှဘိ. တောင်း၊ တင်မောင်သန်း၊ ဖွေးဖွေး စံရွှေမောင်၊ သိန်းဟန်၊ (၃၀၀)ကျော် (၄၀၀)နီးပါး ထောင်ဝန်ထမ်းတွေထဲမှာ နှုတ်ခအာစရှင်ရှင်၊ မျက်စိလျင်နားပါး၊ ချက်ခနဲဆို ဒိုက်တက်ကပ်နေတတ်သည့် လေးငါးဦးသာ ဒုလ္လဘထောင်မင်းသားတွေမို့ ဂျူတီချတိုင်း ကျွန်တော် ထောင်မှူးကြီး၏ မျက်စိတစ်ကမ်း နှုတ်တစ်ကမ်းရှိ ဘူးတံခါးကြီးတို့ မိန်းဂျေး (လ်)တို့၊ တပ်ရဲဂိတ်တို့မှာသာ တာဝန်ချထားပေးရလေ့ရှိ၏၊ နားဆင်ကြည့်ပခင်ဗျာ၊ ကျွန်တော့်တပည့်ကျော်ကြည်ထိန်၏ ရုံးထုတ်ရုံးပြန် ရဲလမ်းကြောင်းကားတွေအဝင်မှာ ဘူးတံခါးကြီးအဝကနေကွန်ထရိုး(လ်)ပေးနေသည့် သင်း၏အာကာသံကို လက်တွေ့လက်ငင်းအခြေအနေနှင့်က ကွက်တိကိုကျလို့မဟုတ်လား ခင်ဗျ။

"ဆရာရေ..."

"ဗျာရေ..."

"ရုံးပြန် မိန်းမအကျ၊ အချုပ်တွေကို ဆရာ့ရုံးခန်းထဲ ခဏသွင်းထားဦးမယ်နော်"

"ဗွတ်(ဒ်)သလိုဒူး၊ ဗွတ်(ဒ်)သလိုဒူး"

တပ်သားမကလေး သင်းသင်းလှိုင် သူ့ဇက်ကလေး သူပု၊ လျှာတစ်လစ်ပြ တစ်ပြုံတစ်လုပ်ရင်း တံခါးဝမှ ပျောက်ခဲ့ ပျောက်သွား၊ လာပါပြီ ခင်ဗျာ၊ ချီတက် လာကြပါပြီ၊ မနက်မိုးလင်းတုန်း ထောင်အပြင်တရားရုံးတွေဆီရုံးထွက် မည်မို့ဖီးဟဲ့လိမ်းဟဲ့၊ ရှိုးတွေစမိုးတွေ စတိုင်တွေမလိုင်တွေနှင့်လောက်အော ထုတ်၊ဟန်ကြီးတွေတစ်ခွဲသား၊ သူ့ ငါဦး "မိုးကျနတ်မယ်"တွေအလား စားဆင်ပြင်ဂိုက်ပေးကြမ်းခဲ့ကြလေ တစ်နေကုန်တစ်နေစန်းနေပူကျဲ ကြီးထဲမှာ ဖတ်သီဖတ်သီ ပြေးဟဲ့ ဟဲ့၊ တရားရုံးက ရဲအချုပ်ထန်း လောက် ဂျင်ဂလယ်လေးထဲ၌ ငါးချဉ်သိပ် တိုးတိုးခွေ့ခွေ့နေကြ ရွှဲရွှဲ သံရွှဲရွှဲ ချဉ်စော်ပုပ်စော် ထောင်းထ၊ အပုပ်ကောင်ရုပ်

သည့် အသုဘသဘောတွေက ဟောင်းလောင်းကြီးပေါ်၊ သူ့မျက်နှာလည်းကိုယ်ကြည့်ချင်၊ ကိုယ့်မျက်နှာလည်း ကိုယ်သေတီချင်သည့်ပုပ်ညှီနံဘဝသို့ရောက်ကြပြီ၊ထောင်ထဲမှာကလည်းဟိုးအပြင်မှာလို ကိုယ့်အလှအပ၊ အနုအယဉ်ကိုအရတ်တရ အားပေးကြည့်ရှုအရသာခံ ဒော်ရမည့် ဘယ်သကောင့်သားမျှမရှိ၊ ပြားချပ်ချပ်တို့ကမ္ဘာချည်း၊ သို့လျှင်ဖြစ်၍ ညနေညနေရုံးပြန်ကားတွေဝင်လေလျှင် ရုံးပြန်ထောင်ကြီးစံမမတို့ ခေတ္တခဏ ဆွန်းထောက်ရျာ ကျွန်တော် ထောင်မှူးကြီး၏ရုံးခန်းကလေးမှာ အနံ့ဆိုး ပေါင်းစုံတွေ ပေါင်းလန်နှင့်ကြိုင်လှိုင်နိုင်လုံး ရယ်မွှေးဖြစ်နေရုံမျှမက အော်ဂလီ ဆန်ချင်စရာ ပုံဆိုးပန်းပျက် ကြောင်ချေး ရုပ်တွေနှင့်ချည်းတင်းကျမ်းပြည့်နေလေ တော့၏။

အသက်ကလေးသော်မှ ရဲရဲမရှူရဲ၊ ဘယ်ကိုကြည့်ကြည့်၊ "ဟင် - ဒီလို ပုံဆိုးပန်းပျက်တွေသာဆို - သင်းတို့လင် တွေ၊ သင်းတို့ရည်းစားသနာတွေ တွေ့ ကြတော့ အောင်မယ်လေး ဘာကြီး တွေတုံးဟာ" ဟုပင် အကျိုးနည်းလန့်ဖျပ် အော်ပြီး ကောင်းကောင်းကြီး ဝေရာမကို ကြမည့်ဘာသာလဝ်ဂ္ဂတ္တိယတွေ ချည်း တွေ့နေမြင်နေရသည်၊ ဤလည်း ဘာစ် ဒုက္ခပေတကား။

ခဏနေ - နယ်မြေရုံးအလိုက် လူစုံ လူစေ့ပြီဆိုလျှင် ကျားခင်စိန်တို့ ကြကြ ဆွေတို့၊ တပ်ကြပ်ဒေါ်အေးသီတို့ဝန်ထမ်းမတစ်သိုက်က ပါလာသမျှ အထုပ်တွေကိုဖြဲရဲမွှေနှောက်၍တလာစီကြမည်၊ ပြီး လျှင် - ဖင်ပြာလိုက်ကာ ခန်းဆီးတလေး ကပျာကယာဆွဲစေ့တည့်၍ မယ်မင်းကြီး မတို့ ခန္ဓာကိုယ်အနံ့ရှာဖွေရေး (Body Searching)လုပ်ကြရဦးမည်၊ အသယ် ဘယ့်နှယ် မလုပ်၍ဖြစ်ပမတုံးဗျာတို့၊ ကျေးဇူးရှင်မတွေက မိန်းမသားတွေဖြစ် မင့်လည်း သူတို့ကိုယ်ပေါ်က မမြင်တွယ် ရာကြို့ကြိုကြားကြားတွေထဲမှာ ငွေစက္ကူ တို့၊ လျှို့ဝှက်စာတို့၊ ဘိန်းဖြူ၊ ဘိန်းမည်းတို့ စိတ်ကြွဆေးပြားတို့လို တားမြစ်ပိတ်ပင် ထားသောပစ္စည်းများ (Prohibited articles)ကိုကြုံကြိုးစည်ရာနိုးခိုးသွင်း လာသွင်းကြ၏ကိုး၊ သင်းတို့၏ ကုလီ





www.burmeseclassic.com

www.burmeseclassic.com

ညည်းတို့တစ်တွေဟာလေ အပြင်က
လှုပ်တုံဝန်းကျင်နဲ့များ မာတ်မတည့်ဘဲ
"အလားဂျစ်"ဖြစ်နေကြရော့သလား
ဟင်။ ချေးထဲကလောက်တွေလိုပဲ။
ခုထောင်ကျလာလိုက်၊ တော်နေကြာ
ထောင်အပြင် ထွက်သွားလိုက်။ ငါတို့
ထောင်ကိုများ တကယ့်လောက
နိဗ္ဗာန်ကြီးကျနေတာပဲ။ ပြောလိုက်ပါပေရဲ့
မယ်မင်းကြီးမတို့ရေ။



ကူမာ ထွေလီကေလာတွေကို ဝန်ထမ်း မမစောဖေတို့က နောကျေလို့ ရိုးဟိုးဟိုး နေပြီ၊ သို့ဖြစ်၍ ...။

"ဆရာ ..."

အဲ - မရွှေမရဲ့ အသံညောင်နာနာ ပြာ ညက်ညက်ကလေးကိုကြား၏။ ရေးလက် စ အစီရင်ခံစာတစ်ခုကို ဖိမဲနေရာမှ ခေါင်း ထောင်ထကြည့်မိ၊ ဘယ်သူပါလိမ့်မလဲ။

"ဆရာ"

"ဟဲ့ - ပူစီမပါကော"

"ဟုတ်"

သင်းကလေးကို ကျွန်တော် မြင် သွားပြီဟုသေရာသွားသည့်အခါအမှတ် တမဲ့ဟင်းခိုးစားနေသည်ကိုမှတည့်တည့် တန်းတန်းလူမိလေသည့်မျက်နှာပေးမျိုး ကျိုးတိုးကျဲတဲ ပြုံးဖြဲဖြဲလုပ်ပြနေရေ သေး။

"နေပါဦး - နေပါဦး - ညည်းတို့တစ် သိုက် နောက်ဆုံးလာသွားတာကဖြင့် ဘာကြာသေးလို့တုံး။ မှန်း - အဲ - ပြီးခဲ့တဲ့ သောကြာနေ့ကမှပဲ၊ စနေ၊ တနင်္ဂနွေရုံး ပိတ်ရက်တွေခံနေလို့ လျှော့ရက်တွေ အချောင်ရသွားပြီး လွတ်သွားခဲ့တာ တော၊ ညည်းရယ်၊ လက်တောက်ရယ်၊ သုနန္ဒာရယ်၊ နော်ကူးမရယ်၊ ချောချော ရယ်လေ - မှတ်ဖူးလား"

"ဟုတ်၊ သူတို့လည်း အစုပြန်ပါလာ ကြတယ် - ဆရာထောင်မှူးကြီး"

"ဟော"

"ဟော"မှတစ်ပါး အခြားလည်း ဘာ ဆက်နိုင်ဦးမည်နည်း။

ထောင်ဆိုသည့်နေရာဌာနကြီးကို "သာတီးဒီ"ဟုထောင်ထဲမှာလွှယ်လွှယ် နတ်ကျိုးနေကြသည့်မိမရှိ၊ ဖမရှိ၊ အလုပ် မရှိ အကိုင်မရှိ၊ နေစရာထိုင်စရာ အိုးရယ် အိမ်ရယ်ဟူ၍လည်း အတည်တကျမရှိ။ အမှတ်မသိ လမ်းမရှိ၊ မှောင်ရိပ်ခို၊ လူလည်ကပ်ပါးထောင်ချိုး၊ ထောင်ဂျပိုး အလေးများအုပ်စုက သုံးပုံတစ်ပုံ အပိုင် အယူထားတော်မူကြသည်။ ထောင်(၇) ရက်ကျလိုက်၊ (၁၀)ရက်ကျလိုက်၊ (၁၅) ရက် ကျလိုက်၊ (၁)လကျလိုက်။ ဝင်လိုက်တ်၊ ထွက်လိုက်တ် ချောင်းပေါက် ထောတ် နတ်ပြည်ခွေးလမ်းပေါက်သည့် အသုဖြစ်နေတော့၏။ ဟော၊ ထောင်လက် ထောက်ဟူသည့် အမည်နာမကြီးတစ် ခုံနှင့်ကျော်ဇောသူများအုပ်စု၊ အဲ၊ သူတို့ ထောင်ဝင်နံပါတ်မှာ အိပ်(ချ်)နှင့်ဆုံး သဗျ။ ၁၂၃၄/အိပ်၊ တုန်ရှို(ခ)ပေတလူး ပခင်ဗျာ။ အမြဲတလစေပြစ်မှုကျူးလွန်ခြင်း ဒုစရိုက်မှုတွေနှင့်ပဲ အသက်မွေးသင်း ကျောင်းပြုဝက်လရိုးလည်နေကြသည့် နိုး၊ ဆိုး၊ နိုက်အုပ်စုဖြစ်သည်၊ မြွေပွေး သိန်းမောင်တို့၊ အရှည်ကြီးတို့၊ သွားတန်း ကျော်မိုးတို့၊ ချစ်တီးတို့၊ နဂါးတို့နှယ် ရွှေမြို့တော်လေးပြင်လေးရပ်နှင့် နီးနား ဝန်းကျင် ရွှေကြိုးသတ်နယ်မြေတစ်ဝန်း မှ လက်သမကျော် ဒုစရိုက်မောင်မယ် များ ဖြစ်သတည်း။ သင်းတို့သည်တား ထောင်ကြီး၏လေးပုံတစ်ပုံ မရှိတာရှိ။

ဟော - ထောင်ကြီး၏ တစ်ဖက် ခြမ်း၊ မိန်းမထောင်အတွင်း၌တား ခင်မဲ့ တို့လို နင်လားဟဲ့ ငါလားဟဲ့ ခိန်းအ ဘာမထီ နိုး၊ ဆိုး၊ နိုက် ရမ်းကားလေဒီ တို့နှင့်အပြိုင်အဆိုင် သူမသာ ကိုယ် အသုဘ ဆိုးရမခန်း တင်းကျမ်းပြည့် လိမ့် ဝင်လာနေကြသူများ မည်သူရှိဦးအည် နည်း။ အမေပေးသည့်လယ်တစ်ကွက် ကိုတစ်သက်လုံးအငှားချပြီးကျော့ရှော့ ကော့ကော့ကလေး ဝင်ငွေလမ်းဖြောင့် ဖြူးနေကြသည့် "ကာမဆစ်(ဇ)နက်"

www.burmeseclassic.com

နယ်မှ မယ်သောင်းကျန်းတို့က လွဲ၍မရှိ ချေပြီ၊ ဟုတ်ကဲ့။ အများသိတော်မူကြ သည့်အတိုင်း ပြည့်တန်ဆာ၊ ဇိမ်မယ်၊ "အတာသည်မ" ဆိုလား။ သူတို့ကဖြင့် သူ တို့ကိုယ်သူတို့ "ဖြူတီပါလာမမ၊ မာဆတ် လေဒီ၊ မော်ဒယ်လ်ဂဲလ်" က တစ်ပြား သားမှုမလျှော့၊ ထောင်ထဲကိုပိပိပြားပြား ရောက်ပါပြီဆိုလေမှပဲ "အဟဲ - အဲဒါက ဒီလိုလေ - ရဲက မသက်ာလို့ ဖမ်းပြီးရုံး ထင်လိုက်တာ၊ တရားသူကြီးကိုလည်း ဘယ်လိုမှ ရှင်းပြလို့မရ၊ စီမံချက်နဲ့ ထောင်ချလိုက်ကြတာတဲ့လေ - ဆရာရဲ့ သူများတို့ကကောင်းရောင်းကောင်းဝယ် ရိုးရိုးသားသားတွေပါ။ သူတို့တွေက အထင်မှားပြီးဟိုသင်း - ဖွတ်" ဟုပြိတ်တီ မအီမလယ်မျက်နှာပေးတွေနှင့် သင်းတို့ ဘဝမှန်ကို မချိသွားဖြဲ ဝန်ခံတတ်ကြ သောဟူ၏။

ရှိတတ်ကြပ၊ ခင်ဗျာ။ ထောင်ထဲမှာ "အမှုကအမှန်ပါ - ဆရာရယ်၊ ရဲညစ်ပတ် လို့" ဟုမဆီလေးရယ်မှအိုမဆိုင်၊ လက်ပံ သားဓားနှင့်ရျိုင်တတ်ကြလွန်းသည့် ငနဲ မျိုးတွေမှ ဒုနှင့်ဒေး။ သင်းတို့အပြစ်များ ဖြင့် ဘယ်တော့မှ ဝန်မခံ၊ ခပ်တင်းတင်း ပဲ၊

အဲဗျို့ သင်းတို့ လေဒီမမတွေ အုပ် ကပေမင့်လည်း နည်းတာကြီးတဲ့လား ထောင်ကိုများသင်းတို့အမေ့လင်အခွေ ဆိုင်အိမ် အောက်မေ့ထားလျက် စုနင်ခု စွတ်ကယ်စွတ်ကယ် ဝင်စို့ထွက်စို့လုပ် ရင်းဘဝရေစုန်မှာကူးကာလန်ဆတ်နေကြ သည့် မယ်မင်းကြီးမများ ရာဇကာန်း အောက် ဘယ်တော့မှမလျှော့၊ ထောင် အပြင်မှာ စီးပွားရေးက ကျပ်တည်း၊ လုပ် ခင်းကိုင်ခင်းက မသာယာ၊ လောကဓံ လှိုင်းလေတွေက မသက်မငြိမ်၊ ထိုသည် လှိုင်းကြမ်းဒီရေအပုတ်၌ ထောင်မှာလာ ၍သောင်တင်နေကြသော ရေမျောတမ်း တင်သွေးသားကုန်သည်မရောတို့အဖု တစ်သိုက်က ဘိုးဘိုးအောင်ဝလုံးတွေ လို တိုးလို့ပွားလို့၊ တစ်လုံးဖျက်၊ နှစ်လုံး ပေါ်၊ ဒီနားဖျက်ဟိုနားပေါ်၊ ကဲ၊ ဘယ့်နှယ် လုပ်ကြပ။

❀ ❁ ❀

သို့ကမို့ကြောင့် ထောင်ကြီးရော ပါလေရာငါးပိချက်၊ နိုင်းဇတ်ကြီး ဖြစ်နေ ရရှာသည့် ထောင်မှူးကြီး ကျွန်တော်



...ရာ ထောင့်ဖောက်သည့် ထောင့်သား ...ထောင့်သမီး၊ သင်းတို့အုပ်စုတွေနှင့်ငယ် ...ခင်းကြီးဖော်ပမာ အလွမ်းသင့်နေရ ...ပြီးပေတည်း။ "ဆရာ" ခေါ်လိုက်၊ "ဆရာ ...ထောင် မှူးကြီး" လုပ်လိုက်၊ "အဘ" ဖြစ် ...လိုက်၊ တစ်နေ့တစ်နေ့ ခုနှစ်တွေမင်းသား ...ဝနှင့်ပင် သူတို့တစ်တွေနှင့် ထွေးလား ...လုံးလား။ ထို့ကြောင့် -

"ညည်းတို့တစ်တွေဟာလေအပြင် ...လူ့ပတ်ဝန်းကျင်နဲ့များ မာတ်မတည့် ...ဘဲ "အလားဂျစ်" ဖြစ်နေကြရော့သလား ...ခင်၊ ချေးထဲကလောက်တွေလိုပဲ၊ ...ထောင်ကျလာလိုက်၊ ထော်နေကြာ ...ထောင်အပြင် ထွက်သွားလိုက်၊ ငါတို့ ...ထောင်ကိုများ တကယ့်လောကနိဗ္ဗာန် ...ကြီးတျနေတာပဲ၊ ပြောလိုက်ပါပေရဲ့ ...မယ်မင်းကြီးမတို့ရေ၊ ထောင်ဆိုတာမျိုး ...ဟာ လူတစ်ယောက်ရဲ့ဘဝမှာ ...အောက်တန်းနောက်တန်းအကျဆုံး "...မနောက်ပိတ်မားရွေး" ဟဲ့၊ ဒုက္ခဘုံ ...ကြီး - ဟဲ့ - သိကြရဲ့လား"

တရုကာဒေါသောတွေနှင့် ဖိကြမ်း ...လိုက်မိသည်။

တကယ်တမ်းလည်းတိုယ့်ဘဝဝင်း ရေးမို့သာ ထောင်အလုပ်ဖြင့် အသတ် မွေးဝမ်းကျောင်းနေရပြားလည်းထောင် ဆိုသည်မှာ မစည်ကားအပ်သောအရှင် တစ်ပါးဟုပစ်စလက်ခတ် ထောတ်ခံ လိုက်ချင်သည်၊ စား၊ ဝတ်၊ နေ - အိုဝေ ဘာတစ်ခုကမှ အဆင်ပြေပြေရွှင်ရွှင် ရာရာမရှိသည့်နေရာမျိုးသို့ မည်သူ့မည် သူကိုမျှ မရောက်စေချင်၊ မတွေ့ချင်၊ မမြင်ချင်၊ ဖြစ်များဖြစ်နိုင်လျှင် ထောင် တွေလုံးလုံးမရှိလေပိုကောင်းလေ၊(အဲဒါ ကလည်း ဘယ်သောအခါမျှ ဖြစ်နိုင်အံ့ မထင်၊ ကိုယ့်အမျိုးတွေအကြောင်းတိုသ် အသိဆုံးမဟုတ်လား။)

အထူးသဖြင့် ထောင်ဟုဝေသည့် ပစ္စုပ္ပန်ရာဇ်အရပ်သည် သုံးတောင်ဝထ် မိန်းမသား ဣတ္ထိယများနှင့် လားလားမျှ မအပ်မရာ၊

အကျင့်စရိုက်၊ နှုတ်ဖွေလျှာရွေ နေနည်းထိုင်ဟန်သည် မီးများလို အတူ အစက်အမြန်သား၊ ထောင်ကိုဝင်လာ၍ စဖွေဆော်ဦးတုန်းက မျက်ရည်သံလေး စမ်းစမ်း၊ ထောင်ဘူးဝက မြင့်အထွက်မှာ

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတည်မောင်းတည် မိန်းမဘာသား ဘာမထိဂိုက်မျိုး ဖမ်းတတ်သွားချေပြီ။ ကျသစ်တုန်းက မနူးမနပ် မအူမလည် မိန်းမငယ်သည် ထောင်လွတ်လက်မှတ်တလေးကိုင် အထွက်တွင်မှ လောကဓံကိုထုသားပေသားရခနသည့်အဆဲဝိဇ္ဇာ မေများထံ နတ်တိုက်နားပန်၍ ခွက်ခွက်လန် ဖံဖံတဲ့အဆဲပါရဂူကြီး ဖြစ်ရချေပြီ။ သူထဘာ ဖဝါးအောက်က မြေမှုန်ပမာ သွေးနည်းရှာသူ မျောကလေးလည်း ဟော - နိုင်လိုမင်းထက်သရဲမင်းစီးတတ်နေချေပြီ။ အတုမြင်အတတ်သင်ပေကိုး။ ပြီးလျှင် - ကြမ်းတမ်းလှသည့် စား၊ ဝတ်၊ နေ နိဂ္ဂဝအရေးတွေနှင့် တွင်းဆုံးအထိ ဒုတ်ဒုတ်ထိကျနေသည့် ဘဝအခြေအနေက သူမငယ်၊ သူမကြီးတို့၏ နှလုံးသားများကို စက်မာကြမ်းတော် ကျစ်လျစ်မာကျောသွားစေသည်လည်း ဖြစ်ပေလိမ့်မည်။ ထောင်ကျဖူးသူမှန်ကတန်ရှိမှုနှင့် မျက်ရည်မဝဲ၊ အသည်းမငယ်တတ်တော့ပြီ၊ မစက်လား။

ပုစီမတို့ မိန်းမငယ်ကလေးတွေ ဘာကြောင့်ဖြစ်ဖြစ် ရှတ်ခနဲ ရှတ်ခနဲ ထောင်ကျကျလာနေခြင်းကိုတယ်ဘဝင်မကျချင်။ စိတ်ဒဏ်ရာတွေရ၊ အသည်းကြွမ်းကြွမ်းတွေမှာ ဆူးကြီးတွေမှာ ဟောတစ်ချောင်းဟောတစ်ချောင်းပေါ်ပေါက်လာနေခြင်းကို ငုတ်တုတ်ပစ် အချောင်းသားထိုင်ကြည့်နေရခြင်းကိုလည်း စိတ်လက်မချမ်းသာ။ ဟုတ်ပါရဲ့ခင်ဗျာ၊ သင်းတို့ဟာကပြုံးတာတောင်သနွှဲသနွဲ့စင်စင်မရှိ ချင်တော့ပြီကိုး။ လောကဓံကိုထိမထင်၊ ခါးစောင်းတင်ချင်သည့် ချဉ်ခါးခါး အပြုံးတုကြီး၊ လုပ်ပြုံးကြီး၊ အပြုံးမျက်နှာဖုံးကြီး စွပ်ထားပြီး မပြုံးချင်၊ ပြုံးချင်မဲ့ ခွက်ခွက်ကြီး ပြုံးကြပေတာကိုး ခင်ဗျ။

အမယ်မယ် - သင်းတို့ကို မျက်နှာတည် မျက်နှာတင်းနှင့် ကြိမ်းမောင်းမာန်မဲနေသည်ကိုမှအပိုးမကျိုး။ ဖအေရင်းကိုခေါင်းငေါ့၍ နွဲ့ဆိုးဆိုးသည့် မျက်နှာပေးတွေနှင့် စပ်ဖြဲစပ်ဖြဲ။ ထောင်ကို တစ်ခါမှ မတစ်ခါဘူးသေးသည့်ကျသစ်၊ ချုပ်သစ်တွေကမျက်နှာဆီးရွက်လောက်ကလေးတွေနှင့် နေလောင်ပန်းတွေလို ညှိုးညှိုးခွေခွေ။ လင်းတကြီးတွေတုပ်ကွေးမိထားသည့်နယ်ငိုင်တိငိုင်တွေ၊ ထိုသည့်အုပ်ထဲမှာ သင်းတို့တစ်တွေကဖြင့်တော့ကျီးနန်းတွေလို ဖော်ကလီဖွက်တွေဖြစ်နေကြ။

"ကိုင်း - ညည်းတို့ထဲက အရင်ထောင်ကျဖူးတဲ့သူတွေပါရင် မတ်တတ်ရပ်ကြစမ်း"

သူတို့လူစုကိုကြည့်ရင်းရင်ထဲကလိုလိုရှိလှ၍မရည်ရွယ်ဘဲလွှတ်ခနဲပြောလိုက်ရလား၊ လားဖိုးခနဲ ဖပ်ခနဲ လက်ကလေးတွေပိုက်၊ ခေါင်းကြီးတွေငုံ့၊ ပုံစံကျလိုက်ကြသည်များ နည်းပါဘူးလား၊ (၁၅)ယောက်၊ အယောက် (၂၀)။

"တယ်ဟုတ်ပါလားဟေ့ - အုပ်စုတော်ငွသားပဲ။ ကဲ - သုံးကြိမ်ထက်ပိုထောင်ကျဖူးတဲ့မမတွေကဒီအတိုင်းရပ်နေခဲ့၊ ကျန်တဲ့သူတွေ ထိုင်ကြတော့"

ဖြိုးခနဲဖြောက်ခနဲ ထိုင်လိုက်ကြပြန်သည်၊ အလုံ့ကွယ့်၊ ဆယ်ယောက်ကျော်များတောင် ကျန်နေပါသေးသကော။

"အင်း - မဲတူတို့၊ ရွှေရွှေတို့၊ ခေါင်းမာတို့တို့ဆေးခါးလိုင်းကလေးယောက်၊ မာ - ဒေါ်ဘဲဥကြီးစောရနကွတ်နဲ့ယုဉ်မွေးလို့ မခိုးရ မနေနိုင်ဆိုတဲ့ ငတက်ပြားကြီးရဲ့အမျိုးကလည်းပါသေး၊ အေးတစ်မိုးလုံးဖျောက်ဆိပ်ဆိုတဲ့ ပုစီမတို့အုပ်တပဲ ခုနစ်ယောက်၊ နေဦး - ဒီကောင်မလေးနှစ်ယောက်ကိုအရင်ကမမြင်ဘူးပါလား ညည်းတို့က ဘယ်သူ"

"ကျော့မှုံးခင်ပါ ရှင့်"

"ဟော - ဘယ်သူတဲ့"

"ကျော့မှုံးခင်ပါတဲ့ရှင့်"

"အင်း - အင်း - ညည်းကတော"

"ငယ်ငယ်(ခ)ရှယ်ရှန်စတုန်းပါရှင့် အဘ"

"လုပ်လိုက်ဟ - သေတော့မှာပဲ၊ ဟောလီဝုဒ်က ထိတ်ထိတ်ကြလိပ်မင်းသမီး၊ ညို့မှင်းသမီးက အရှင်လတ်လတ်အကောင်လိုက်ကြီးထောင်ထဲကိုရောက်နေရသေးတယ်လို့"၊ ကိုယ့်ရင်ကို ကိုယ်ဖိ၍ မောရချည့်၊ ဘယ်လိုကြည့်ကြည့်ထောင်တွေထဲမှာ သင်းတို့တွေရှုပ်ဝင်လိုက်ထွက်လိုက်ပါကလား။

"ညည်းတို့ အရင်အမှုတွေတုန်းက ဘယ်ထောင်မှာ ကျခဲ့ဖူးကြသေးသတုံး"





www.burmeseclassic.com

www.burmeseclassic.com

"အင်းစိန်မှာ သုံးခေါက်၊ ပဲခူးမှာ နှစ်ခေါက်ပါ ရှင့်"

"သမီးက မိတ္ထီလာထောင်မှာတစ်ခေါက်၊ တောင်ကြီးထောင်မှာ နှစ်ခေါက်၊ လားရှိုးမှာက နှစ်ခေါက်ပါရှင့်"

အလယ်လယ်၊ အစိတ်ပင် မကျော်သေးသည့် (၂၀) ပတ် လည် အရွယ်ကလေးတွေနှင့် သည်မျှအရပ်တကာ လှည့်၍ ထောင်သက်ရင့်နေရလောက်အောင် ဘယ်လိုဘဝကြမ်းကြမ်း၊ လှိုင်းဒက်လေ့ဒက်ဆိုးဆိုးတွေကများ ဆက်တွေ့ချင်တော့၊ "ဒီအမှုတွေနဲ့ပဲလား" ဟုလည်း မေး၍မထွက်၊ အများတကာ ရှေ့သတ်သက်အရှက်ခွဲသလို ဖြစ်နေဦးမည်။

"ပုစိမ"

"ရှင့်"

"ညည်းနဲ့ သူတို့နဲ့ ဘယ်သူက စိန်လာပိုကျမလဲ ဟေ့ - ကဲ"

"အာ၊ ဆရာကလည်း သူတို့ထောင်ကျတာလောက်များတော့ သမီးတို့က သနားတယ်ထဲကပဲ၊ သမီးတို့ထဲက အနဆုံးချောချောတောင်မှ ထောင်ဆယ်ကြိမ်အထက် ကျဖူးပြီးပြီ၊ ရဲမသက်မှောင်ရိပ်ခိုမှုနဲ့ သုံးလေးခေါက်၊ ကျန်တာတွေက ဟိုအမှုတွေနဲ့၊ ဟီး၊ ဟီး၊ သမီးတို့နီဂရိုးမတို့၊ သင်းယုလှိုင်တို့ကတော့ မပြောနဲ့၊ ထောင်ရှေ့မှာ ချောင်းပေါက်တော့မယ်။ ထောင်စကျခဲ့တဲ့ အသက် (၁၈) နှစ် မပြည့်တပြည့်ကနေ ဒီကနေ့အထိ ထောင်ထဲတစ်ဝက်၊ ထောင်အပြင်တစ်ဝက်ပဲ၊ ထောင်ဘယ်နှခါကျခဲ့ဖူးသလဲဆိုတာတောင် ကိုယ့်ဘာသာ မှတ်မထားနိုင်တော့ဘူး - ဟီး - ဟီး"

ကိုင်း - ဗျာ - ကြွေးထူမပူ၊ သန်းထူမယား - တဲ့။ သင်းတို့ကလေးတွေ အသည်းနှလုံး ကျွဲပခုံးများ ထနေလေရော့သလားမသိ၊ ထောင်ကျတန်းကျသည့် ကိစ္စကို နေကြာစေ့ဝါးသလို၊ ပြောင်းဖူးပေါက်ပေါက်စားသလိုမျက်နှာမပျက် ရယ်ရွှန်းဖတ်ရွှန်း ပြောနေနိုင်သေးသဗျ။ ခက်ခက်ရချည်ရဲ့။

"ဆရာ"

"ဗျာ"

"ရုံးစုံ ပြီ - ဆရာ၊ ရုံးခန်းထဲကဒီပစ္စည်းတွေကို ခေါ်သွားလိုက်တော့မယ်နော်"



"ကောင်းပါ့ဗျာ၊ ကောင်းပ။ သူ့ထက်ကောင်းတာတောင်သူ့လောက်မကောင်းနိုင်တော့ပါဘူး။ ခေါ်စေဗျာ ခေါ်စေ"

ယခုမှပဲ အသက်ဝဝ ရှူရတော့မည်။

"ဟူး - ဒုက္ခ - ဒုက္ခ။ ညည်းတို့မိဘတွေဖြင့် ဘယ်လောက်ရင်ကျိုးရှာကြရှာလိမ့်မလဲမသိဘူး။ ကြားထဲက ဟိုမေးမိမ်း အာရုံဆော့မိတဲ့ ငါ့ခမျာမတော့နှပုံးတွေနောက်ပြီး အူတိအူချာကြီးဖြစ်ကို့ ခက်တဲ့ဟာလေးတွေ" ညည်းညည်းအာမော ညည်းမောကြီး။ မဆီမဆိုင်ကိုမင်းနောင်ကြီး၏ "ဂျင်မလေးဂျမ်း" ကိုဖတ်ခနဲ သတိရလိုက်မိသေးတော့၏။

* ❁ *

"သူ့ကိုကိုင်မြှောက်၊ ပစ်ပေါက်သည့်အကြီးမားလေလေ × × × လည်ပတ်ရသည့်အရှိန်က မပြေ၊ မေးပါရစေ × × × ပြောပါရစေ × × × မေးပါရစေ × × ×။ ညည်နေသည့်ဂျင် × × အပြစ်တင်မလား × × လည်အောင်ဖန်တီးသူ × × အပြစ်မလား × × တရားခံစစ်စစ် × × အမြစ်ရှာဖွေ × × " တဲ့၊ ဟင်း။

သူ့အဆိုသူ့အဟဲ သူ့ပြဿနာထဲမှာ လူးလူးလိမ့်လိမ့် မျောပါခဲ့မိရသော ကျွန်တော်တို့ကို ကိုမင်းနောင်ကြီးက ငိုသံဖါကြီးနှင့် ထိထိနိုက်နိုက် မေးခဲ့သည်။ မေးနေသည်။ "တရားခံ ဘယ်သူလဲ" တဲ့။

"ပေါက်ပင်က ဘာကြောင့်တိုင်းရှုတယ်" ဖတ်လမ်းက ဂျာအေး သူ့အဖေ ရိုက်သည့်နယ် လုံးလည်ချုပ်ပြားလိုက်နေခဲ့သည်မှာ ကာလတောင်တာကြာပေါ့၊ တစ်ခတ်တစ်ခါတုန်းကဖြင့် ငွေရှင်နေရှင်၊ အရင်းရှင်စနစ်၏ အမွေဆိုးတု တက်တခေါက်ခေါက်၊ ခေါင်းတခါခါဖြင့် လွယ်လွယ်ပဲ တရားခံဖော်ခဲ့ကြဖူးသည်။ (နော့ - ခေတ်ဆိုသည်ကြီးက နှတ်ခမ်းတစ်လန် ပန်းတစ်လန် ရုရုခံခံ ခွန်းတုံ့ပြန်၍မှ မရှင်းတတ်သည်ပဲကိုး။) ဆိုရှယ်လစ်ကြပြန်ပြီဆိုတော့လည်း လေဒီပြာပြာတို့မမဘာလူးတို့က မပျောက်ပေါင်၊ နှစ်အစိတ်သုံးဆယ် ပန်းပန်လျက်ပဲ၊ ပြည်တွင်းစစ်နှင့် ဆင်းရဲမွဲတေမှု၏ ဒက်ရာဒက်ချက်တဲ့၊ ဟော - လုပ်ကြပြန်ပြီ၊ ရှုမယ်ရှာမယ်မည်ဖွဲ့စရာ အကြောင်းခြင်းတွေသင်ခြေလက်တွေ တစ်လေ့ကြီးနှင့် လက်ညှိုး



www.burmeseclassic.com

www.burmeseclassic.com

ထိုအကြမြန်ရော၊ မှန်သလောက်ဖြင့် မှန်ကောင်းပါ၏။ သို့ပေသော်မှ ကာမစီးပွားရေး၌ မဆီမဆိုင် ငွေဟယ်ကြေးဟယ် ရှုရှုလုံလုံ လေဒီတွေကလည်း ဆွမ်းဆန်ထဲ ကြွက်ချေးရောနေတတ်ကြသေးရာ "ဟယ် - ပြောတတ်ပါဘူး။ အကျင့်ခပ်ထန်ထန် စာဂစုတ်ပုံပုံတွေကလည်း ထိုးချင်ပါပေမပေါ့၊ ခေတ်ကြီးကိုကကလိ ထိုင်ဆုတ်ခေတ်ကြီးကို" တဲ့၊ သည်ဘုတာပဲ ဆိုက်မြန်ချေတော့သည်၊

အဖြေရှာလိုက်ကြ၊ ကြိတ်ကြိတ်နယ်နယ် နှိမ်နင်းလိုက်ကြ၊ ဖမ်းဟဲ့၊ ဆီးတဲ့ထောင်ချဟဲ့ စာရိတ္တပြုပြင်ရေးဂေဟာပို့ဟဲ့၊ အမျိုးသမီးဘဝ မြှင့်တင်ရေးသင်တန်းကျောင်းပို့ဟဲ့တွေဖြင့် သွက်ချာပါတောလည်းရင်း ဥပဒေ၊ ပုဒ်ထီးပုဒ်မတွေသာ ထုပ်ထုပ်ပိုက်ပိုက် ထုနှင့်ထည်နှင့်ဖြစ်လာခဲ့၊ နတ်မိမယ်တို့ကား မဖြုံရေးချမဖြုံ၊ ရှောင်းကောမြှောင်းကော အင်းစပ်အိုင်စပ်မှ အမိုက်ဒိုက်သရော ဖေဒါဇုတ်၊ သက်ငယ်အုပ်တွေနယ် လှိုင်ဘောတို့ လယ်လိုပါကော။

သည်လိုတွေဖြင့် ...

၁၉၈၈ နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်ပွင့်လာသည်နှင့်အတူ ကာမဂုဏ်အရောင်းအဝယ် မှောင်ခိုဈေးကွက်ကြီးက လူမသိ သူမသိ ဟုန်းဟုန်းထလာခဲ့သည်။ အသွင်သဏ္ဌာန်တွေကလည်း အမျိုးမျိုး အစားစား တွေပြားမှ တွေပြား။ ဂလိုဘယ်လိုက်ဇေးရှင်းဆိုသည့် ခေတ်မီမီ ကမ္ဘာပြုဖြစ်စဉ်ကြီးနှင့်အတူ ယဉ်ကျေးမှုသွေးလန့်ခြင်းတွေ၊ မတူကွဲပြားသည့်ယဉ်ကျေးမှုများ တွေးပတ်လိမ်ရှုပ်နေခြင်းတွေ ဥဒဟိုဝင်လာသည်၊ ထိုထိုရှောင်မရသည့် ထိပ်တိုက်တွေ့မှုများကြောင့်ပင် ဖြူတီပါလာတွေ၊ မာဆတ်(ခ်)အနှိပ်ခန်းတွေ၊ ကေတီဗွီတွေ၊ နိုက်ကလပ်တွေ မှိုလိုပေါက်လာတော့ရာ၊ ဟင်း - သိကြသည့်အတိုင်း ထင်သလိုဖွက်ပေါက်လာခြင်းဖြစ်၏တည်း။

သည်တော့လည်း ဂျမ်းတို့လို ဂျင်မလေးတွေ တစ်အုပ်တစ်မ တောထလာသည်မှာ ဘာဆန်းသနည်း။

ထိုသည့် "အမယ်ဘုတ်ရဲ့ သူရှုည်ခင်ကြီး" ကို အစသွားဆွဲမိအောင် ဆွဲမိရဲ့သေး၊ ကံအားကြီးလျော်စွာ တကယ်

...က်သည် တရားခံ အကြီးစားကို ဒင်း...အုံ့ဩဘနန်းပက်ပင်းတွေ့ခဲ့ပါကရော ...ဟုတ်ဟုတ်သေးတော့ဗျို့၊ လူ့ဘဝ...ဏ္ဍာကြီးမှာ ကာမအရောင်းအဝယ် ...သီမတွေထကြွထူပြောလာရခြင်း၏ ...အကြောင်းရင်းမှန်ကား အဓောင် ...ဆယ်ဝတ် ပုရိသ ကိုကို မောင်မောင် ...တ အဓိကပင်မ ကျောရိုးလက်သည် ...စ်ကြီးတွေကိုး ခင်ဗျ။ ကဲ - မဟုတ် ...လား။

"ညည်းတို့နယ် အေ - အသက် ...လေး - နနုထွတ်ထွတ်မအားမနာ ရုပ် ...ညိုတလေးတွေလည်း လုတပတနဲ့ ...ာ - ဘယ့်နယ်ကြောင့်များ"

"ဟဲ့ - ပူစီမရဲ့ - မလိမ္မာ တစ်ခါမိုက် ...ဆို မဟုတ်လား။ လူပဲဟဲ့၊ ငယ်ငယ် ...ယ် မလိမ်မိုး မလိမ္မာမို့ မှားမယ်ဆို ...တတ်ပါလေရဲ့၊ မိုက်မယ်ဆိုလည်း ...မိတတ်ကြတာပါပဲ။ အဲ - အခုရှိ ...နောင်နောင် - ဒီအလုပ်မျိုးကြီးနဲ့များ ...င်းတစ်လုတ် ရှာစားရအောင်ဟာ ...၌ စဉ်းတောင် မစဉ်းစားတတ်ပေါင်"

"ဒုက္ခပဲဟေ့ - နင်တို့ဥစ္စာ တစ်နေ့တခြား ဘိုးဘိုးအောင် ဝလုံးများလို ပွားလာများလာလိုက်တာ တားမရ ဆီးမရနိုင်ပါကလား၊ တချို့ကလေးတွေတော ငယ်ငယ်နောင်းနောင်းကလေးတွေ ရှိသေးပါကော၊ ပန်းကောင်းအညွန့်တချို့ကလေးတွေ"

ပြောမိရ၏၊ ပြောရဖန်များတော့ ခါတ်ပြားဟောင်းကြီးလိုပင် တအီအီ တကျိကျိဖြစ်နေချေပြီ၊ စနေ၊ တနင်္ဂနွေနှင့် ပိတ်ရက်မှတစ်ပါး ညနေ၊ ညနေတိုင်း ရုံးပြန်ချိန်မှာ ကျသစ်ချုပ်သစ်အဝင်တ ရှိမြဲဖြစ်လေရာ ထောင်ဘူးတံခါးကြီး သည်ပင်ပြင်ပကမ္ဘာ၏ပြဒါးတိုင်ကြီးပမာ ဖြစ်၏။ "ထောင်စည်ရင်ပြည်နာ" သတဲ့။ တစ်နေ့တစ်နေ့ မိန်းမကျသစ်ချုပ်သစ်၊ ကျဟောင်းချုပ်ဟောင်းတွေထဲမှာ နတ်မိမယ် သူယောင်မယ်ဦးရေများများပါလာလေ။ "ဘယ်လိုခေတ်ကြီးလဲ" ခေါင်းနားပန်းကြီးရလေ၊

"ခက်တော့ ခက်တယ် - ဆ... ထောင်မှူးကြီးရဲ့၊ ကြက်မနဲ့ ကြက်ဥ ဘယ်ကအရင်စဆိုသလိုဖြစ်နေပြီ၊ သည်း

www.burmeseclassic.com

တို့လည်း သမီးတို့အလျောက် အပြစ်ရှိတာ မှန်ပါရဲ့၊ ဘယ်သူကကော ဒီအလုပ်မျိုးကြီးနဲ့မှ တကူးတက စုံရေမက်ရေ လုပ်စားချင်မှာတဲ့တုန်း"

အဲ - ပုစီမပြောပြန်တော့လည်း ဟုတ်တုတ်တုတ်၊ ဝယ်သူမရှိလျှင် ရောင်းသူမရှိ၊ ဈေးကွက်နိတ္ထိဆိုလျှင် ဈေးသည် ဘယ်မှာရှိပ၊ နိပ်ဟ။

"ဒီဘဝ ရောက်ခဲ့ကြတဲ့ပုံပြင်တွေ ကတော့ တစ်ထောင့်တစ်ညပဲ - အဘ ရေ့ မပျင်းမရိထိုင်နားထောင်ရင်း ငိုရ လွန်းလို့ မျက်ရည်သာ ခန်းချင်ခန်းသွားမယ်၊ နာရလွန်းလို့ ရင်ဘတ်ကြီးသာ ပွင့်ထွက်သွားမယ်၊ ပိုးကိုက်တဲ့ ပန်းဖာတ်လမ်းတွေက ဆုံးမှာမဟုတ်ဘူး၊ အပ်ကြောင်းတောင် မထပ်ဘူး၊ တစ်ဘဝ တစ်မျိုး၊ တစ်ယောက်တစ်ဖာတ်လမ်း၊ တော - နောက်ဆုံးသတ္တုချလိုက်တော့လည်း အကျင့်မကောင်းတဲ့ ယောကျ်ား ဘသားကြီးတွေက နင်းကြရျေကြတာကို စံခဲ့ရသူတွေချည်းပါပဲ၊ သင်းသင်းတို့ မှတ်နာမွဲတွေကပဲ ကွက်ပြီး ကဲဆိုးလေ သလားတော့မသိ၊ တွေ့လိုက်ရရင် ပေဟားဒရားနသားပါရတွေချည်း"

"အောင်မလေး ဟဲ့ - ပုစီမရယ် ညည်းရဲ့မဟာပုရိသနိပ်ကွပ်ရေးစွဲချက်ကြီးကလည်း မဆန့်မပြဲကြီးပါကလား။ ကဲ - ကဲ - ကျုပ်ကလည်း မေးလိုက်စမ်းပါရစေဦး - မရှောရဲ့ အဝတ်မက် အစားမက်၊ တိုက်ခန်းမက်၊ ဟန်းဖုန်းမက်၊ ကားမက်၊ ရွှေတွဲလွဲ၊ ငွေတွဲလွဲမက်ပြီး ထိပ်ပြောင်ခေါင်းပြောင်သေခါနီး သက်ကျား ဘူဒါးကြီးတွေနဲ့ ထည်လဲတွဲနုတ်ရင်း တစ်လက်ကတစ်လက်ပြောင်း၊ ဂိတ်ဆုံးတော့မှ ဟိုဒင်းဟိုဟာ ဘာညာကွိကွ၊ စပွန်ဆာတွေဘာတွေဖယားရှုပ်ကြတာ တော့ရော ညည်းတို့ ဘာပြောမလဲ၊ လူတင်ပါလို့ နွားကျားကိုက်ဆိုတာ အလကားစကား မဟုတ်ဘူးနော်"

"အမယ်မယ် - တို့ဆရာတော်ဖုရားကြီးက သူတို့ဗိုသတ္တဝါတွေကို ထိလို့နာသပေါ့လေ၊ ဟုတ်ပါတယ် - ဆရာရဲ့ ဒီဘဝရောက်လာကြတဲ့အထဲမှာ အနေအစားလော်မာလို့ ဘဝတက်လမ်းတို့ဖြတ်လမ်းကရှာချင်လို့ကောင်းကောင်း နေရ၊ ကောင်းကောင်းစားရပြီးရော၊ ဘာဖြစ်ဖြစ်ဆိုပြီး မထူးဇာတ်ခင်းခဲ့ကြတဲ့သူတွေလည်း တစ်ပုံကြီးပါ၊ ပုစီမတို့က ဝန်ခံပါတယ်၊ ဖွတ်ကြီး မျက်စိမှိတ်ပြီး မခြင်းပါဘူး၊ ဒါပေတဲ့ - အဲသလိုမျိုး ဆက်ရက်ကောင်ပံကျိုးမျိုးကိုမှ ကျကျနန ပွဲတော်တည်တတ်တဲ့ ကြောင်စံတွင်းပျက်ကြီးတွေသာ မရှိခဲ့ရင်၊ မပေါ်ခဲ့ရင် အခုလို ဖာကကြီးဒုက္ခများကြရပ့ါမလား၊ နမချင်းစာ၊ အစ်မချင်းစာ၊ သမီးချင်းစာ၊ ခင်ချင်းစာနာ"

"အံမယ်လေး - မယ်မင်းကြီးမ ထော်ပါတော့ဟဲ့၊ တန်ပါတော့ - တန်ပါ တော့၊ ညည်းစကား နားထောင်ရင်း ကြွတ်သီးမွေးညင်းတွေတောင် ထလာပြီ ကြာရင် - နလုံးရောဂါ ရရချေရဲ့"

မနည်းကြီး ဘရိတ်အုပ်လိုက်ရ၏၊ ရွှေတ၏စကားတွေက သွေးထွက်အောင်မှန်နေသည်ကိုး ခင်ဗျ၊ အင်း - တို့ ရှင်ကိုယ်တော်တွေကလည်း ဒင်းတို့ပဲ၊ လောက် "အေ" ကိုက်ပြီးပိုးစိုးပက်စက် ကာလနာတိုက်နေကြတာတောင် ကြောက်မရှိ၊ အလန့်မရှိ၊ ဖြစ်ချင်ရာ ဖြစ် မောင်ဘချစ် လုပ်နေကြတုန်းကိုး၊ ဆရာကြီး (ဦး) သော်တာဆွေရေ့ - ဆရာကြီးရဲ့ "လူလူချင်း ကိုက်စားနေကြဖါသည်" က သည်ကနေ့ခေတ်အထိဒုံရင်းဒုံရင်းပဲဗျို့၊ မတင်ရီတို့၊ အသိန်းကလေးတို့နေရာမှာ ပုစီမတို့၊ ရှောရှောတို့ သင်းယုလှိုင်တို့ အမွေဆက်ခံအစားဝင်လာ တာပဲကွာရဲ့၊ နေ့နေ့ညည နိစ္စဓူဝ တိုယ်အသွေးကိုယ့်အသားကိုတရောင်းခဲ့ရောင်းရင်း ဖယောင်းတိုင်တိုတွေလို အရည်ခြောက်ခန်းမီးလောင်ပြာကျဇာတ်သိမ်းမလှကြတဲ့ဘဝတွေလည်းအရင်အတိုင်း ပါပဲ၊ သည်လိုပုံဖြင့် မိုးကြီးချုပ်လှှင် —၊

❋ ❊ ❋

သူတို့ဘာသာသူတို့ ဘဝတံစိမ်းများ အတိုင်း ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့၊ ထောင်ထဲရောက်လျှင်ဖြင့် သူတို့ကလေးတွေဟာ အသုံးအတည့်သား၊ ပိပိရိရိ သေသေချာ ချွ မိုင်းကောင်းကျောက်ဖိရာလေးတွေ အဖြစ်နှစ်ဖက်လှအကျီကိုအတွင်းအပြင် ပြောင်းပြန်လှန်ဝတ်လိုက်သည့်နည်း အချိုးတစ်မျိုး ပြောင်းသွားကြသည်၊ သိသိသာသာမှ သိသိသာသာချည်း၊





www.burmeseclassic.com

www.burmeseclassic.com

ခါးပိုက်နှိုက်၊ ရွှေအတုလိမ်တို့ ဆေးဝိုက်၏ ဘုရင်မ ခင်မဲ့သည့် ထောင်ထဲမှာ တန်းစီး၊ အခန်းလူကြီး၊ ရွှေမြို့တော်ကြီး၏ ငိမ်နန်းကောရီမမစိမ်းက ထမင်းဘုတ်၊ တင်းဘုတ် ဘုတ်ကိုင်၊ ပူစီမက တက်တင်း၊ စက်ချုပ်၊ ရက်ကန်း၊ အလုပ်ဘုတ်များ၏ ဘုတ်ကိုင်၊ ညို့နွဲ့တို့အုပ်စုက ထောင်ယာ၊ သင်းသင်း၊ မဲတူ၊ နော်နော်၊ မြိုးတို့တစ်သိုက်က ညကင်းစောင့်ဘာသာတွေ၊ ရှားရှားပါးပါး တက္ကသိုလ်က ဘွဲ့တွေ ရခဲ့ပြီးပါလျက်အလုမက်ပြီး စပွန်ဆာမယ်အဖြစ် ဘဝပျက်ခဲ့သော သက်မာတ အခန်းစာရေး၊ ရုံးစာရေး၊ နိုဂရိုးမလို သေတာရှင်စာပင် မနီးစပ်သူက စည်းတမ်းထိန်း၊ ထောင်တွင်း စီ - အိုင် - ဒီး လုဆွယ် မလုသိန်းကြီးက မိလ္လာဘုတ်ကိုင်တဲ့၊ သူ့ဟာနှင့်သူ ဟုတ်ပေ့ကိုဖြစ်လို့။

သူတို့တစ်တွေက နှုတ်စလျှာစရှိသည်၊ ပြောရဲဆိုရဲဖျတ်ဖျတ်လတ်လတ်၊ အရိုပ်အကဲ အထူအပါးလည်း နပ်မှနပ်၊ ရှင်ကြီးဝမ်းလည်း ဝင်ဖူးပြီး ရှင်ငယ်ဝမ်းလည်း ဝင်ဖူးပြီ၊ ဒုစရိုက်တောခေါင်ခေါင်မှာ ကျိုးလန့်စာစား ကျင်လည်ခဲ့ပြီးဖြစ်၍ အရေလည်းထူပြီ၊ တစ်ထွာပြလျှင် ခါးတစ်ပြန်ထက်ပိုမြင်သူတွေ၊ ကံမကောင်းအကြောင်းမလှ၍ အူတီးအူလည်ယောင်တီးယောင်နဖြင့် ထောင်သို့ တစ်ခေါက်တစ်ကျင်း မျက်စိလည်လမ်းမှားရောက်လာကြသည့် မအေဂုတွေကို ကိုင်တွယ်တတ်၊ ထိန်းသိမ်းတတ်သည်၊ နလိုက်ရမလား၊ အကယ်ဒမီအူဝဲတို့ထက် သာ၏ကြမ်းပြလိုက်ရဦးမလား၊ ရွှေဘကြီးတောင် ဆလံသသွားရစေ့မည်။

ခါးပိုက်နှိုက်ဆရာမကြီး တန်းစီးခင်မဲ့က ညနေညနေထောင်ပိတ်ချိန် တန်းစီးပုံစံထိုင်စဉ်အခါ ထောင်စည်းကမ်းကာလနားတွေကို လက်ရှာပေးနေခိုက်သူမ၏ မာရသွန်လုံးတီးစကားတွေကိုများ နားထောင်ကြည့်မိရောက "အဘားဘား" အော်၊ လက်ဖျားခါသွားရလောက်အောင် ပြောင်မြောက်ပေသကိုး၊ "လုံးတီးစားပြီး မုန်းတီးစကား မပြောနဲ့၊ ပဲဟာပြီးအသည်းကြားမှာငါးပိနဲ့အသိရှိအောင်နေ" ဘာညာကွိကွစုံလို့"

"ပူစီမ"

"ရှင့်"

"ညည်းက ဆယ်တန်းအောင်ပြီးသားဆို"

"ဟုတ်"

"ဘာလို့ တက္ကသိုလ်ဆက်မတက်သလဲ"

"အဲ - ဒီလိုပါပဲ - အဟီး"

"ဆက်တက်လေဟယ်၊ ဘွဲ့ကလေးတစ်ခုရထားတော့ ဘာပဲပြောပြော ရှန်းအကန်သာတာပေါ့ဟဲ့၊ မှတ်ဖူးလား"

"ဆရာကလည်းသမီးတို့အလုပ်ကဘွဲ့လိုပါဘူး။ ဟိုဒင်း - ဒီဒင်း - ဟီး ဟီးပါသားနဲ့"

"အယ် - နင်မေ့သွားတဲ့၊ ညည်းတို့ဒီအလုပ်ကြီးကို ဆံဖြူသွားကြွေတဲ့အထိ လုပ်စားဖို့များ စိတ်ကူးထားကြလို့လား"

နေနှင့်အမျှ သေတွင်းသို့ ဖွတ်အစာင်းတွန်းပို့နေကြသူ ကာမဘီလူး ပုရိသတွေထဲမှာ တရုတ်လည်း ပါသည်။ ကုလားလည်း ပါသည်။ မြန်မာ့ရေမြေပေါ် မှာ မြန်မာ့အစီးအပွားတွေကို ခွစီးထားကြသည့် တိုင်းခြားသားတွေပါသည်။ အဲ - မြန်မာမြန်မာချင်း အသေးအသားစုပ်မျိုဖျက်ဆီးနေကြသည့် ဟဿာကိုးသောင်း သရဲသဘက်တွေက အကဲဆုံး၊ အသည်းဆုံး။







www.burmeseclassic.com

www.burmeseclassic.com

"အဲသလိုတော့လည်းမဟုတ်ပါဘူး
ဆရာရယ်၊ ဒါပေတဲ့၊ ဘွဲ့ရလို့လည်းသမီး
တို့တို ဘယ်သူတွေက လူရေးလူရာလုပ်
ပြီး လူရာသွင်းချင်ကြမှာလဲ"

"ဟဲ့ - အဲဒါ - ညည်းတို့မှားနေတာ၊
ညည်းတို့ကိုကူလီကူမာတွေလီတွေလာ
စိတ်နဲ့ ဆက်ဆံနေကြတာဟာ လောက
ကြီးတစ်ခုလုံးမှ မဟုတ်တာပဲ၊ ရာဂလွန်
ကဲတဲ့ တဏှာကျွန်လက်တစ်ဆုပ်စာ
လောက်ပဲ ရှိကြတဲ့ဟာ၊ အဲဒီဘဝထဲက
လွတ်အောင် ရုန်းနိုင်ကန်နိုင်ဖို့ဟာ ပညာ
က အားတစ်ခုဖြစ်ကောင်းဖြစ်လာမှာပေါ့
ဟဲ့၊ ဘယ်သူပြောနိုင်မလဲ"

တစ်လုံးသွင်း၊ နှစ်လုံးသွင်းဖြင့် တစ်
စနဲ့ရသည်၊ နားသွင်းရသည်၊ သည်လို
တွေနှင့် ပုစီမက အဝေးသင်တက္ကသိုလ်
တက်ပါတော့မည်ဖြစ်လာသည်၊ ဘွဲ့ရပြီး
သည့် သက်မာက စေတနာ့ဝန်ထမ်း
ဆရာမကြီး ဖြစ်လာရ၏။ ပုစီမတို့၏
ဘွတ်ဘက်ရွတ်ဒက်တွေ ညည်စာစာ
စာသံပေသံကလေး ဘာကလေး ကြား
ကြရတော့သည်၊ ဆယ်တန်းမှာ တစ်
လစ်တစ်လစ်နှင့်သူ့ယောင်မယ်တောထဲ
တိုးခွေ့ရောက်လာခဲ့ကြရရှာသည့် နော်

ကူးမတို့၊ ချောချောတို့၊ သင်းယုလှိုင်တို့
ကလည်းဆယ်တန်းကိုမကျော်ပြန်ခဲ့ကြ
ဦးမတဲ့၊ ဗေဒါမတို့ အားခဲကြပြန်သည်၊

အရေးရှိမှဖြင့် အကြောင်းထင်
မည်ဇကန်၊

သုံးခေါက်လေးခေါက်လောက်
အထဲဝင်၊ အပြင်ထွက် ကူးကလန်ခ
ရင်းပုစီမသည်ပင်ဒုတိယနှစ်(စီးပွားစီး)
ဘာသာတွဲဖြေပြီးပတဲ့၊ သင်းယုလှိုင်နှင့်
ချောချောတို့ ဆယ်တန်းအောင်ပြီတဲ့
ကျန်တဲ့ကလေးတွေ ကြိုးစားကြတုန်း
တဲ့၊ ကျည်ပွေ့အတက်ပေါက်ပြီ၊

သည်အချိန်ရောက်ခါမှပဲ -

"ပုစီမဆုံးပြီ" တဲ့၊ နီဂရိုးမကဖြန်း
ဖုန်းဆက်လာခဲ့ခြင်းဖြစ်သည်၊

"တက္ကသိုလ်ဆက်တက်ဦး
ဆရာထောင်မှူးကြီးကပြောတော့ သ
ကလေးက တစ်ညလုံးငိုရှာတယ်၊ ဝ
သာလွန်းလို့တဲ့၊ သူ့ဘဝထဲမှာ အဲသ
အလင်းကလေးတစ်စမှမြင်ခွင့်မရခဲ့
ကြာခဲ့ပါပကော၊ ဝင်းမင်းသန်းဆိုတဲ့
ကောင်းအညွန့်ချိုးပန်းဖျက်ပိုးလိုကော
နဲ့ သင်းကလေးပါလာတော့ ချော
ငယ်ရှိသေး၊ ဘာကြာတုန်း (၁၅)ရ

(၂၀)ပဲရှိသေး၊ အိုက်စ်ကြီးရဲ့လက်
ရောက်ရော၊ နောက်၊ မြို့သစ်မှာ
ည်ချုပ်စက်ရုံဖွင့်ထားတဲ့မှုဆယ်က
တ်တစ်ကောင်နဲ့ ကီပင်ဖြစ်ရ၊
တ် - ဂျင်သမားကျင်မောင်ရဲ့အပြောင်
ား၊ အီကင်းမောင်ကြီးရဲ့မယားငယ်၊
မပြောချင်တော့ပါဘူး၊ ဖတ်သိကို
သူ့ပျိုပျိုရွယ်ရွယ် သွေးသစ်သား
တွေလည်းခန်းရော၊ အခုလိုချိုကောက်
ရောက်ရရှာတာပဲ၊ အဲ - ဘယ်အချိန်
သူ့ရဲ့ သေမင်း အိပ်ချိုအိုင်ဗွီပိုးက သူ့
ထဲ ရောက်နေခဲ့သလဲဆိုတာ သူ့
ာတောင် မသိလိုက်ရရှာဘူး၊
ထောင်မှူးကြီးက "ဟဲ့၊ တက္ကသိုလ်
တက်" ဆိုတော့သူမှာ "အေ" ကိုက်
လေ"

"ဟင်"

"ဒါပေမဲ့ - ဆရာ ထောင်မှူးကြီး
စေနဲ့တဲ့၊ ထောင်မှူးကြီးတို့ထောင်
မ်းဆရာ၊ ဆရာမတွေက သူ့အမိ
တွေလိုပဲတဲ့၊ သူ့အပေါ်သိပ်ကောင်း
တဲ့၊ တက္ကသိုလ်ဆက်တက်၊ ဒီဘဝ
ထွက်လို့ ပြောဖူးတာလည်း ဆရာ

ထောင်မှူးကြီးတစ်ယောက်ပဲ တိုရေရှား
ရေရှိသတဲ့၊ သူ့ရဲ့ယမမင်း၊ "အေ" ဆိုတာ
ကြီးက သူ့ဘဝကို ဘယ်အချိန်မှာ ဖြတ်
ပစ်မလဲသူမသိပေမယ့်ဘွဲ့ကလေးတစ်ခု
ရအောင်တော့ဖြင့်ယူပြခဲ့ချင်သေးသတဲ့၊
နောက်ထပ်တစ်နှစ်လောက်တော့အချိန်
မှီဦးမယ်ထင်သတဲ့၊ သင်းကလေးအတုတ်
အားခဲပြီး ကြိုးစားရှာတာ - ဆရာထောင်
ကြီးရဲ့ - သိရဲ့လား၊ ဒါပေတဲ့လို့ - နီဇွမ့ဝ
နေရေးထိုင်ရေး စားရေးသောက်ရေး၊
ဆေးဝါးကုသဖို့က ရှိသေးတယ်မဟုတ်
လား၊ သူ့အတွက် လုပ်စရာအလုပ်က
လည်းဒါပဲရှိတော့ဒါကိုပဲသေသည်အထိ
မျက်စိမှိတ်လုပ်သွားရတယ် ဆိုပါစို့ရဲ့၊
ဒီလောက် မြန်မြန်ဆန်ဆန်ကြီး ခေါက်
ခနဲဖြစ်သွားလိမ့်မယ်မထင်ခဲ့ဘူး - မြန်
လိုက်တာ"

"အင်း"

"သူသေခဲ့ရင်တဲ့ ဆရာထောင်မှူး
ကြီးတို့ထောင်က ဆရာ၊ ဆရာမတွေကို
လုံးဝမသိပါစေနဲ့တဲ့၊ တစ်မြို့တစ်ရွာ
ပြောင်းသွားပြီလို့ပဲကြည့်ကောင်းအောင်
ပြောလိုက်ပါတဲ့၊ သူ့ရဲ့ဇာတ်သိမ်းမလှတဲ့

www.burmeseclassic.com

ဘဝကိုရက်လွှန်လွှန်းလို့တဲ့။ အဲဒါကျွန်မတို့တွေကသာ တိုင်ပင်ပြီး ဖုန်းဆက်လိုက်ကြတာ။ ဆရာတစ်ယောက်ကတော့ဖြင့် သင်းကလေးအတွက် ရည်စူးအမျှဝေမယ့် ရေစက်ခွက်ကိုကိုင်၊ သင်းကလေးကို အမျှဝေပေးရင်းကောင်းမှာ ပဲထင်လို့၊ သင်းကလေးလည်း ရောက်ရာဘုံဘဝက ကျေးဇူးတင်နေရှာမှာ"

မမစိမ်းက တတွတ်တွတ်ပြောနေသေးသည်။

ကြီးတောင်ကြီးမားကြီးနှင့်ငိုချလိုက်ရမကောင်းဘဲရှိတော့မည့်မှုကြောင့်သာ အနိုင်နိုင် အားခဲထားရ၏ ရင်နှလုံးထဲကြိတ်ကြိတ်ခဲခဲ နင့်နင့်သီးသီး ရှိလှဘိ၏။ ဘဝရေစုန်ရေဆန်မှာ အံခဲ၍မျောပါနေခဲ့သည့် ဗေဒါကလေးတစ်ပင်၊ စုန်းစုန်းနစ်ချေပေ့။ ဖွင့်ဖတ်ရိုးတံကလေးတွေ ညှိုးညှိုးနွမ်းနွမ်း၊ ရွက်ချားရွက်ညှာကလေးတွေ ခြောက်ခြောက်သွေ့သွေ့မဗေဒါကလေး ဘယ်ဆီဘယ်ဝယ်။

လူကိုလူချင်း သတ်ကြ၊ ဖြတ်ကြသည့်စစ်ပွဲတွေထဲ၌ လက်နက်မကိုင်၊ သွေးထွက်သံယိုမရှိဘဲ အဆီစား၊ အသားမျိုး၍ တတိတိ အမှည့်ခြွေခြွေသတ်နေကြသည့်ရာဂစစ်ပွဲလောက်မသတီစရာ၊ အော့နှလုံးနာစရာ ကောင်းလွှန်းသည်မျိုး ရှိအုံ့မထင်။ ကျွန်တော်တို့ဘေးကျွန်တော်တို့ဝန်းကျင် ပတ်ရှာလည်မှာ နေ့တိုင်းညတိုင်း အချိန်တိုင်းသည့်စစ်မီးကြီးဟုန်းဟုန်းတောက်နေခဲ့၏။ ကျွန်တော်တို့တွေက ကိုယ်နှင့်ဘာမျှမဆိုင်သလိုနေသာသပလေညာက အေးရာအေးကြောင်း မျက်နှာလွှဲနေကြသည်။ ထိုသည့်မျက်စိတစ်မှတ်မှာ ကျွန်တော်တို့သမီးအရွယ်၊ တူမအရွယ်၊ ညီမအရွယ် အမျိုးကောင်းသမီးကလေးတွေတဖြုတ်ဖြုတ် တဖျောဖျော ရာဂန္တအိုင် ဗွက်အိုင်တွေထဲ ဆွဲ၍ နစ်မြုပ်ခံနေကြရ၏။

သင်းကလေးတို့တစ်တွေကို နင်းချေဖျက်ဆီးသူ၊ အဆီစား အသားမျိုသူ နေ့နှင့်အမျှ သေတွင်းသို့ ရှုတ်အတင်းတွန်းပို့နေကြသူကာမဘီလူးပုရိသတွေထဲမှာ တရုတ်လည်း ပါသည်။ ကုလားလည်း ပါသည်။ မြန်မာ့ရေမြေပေါ်မှာ မြန်မာ့အစီးအပွားတွေကို ခွစီးထားကြသည့် တိုင်းခြားသားတွေပါသည်။ အဲ မြန်မာမြန်မာချင်း အသွေးအသားစုပ်မျိုဖျက်ဆီးနေကြသည့်ဟသာကိုးသောင်းသရဲသဘက်တွေကအကဲဆုံး၊ အသည်းဆုံး။

သင်းတို့ကြောင့် ပုစီမတို့လို နှလောင်ပန်းကလေးတွေအရွယ်မတိုင်မီနခင် ရှင့်၊ မပွင့်ခင် ကြွေ၊ မဝေခင်နွမ်းနာရသည်မျိုးမည်မျှရှိနေကြမည်ပါလိမ့်။ "ဘယ်သူလာကူကြပ့ါမလဲ"။ မသိ၊ မသိ၊ သေ။

သို့ဖြစ်လျှင်၊ သင်းကလေးတို့၏ အသွေးသား၌မှိုအောင်းကပ်ငြိနေသော အေအိုင်ဒီအက်စ်သေမင်းကြောင့် လူ အနှံတုံးဘဝပျက်၊ သေခြင်းဆိုးသေခဲ့ကြသူယောက်ျားဘသားကြီးတွေကကော နည်းမတဲ့လား။

ဘုရား - ဘုရား - ဘုရား။

အမျှပင်လျှင်ကောင်းကောင်းဝေ၍ မရချင်ပြီ။

❁ ❁ ❁

"ပုစီမရေ - အမျှ - အမျှ - အမျှ"

ငိုသံပါကြီးဖြစ်နေမည်မှန်း ကိုယ့်ဘာသာ အတပ်သိနေသော်မှ မည်သို့မျှ မတတ်နိုင်။ ကိုမင်းနောင်ကြီးကဖြင့် "တရားခံစစ်စစ်အမြစ်က ရှာဖွေ" တဲ့။ ဟဲကောင်းနေတုန်း။ အင်း ...။

ဇေယျမင်းသျှင်

[illegible]

[illegible]

**မျက်မှန်များ ကြည်လင်လိုပါသလား**

မျက်မှန်များ မကြည်မလင် မှုန်ဝါးနေပါ က အရက်ပျံကို သန့်ရှင်းသော အဝတ်စဖြင့် ဆွတ်ကာ ပွတ်တိုက်ပေးပါ။


**ဟေလုံခွန်းအနံ့ဆိုးပျောက်လိုက ..**

မျက်နှာသုတ်ပုဝါအဟောင်းတစ်ထည်ကို ရေဆွတ်၍ လှမ်းထားပါက အနံ့ဆိုးများကို စုပ်ယူသွားပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

**မြကြေးမုံ** ထောင်ထဲကိုရောက်နေတာ ဘာလိုလိုနဲ့ သုံးနှစ်ကျော်လွန်လာခဲ့ပြီ။ ထောင်ဆိုတာ ဒုစရိုက်သမားတွေအတွက် ပျော်မွေ့စရာနေရာမျိုးဖြစ်ခဲ့ပေမယ့် မြကြေးမုံတို့လို တစ်ကြိမ်တစ်ခါ မှားမိခဲ့သည့် အမှားတစ်ခုကြောင့် ထောင်ထဲ လာနေရတော့ ကျဉ်းကြပ်နေတာပဲ။

ထောင်ထဲမှာက လူအမျိုးမျိုး၊ စိတ်အထွေထွေရယ်။ ကြည့်ပါဦး၊ ရောက်လာနေကြသည့်မိန်းမတွေကလည်း စရိုက်အလွှာအမျိုးမျိုး၊ ပြစ်မှုက အမျိုးမျိုးရယ်။ သူတို့တွေအဖို့ ထောင်ဆိုတာ ရိုးနေပေမယ့် မြကြေးမုံတို့လို အမျိုးသမီးတစ်ယောက်အနေနဲ့ အထူးအဆန်းဖြစ်နေတယ်၊

ဟုတ်တယ်လေ၊ ထောင်ထဲမှာ ဒီလောက်အနေကျုံ့နေကြတာတောင် အရယ်အပြုံးမပျက်၊ တဟီးဟီး တဟားဟားလုပ်နေတဲ့မိန်းမတွေကို ကြည့်ပြီး သိပ်စိတ်ပျက်တာပဲ။ ဒီနေရာ ဒီဒေသကို ဘာများခုံမင်နှစ်ခြိုက်နေကြလည်း မသိပါဘူး။

မနက်မိုးတောင် မလင်းသေးဘူး။ ဘာတဲ့၊ ထောင်ဖွင့် တန်းစီးမယ်တဲ့။ ဘယ့်နှယ်တော် ချမ်းချမ်းစီးစီး ကွေးလို့ကောင်းနေတုန်း ခုလိုတန်းစီးရမယ်ဆိုတော့ ဘယ်လောက်စိတ်မောဖို့ကောင်းလိုက်သလဲ၊

ဘာဖြစ်လို့မနက်မိုးတောင်မလင်းသေးဘူး၊ ထောင်ထဲမှာ ထောင်ဖွင့်ဖို့စောင့်နေကြရပြီ၊ ညကတည်းက သော့ခတ်ပိတ်ထားခဲ့တဲ့အဆောင်ပဲ၊ ဘယ်လိုလူတွေ အပြောင်းအလဲရှိနေမှာလဲ၊ ညတုန်းကပေးခဲ့တဲ့လူဦးရေစာရင်းအတိုင်းပဲ ထောင်ဖွင့်လိုက်လို့ရရဲ့သားနဲ့၊ တမင်ချစ်တီးခေါင်းသန်းရှာသလိုပြဿနာကိုရှာချင်နေတာပဲ။

ခုတော့ – မြကြေးမုံတို့ အကျဉ်းသူတစ်သိုက်မှာ အိပ်ချင်မပြေနိုင်တဲ့မျက်လုံးတွေကို အတင်းဖြဲပြီး တန်းစီထိုင်နေရတယ်။ လူက အိပ်ငိုက်ချင်ချင်ရယ်၊ အဲဒီလောင်လို့ သွားမအိပ်လိုက်နဲ့၊ ညကင်း၊ ဗရာကောင်မတွေကခေါက်ခနဲမျှင်းလုံးနဲ့လာခေါက်မှာ သေချာပဲ၊

ဘယ်လိုပဲ အိပ်ချင်စိတ်ကို ဖွတ်အတင်းအားခဲတာပေမယ့်သွေးနဲ့ကိုယ်သားနဲ့ကိုယ်မဟုတ်လား၊ တစ်ချက်တစ်ချက် လွတ်ထွက်သွားပြီး ငိုက်ခနဲဖြစ်သွားချိန်မှာတော့ –

"ဟဲ့ – ဟိုဖာသည်မ – နင်က အပြင်အလို မိုးလင်းလျှောက် အလုပ်လုပ်ပြီး အပေါ်ကျမှငိုက်ချင်သလိုလိုလာမလုပ်နဲ့ခုံစံပေးထားတာ နားမလည်ဘူးလား"

အဲဒီလိုညကင်းဗာရာမိသန်းရဲ့ပါဝါအာဏာပြမှုကိုမတတ်သာလို့သာခေါင်းငုံ့နေရတယ်၊ စိတ်ထဲမှာတော့ ပြေးပြီးခြိတ်ပစ်ချင်လိုက်တာ ဆတ်ဆတ်ခါနေတာပဲ၊ သူ့လိုပန်းဆိုးတန်းဂုံးတံတားအောက်မှာ လုပ်စားနေတဲ့ ဟာမတွေလိုမှုတာကိုအထင်သေးသလိုမိန်းမရှင်းတဲ့လေ၊

သူတို့ကလည်း ဒီလိုအော်ဒေါက်ကြိမ်းမောင်းနိုင်ကြမှာပေါ့လေ၊ သူတို့တတစ်ညတာလုံး လုံခြုံရေးတာဝန်ယူထားကြရတဲ့ညကင်းဗာရာတွေမဟုတ်လား။ ထောင်ထဲမှာ တန်းစီးပြီးရင် ဗာရာလည်း ဗာရာအလျောက်၊ ဘုတ်တိုင်လည်း ဘုတ်ကိုင်အလျောက် ပါဝါအာဏာအပြည့်အဝရှိနေကြသူတွေလေ။

အဲ – ဗာရာဖြစ်ဖို့ဆိုတာကလည်း လွယ်တော့ မလွယ်ဘူး။ ထောင်ထဲမှာ ဗာရာအရည်အချင်းပြည့်မီဖို့ဆို ထောင်ကျနေသား သုံးပုံတစ်ပုံ ကျခံပြီးမှ ဗာရာလုပ်ခွင့်ရှိတာ၊ လူတိုင်း ဗာရာဖြစ်ခွင့်မရှိဘူး။

ဒီလိုဗာရာတစ်ယောက်ကိုခန့်နိုင်ဖို့က အနီးကပ်ကြီးကြပ်အုပ်ချုပ်နေတဲ့တန်းစီးရဲ့ထောက်ခံမှုကလည်းအဓိကပဲ။ တန်းစီးကသာ ထောက်ခံပေးလိုက်လို့ကတော့ ဗာရာရာထူးကိုအိပ်ဆောင်မှူး၊ ထောင်မှူးမကလည်း လက်ခံပြီးသားပဲ။

အဲဒီတန်းစီးဆိုတာကတော့ အိပ်ဆောင်ထဲမှာထောင်ကျနေကြတဲ့အကျဉ်းသူအားလုံးအပေါ်မှာ ဩဇာအာဏာရှိဆုံးပုဂ္ဂိုလ်ပဲ၊ တန်းစီးရာထူးနေရာရဖို့ကလည်းပိုလို့တောင်ခက်သေး။ အိပ်ဆောင်

> စိတ်လိုက်မာန်ပါ လုပ်ရပ်ကြောင့်
> ထောင်ကျသွားခဲ့သော မိန်းမတစ်
> ယောက်သည် ထောင်မှ ပြန်လွတ်
> လာချိန်တွင် ခင်ပွန်းသည်ကို တွေ့
> မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက်...

www.burmeseclassic.com

www.burmeseclassic.com

မှုး ထောင်မှူးမမက ထောင်သက်ရှည်ကြာနေတဲ့အကျဉ်းသူ၊ထောင်စည်းကမ်းဥပဒေကိုမချိုးဖောက်ပဲ ပျပ်ဝပ်ရိုကျိုးနေထိုင်တတ်သူ၊ အကျဉ်းသူအားလုံးအပေါ်ဩဇာညောင်းနိုင်သည့်အရည်အချင်းရှိသူမှ တန်းစီးခန့်တာ၊

ရိုးရိုးထောင်ကျအကျဉ်းသူတွေကတော့ထောင်ထဲမှာဝေလေလေ အုပ်စုပဲဖြစ်မယ်၊ အလုပ်အတွက်လိုအပ်ရင်ဘောက်ဆင်းလိုက်နေကြရတာ များကြတယ်၊ ထောင်ထဲမှာ အတည်တကျနေရာတစ်နေရာရဖို့ လူရည်လည်ဖို့လည်းလိုတယ်၊ နို့မို့ဆို - ဘောက်ဆင်းပါပြီးအလုပ်သံသရာလည်နေမှာ၊

မြကြေးမုံလည်း ဘာထူးသေးလဲ၊ ထောင်ထဲကို ထောင်ကျလာကတည်းက လူသစ်မှတ်ပုံတင်ပြီးတာနဲ့ တန်းပြီးလေဘာချခံရတယ်၊ အိပ်ဆောင်စည်းကမ်းထိန်းသိမ်းရေးဘုတ်မှာ ဘုတ်ကိုင်ဖြစ်သွားလို့ သက်သာသွားတယ်၊

ဒါတောင်တစ်လလောက်ဘောက်ဆင်းဖြစ်ပြီး အလုပ်တွေ ချင်ချင်လည်အောင်လုပ်ခဲ့ရသေးတာ၊ လေဘာချပြီးမှပဲ နေရာတစ်နေရာ အတည်တကျရသွားခဲ့တာပေါ့၊

ခု - ဘုတ်ကိုင်ဖြစ်မှပဲထောင်ထဲမှာအလုပ်လုပ်နေတဲ့အကျဉ်းသူဘုတ်တွေကိုအလုပ် လုပ်၊ မလုပ် လိုက်ကြီးကြပ်ရတယ်၊ စည်းမရှိ၊ ကမ်းမရှိနေတာ ထိုင်တာတွေ့လျှင် ပြောဆိုတားမြစ်ရတယ်၊

တန်းစီးက နံနက်ပိုင်းထောင်ဖွင့်ပြီးသွားတာနဲ့ထောင်ထဲကလုပ်ငန်းတွေကိုဘုတ်အသီးသီးခွဲပေးပြီး နိုင်းစေခဲ့တယ်၊ ဝေတာင်ယာ၊ မီးလွှာ၊ သန့်ရှင်း ရေးကြမ်းတိုက်စုံနေတာပဲ၊ ကိုယ်က စည်းကမ်းထိန်းသိမ်းရေးဆိုတော့ အလုပ်ပင်ပင်ပန်းပန်းမလုပ်ရပေမဲ့ထောင်ထဲကဘုတ်တွေအကုန်လိုက်လံစစ်ဆေးရတာမောနေတာပဲ၊

အမှန်တော့ - ထောင်တွင်းပုလိပ်လုပ်ငန်းလိုပဲ မဟုတ်တာလုပ်နေမဲ့ လူတွေကို ဘယ်ချောင်မှာ ဖယ်ဆုပ်ကစားနေမလား၊ စတ္တုဖဲချပ်ကစားနေမလားတက်တူးတွေ မိုးထိုးနေမလားဆိုတာနေရာမလပ် လိုက်ရှာဖွေ ထောက်လှမ်းစစ်ဆေးနေရတာလေ၊

တစ်ခါတစ်ရံ ထောင်နောက်ဘက်မှာ အဝေမတည်လို့ ဝေစုလုနေကြတဲ့နှစ်ပိုင်းတစ်ပိုင်းယောက်ျားလျာမတွေကသည်း သည်းသည်းလှုပ်တွေ၊ ဒါဒါဖွစ္စည်းလေးဆိုပြီး အိစိကလီလုပ်ပြီးလုကြ ယက်ကြရင်း စကားများရာကနိုက်ရန်ဖြစ်ကြပြန်ရော၊

အဲဒါမျိုးဆို - တန်းစီးထံ အလျင်အမြန်ပြေးသွားလို့ သတင်းအမြန်ပို့ရတယ်၊ တန်းစီးသိသွားလို့ကတော့ သက်သာဘူး၊ တန်းစီးက စိတ်မထင်ရင် အကျဉ်းသူအချင်းချင်းမို့ ရိုက်နက်ဆုံးမပိုင်ခွင့်ရှိတယ်၊ သိပ်ကြီးကျယ်သည့်ပြဿနာမျိုးဆို ထောင်မှူးမရုံးကို ခေါ်သွားပြီး တန်းစီးက ရုံးတင်ခဲ့တယ်၊

အဲဒီလိုရုံးတင်စံရပြီဆိုကြီးလေးတဲ့အမှုမျိုးဆိုတိုက်ပိတ်တယ်၊ အသေးအဖွဲ့အမှုလောက်ဆို ထောင်ပိုင်ရုံးတင်ဆုံးတော်ရက်ဖြတ်ပစ်တယ်၊

မြကြေးမုံတို့လို အိပ်ဆောင်စည်းကမ်းထိန်းသိမ်းရေးဘုတ်ကအိပ်ဆောင်တစ်ခုလုံးပတ်ပတ်လည်လိုက်စစ်ကြရတာဆိုပေမယ့် ဘုတ်ကိုင်သုံးလေးယောက်ရှိနေတော့ အိပ်ဆောင်မျက်နှာအနေရာခွဲပြီး ကြီးကြပ်နိုင်းတယ်၊

ဒါကြောင့်လည်း - စောစောပိုင်းထောင်ကျနေတုန်း လေးငါးခြောက်လလောက်တော့ အိမ်ကလူကြီးထောင်ဝင်စာတစ်ပတ်တစ်ခါလာတွေ့ပါရဲ့၊ ထောင်ထဲမှာ အစားအသောက် ဆင်းရဲနေမှာစိုးလို့ ငါးခြောက်၊ ငါးပိကြော်၊ မုန့်ပဲသွားရည်စာတွေ ထောင်ဝင်စာက ပို့နေတယ်၊

ခုနောက်ပိုင်းထောင်ဝင်စာမလာတော့ဘဲ အလာကျဲသွားပြီ၊ သူ့ခမျာ အလုပ်တွေများနေလို့ဖြစ်မှာပေါ့၊ သူက ကုမ္ပဏီမှာအလုပ်လုပ်နေတဲ့လူဆိုတော့လည်း နယ်ထွက်ရ၊ အိုဗာတိုင်ဆင်းရနဲ့ အလုပ်ထဲမှာ ချင်ချင်လည်နေမှာပဲ၊

သူနဲ့ မြကြေးမုံ စတွေ့တုန်းက မြကြေးမုံအသက် ဘာရှိမှာလဲ၊ ဆယ့်ရှစ်ဆယ့်ကိုးလောက်ပဲရှိမယ်၊ ဆယ်တန်းဖြေမလို့လုပ်နေတုန်း သူနဲ့ခိုးရာလိုက်ပြေးခဲ့ကြလို့ ပညာတစ်ပိုင်းတစ်စ ဖြစ်သွားတယ်၊

သူ့မိဘတွေကလည်း စီးပွားရေးအဆင်ပြေတဲ့လူတွေဆိုတော့ သူတို့သားပညာရေး ဆုံးခန်းမတိုင်ပဲ အိမ်ထောင်ကျသွားတာဆိုတော့ ဘယ်စိတ်ကောင်းနိုင်ကြပါ့မလဲ၊

နောက်ဆုံး သူက ကုမ္ပဏီမှာ ဝင်အလုပ်လုပ်တယ်၊ ဒီတော့မှ လင်မယား

www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက် စားဝတ်နေရေး အဆင်ပြေလာတယ်၊ မြကြေးမုံကလည်း တစ်ဖက်တစ်လမ်းက ဈေးရောင်း၊ ဈေးဝယ်လုပ်နဲ့ဆိုတော့ လင်မယားနှစ်ယောက် သီးသီးသန့်သန့် အိမ်ငှားနေထိုင်နိုင်ကြတယ်၊

အိမ်ထောင်သက်လေး၊ ဆယ်နှစ်ကျော်လွန်လာတဲ့ ကာလမှာတော့ မြကြေးမုံ့ဈေးထဲမှ ငွေတိုးပေးစားတဲ့ မိန်းမတစ်ယောက်နဲ့ ခွန်ကြီးခွန်းငယ် စကားများရန်ဖြစ်ခဲ့ကြရာကလက်ပါလာခဲ့ကြတယ်၊

အဲဒီကတော့ ငွေချေးတဲ့မိန်းမက တိုးလို့ငွေပြန်မဆပ်တဲ့အပြင်ရန်လုပ်လာလို့ စကားများရာက နောက်ဆုံးလက်ပါတဲ့အဆင့်အရောက်မှာ နီးရာ အထည်ဆိုင်ပေါ်က ကတ်ကြေးနဲ့ လှမ်းထိုးပစ်လိုက်လို့ လူသေမှုဖြစ်ပွားသွားခဲ့တယ်၊

ဒီလူသေမှုနဲ့ပဲမြကြေးမုံလည်းအမှုဖြစ်ပြီး ထောင်ရနစ်နှစ် ကျသွားတယ်၊ အမှုဖြစ်စဉ်တုန်းက မြကြေးမုံအသက်သုံးဆယ်ဝန်းကျင်ပဲ ရှိသေးတယ်၊ ခုတော့ - ထောင်ထဲမှာ ထောင်ကျနေခဲ့တာ သုံးလေးနှစ်နီးပါး ရှိနေပြီ၊

ဘာပဲဖြစ်ဖြစ်၊ ထောင်ထဲမှာ အနေအထိုင် ဆင်းရဲပေမယ့် ကျန်းမာရေးကိုပဲ ဂရုစိုက်နေရတယ်၊ ထောင်ထဲမှာမကျန်းမာလို့ထောင်ဆရာဝန်ကဆေးကုသပေးနိုင်ရင်တော်ရဲ့၊ ရောဂါကြီးရင်လည်း ထောင်အပြင်ဘက် ဆေးရုံကိုတင်ပြီး ကုသပေးပါတယ်။

မြကြေးမုံ့ထောင်ထဲကိုရောက်လာမှပဲ လူတွေကိုကြည့်ပြီး သံဝေဂ ရနေမိတယ်။ တချို့ဆို ဘာမဟုတ်တဲ့ငွေလေး မဖြစ်စလောက် လုလို့၊ ခိုးလို့၊ လူသတ်လို့ ထောင်ထဲရောက်နေကြတာမြင်ရတော့ လူတိုင်းလူတိုင်းဟာ ဒေါသ၊ လောဘ၊ မောဟမကင်းနိုင်လို့ မဖြစ်သင့် မဖြစ်ထိုက်တာတွေဖြစ်ပြီး ထောင်ကျလာခဲ့ကြတာလို့ ဆင်ခြင်သုံးသပ်နေမိတယ်၊

ဒီလိုတရားရစရာ၊ တရားကျစရာ အဖြစ်တွေကိုမြင်ရတော့မှပဲ သတိသံဝေဂနဲ့ အရာရာကို ဆင်ခြင်တိုင်းထွာလာတတ်တယ်၊ လူတိုင်း တဒင်္ဂဖြစ်ပေါ်လာတဲ့ စိတ်အသိလေးကို မထိန်းချုပ်နိုင်ခဲ့ကြလို့ပေါက်ကွဲထွက်လာရာက ရာဇဝတ်မှုခင်းတွေဖြစ်ပေါ်လာရတာလို့ သဘောပေါက်မိတယ်၊

နောက်ပိုင်းကာလတွေမှာ ထောင်ထဲမှာလည်း ပြင်ပမှာ လစဉ်ဖွင့်လှစ်နေတဲ့ တရားစခန်းလိုမျိုး အကျဉ်းထောင်ထဲမှာ ယောဂီအကျဉ်းသူတွေအတွက် (၁၀)ရက်စခန်းဖွင့်လှစ်ထားပေးတယ်၊

အဲဒီလိုအကျဉ်းသူအားလုံးရဲ့အမိုက်မှောင်ဖုံးနေတဲ့အသိတရားတွေပွင့်လင်းမြင်သာလာအောင်၊ သိမ်မွေ့နူးညံ့လာအောင်၊ လိမ္မာယဉ်ကျေးလာအောင် ဆရာပြတရားဟောတဲ့ တရားစခန်းမှာ တရားဝင်ခဲ့တယ်၊

ထောင်ထဲက "မွေဟိတသုခဂေဟာ" လေးမှာ လစဉ်တရားစခန်းတွေဖွင့်လှစ်ပေးလို့ တရားပြပေးတယ်၊ ကိုယ်က ပြင်လောကမှာနေထိုင်တုန်းကလည်း စားဝတ်နေရေးနဲ့ မအားမလပ်လို့ တရားစခန်းမဝင်ခဲ့ဘူးတော့တရားစခန်းဆိုတာ ကြားသာကြားဖူးတယ် တစ်ခုမှ တိတိပပ်တိ မဝင်ဖူးဘူး။

ဟော - ထောင်ထဲ လည်းရောက်ရော အိပ်ဆောင်ထဲမှာ နေ့တိုင်းညနေ ဆောင်ပိတ်ပြီးတာနဲ့ ဘုရားရှိခိုးကြရတယ်၊ မေတ္တာစကြာရွတ်ရတယ်၊ မေတ္တာသုတ်အပါအဝင် ပရိတ်ကြီး(၁၁)သုတ်လည်း ရွတ်တတ်ဖတ်တတ်လာတယ်၊

အဲဒီလိုဗုဒ္ဓရဲ့အဆုံးအမတရားတော်တွေကို ထဲထဲဝင်ဝင် လေ့လာခွင့်ရတော့မှ မြကြေးမုံ့အသိဉာဏ်ထဲမှာ ခွန်လွှတ်အနစ်နာခံခြင်းဆိုသည့် သည်းခံစိတ်တို့ မွေးတတ်လာတယ်၊

တရားစခန်းတွေကို တတ်နိုင်သမျှ ဝင်ဖြစ်အောင် ကြိုးစားလာခဲ့တယ်၊ ကုသိုလ်ကောင်းမှုတွေကို လုပ်တတ်ကောင်းမှန်း သိနားလည်လာခဲ့တယ်၊ အိပ်ဆောင်ထဲမှာ အမြဲဖွင့်ထားတဲ့ "မွေဟိတသုခဂေဟာ" လေးမှာ အပေါ်ဖြူအောက်ဖြူဝတ်စုံလေးဝတ်လို့ တရားကျင့်ကြံနေတယ်၊

ခုလိုကောင်းမှုကုသိုလ်နောက်တို တစိုက်မတ်မတ်လိုက်ပြီး သံသရာမှာ ဘဝအကျိုးပေးကောင်းအောင် ကျင့်ကြံပွားများလာခဲ့လို့လားမသိဘူး မြကြေးမုံအတွက် လာခြင်းကောင်းသောအကျိုးကျေးဇူးတွေ ခံစားလာရတော့တယ်၊

အဲဒါကတော့နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထွက်လာပြီး ထောင်ထဲက အကျဉ်းသား၊ အကျဉ်းသူများကို နိုင်ငံတော်အစိုးရက လွှတ်ပေးတဲ့အမိန့် ထွက်လာတယ်၊





www.burmeseclassic.com

www.burmeseclassic.com

ဟိုတုန်းက မောင်နဲ့
ချစ်ရည်လူးခဲ့စဉ်က ပျော်မြူးခဲ့ရတာ
လည်း ဒီလိုပဲ။ ဘုရားသွားကျောင်းတက်
ပျော်ခဲ့ကြရတဲ့ကာလတွေကို မျက်စိထဲမှာ
ပြန်လည်မြင်ယောင်လာတယ်။
အဲဒီပုံတွဲကို မလုပ်မကမ်းကနေ
သေသေချာချာ အကဲခတ်ကြည့်မိတော့မှ
မောင်နဲ့ ခပ်ဆင်ဆင်တူသလိုပဲ။



ထောင်ကြီးထဲမှာ ထောင်က လွတ်မြောက်ကြမည့်အကျဉ်းသား၊ အကျဉ်းသူများ၏ အော်ဟစ်ပျော်ရွှင်နေသံများဟာ အုန်းအုန်းထလို့နေတယ်။ မြကြေးမုံလည်း ထောင်က လွတ်ရမည့်လူစာရင်းမှာ တစ်ယောက်အပါအဝင် ဖြစ်တယ်၊

မတတ်သာလို့သာ ထောင်ထဲမှာ နေနေရတာ လွတ်ရမယ်လည်းဆိုရော တစ်စက္ကန့်၊ တစ်မိနစ်တောင် မနေချင်ဘူး၊ အမြန်ဆုံး မွန်းကြပ်လှောင်ပိတ်နေတဲ့ ဒီလှောင်ချိုင့်စံဘဝက လွတ်ချင်စိတ် ပြင်းပြနေတယ်၊

မောင်တစ်ယောက် နေမှကောင်းရဲ့လား။ ကုမ္ပဏီအလုပ်တွေနဲ့များ အလုပ်ရှုပ်နေသလား၊ ခုလိုလွတ်ငြိမ်းချမ်းသာခွင့်သတင်းတွေ မီဒီယာကနေ ကြေညာထုတ်ပေးတာကိုများ မဖတ်လို့၊ မသိလို့ မရောက်လာခဲ့တာလား၊

လွတ်ချိန်တန်လို့ လွတ်လာခဲ့ရတာ မဟုတ်ပဲနိုင်ငံတော်ကလွတ်ငြိမ်းခွင့်ပေးလို့ လွတ်လာတဲ့သတင်းသာကြားလျှင် မောင် ဝမ်းသာအားရအပြေးလာကြိုမှာပဲလေလို့ထင်မှတ်ထားခဲ့တာ၊ ခုတော့ မောင် ရောက်မလာဘူး၊

ထောင်ထဲက အကျဉ်းသူတွေ အသုတ်လိုက်ထောင်ဘူးဝကနေ လွှတ်ပေးနေတယ်၊ ပြင်ပက ဆွေမျိုးသားချင်းတွေကတော့ ဝမ်းသာအားရလာရောက်ကြိုဆိုနေကြတယ်၊ ဒီအထဲမှာ မောင်ပါဖြစ်လို့ရောက်မလာခဲ့ပါလိမ့်၊

မြကြေးမုံလည်းတစ်ဦးတစ်ယောက်လာကြိုဖော်မရတော့ ထောင်ရှေ့လမ်းကြီးပေါ်မှာ ခေါင်းငိုက်စိုက်ကျလို့ တစ်ယောက်တည်း စိတ်ပျက်လက်ပျက် လျှောက်လာနေမိတယ်၊ မိမိထောင်ထဲ ရောက်ခဲ့တဲ့ကာလသုံးနှစ်လောက်မှာ ကိုယ်အရွယ်အစားက လျော့ရိလျော့ရဲ ယိုယွင်းစပြုလာနေပြီ၊

အသက်သုံးဆယ်ကျော်လောက်အမှုဖြစ်လို့ထောင်ကျလာခဲ့တာ ခုဆို အသက်လေးဆယ်နား ရောက်နေပြီ၊ ထောင်ထဲမှာ မိမိအသက် ရှင်သန်နေနိုင်ဖို့ ကြိုးစားအားထုတ်နေထိုင်ခဲ့ရတယ်၊ ထောင်ကျစဉ်တုန်းက မောင် ထောင်ဝင်စာလာပို့ပေးလို့အဆင်ပြေနေပေမယ့် နောက်ပိုင်းရောက်မလာတော့ဘူး၊

ဘာပဲဖြစ်ဖြစ်၊ မောင့်အပေါ် ကျွန်မထားခဲ့တဲ့မေတ္တာတရားတွေက ယခုတိုင် ရင်ထဲမှာ ပွင့်လန်းနေတုန်းပဲ၊ တစ်ဦးနဲ့တစ်ဦး အခြေအနေအရဝေးကွာနေကြရပေမယ့် သံယောဇဉ်နှောင်ကြိုးတို့က ဖြတ်တောက်လို့မှ မရနိုင်ပဲလေ၊

မောင်ရယ် - ကျွန်မအပေါ် ဟိုတုန်းကလို နှစ်နှစ်ကာကာ အချစ်တွေနဲ့ ချစ်သေးရဲ့လားဆိုတာ ကျွန်မ ဝေခွဲမရနိုင်တော့ဘူး၊ ကျွန်မအပေါ်မှာ သတိရထင်းတမနေဘူးလားဆိုတာ လူချင်းဆုံတွေ့တော့မှပဲ မေးပစ်လိုက်မယ်ဆိုတဲ့စိတ်ကူးအပျော်တွေနဲ့ မိမိတို့နှစ်ဘဝ အတူတူ နေထိုင်ခဲ့ကြတဲ့တိုက်ခန်းလေးဆီ အပြေးပြန်လာနေတယ်၊

ဒါပေမဲ့ - မြကြေးမုံ သိထား၊ နေထိုင်သွားခဲ့တဲ့တိုက်ခန်းလေးက သော့ပိတ်ခတ်ထားတယ်၊ အိမ်ရှင်အဒေါ်ကြီးကို သွားမေးကြည့်တော့ ဒီတိုက်ခန်းမှာမနေတာ နှစ်တော်တော်ကြာနေပြီတဲ့၊

ဟင် - ဒါဆို - မောင် ဘယ်ရောက်သွားပြီလဲ၊ ခြေရာလည်း ပျောက်၊ ရေလည်း နောက်လုပ်သွားပြီလား၊ မောင် ဘယ်ဆီမှာများသွားနေပါလိမ့်၊ မောင်က တစ်ယောက်တည်း အထီးကျန်ဆန်နေတော့ မိဘတွေဆီများ ပြန်သွားခဲ့ပြီလား ဆိုသည့်အတွေးနှင့် တစ်နေကုန် မောင် ပျောက်ရှာနေမိတယ်၊

ညမှောင်ရီသန်းသည့်အချိန်ရောက်လာမှ ဝမ်းဟာနေတဲ့ဗိုက်ကိုသတိရလာ



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ လက်ထဲမှာ ထောင်က ပေးလိုက်တဲ့ လွတ်လူ လမ်းစရိတ်ငွေနှစ်ရာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီးအကြော်ဆိုင်လေးမှာ အကြော်နှစ်ခု ဝယ်ခဲ့တယ်၊

အကြော်ဝါးစားနေရင်း လမ်းဘေး ရေအိုးစင်က ရေတစ်ခွက်ကို အငမ်းမရ ခပ်သောက်ပစ်လိုက်တယ်၊ ဒီလိုအချိန် ထောင်ထဲမှာဆို ထမင်းဘုတ်ကနေ ထမင်းအဆင်သင့်ဝေပေးကျွေးမွေးတာ ကိုစားနေရတာ သွားသတိရနေမိတယ်၊

ခုတော့ - ထောင်က လွတ်မြောက်လာခဲ့ပေမယ့် မိန်းကလေးတစ်ယောက်ထဲ လမ်းပေါ်မှာ လျှောက်သွားနေရတော့ သူတော်တွေနဲ့တွေ့မှာလည်း စိုးကြောက်ရသေးတယ်၊

ဒါကြောင့် မိမိဘဝလေး ခေတ္တခဏ နားစရာ ဘုရားရိပ်၊ တရားရိပ် ဝေစည်နေတဲ့ ရွှေတိဂုံဘုရားပေါ်ကို တက်လာတယ်၊ ရွှေတိဂုံဘုရားပေါ်က ဘုရားဖူးပြီးလို့လက်ချင်းချိတ်တွဲလာနေတဲ့ စုံတွဲတစ်တွဲကို အမှတ်မထင် လှမ်းမြင်လို့ အားကျနေမိတယ်၊

ဟိုတုန်းက မောင်နဲ့ ချစ်ရည်လူးခဲ့စဉ်က ပျော်မြူးခဲ့ရတာလည်း ဒီလိုပဲ၊ ဘုရားသွားကျောင်းတက်ပျော်ခဲ့ကြရတဲ့ ကာလတွေကိုမျက်စိထဲမှာပြန်လည်မြင်ယောင်လာတယ်၊ အဲဒီစုံတွဲကို မလှမ်းမကမ်းကနေ သေသေချာချာ အကဲခတ်ကြည့်မိတော့မှ မောင်နဲ့ ခပ်ဆင်ဆင်တူသလိုပဲ၊

မောင့်ရဲ့ဘေးမှာ ဆံပင်ကိုကုပ်ဝဲလေးနဲ့ ကောင်မလေးတစ်ယောက်ပါလာတယ်၊ အဲဒီစုံတွဲကတော့ ဘုရားအဆင်းလှေကားကနေ တစ်ထစ်ချင်း နင်းဆင်းလာနေတယ်၊ သူတို့စုံတွဲကို စူးစူးစိုက်စိုက်ကြည့်မိမှ မောင်မှ မောင်အစစ် ဖြစ်နေတယ်၊

မောင့်ဟန် မောင့်အသွင်သဏ္ဌာန်တွေကနှစ်တွေဘယ်လောက်ပဲဝေးကြာနေပါစေ၊မျက်စိထဲကဘယ်ဖျောက်ဖျက်လို့ရနိုင်ပါ့မလဲရှင်၊ မောင်နဲ့ ဆယ်နှစ်လောက် ပေါင်းသင်းဆက်ဆံလာတဲ့သူပဲ၊ ဘယ်မေ့နိုင်ပါ့မလဲ၊

ခုတော့ - သင်းက နောက်တစ်ယောက်နဲ့ ရွှေလက်တွဲလို့ဖောက်ပြန်နေပြီး ဒါကြောင့် - မောင် ကျွန်မရှိနေတဲ့ ထောင်ကိုတောင်ရောက်မလာနိုင်ခဲ့တာပေါ့၊ကျွန်မကိုတစ်ခါတည်းအဆက်ဖြတ်ပစ်လို့ထွက်ပြေးသွားခဲ့တာလား၊ကျွန်မမရှိ တော့လို့ မနေနိုင် မထိုင်နိုင်ဖြစ်ပြီး နောက်အသစ် ရှာဖွေခဲ့တာလား၊

မောင်တို့စုံတွဲကိုကြည့်ပြီး ကျွန်မရင်ထဲမှာ ဗလောင်ဆူနေတယ်၊ရင်ထဲက ဒေါသတွေ တလိပ်လိပ် တက်လာနေတယ်၊ ကျွန်မဒေါသတွေ ပေါက်ကွဲဖွင့်ထွက်တော့မယ့်အခြေအနေကို ရောက်လာတယ်၊ မောင်နဲ့ အတူတွဲလာတဲ့ ကောင်မလေးရဲ့လက်ကို ဆွဲပြီး ပါးရိုက်ချင်စိတ်တွေ တဖွားဖွား ပေါ်လာနေတုန်းမှာပဲ -

"တုံ - တုံ - တုံ"

ဘုရားခြေရင်း ဘုန်းကြီးကျောင်းဆီက အုန်းမောင်းခေါက်လိုက်သံဟာ ကျွန်မနားထဲကို အပြေးဝင်လာတယ်၊ ဘုန်းကြီးကျောင်းထဲမှာ ကိုရင်တွေ ဆွမ်းဘက်ဝတ်တက်ဖို့ သတိပေးအုန်းမောင်းခေါက်သံဟာ ကျွန်မ ထောင်ထဲမှာ ထောင်ပိတ်ပြီးချိန် ဘုရားဝတ်တက်ရတာကို ပြေးမြင်ယောင်လာမိတယ်၊

ကျွန်မထောင်ထဲမှာ တရားစခန်းဝင်ပြီး ကျင့်ကြံပွားများ အားထုတ်လာခဲ့တဲ့ တရားသဘောတွေကို စောကြောဆင်ခြင်မိလာတယ်၊ ကျွန်မတို့တစ်တွေ သူကောင်းသူကောင်းဖြစ်လာအောင် ထောင်ထဲက "မဟ္ဟဂီတသုခဂေဟာ" လေးမှာ ကျင့်ကြံအားထုတ်ပွားများလာခဲ့တဲ့ တရားသဘောတွေက စိတ်မိုက်စိတ်ရိုင်းတွေကို ထိန်းချုပ်နိုင်သလို ဖြစ်သွားတယ်၊

ဘာဖြစ်လို့ သူများတွေရဲ့ပျော်ရွှင်မှုကိုဝင်ရောက်ဖျက်ဆီးဟန့်တားလုပ်နေတော့မလဲ၊ လူ့ဘဝကြီးမှာ လူဖြစ်လာရတဲ့အခိုက်အတန့်အချိန်လေးမှာ ဒေါသတရားတွေနဲ့ ယိုးစွပ်ပြောဆိုနေကြလို့လည်း အကျိုးမရှိပါဘူးလေ၊


မောင်၊ ကျွန်မကို မလိုချင်လို့ ခွဲခွာထားခဲ့ပြီပဲ၊ ကျွန်မ ထောင်ကျသွားခဲ့ရတဲ့ အမည်းစက်ကြီးဟာ သူ့ဘဝမှာ အနှောင့်အယှက်ဖြစ်နေမှာပေါ့၊ သူမလိုလို့ ထားရစ်ခဲ့မှတော့ နေရစ်ရုံပဲ ရှိတာပေါ့ရှင်၊

ကျွန်မစိတ်ကို ထောင်ထဲက တရားစခန်းမှာ သင်ကြားပေးလိုက်တဲ့ တရားတွေက အသိစိတ်ကို လျင်လျင်မြန်မြန် ထိန်းချုပ်နိုင်သွားတယ်၊ သူတို့စုံတွဲမြင်သာအောင် ဘုရားလှေကားရင်းတာဝန်ကြား တိုင်နားမှာ ကွယ်ပုန်းလို့ ဒေါသစိတ်တို မျိုသိပ်ပြီး သည်းခံစိတ်နဲ့ ခွင့်လွှတ်လိုက်ပါတယ်၊

ဒီအချိန်မှာ သံယောဇဉ်မဖြတ်နိုင်သေးတဲ့ မျက်ဝန်းဆီမှ မျက်ရည်လေး တစ်စက်ယိုစီမ့်လာချိန်မှာပဲ ရှိုက်သံလေးနှင့် ထိန်းချုပ်နိုင်လိုက်ပါတော့တယ်၊

ထော်မှူးမေ

www.burmeseclassic.com




**မန္တလေး**ဆပ်ကျောင်းဆင်း (ယခင်ရဲအတတ်သင်သိပ္ပံ၊ မန္တလေးမြို့) (ရာဇဝတ်အုပ်) "ရာဂိုအုပ်" (ယခုဒုရဲအုပ်အဆင့်) မောင်ကိုလေးတစ်ယောက် မြစ်ဝကျွန်းပေါ်က မြို့လေးတစ်မြို့မှာ အလုပ်သင်ဘဝနဲ့ ရောက်လာခဲ့တယ်။ လူမျိုလူလွတ်၊ အိမ်ထောင်မရှိဆိုတော့ ရဲဌာနအုပ်ဆီ သတင်းပို့ပြီး မြို့ထဲက အသိတစ်ယောက်အိမ်မှာ နေလိုက်တယ်။ ရဲဌာနအုပ်က အလုပ်သင်ဘဝတာဝန်ကြီးကြီးမားမားတွေ မယူရသေးခင် ရှုးစမ်းလေ့လာမှုတွေလုပ်ဖို့ မှာထားတာနဲ့ မြို့အတွင်းဘက်ဆီ တစ်ယောက်တည်း လမ်းလျှောက်ထွက်လာခဲ့တယ်။ ဒီလို လျှောက်လာရင်းနဲ့ သစ်တောကြိုးဝိုင်းနဲ့ မလှမ်းမကမ်းက သူလျှောက်လာနေတဲ့ တောင်ကမူလေးပေါ်က သစ်ပင်ခပ်မြင့်မြင့်နား ရောက်လာခဲ့တယ်။ အဲဒီအနေကြည့်ရတာ အတော့်ကိုလှတယ်၊ တစ်ဖက်မှာက သစ်တောကြိုးဝိုင်းအစ၊ သစ်တောကြိုးဝိုင်းမရောက်ခင် ဒီဘက်နားမှာက ကျိုးတိုးကျဲတဲနေအိမ်တစ်ချို့ အိမ်လို့သာ ခေါ်ရတယ်၊ တကယ်တော့ တဲသာသာပဲ ရှိပါတယ်။ သူတို့နဲ့ လှမ်းမကမ်းမှာ ရေနံတွေ ဝအောင်သုတ်ထားတဲ့ သစ်သားအိမ်ကြီးကြီးတစ်လုံး ဒါတွေကိုစိတ်ဝင်စားကြည့်ရင်းလျှောက်လာ၊ စောစောက သစ်ပင်ခပ်မြင့်မြင့်နား ရောက်လာခဲ့တယ်။ သစ်ကိုင်းတွေတဘေးကို ဖြာထွက်ပြီး အုံ့ဆိုင်းနေတယ်။ သစ်တောနဲ့နီးလာလို့လားမသိဘူး သစ်ပင်အုပ်တွေကတော့ ဟိုတစ်စု၊ ဒီတစ်စု တွေ့နေရတယ်။ ဒီကနေကြည့်ရင် ခပ်လှမ်းလှမ်းက အိမ်စုလေးတွေနဲ့ ထီးထီးကြီးဖြစ်နေတဲ့ အိမ်ကို လှမ်းမြင်နေရတယ်။

ပိုင်ဆိုင်မှု အမွေကိစ္စအတွက် ကလေးငယ်ကို ဝိဝိရိရိ လုပ်ကြံသတ်ဖြတ်သော်လည်း ..

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ သစ်ပင်အနားရောက်လာတော့ သစ်ပင်နောက်နား ခပ်ကျကျမှာ စီးတရက်တိုတွေ တွေ့လိုက်ရတယ်။ စိတ်ဝင်စားစွာနဲ့ အနီးကိုသွားပြီး ကြည့်လိုက်တော့ ဗွီစီးကရက်၊ လန်ဒန်ဂိုးဖလိပ်စီးတရက်နဲ့ ရိုးရိုးဆေးပေါ့လိပ်အစီခံတွေ တွေ့လိုက်ရတယ်။ အစီခံတွေ ကြည့်ရတာ သိပ်မဟောင်းသေးဘူး။ ဒါဆိုရင် ဒီအနီးအနားမှာ ဆေးလိပ်ကြိုက်တဲ့လူတစ်စုလာပြီး ထိုင်သွားခဲ့ကြတယ်လို့ သူတွက်ဆလို့ရသွားတယ်။ ဘာသဘောနဲ့ ဒီနေရာကိုလာတာလဲ၊ ဘာတွေလာတိုင်ပင်ကြတာလဲဆိုတာကိုလည်း သူ စိတ်ဝင်စားသွားတယ်၊ ဆပ်ကျောင်းဆင်းစုလိပ်အရာရှိငယ်ပေါက်စဆိုတော့ ဒီအပေါ်မှာ စုံထောက်ဉာဏ်နဲ့ အတွေးရွားသွားတော့တယ်၊

ဒါနဲ့ - စီးကရက်တို့ကို ရေတွက်ကြည့်ရင် သစ်ပင်အနီးမှာ ထိုင်လိုက်တဲ့အခါ သစ်ပင်ရဲ့ပင်စည်အခေါက်ကိုဓားနဲ့ ထွင်းထားတာတွေ့ရသလိုမလှမ်းမကမ်းတကျောက်တုံးမှာ ဓားသွေးထားတဲ့ခြစ်ရာတွေကိုလည်းတွေ့ရပြန်တယ်၊ စကားပြောကြရင် အားမလို အားမရ သစ်ပင်အခေါက်ကိုဓားနဲ့မွှမ်းနေတာပဲလို့တွက်လိုက်တယ်၊ ဘာအကြောင်းအရာတွေများ ပြောကြတာပါလိမ့်လို့လဲ တွေးမိတယ်၊ အနည်းဆုံး လူ(၃၊ ၄)ယောက်လောက် ထိုင်သွားကြတာဖြစ်မယ်၊ စီးကရက်တို ဆေးပေါ့လိပ်တို အရေအတွက်က များတော့၊ အချိန်ကြာကြာ ထိုင်သွားကြပုံလည်းရတယ်၊

ဒီအချိန် မိုးရွာချလာတယ်၊ မြို့တစ်ပတ်ခပ်ဝေးဝေးလျှောက်မယ်လို့စဉ်းစားတာတဲ့၊ မောင်ကိုလေးတစ်ယောက် မလှမ်းကမ်းက တဲစုလေးတွေဆီ မဖြစ်မနေသွားဖို့ဖြစ်လာတယ်၊ ဒါနဲ့ပဲ - အဲဒီရောက်ရင်လည်းနည်းနည်းပါးပါးစုံစမ်းမေးမြန်းရင် ရနိုင်လောက်ရဲ့ဆိုပြီး တဲစုလေးထဲက တစ်အိမ်နစ်အိမ်မှာ မိုးခိုရင်းလို့ဆို စကားစပြီး မေးမြန်းစပ်စုတော့ သူတို့ဆီက သိချင်တာ ဘာမှမရ၊ ဒါနဲ့ပဲ တစ်နေ့တာကုန်ဆုံးပြီး ညနေပိုင်း သူ အိမ်ဆီ သူပြန်လာခဲ့တယ်။

☆☆☆

နောက်တစ်နေ့မနက် မကျေပွဲနိုင်ဦး...်ဆိုတဲ့ သဘောနဲ့ ဌာနာအုပ်ကို...ထင်းပို့ပြီး ထွက်လာခဲ့ပြန်တယ်။ ...လုပ်ဝင်စဆိုတော့ ဘာမှမည်မည်ရရ...ဝန်ပေးမထားသေးတဲ့အလျောက်...တ်လပ်ပေါ့ပါးနေတယ်၊ မနေ့က...ရာဆီကိုပဲပြန်လာခဲ့တယ်၊ စီးကရက်...ခံကိုဒါလောက်များပေမယ့်လူတိုင်း...တဲ့နေရာတွေ၊ လူရပ်ထားတဲ့နေရာ...ကိုမတွေ့ရတော့ထပ်ပြီးစိတ်ဝင်စား...ပြန်တယ်၊ ဒါဆို - သစ်ပင်အောက်...ချိန်မဖြုန်းဘဲ သစ်ပင်ပေါ်မှာအချိန်...ကြပုံရတယ်ဆိုပြီး မနေ့က တွေ့ခဲ့...သစ်ပင်ပေါ်ကို သူ တက်ကြည့်ပြန်...်၊ သစ်ပင်ပေါ်ရောက်တော့ သူထင်...တဲ့အတိုင်း သစ်ပင်ပေါ်မှာ ကာလ...ကြာထိုင်ခဲ့တဲ့အတွက် သစ်ကိုင်း...သစ်ရွက်တွေ ပိပြားပြီး နေသား...ဖြစ်မနေတာ တွေ့ရတယ်၊ ဒါ့ပြင်...်ကိုင်းကိုစီးကရက်တိုနဲ့ ထိုးပြီးမီး...ထားတဲ့အရာတွေကို တွေ့ရသလို၊ ...အတွေ့တဲ့မားသမားရဲ့လက်ရာတွေ သစ်ပင်ပေါ်က သစ်ကိုင်းတချို့မှာ ...တွေ့ရပြန်တယ်၊

အဲဒီကနေ သူ ကြည့်လိုက်တော့ တဲဘေးက အိမ်ကြီးဆီကို တည့်တည့်ရှင်းရှင်းကြီး တွေ့နေရတဲ့နေရာဖြစ်တာကို တွေ့လိုက်ရတဲ့အတွက် လူတစ်စု ဒီမှာလာတိုင်ပင်ကြပြီး ဒီအိမ်ကြီးရဲ့ အရိပ်အခြေကို လေ့လာခဲ့ကြတာပဲလို့ သူသဘောပေါက်သွားတယ်၊ အတယ်၍ သူတို့ထဲက တစ်ယောက်ယောက်မှာ အဝေးကြည့်မှန်ပြောင်းသာ ပါခဲ့ရင် အိမ်ကြီးအတွင်းဘက်ထိ ကောင်းကောင်း မြင်ရမှာပဲလို့လည်း သူ အတွေးပေါက်သွားတယ်၊

ဒါနဲ့ - တောင်ကုန်းပေါ်က ဆင်းလာခဲ့ပြီး အိမ်ကြီးနဲ့ ခပ်နီးနီးတဲအိမ်စုထဲက တဲတစ်လုံးဆီကိုသူလာခဲ့တယ်၊ အဲဒီတဲရှင်နဲ့ စကားစမြည်းပြောရင်း အိမ်ကြီးနဲ့ပတ်သက်လို့ စပ်စုကြည့်တယ်၊

ဒီတစ်ချိန်မှာတော့ သူ့အတွက် သိပ်အခက်အခဲမရှိပါဘူး၊ ဒီအိမ်ကြီးကို "စုံတောမြိုင်" လို့ အမည်ပေးထားတဲ့အကြောင်း၊ သဘော်ာသူ ဌေးတစ်ယောက်ပိုင်တဲ့အကြောင်း၊ သူ့မိသားစုနဲ့ အတူ တစ်ခါတစ်ခါ လာနေကြတဲ့



www.burmeseclassic.com

www.burmeseclassic.com

အကြောင်း၊ သူတို့မိသားစုမှာ အဖေ အမေနဲ့ ကလေးနှစ်ယောက်တို့ဖြစ် ကြောင်းနဲ့ တစ်ယောက်က (၁၅)နှစ် အရွယ်သမီးနဲ့တစ်ယောက်က (၁၀)နှစ် သား ကောင်လေးတစ်ယောက်ဖြစ်တဲ့ အကြောင်း သူ စုံစမ်းသိလိုက်ရတယ်၊ လုစိမ်းတွေနဲ့ ပတ်သက်နေတဲ့ကိစ္စတွေ ကိုတော့ တစ်စွန်းတစ်စမှ သူ စုံစမ်းမေး မြန်းမရဖြစ်နေတယ်၊

အခုထိရာဇဝတ်မှုတစ်ခုကျူးလွန်ဖို့ ကြံစည်နေသူတွေကိုမတွေ့ရသေးပေမဲ့ ရာဇဝတ်မှုတစ်ခုဖြစ်ဖို့ အစပျိုးနေပြီဆို တာလောက်ကိုတော့ သူ ရိပ်စားမိနေပြီ ဖြစ်တယ်၊ ရွာထဲက ပြန်လာပြီး တစ်နေ့ လုံး သူ့ခေါင်းထဲမှာ ဒီအတွေးပဲ ဝင်နေ တယ်၊ ဒါနဲ့ - သူ့တည်းအိမ်ကို ပြန်လာခဲ့ တယ်၊ စဉ်းစားတယ်၊ ဘာမှမည်မည်ရရ စဉ်းစားမရဖြစ်နေတယ်၊

ညဘက် အိပ်ရာဝင်တော့လည်း အိပ်မရတာနဲ့ ဘာမပြော၊ ညာမပြော အိမ်ကနေ သူ ရောက်ခဲ့တဲ့ တောင်ကမူ လေးဆီ ပြန်ထွက်လာခဲ့ပြန်တယ်၊ အဲဒီ တနေ စုံတောမြိုင်အိမ်ကြီးရဲ့ခြံစည်းရိုး နားဆီ သူ သွားတယ်၊ နာရီကို ကြည့် လိုက်တော့ည(၁၁)နာရီခွဲနေပြီ၊ လရောင် မှုန်မှုန်မွှား ရှိပေမယ့် သစ်ပင် အုပ်တွေနဲ့ မိုးသားတွေကြောင့်မှောင်ရိပ်တွေကျနေ တာ တွေ့ရတယ်၊ ခြံစည်းရိုးနဲ့ အိမ်ကြီး ကလည်း အတော်လှမ်းတယ်၊ နေရာ ကျယ်သလောက် ခြံကို အတော်ကျယ် ကျယ်ခတ်ထားတာ တွေ့ရတယ်၊

လူသံကြားတာနဲ့ သစ်ပင်ရုံတစ်ရုံ ကို ကွယ်ပြီး နားစွင့်နေလိုက်တယ်၊ အဲ မှာ လူနှစ်ယောက်ရှိနေတာ သိလိုက် တယ်၊ လူကိုတော့မမြင်ရဘူး၊ အသံ တော့ ကြားနေရတယ်၊ သူတို့က ရော ကောက်ရိုးပုံကြီးရဲ့အလယ်မှာ အပေါ် ဖောက်နေကြတာဖြစ်တယ်၊ ဒီကောက် ရိုးပုံကြီးထဲမှာ အပေါက်ရှိနေတာ သိ မှာမဟုတ်ဘူး၊ ဒီကောက်ရိုးပုံကြီးထဲ အပေါက်ထွင်းနေတာက ဘာကိုဝှ ထားကြမှာလဲ၊ ပုန်းလျှိုးကွယ်လျှိုး ည အချိန်ဒီနေရာမှာလာပြီးဘယ်သူတွေ လာပြီး လုပ်နေကြတာလဲ၊ အဲဒီအ အသံဝဲဝဲတရုတ်သံလိုလို၊ ရှမ်းသံလို ပြောတဲ့စကားသံကြားလိုက်ရတယ်၊

"ဒီအနက်လောက်ဆို မရသေးဘူး လား"

"(၆)ကိုက်လောက်တော့ ထွင်းရ သိမ့်မယ်"

ဟုတစ်ယောက်ကတီးတိုးပြန်ပြော တယ်၊

ကောက်ရိုးပုံထဲမှ တစ်ခုခုဝှက်ဖို့ လုပ်နေတာဖြစ်မယ်လို့ တွေးရတယ်၊ ကောက်ရိုးတွေကလည်း အဟောင်း တော့မဟုတ်၊ အသစ်တွေဖြစ်နေတာကို ထွက်လာတဲ့အနံ့အရ သိလိုက်ရတယ်၊

"ခုထိလည်းသိပ်မနက်သေးပါလား ဗျာ"

ဟုတစ်ယောက်ကညည်းရင်းပြော လိုက်တယ်၊

နောက်တစ်ယောက်က သီချင်းသံ ညည်းသလို လုပ်နေတယ်၊

"ငွေ ရ ပေါက် က လည်း ထင် သလောက် မလွယ်ပါလားနော်"

"အလကားရမယ့်ပိုက်ဆံ၊ဖိတ်တစ် ဆယ် စဉ်တစ်ဝက်တော့ ရှိမှာပေါ့"

အပြန်အလှန် တီးတိုးပြောနေကြ တဲ့စကားသံတွေ၊

မောင်ကိုလေးတစ်ယောက် ရှုတ် နင်းနားတောင်ရင်းကနေ တစ်ခုခုပေါ် ခြေချော်ကျပြီး လဲမလိုဖြစ်သွားတယ်၊ သူက အနီးက သစ်ပင်တစ်ပင်ကိုဖမ်းဆွဲ လိုက်ရာမှာ သူ့ရဲ့ဆွဲအားကြောင့် သစ်ပင် တွေ လှုပ်ယမ်းသွားတယ်၊ သူ ရုံပေါ်က နေ ကျော်ကြည့်လိုက်တော့ ခြံစည်းရိုး ထက်ကနေ ခေါင်းတစ်လုံး ပြူထွက်နေ တာ တွေ့လိုက်ရတယ်၊

"ရှုတ်"ခနဲ အသံတစ်ချက် ကြား လိုက်ရပြီး သူ့တုတ်အင်္ကျီကိုတစ်စုံတစ်ခု လာစိုက်လိုက်တယ်ဆိုတာ သိလိုက်ရ တယ်၊ အန္တရာယ်တော့ ရှိလာပြီဆိုတဲ့ အတွေးနဲ့ သစ်ပင်ကိုကွယ်ရင်း နောက် ဘက်ကို ဆုတ်ပြီး ပြေးလမ်းရှာလိုက် တယ်၊

ငှက်တောင်တပ်ထားတဲ့သေးသေး သွယ်သွယ်မြားတစ်စင်းက သစ်ပင်မှာ လာစိုက်တယ်၊ တစ်ချိန်တည်းမှာပဲ နောက်တစ်စင်းက သူ့ရဲ့လက်ညှိုးကို လာစိုက်ရာက သစ်ကိုင်းနဲ့ ရိုက်မိပြီး ပြုတ်ကျသွားတယ်၊ လက်ညှိုးမှာသိတဲ့ ဒဏ်ရာကြောင့် နာကျင်သွားတယ်၊

www.burmeseclassic.com

နောက်မြားတစ်စင်းမလာခင် ပြေးမှပဲ ဆိုပြီး ခပ်သွက်သွက် ဆက်ပြေးလာခဲ့တယ်၊ ကွေ့ရင်းပတ်ရင်း ရှောင်ရင်းပုန်းရင်း ဒီအတိုင်း ဆက်ပြေးလို့မလွတ်နိုင်မှန်းသိတာနဲ့ သစ်ပင်တစ်ပင်ကို အကာအကွယ်ယူပုန်းရင်း အနောက်ဘက်ကို ပြန်ကွေ့ပြီး သစ်ပင်ချုံတစ်ခုကြားမှာပုန်းနေလိုက်တယ်၊ လက်က ဒဏ်ရာက တဆစ်ဆစ်နဲ့ ကိုက်လာနေတာကိုခံစားရတယ်၊

နောက်က လိုက်လာတဲ့လူတွေရှေ့ကျော်တက်သွားတာနဲ့အမျှ ချုံကွယ်မှာ မြားစိုက်ထားတဲ့လက်ညိုးက ထွက်လာတဲ့သွေးကို စုပ်ထုတ်နေလိုက်တယ်၊ ဒါတ စောစောက လူနှစ်ယောက်ထဲက တစ်ယောက်က ဆိပ်လူးမြားကိုပြောင်းနဲ့ မှုတ်ထုတ်နေတာဖြစ်ကြောင်း သိလိုက်ရတယ်၊ နောက်ကို ဆုတ်ရင်း ခြံစည်းရိုးနားထိ ပြန်ရောက်လာခဲ့တယ်၊

"သူ - ဒီနားမှာပဲရှိမယ်" ခပ်ဝဲဝဲနဲ့ တစ်ယောက်က ပြောတယ်၊

"သစ်ပင်လေတိုးတာ မဖြစ်နိုင်ဘူးလား" ကျန်တစ်ယောက်က ပြန်မေးတဲ့စကား၊

"မဟုတ်ဘူး - လူတစ်ယောက် မျက်နှာ မြင်လိုက်တယ်"

"ဒီလိုဆို - ဘာဆက်လုပ်မလဲ"

"ရှင်တာနဲ့စာရင် သေသွားရင် ကောင်းမယ်၊ သေသွားရင်လည်း တစ်နေရာရာမှာ မြှုပ်ပစ်လိုက်မယ်"

အချီအချပြောနေကြတဲ့စကားသံတွေဖြစ်ရာ မောင်ကိုလေးတစ်ယောက်ကတော့ အားလုံးကြားနေရတာဖြစ်တယ်၊

"မင်းက သံသယရှိလို့လား"

"ကျုပ်ကတော့ လေတိုးသံလို့ပဲ ထင်တယ်၊ ကြည့် - သစ်ပင်မှာလည်း မြားတစ်ချောင်း စိုက်နေတယ်"

"ငါကတော့ လူတစ်ယောက်လို့ပဲ ထင်နေတယ်"

"ဒါဆို - သူ ဘယ်မှာလဲ၊ သူ့အလောင်း ဘယ်မှာလဲ၊ ဒီပင်စည်ဖြစ်ဖြစ်တွေ က မင်းကို လှည့်စားနေတာ"

"ငါ မြားမှုတ်လာတာကြာပြီး လွဲခဲ့တယ်၊ ငါ သူ့ကို သေလောက်အောင် လက်ဆောင်ပေးခဲ့တာ"



စကားသံဝဲဝဲနဲ့လူက ဒဏ်ရာနဲ့ လဲကျနေတဲ့လူကို မတွေ့တဲ့အပေါ် ထင်ယောင်ထင်မှားဖြစ်ပြီး သံသယဝင်သွားတယ်၊ လူနှစ်ယောက်လည်း အဲဒီနောက် လှည့်ထွက်သွားကြတယ်၊ မောင်ကိုလေးက လမ်းရှာပြီး သူ့ မြို့ထဲက အိမ်ဆီ ပြန်လာခဲ့တယ်၊

☆☆☆

သူ့အဖို့ စိုးရိမ်စိတ်ကြီးစွာနဲ့ တစ်ညတာ ကုန်ဆုံးသွားခဲ့ရတယ်၊ နောက်တစ်နေ့မနက်မှာတော့ မြို့ထဲက အသိဆရာဝန်တစ်ယောက်ဆီကို သွားပြီး သူ့လက်မှာ မြားစိုက်တဲ့ဒဏ်ရာက တဆစ်ဆစ်နဲ့ ကိုက်ခဲနေတာကို သွားပြခဲ့တယ်၊ ဆရာဝန်က ဒဏ်ရာက အတော်သေးတဲ့အတွက် အဆိပ်မပြန့်တဲ့အကြောင်း၊ ရုပ်ထွက်သွားတဲ့အတွက် သက်သာကြောင်း ပြောပြီး သောက်ဆေးတချို့ပေး၊ အနာဆေးထည့်ပြီး ပြန်လွှတ်လိုက်တယ်၊

မောင်ကိုလေးက ရဲဌာနသွားပြီး ဌာနဆိုင်ကို အကျိုးအကြောင်း ပြောပြလိုက်တယ်၊ နောက်တော့ - ဌာနထဲက ဧည့်ရိပ်သာဘက်ဆီ လျှောက်သွားတယ်၊ အဲဒီမှာ ပုလိပ်စုံထောက်တစ်ယောက် ရောက်နေပြီး သူ့ကိုယ်သူ အိုင်အိုကျော်စိန်ဝင်းဖြစ်တဲ့အကြောင်း ပြောပြတယ်၊ အမှုတစ်ခုလိုက်ရင်းကွင်းဆက် သက်သေတွေဖော်ထုတ်ဖို့ရှိတဲ့အတွက် ရောက်နေတဲ့အကြောင်းလည်း ပြောပြတယ်၊

အဲဒီမှာ စကားစပ်မိရာက မောင်ကိုလေးက သူ့အတွေ့အကြုံကို ပြောပြလိုက်တယ်၊ ဒီမှာတင် - အိုင်အိုကျော်စိန်ဝင်းကလည်း သူ့အနေနဲ့ ချင်းတွင်းဘက်က လူတချို့ ဒီဘက်ကို ရောက်လာတဲ့အကြောင်း၊ လူဆိုးဂိုဏ်းတစ်ခုနဲ့ ဆက်စပ်နေတဲ့ အကြောင်းတွေကို ပြောပြလိုက်တယ်၊

ဒါဆိုရင် - သူ သံသယရှိနေသူတွေ ညက သူ့ကို ပြောင်းနဲ့ အဆိပ်မြားမှုတ်တဲ့လူတွေနဲ့ တစ်နည်းမဟုတ် တစ်နည်း ဆက်စပ်နေတဲ့အကြောင်းတွေ ပြောမိကြတယ်၊ အဲဒီအထဲမှာ ဓားသမားအကြောင်းလည်း ပါသလို၊ မြားသမားအကြောင်းလည်း ပါနေတာတွေ့ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပြီ၊ဒီကိစ္စမှာကျွန်တော်လည်း အတွေ့အကြုံယူတဲ့သဘော ဗျာနာအုပ်တို့တင်ပြပြီး ဆက်လိုက်မယ်၊အိုင်အိုက အတွေ့အကြုံရှိတဲ့လူဆိုတော့ အလုပ်သင်ရင်း ကျွန်တော့်ကို ကူညီပါ"

"ဟုတ်ပြီလေ - ကူညီရတာပေါ့၊ ဒါဟာ ပိုက်းဖွဲ့ပြီးလုပ်တဲ့ကိစ္စဖြစ်မယ်"

"ဒါဆို - ကျွန်တော် ရောက်ခဲ့တဲ့ "စံတော်မြိုင်" အိမ်ကြီးနဲ့ ဆက်စပ်နေပုံရတယ်၊ဒီလူသိုက်ကလည်းဒီအိမ်ကြီးရဲ့ အရိပ်အခြေကိုကြည့်နေကြပုံပေါ်တယ်။ ဒီအိမ်ကြီးကို သဘော်သူဌေးနဲ့ မိသားစု မကြာမကြာ လာဖြိုးနေတတ်တဲ့ အကြောင်းကျွန်တော် သိခဲ့ရတယ်၊ဘာတဲ့လဲဗျာ - သူ့နာမည်ကလည်းခပ်ဆန်းဆန်းပဲ၊ဦးမာဂျောင်ဆိုလား - ဦးမော်ဂန်ဆိုလားပဲ"

"ဟုတ်ပြီလေ - ပေါင်းလိုက်ကြတာပေါ့"

"ဒါဆို - ကျွန်တော်လည်း ဗျာနာအုပ်ကိုပြောပြီး ဆားပုလင်းတွေ အကူအညီယူရမှာပဲ၊ အထူးသဖြင့် တော့ သဘော်ဆိပ်နဲ့ အဲဒီမှာ သဘော်အဝင်အထွက် လူစိမ်းအဝင်အထွက် စုံစမ်းရတော့မှာပေါ့"

"ခင်ဗျားပြောတဲ့ဦးမော်ဂန်ရဲ့နောက်ကြောင်းကိုလည်း လေ့လာရမယ်၊ဘယ်လိုသူဌေးဖြစ်လာတာလဲ၊ဘာကိုအခြေခံတာလဲ၊"စံတော်မြိုင်" ဆိုတဲ့အိမ်ကြီးမှာ လာလာပြီးစတည်းချတာ ဘာသဘောလဲ၊ အားလုံးပေါ့ဗျာ"

"ဟုတ်ပါပြီ - အိုင်အိုရယ်၊ အတွေ့အကြုံသစ်ပေါ့၊ ကြိုးစားရမှာပေါ့"

☆☆☆

ထိုအချိန်မှစ၍ "စံတော်မြိုင်" အိမ်ကြီးကို အနီးက စောင့်ကြည့်သလို ခပ်ဝေးဝေးမှလည်း ထောက်လှမ်းခဲ့ရာ မကြာမီရက်အပိုင်းအတွင်း မိသားစု ရောက်လာတော့မယ့်အကြောင်းသိလာရတယ်၊

ဒါဆိုလျှင် - မောင်ကိုလေးတွေ့ခဲ့သူများက ဒီအိမ်ကြီးကိုရောက်လာမယ့်သူများနဲ့ပတ်သက်လို့ သတင်းကြုံရခဲ့ပုံပေါ်တယ်၊ သူတို့ရဲ့ စုံစမ်းမှုတွေက အခုနောက်[illegible]တယ်ရောက်မည့်ရက်ထက်စောနေခဲ့ရတယ်၊ အိမ်ကြီး လေ့လာနေတာ[illegible]အသေအချာဖြစ်သွားတော့တယ်၊ဒါဆို[illegible]လူတစ်သိုက်က သူဌေးအိမ်ကို ဝင်ဖို့[illegible]ကြံစည်နေတာ အကြောင်းရှိတယ်၊ ဒါမှ[illegible]ဆုတ် အိမ်ကို ဝင်စီးကြဖို့ ကြံတာလား၊[illegible]ကိုလိုချင်တာလား၊ငွေကိုလိုချင်တာ[illegible]လူကိုပြန်ပေးဆွဲဖို့လား။အကြောင်း[illegible]တစ်ခုခုတော့ ရှိရမယ်၊ ပြီးတော့ - ည[illegible]မှာလူမသိသူမသိလေ့လာနေတာ[illegible]ဆိုးတယ်၊ ဒါထက်ထူးဆန်းတာက[illegible]ည်းရှိနားက ကောက်လှိုင်းစည်းကြီး[illegible]ခုဒီအထဲမှာ အပေါက်တစ်ခုဖောက်[illegible]ထားကပိုထူးဆန်းနေတယ်၊လူမိသွား[illegible] ဝင်ပုန်းဖို့လား၊ ဒါလည်း သိပ်တော့[illegible]နိုင်၊ ဒါဆို - ဘာအကြံအစည်နဲ့ ဘာ[illegible]နေကြတာလဲ"

အိုင်အိုကျော်စိန်ဝင်းရော မောင်ကို[illegible]တို့ပါခေါင်းအတော်စားသွားတယ်၊[illegible]မဲ့ - အချိန်တန် အဖြေထွက်ရမှာ[illegible]ရာဇဝတ်မှုတစ်ခုအတွက် အခြေပျိုး[illegible]ဘာက သေချာသလောက်ဖြစ်နေပြီ၊[illegible]ဆက်လုပ်ကြမလဲ၊

"ဆားပုလင်း (လူဆိုးထိန်း)တွေလည်း ကျွန်တွေနဲ့ ဆိပ်ကမ်းတွေမှာ လွှတ်ထားပြီဆိုတော့ သတင်းအစအန တော့ ရမှာပဲ၊ လူစိမ်းတွေဆိုတော့ စုံစမ်းရတာမခက်ပါဘူး" ဒါကအိုင်အိုကျော်စိန်ဝင်းရဲ့အပြော၊

"ကျွန်တော်လည်းတစ်နေ့လောက် အဲဒီဘက်တွေမှာ လှည့်ပြီး စုံစမ်းကြည့်ဦးမယ်"

"ကောင်းတာပေါ့၊ ဆင်းရင်လည်း ပင်လယ်အော်ဘက်က ကျွန်းတွေဘက်ကိုဆင်း၊ သူဌေးလာမယ့်ဂတ်ကို အဲဒီမှာ သွားရိုပြီး စောင့်နေတာဖြစ်မယ်၊ သူဌေး ရောက်မယ်ကြားရင် သူတို့ ပြန်လာကြမှာပဲ၊ အဲဒီကျမှ လက်ပူးလက်ကြပ်ဖမ်းရတာ ပိုကောင်းမယ်"

ထိုအခိုက် အိုင်အိုကလည်း မောင်ကိုလေးပြောတဲ့ "စံတော်မြိုင်စံအိမ်" ကြီးနဲ့အနီးအနားဝန်းကျင်ကိုတစ်ရက်အခြေအနေ စူးစမ်းဖို့ ထွက်လာခဲ့တယ်၊ သူ လိုက်နေတဲ့အမှုနဲ့ ဆက်စပ်ကောင်း ဆက်စပ်မိမယ်လို့ မျှော်လင့်ထားတယ်၊





www.burmeseclassic.com

www.burmeseclassic.com

သူလိုက်နေတဲ့အမှုကလည်းဓားပြမှုတစ်ခုဖြစ်တယ်၊ လက်ရာ ပိပိရိရိနဲ့ ဝင်တိုက်သွားတဲ့အမှုဖြစ်တယ်။

အိုင်အိုကျော်စိန်ဝင်း ဆင်းလိုက်သွားတဲ့အခါသူထင်ထားတဲ့အတိုင်းဖြစ်နေတာ တွေ့ရတယ်၊ ဒီအနီးအနားကိုရှုပ်ကားတစ်စီးမကြာခဏလာတတ်တဲ့အကြောင်း သိခဲ့ရတယ်၊ ပင်လယ်ကမ်းစပ်နဲ့ မနီးမဝေး လျှိုတစ်ခုထဲမှာ ဝှက်ပြီးရပ်ထားလေ့ရှိတာကိုလည်း သိရပြန်တယ်။

ဒါနဲ့ပြန်လာခဲ့ပြီးအဲဒီအနီးအနားကရွာတစ်ရွာမှာ ပုလိပ်တစ်ယောက်အစောင့်ချပြီး အရေးကြုံရင် သတင်းထူးရင် ရွာက ဆက်သားနဲ့ လွှတ်ပြီးအကြောင်းကြားဖို့လည်းစီစဉ်ထားလိုက်တယ်၊ ရာဇဝတ်မှုတစ်ခုဖြစ်ဖို့ အခြေပျိုးနေပြီဆိုတာကိုတော့ အလေးအနက်ယုံကြည်သွားခဲ့ပြီဖြစ်တယ်။

☆☆☆

မောင်ကိုလေးတစ်ယောက် ပင်လယ်ပိုင်း ဆင်းသွားတာက အကျိုးမယုတ်၊ အကြောင်းကတော့ ဧလုဆိပ်ကိုသွားရင်း ရှမ်းသံဝဲဝဲနင့်ပြောနေတဲ့ ရေလုပ်သားတစ်ယောက်ကို တွေ့ရတဲ့အတွက် သွားပြီး စပ်စပ်စုစု လုပ်ကြည့်လိုက်တယ်။

သူနဲ့ တွေ့လိုက်တော့ ဦးမော်ဂန်အကြောင်း ဘဝတစ်စိတ်တစ်ပိုင်း သိခွင့်ရခဲ့သည်၊ ဦးမော်ဂန်ဆိုတာက အညာသား၊ ငယ်ငယ်ရွယ်ရွယ် သန်သန်မာမာစွန့်စားချင်တဲ့ လူငယ်ပီပီ ငယ်စဉ်က လူဝင်စား သမန်းကျားဆိုတာကို စိတ်ဝင်စားပြီး ဟုမ္မလင်းဘက် တက်သွားခဲ့သူဖြစ်တယ်၊ ဘာမှမည်မည်ရရဖြစ်မလာဘဲ ဝါးဖောင်မျှောတဲ့ အလုပ်ဝင်လုပ်ရင်းနဲ့ အဲဒီမှာ ကြီးပြင်းခဲ့တာလို့ပြောတယ်၊ သူကဦးမော်ဂန်ဖြစ်လာမယ့် လူငယ်ထက် အသက်အရွယ်ကြီးသူဖြစ်တယ်၊ ရှမ်းပြည်ဘက်ကနေ အဖိုးအဖွားတွေရှိတဲ့ ဟုမ္မလင်းဘက် လိုက်လာရာက ဦးမော်ဂန်ဖြစ်မယ့်လူငယ်နဲ့ သိကျွမ်းခဲ့တာလို့ဆိုတယ်၊ သူနဲ့ အတူ(၄၊ ၅)နှစ်လောက် ဝါးဖောင်မျှောလိုက်ခဲ့ကြတဲ့အကြောင်း ပြောပြတယ်၊

နောက်တော့ - အဲဒီဟုမ္မလင်းမှာပဲ ဝါးသူဌေးတစ်ယောက်ရဲ့ သမီးတစ်ယောက်နဲ့ဦးမော်ဂန်ဖြစ်လာမယ့်သူငယ် အိမ်ထောင်ကျသွားတယ်ပြောတယ်၊ အိမ်ထောင်ကျပြီးတဲ့နောက် ယောက္ခမတွေက ရှမ်းသာတော့ဝါးဖောင်မျှောတာကို လိုက်ရတဲ့ဘဝကနေ မော်တော်ငယ်လေးတစ်စီးဝယ်ပြီး ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် မော်တော်ဆွဲနေတော့တယ်ပြောတယ်၊ ဒီရှမ်းအဖိုးကြီးလည်းဝါးဖောင်မျှောလိုက်ရင်မြစ်ဝကျွန်းပေါ်သူတစ်ယောက်နဲ့ အိမ်ထောင်ကျပြီးဒီမှာပဲ အခြေချလိုက်တဲ့အကြောင်းပြောပြတယ်။

နောက်ယောက္ခမတွေဆီကအမွေတွေရပြီး အခုလိုချမ်းသာသွားတာ ဖြစ်မှာပေါ့လို့ပြောတယ်၊ တစ်နှစ်တစ်ခေါက်လောက်လာတတ်တဲ့အကြောင်း တောတန်းထဲက "စံတော်မြိုင်စံအိမ်ကြီး" ဆိုတာလည်း သူ့ကိုအကြောင်းပြပြီး ရောက်လာတာလို့ဆိုတယ်၊

ဦးမော်ဂန်တစ်ယောက် တလေးတွေ ဘာတွေရပြီးမှ အခုလို သင်္ဘောတွေဝယ်ပြီး မြစ်ဝကျွန်းပေါ်မှာ သင်္ဘောသူဌေးဖြစ်လာတာလို့ ပြောတယ်။

ကျန်တဲ့ မောင်ကိုလေး သိလိုတာတွေ အချက်တချို့ကိုတော့ သူ ပြောမပြတတ်အောင်ဖြစ်နေတာနဲ့ပဲ စကားစဖြတ်ပြီး နောက်တွေ့ကြတာပေါ့၊ ဦးမော်ဂန်ရောက်တော့မယ်ဆိုရင် အသိပေးဖို့နဲ့ တခြားသိချင်တာလေးတွေ ထပ်စုံစမ်းပေးပါဦးလို့ မှာခဲ့ပြီးတဲ့နောက် မောင်ကိုလေးတစ်ယောက် ပြန်လာခဲ့တော့တယ်၊

☆☆☆

ဦးမော်ဂန်နဲ့သူ့မိသားစုရောက်လာတော့မယ်ဆိုတာကို ရှမ်းရေလုပ်သားအဘိုးကြီးရဲ့ပြောပြချက်အရ သိရတယ်ဆိုရင်ပဲ မောင်ကိုလေးနဲ့ အိုင်အို ကျော်စိန်ဝင်းတို့ အတော်အလုပ်ရှုပ်သွားကြတယ်၊ ဌာနအုပ်ကို တင်ပြပြီး "စံတော်မြိုင်စံအိမ်ကြီး" နဲ့အနီးတဝိုက်မှာ တင်း

www.burmeseclassic.com

ပုန်းဝပ်တာကအစ ကိုယ်ရောင်ဖျောက်ပြီး အနီးအနားမှာ တာဝန်ချထားလိုက်ကြတယ်။

အိုင်အို ကျော်စိန်ဝင်းကလည်း ဂျစ်ကားထားရာနေရာမှာ လူရိပ်လူခြည်ကြည့်ဖို့နဲ့ တူးရင်ဘက်သားလွှတ်ဖို့ပါ ဆင့်ပြီးသတိပေးထားလိုက်တယ်။

"အိုင်အိုရေ - ခင်ဗျားထင်ထားတဲ့ အတိုင်းပဲ၊ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့တော့မယ်ထင်တယ်"

"အင်း - ဆိုပါတော့၊ ဒါပေမဲ့ ရောက်လာမယ့်ဦးမော်ဂန်တစ်ယောက် တော့ ဘာမှသိမယ်မထင်ဘူး။ ဒီလို နေရာမျိုးထိ သူ့ကိုရန်ရှာတဲ့လူလည်း တဖြစ်မှုကို ကျူးလွန်ကြမှာလဲဆိုတာ

"ဒီတွင်းဆက်လည်း ဖော်လာရမှာ ခင်ဗျားလည်းအလုပ်ဝင်စနာမည်ရ တော့မှာပေါ့"

ဦးမော်ဂန်တို့ "စုံတောမြိုင်စံအိမ် ကြီး"ကို ရောက်လာခဲ့ကြပြီဖြစ်တယ်။ ဆို - ဒီညပဲ အလုပ်စကြရတော့မှာဖြစ် တယ်၊ သစ်ပင်ပေါ်ကနေ "စုံတောမြိုင် စံအိမ်ကြီး"အခြေအနေ လေ့လာခဲ့သူတွေကလည်း မြွေမြွေချင်း ခြေမြင် အသင့်ပြင်ကြတော့မှာဖြစ်တယ်။

ဒါပေမဲ့ - လျှို့ထဲမှာ ရပ်ထားတဲ့ ဂျစ်ကားဆီက ဘာသတင်းမှ ရောက်မလာ၊ ဒါဆို - ဒီနေ့ည အစီအစဉ်ပျက်သွားပြီလား၊ ရောက်တာ မသိကြတာပဲလား၊ ဒါမှမဟုတ် - ဂတ်စောင့်နေကြတာပဲလား၊ အိုင်အိုကျော်စိန်ဝင်းရော မောင်ကိုလေးတို့ပါ မရိုးမရွဖြစ်နေကြရတယ်။

"ဦးမော်ဂန်ကို စောင့်တဲ့အဖွဲ့က သတင်းတော့ရပြီးထားလောက်ပြီ။ အိမ်ရဲ့အနေအထားတွေလည်း သူတို့ လေ့လာထားတာဆိုတော့ ဒီညမဟုတ်ရင် မနက်ဖြန်ညကတော့ သေချာနေတယ်၊

အိုင်အိုကျော်စိန်ဝင်းနဲ့ မောင်ကို လေးတို့စိတ်စောနေတဲ့တစ်ညနဲ့တစ်နေ့ ကုန်လွန်ခဲ့ရပြန်တယ်။ ညနေခင်းမှာ တော့ပုလိပ်ဌာနာကဂျစ်ကားတစ်စီးကို ခနေ့ခနေ့ညညအရေးပေါ်သုံးဖို့အသင့်ပြင် ထားခိုင်းလိုက်တယ်၊

ဒုတိယညကိုရောက်ခဲ့ပြီဖြစ်တယ်၊

အချိန်တွေသာ ကုန်လို့လာတယ်၊ ဘာသတင်းမှမထူး၊ (၁၁)နာရီလွန်သွားပြီဖြစ်တယ်၊ (၁၂)နာရီ ထိုးသွားပြီ၊ အိုင်အိုကယူနီဖောင်းဝတ်အပြည့်အစုံနဲ့ ပုလိပ်ဌာနာထဲကပက်လက်ကုလားထိုင်မှာ ထိုင်ရင်းစောင့်နေတယ်၊ မောင်ကို လေးက "စုံတောမြိုင်စံအိမ်ကြီး"နားက အနီးတစ်ဝိုက်မှာ ရောက်နေတာဖြစ် တယ်၊

နစ်နာရီထိုးသွားပြီ၊ မောင်ကိုလေး တစ်ယောက်အတော်စိတ်မရှည်ဖြစ်လာ တယ်၊ ကင်းပုန်းဝပ်ထားသည့် ပုလိပ် အချို့လည်းစုံတောမြိုင်အနီးဝန်းကျင်မှာ ရှိနေကြတာဖြစ်တယ်၊ သူတို့ဆီက လည်း ဘာအချက်ပြမှုမရှိ၊

နစ်နာရီနဲ့ ဆယ့်ငါးမိနစ်၊

"ငါတော့ ရှုံးတာပဲ၊ ပြန်အိပ်တာမ ကောင်းမယ်ထင်တယ်"

ထိုအချိန် ပုလိပ်ဌာနာမှာ တယ်လီ ဖုန်း မြည်လာတယ်၊ အိုင်အိုက ထကိုင် လိုက်တယ်၊ လျှိုကြားထဲက ကားကို စောင့်ကြည့်ဖို့ ချထားခဲ့တယ်၊ ပုလိပ် ကလေးက လှမ်းအကြောင်းကြားလိုက် တာဖြစ်တယ်၊ ဂျစ်ကားကတော့ ဒီအတိုင်းပဲရှိနေပြီ၊ လူတစ်ချို့စုံတောမြိုင် ဘက် ထွက်သွားတယ်လို့ စုံစမ်းရတဲ့ အကြောင်း သတင်းပို့တာဖြစ်တယ်။

မောင်ကိုလေးတို့နဲ့ ဆက်သွယ်ဖို့ ကားနဲ့လိုက်သွားဖို့ပဲရှိတယ်၊ ညတာ အတော်မှောင်မည်းနေတယ်၊ ဘာပဲ ဖြစ်ဖြစ်၊ ကားနဲ့လိုက်လို့ ကားမီးရောင် မြင်ရင် အစီအစဉ်တွေ ပျက်သွားမှာဖြစ် တယ်၊ ဒါကြောင့် ဖြတ်လမ်းကနေပဲ "စုံတောမြိုင်"ကို ပုလိပ်နစ်ယောက် လောက်နဲ့ ထွက်လာခဲ့ကြတော့တယ်၊ စုံတောမြိုင်နားကပ်လာတာနဲ့အမျှ "ဖိုး" ကူသံပေးပြီး အချက်ပေးလိုက်ကြတယ်။

မောင်ကိုလေးက သိလိုက်ပြီ၊ အိုင် အိုကျော်စိန်ဝင်းနဲ့အဖွဲ့ လာနေကြပြီ၊ ဒီလိုဆိုရင် ဒီနစ်ဖွဲ့ပေါင်းပြီး အရေးကိစ္စ ရှင်းကြရတော့မှာဖြစ်တယ်၊

မောင်ကိုလေးနှင့် အိုင်အိုတို့အဖွဲ့ "စုံတောမြိုင်"အိမ်ကြီးနဲ့ ခပ်လှမ်းလှမ်း မှာ ပေါင်းလိုက်ကြတယ်။

www.burmeseclassic.com

"ဒီကောင်တွေ ရောက်နေပြီလား"

မောင်ကိုလေးက လေသံတိုးတိုးနဲ့ မေးလိုက်တယ်၊

"ရောက်နေလောက်ပြီ၊ သူတို့ကုန်းကြောင်းရှိလာကြတာဖြစ်မယ်၊ (၁၂) နာရီလောက်က ရောက်နေနှင့်လောက်ပြီ၊ အခု - (၃) နာရီခွဲသွားပြီ"

"အခုအထိတော့ အိမ်ထဲဝင်စီးတာတွေ၊ ဘာတွေတော့ မလုပ်ကြသေးဘူး"

ထိုအခိုက် ပင်လယ်ဘက် လေတဟူးဟူးတိုက်လာတဲ့အတွက် မောင်ကိုလေးရဲ့ခေါင်းက ဆံပင်တွေ လေထဲမှာ ယမ်းသွားတယ်၊

"လေက ပင်လယ်ပိုင်းကနေ တိုက်လာနေတာဆိုတော့ သူတို့လှုပ်ရှားမှုတွေကို ကြားရလောက်တယ်"

"မဖြစ်နိုင်ပါဘူး - မောင်ကိုလေးရယ်" အိုင်အိုက တီးတိုးပြန်ပြောလိုက်တယ်၊

"ဘာမှ မထူးဘူး၊ သာပြောတာ၊ တဖြည်းဖြည်းနဲ့ အရက်တက်တော့မယ်"

အိုင်အိုက ဘာမပြော၊ ညာမပြော မောင်ကိုလေးကို ဆွဲခေါ်သွားတယ်၊ စုံတောမြိုင်အိမ်ဝသို့ ရောက်သွားကြတယ်၊ နှစ်ယောက်သား နောက်ဖေးလှေကားကနေ ခြောက်လုံးပြူးကို အသင့်ကိုင်ပြီး တက်သွားကြတယ်၊ နောက်ဖေးလှေကားအဝင်တံခါးက ပွင့်နေတယ်၊ အိမ်ထဲ ဝင်သွားတော့ ဦးမော်ဂန်တစ်ယောက် အသံဗလံတွေ ကြားလို့လား မသိ၊ အိပ်မှုန်စုံမွှားထလာတယ်၊ အိုင်အိုတို့ကိုတွေ့တော့ သူ ကြောက်လန့်ပြီး အံ့အားသင့်သွားတယ်၊ မောင်ကိုလေးက ပါးစပ်ဗျားမှာ လက်ညှိုးထောင်ပြီး တိုးတိုးလို့ဆိုတဲ့ သဘောနဲ့ အချက်ပေးလိုက်တယ်၊ ပုလိပ်ယူနီဖောင်းတွေနဲ့ ပုလိပ်ဌာနာကမှန်း သိလိုက်တယ်၊

"ခင်ဗျားရဲ့သား အိပ်ခန်းထဲမှာ ရှိနေလား"

"ရှိပါတယ် - ဘာဖြစ်လို့လဲ၊ ခင်ဗျားတို့ဘာလာပြီးအကြောင်းရိုက်နေကြတာလဲ"

"ရှူး - တိုးတိုး - သေချာရဲ့လား၊ ခင်ဗျားကို သွားကြည့်စမ်းပါ" အိုင်အိုက ဦးမော်ဂန်ကို မေးလိုက်တယ်၊

"အချိန်မရှိဘူးနော် - မြန်မြန် - မြန်မြန်"

အိုင်အိုကျော်စိန်က ပြောလိုက်တော့မှ ဦးမော်ဂန်လည်း ဘာမှပြောနေတော့ပဲ သူ့သားအိပ်တဲ့အိပ်ခန်းဆီ သွားတယ်၊

တံခါးက စေ့ရုံစေ့ထားတဲ့အတွက် တွန်းဖွင့်ပြီး အခန်းထဲ သုံးယောက်သား ဝင်သွားကြတယ်၊

အခန်းထဲက သူ့သားရဲ့ခုတင်မှာ ကလေးကို မတွေ့ရတော့၊ အခန်းက အထိအတိုင်း ဘာမှထူးထူးခြားခြား ပြောင်းအလဲ၊ ပြတင်းတံခါးက အနည်းငယ် ဟပြီးပွင့်နေတယ်၊ သူ့သားကို မတွေ့ရတဲ့အပေါ် ဦးမော်ဂန်က အော်ငိုတော့တယ်၊ နောက် မိန်းမတစ်ယောက် ထွက်လာပြီး ဟိုကြည့်ဒီကြည့်လုပ်ရာက အိပ်နေတဲ့ ကလေး မတွေ့ရတဲ့အပေါ် ဝမ်းနည်းပြီ ရောငိုလိုက်တယ်၊ ဦးမော်ဂန်ရဲ့ ငိုကြွေးပုံရတယ်၊

ဒီလိုဗျာ—ခင်ဗျားပြောထားတဲ့ စကားထဲမှာ သမီးတစ်ယောက်၊ သား တစ်ယောက်ရှိတယ်ဆိုတာကို သတိရ လိုက်တယ်။ ပြီးတော့—ဒီညမှာ ဘာကိစ္စ တစ်ခုခုမှမဖြစ်ဘဲ ပြီးသွားမှာမဟုတ်ဘူး လို့ တွေးမိတယ်။ နောက် မိုးလင်းပိုင်း ရောက်သွားပြီဆိုတော့ သူတို့ကိစ္စ လက်စ သတ်ပြီးလောက်ပြီလို့ တွေးတယ်။ ဒီမှာတင်—ကောင်လေးနဲ့ ကောင်မလေး မှာ ကောင်လေးက အငယ်ဆိုတော့ သူ့ကိုပဲ ရန်ရှာမယ်လို့ တွေးလိုက်တယ်။

# ၉၉







www.burmeseclassic.com

www.burmeseclassic.com

အိုင်အိုက အိပ်ရာကို ကုန်းပြီးနမ်း ကြည့်လိုက်တယ်၊ ပြီးမှ - ကောက်ခါငင် ခါ "မေ့ဆေးနဲ့ရတယ်" လို့အလန့်တကြား ပြောလိုက်တယ်၊

ဦးမော်ဂန်၏ဇနီးဖြစ်သူက ငိုကြွေး ပြီးဝင်လာတယ်၊

"ဟုတ်တယ် - မေ့ဆေးနဲ့ပဲ၊ နည်း နည်းတော့ ပြယ်နေပြီ"

အမျိုးသမီးဖြစ်သူက ငိုကြွေးရင်း ဘာဖြစ်ကြတာလဲလို့ မေးတယ်၊ ဦးမော် ဂန်တစ်ယောက်ကတော့ ကြံရာမရဖြစ် နေပုံရတယ်၊

အိုင်အိုကျော်စိန်ဝင်းက "ဆရာဝန် မြန်မြန်ခေါ်ဖို့လုပ်" လို့ပြောပြီး မောင်ကို လေးကိုပါ ဆွဲခေါ်ပြီး စုံတောမြိုင်အိမ်ကြီး ထဲက ပြေးထွက်လာခဲ့တယ်၊

"လာ - မောင်ကိုလေး - ကောက်ရိုး ထုံးကြီးရှိတဲ့ဆီကို သွားကြစို့"

သူတို့နှစ်ယောက် အိမ်ထဲက ပြေး ထွက်၊ မြက်ခင်းကို ကျော်ပြီးခြံစည်းရိုး စပ်ကို ပြေးလာခဲ့ကြတယ်၊

"ငမိုက်သားလေး - အချိန်မတော် တောထဲတော့ မသွားလောက်ပါဘူး"

ဦးမော်ဂန်တစ်ယောက် နောက်က လိုက်လာရင်း အသံပြဲကြီးနဲ့ ပြောလိုက် တယ်၊

"ခင်ဗျား - မေ့ဆေးနဲ့အကြောင်း မေ့သွားပြီးလား" လို့ မောင်ကိုလေးက ပြန်မေးလိုက်တယ်၊ ပြီးတော့ - သူက မနက်စောစော လေအေးထဲမှာ ထွက် လာနေတဲ့အခိုးအငွေ့လေးတွေ လက် ညှိုးထိုးပြတော့ -

"ဒါက အပူငွေ့တွေလေ - မဟုတ် ဘူးလား၊ ကောက်ရိုးပုံအသစ်ထဲက ထွက်လာတာမဟုတ်ဘူးလား"

"ဒါ အပူငွေ့တွေ - ဟာ - ဒါဆို သေ ပြီ" သူကတော့ ကောက်ရိုးထုံးကို ပြေး ကြည့်လိုက်ပြီးကောက်ရိုးထုံးမှအပေါ်ကို ဆို့ပိတ်ထားတဲ့ ကောက်ရိုးစတွေ ဆွဲ ထုတ်လိုက်တယ်၊ အိုင်အိုကလည်း သူနဲ့ အတူရောပြီး ကောက်ရိုးစတွေကို ဆွဲ ထုတ်လိုက်ကြတယ်၊

ကောက်ရိုးထုံးထဲက အပေါက်ထဲမှ ခွေခွေလေး လဲကျနေတဲ့ ကောင် လေး၊ သူ့ အသက်ရှင်နေတုန်းပဲ ရှိသေးတယ်၊ ဘုရားမတာပဲ၊ နောက်နာရီ ဝက်ဆိုရင် သေပြီ၊

မောင်ကိုလေးက ကောင်လေးကို ဆွဲထုတ်ပွေ့ယူပြီး အိမ်ထဲကို သယ်သွား တယ်၊ ဆရာဝန်ကလည်းအသင့်ရောက် လာနေတာနဲ့ သူ့အဖေလက်ထဲကို လွှဲ ပြောင်းပေးလိုက်တယ်၊

☆☆☆

အိုင်အိုကျော်စိန်ဝင်းက "စုံတော မြိုင်စံအိမ်" ဧည့်ခန်းထဲမှာ ငှူကြီးထိုင် နေတာ တွေ့လိုက်ရတယ်၊ အနီးအနား ကုလားထိုင်တစ်လုံးမှာ ဦးမော်ဂန်ထိုင် နေတယ်၊ သူ့ရဲ့ဇနီးနဲ့ဆရာဝန်ကကလေး ကိုပြုစုနေတာ တွေ့ရတယ်၊

"ဦးမော်ဂန် - ခင်ဗျားရဲ့ဇနီးသည် ဟာမွှလင်းဘက်က ဟုတ်ပါတယ်နော်" မောင်ကိုလေးက မေးလိုက်တယ်၊

ဦးမော်ဂန်က ခေါင်းညိတ်ပြလိုက် တယ်၊

"သူ့မိဘများက ရှမ်းတွေတော့ လား၊ သီပေါဘက်ကနေ ဟာမွှလင်းဘက် မှာ လာအခြေချကြတယ်လို့ သိရတယ်၊ ဟုတ်ပါတယ်နော်"

ဦးမော်ဂန်က တစ်လုံးမှ ပြန်မပြော၊ ခေါင်းညိတ်ပြလိုက်တယ်၊

"ခင်ဗျားရဲ့ ဇနီးမှာ သားချင်းထဲက အစ်ကိုရှိတယ်လို့ များ ကြားမိလား"

ဦးမော်ဂန်က ခေါင်းညိတ်ပြလိုက် ပြန်သည်၊

"ဟုတ်ပါပြီ - ဒီလောက် သိရရင်ပဲ ကျေးဇူးတင်လှပါပြီ"

နောက်ကကြာတော့ ဦးမော်ဂန် က ကလေးဆီ လျှောက်သွားကြည့်ရာ ပြန်လာပြီး သက်သာသွားတဲ့အကြောင်း





www.burmeseclassic.com

www.burmeseclassic.com

ပြန်လာပြောပြပြီး ပြန်ထွက်သွားပြန်တယ်"

"မောင်ကိုလေး - ဒီကိစ္စကို မှတ်ရက်ပေးစမ်းပါ - ဘယ်လိုထင်သလဲ"

အိုင်အိုက မှတ်ချက်တောင်းလိုက်တယ်၊

"ဒါနဲ့ - အိုင်အို - စကားမစပ် - မေ့ဆေးနဲ့ရတယ်လို့ပြောပြီးအိုင်အိုကကျွန်တော့်လက်ဆွဲပြီး ဘာလို့ အိမ်အပြင်ထွက်ပြေးသွားရတာလဲ" မောင်ကိုလေးက ပြန်မေးလိုက်တယ်၊ ဒီမှာတင် - အိုင်အိုက အခုလို စကားစလိုက်တယ်၊

"ဒီလိုဗျာ - ခင်ဗျားပြောထားတဲ့စကားထဲမှာ သမီးတစ်ယောက်၊ သားတစ်ယောက်ရှိတယ်ဆိုတာကို သတိရလိုက်တယ်၊ ပြီးတော့ - ဒီညမှာ ဘာကိစ္စတစ်ခုခုမှမဖြစ်ဘဲပြီးသွားမှာမဟုတ်ဘူးလို့ တွေးမိတယ်၊ နောက် မိုးလင်းပိုင်းရောက်သွားပြီဆိုတော့ သူတို့ကိစ္စလက်စသတ်ပြီးလောက်ပြီလို့ တွေးတယ်၊ ဒီမှာတင် - ကောင်လေးနဲ့ကောင်မလေးမှာ ကောင်လေးက အငယ်ဆိုတော့ သူ့ကိုပဲ ရန်ရှာမယ်လို့ တွေးလိုက်တယ်၊ ထင်တဲ့အတိုင်းပဲ ဒီကလေးကိုပဲ ရန်ရှာတာတွေ့ရပြီဆိုတော့ မေ့ဆေးနဲ့အုပ်ပြီး ခေါ်ထုတ်သွားပြီဆိုပြီးအပြေးလိုက်တာပဲ၊ အဝေးကိုတော့ မရောက်လောက်သေးဘူးပေါ့၊ ပြီးတော့ - ခင်ဗျားပြောထားတဲ့ကောက်ရိုးထုံးကြီးကိုအပေါ်က်ထွင်းနေတဲ့စကားကလည်းရှိနေတယ်၊ ဒါနဲ့ပဲ - ဆရာဝန်ခေါ်ထားတော့ဆိုပြီး ဆင်းပြေးသွားတာပဲ"

"ဟုတ်တယ် - ကျွန်တော်လည်း ဒီအတွေးနဲ့ ကောက်ရိုးထုံးက အပေါ်က်ကြီးကို ဆွဲခွာတော့တာပဲ၊ ထင်တဲ့အတိုင်းပဲ - အိုင်အိုရေ၊ ကလေးကိုပညာသားပါပါ လက်စဖျောက်လိုက်ကြတာပဲ"

"ဒီတော့ - တရားခံဟာ ဒီကလေးကို ရန်ပြုသူပဲပေါ့၊ အဝေးကတော့ မဖြစ်နိုင်ဘူး၊ ခြံထဲသိထဲကပဲဖြစ်မယ်"



"ကဲ - အိုင်အိုရေ - တရားခံတွေ ...လွတ်လောက်ဘူး၊ ကျွန်တော်ရှမ်း ...ကြီးရှိရာ ပင်လယ်ပိုင်းကိုပြေးပြီး ...ခံ အမိဖမ်းတော့မယ်"

☆☆☆

နောက်တစ်နေ့ ဦးမော်ဂန်ရော သူ့ ...ရဲဌာနာအုပ်ရဲ့ရုံးခန်းထဲမှာ ရောက် ...တယ်၊ ရဲဌာနာအုပ်နဲ့ မနေ့က ဖြစ် ...ကုန်စင်ပြောနေကြတုန်းပဲ၊ အိုင် ...ကျော်စိန်ဝင်းက ရဲဌာနာအုပ်ရဲ့ရုံး ...ဝင်လာတယ်၊

...လားထိုင်အလွတ်တစ်လုံးမှာ ...ရင်၊ အိုင်အိုကျော်စိန်ဝင်းက ...လိုက်တယ်၊

...မော်ဂန်ရဲ့သားလေးကိုရန်ရှာတဲ့ ...တော့ အမျိုးတကာ့ထဲမှာ ဒါမှ ...ခြားသူတွေထဲမှာ ရန်ငြိုးရန်စ ...ရှိနေသလား"

"မရှိပါဘူးဗျာ - ရှိရင် ကျွန်တော့်ကိုပဲရန်မူရမှာပေါ့၊ အခုတော့ - ဘာမှအပြစ်မရှိတဲ့ကလေးကို ရန်ရှာတာဆိုတော့ အတော်စဉ်းစားရကြပ်နေတယ်"

"စဉ်းစားပါဦးလေ - ရန်ငြိုးရန်စမရှိပဲနဲ့တော့ ဘယ်ဒီလိုကြံစည်ပါ့မလဲဗျာ"

"ဦးမော်ဂန် စဉ်းစားရခက်နေပုံရတယ်၊ ဒီလိုဆိုရင်လည်းအစ်မကြီးအနေနဲ့ ပြောစရာရှိတာပြောစမ်းပါဦး"

အိုင်အိုကျော်စိန်ဝင်းက ဦးမော်ဂန်ဇနီးဘက်ကို လှည့်မေးလိုက်တယ်၊

ဦးမော်ဂန်ဇနီးက ဘာမှမပြော၊ ဟုမ္မလင်းဘက်က ရှမ်းတရုတ်သွေးပါသူအမျိုးသမီးဖြစ်တဲ့အလျောက် နှုတ်ပလ္လာစလေးပုံရတဲ့အတွက် အိုင်အိုကပဲ အခုလို စကားဆက်ရပြန်တယ်၊

"သူတို့လုပ်ပုံက ကလေးကိုအသေသတ်တာမဟုတ်၊ မေ့ဆေးပေးခေါ်သွားပြီးကောက်ရိုးထုံးထဲထည့်ပြီး ပိတ်လိုက်တာဆိုတော့ဒီကိစ္စကိုသာအချိန်မီမဖော်ထုတ်နိုင်ရင် ကလေးက ကောက်ရိုးထုံးထဲမှ ကောက်ရိုးက ထွက်လာတဲ့အပူငွေ့

www.burmeseclassic.com

www.burmeseclassic.com

ရယ်၊ မေ့ဆေးအရှိန်ရယ်၊ မွန်းကြပ်တာရယ် ပေါင်းပြီး သေတော့မှာ ...”

“မိဘကလည်း ဘယ်သွား၊ ဘယ်လာမသိ၊ ရိုးရိုးပျောက်သွားတယ်အထင်နဲ့နေရမှာ၊ အဓိကတော့ ဦးမော်ဂန်ကို ရှင်းဖို့ထက် ဒီကလေးကိုအဓိက ရှင်းချင်တာလဲ၊ ဒီတော့ - ဒီမှုခင်းကဒီကလေးနဲ့ပဲ ဆက်စပ်နေတယ်”

ထိုအခိုက် မောင်ကိုလေး ဝင်လာတယ်၊ ဗျာနာအုပ်နဲ့ အိုင်အိုတို့ကိုအလေးပြုရင်း တရားခံတွေ မိလာခဲ့ပြီဆိုတဲ့ အကြောင်း သတင်းပို့လိုက် တယ်။

☆☆☆

အချုပ်ခန်းထဲ ထည့်ထားတဲ့တရားခံတွေဆီကိုဦးမော်ဂန်တို့ဇနီးမောင်နှံကို ပါ ခေါ်သွားပြလိုက်တော့ ဦးမော်ဂန်က ဒီလောက်မဟုတ်၊ သူ့ရဲ့ဇနီးသည်က ထိတ်လန့်ပြီးတက်သွားမတတ်ဖြစ်သွားတယ်၊ ဒါနဲ့ပဲ - ဗျာနာအုပ်ရဲ့အခန်းထဲ ခကာပြန်ခေါ်သွားပြီး နာနတ်ပေးလိုက် တော့မှ အသက်ရှူလာနိုင်တော့တယ်

ခကကြာတော့မှ တရားခံဟာသူ ရဲ့အစ်ကိုတော်စပ်ကြောင်း၊ ဟုမ္မလင်း သူမရှိစဉ်ကအစ်ကိုဖြစ်သူက သူဦး များရှိရာ သွားနေတဲ့အကြောင်း၊ ယော ကပင် ဆိုးသွမ်းကြောင်း၊ အသုံးအဖြ ကြီးကြောင်း၊ မိဘဖြစ်သူများနဲ့ မတ ကြောင်း၊ ဒါကြောင့် - ဦးလေးဖြစ်သူ ခေါ်သွားခဲ့တဲ့အကြောင်း၊ တစ်နှစ် ခေါက် လောက် လာရောက်တ ကြောင်း၊ ဦးမော်ဂန်နဲ့ သူမ အိမ် ကျချိန်ဦးမော်ဂန်ကမိဘလက်ငုတ် ဦးစီးလုပ်ကိုင်နေမှုအပေါ် မကျေ ကနောက်ပိုင်းမလာတော့တဲ့အကြော တို့ကို စီကာပတ်ကုံး ပြောပြတော့

ဒီနေရာမှာ ရဲဗျာနာအုပ်က ငယ်ကို အပျောက်ရှင်းရတဲ့ဇာတ် ပြောပြပါဦးလို့ ဆိုလိုက်တဲ့အ တော့ -

သူတို့ဇနီးမောင်နှံ သားငယ်လေး ပြီးတဲ့အချိန်မှာတော့ မိဘတွေက တို့မြေးလေးကို အချစ်ပိုတဲ့ လျောက် သူတို့ရဲ့တိုက်နဲ့ အိမ်ခြံမြေ ကို ကလေးအရွယ်ရောက်လာချိန် အားလုံးလက်ရောက်ခံစားဖို့ သေ တာနဲ့ အမွေပေးခဲ့တယ်လို့ဆိုတယ်။

ဒီတော့မှပင် ဇာတ်လမ်းက ရှင်း တော့တယ်။ သူမရဲ့မောင်ဖြစ်သူက လေး အရွယ်ရောက်ချိန်မှာ အမွေ ရမယ်လို့ဆိုထားတော့ သူ လက် အမွေမရောက်ခင်မှာ ပထမအဆင့် တ်ရှင်းပြီးမှနောက်တစ်ဆင့်ဒီအမွေ ကို သူရဖို့ ကြံစည်တော့မယ့်ဇာတ် ဖြစ်နေတော့တာကိုး။

နောက် မောင်ကိုလေးက ပြန်ဝင် တယ်။

“ရာဂို့အုပ် - မောင်ကိုလေးရေ ပဲ ပွဲဦးထွက် ဒီအမှုကို ရုံးတင်နိုင် င် လုပ်ပေတော့”လို့ ရဲဗျာနာအုပ် ကျက်ချလိုက်တဲ့အခိုက်မှာ အိုင်အို စိန်ဝင်းက ဝင်လာပြီး -

“ဗျာနာအုပ်ကြီးရယ် - ဇာတ်လမ်းက မဆုံးသေးဘူးလေ။ မြှုပ်ကွက်တစ်ခုက ကျန်နေသေးတော့ အဲဒါကို ဖော်ထုတ်ရဦးမှာပေါ့”

“ဆိုစမ်းပါဦး - အိုင်အိုကြီးရဲ့”

“စုံတောမြို့ငစ်စံအိမ်ပေါ်ထပ်တကလေးကို ကောက်ရိုးထုံးထဲ ရောက်အောင်ပို့လိုက်တဲ့ဇာတ်ကွက်ကလေးတကျန်နေသေးတယ်လေ”

“ကဲ - ဒါကိုတော့ မောင်ကိုလေးပဲရှင်းတော့ကွာ”

“ဒါက ဒီလိုရှိပါတယ် - ဗျာနာအုပ်ကြီးရယ်၊ သူတို့ကဦးမော်ဂန်တို့မိသားစုမလာခင် ကတည်းက ဒီအိမ်တွေ့အကြောင်း အသေးစိတ် လေ့လာထားကြတာပါ။ ဒီကောက်ရိုးထုံးကြီးကလည်း သူတို့လက်ချက်ပါပဲ၊ သူတို့က ဒီကလေးကိုသူတို့လက်နဲ့မသတ်ဘူး၊ သူ့အလိုလိုသေစေတဲ့နည်းကိုသုံးတာပါ၊ အခင်းဖြစ်ညက ကောင်လေးရဲ့အိပ်ခန်း ပြတင်းပေါက်က မပိတ်ပါဘူး၊ စေ့ရုံစေ့ထားတာ

www.burmeseclassic.com

ပါ။ ဒါကို အခွင့်ကောင်းယူပြီး အိမ်ကြီးကို တွယ်တက်နေတဲ့ နွယ်ပင်ကြီးတစ်ရကို အသုံးချ အကာအကွယ်ယူပြီး ကောင်လေး အခန်းထဲဝင်၊ မေ့ဆေးသုံးပြီး ကောင်လေးကိုထမ်းပြီး အဲဒီနွယ်ပင်ကြီးကိုပဲ အကြောင်းပြုဆင်းသွားတာပါ။ ဘာလေးကိုတော့ကောက်ရိုးထုံးထဲထည့်

ပြီး သူတို့ ပြန်ကြတော့မှာပါ။ ကျွန်တော် လည်း လက်မတင်လေး အုပ်မိသွားပြီး ဖမ်းခေါ်လာနိုင်ခဲ့တာပါ"

"တော်ပါပေတယ် - မောင်ကိုလေး ရယ်၊ အိုင်အိုကျော်စိန်ဝင်းရဲ့ကျေးဇူး လည်း မကင်းဘူးပေါ့"

ကျော်မြင့်ကျော်

[illegible]

**ဝန်ထည်များ အရောင်တင်နည်း**

ဆေးရေပူပူတွင် ခဆေးကြောခြင်းဖြင့် အရောင်တောက်ပလာပါလိမ့်မည်။

**ရေခဲတုံး တာရှည်ထားခံနည်း**

ရေခဲတုံးအား သတင်းစာစက္ကူဖြင့် လုံအောင်ထုပ်ထားပါ။


မြင့်စေတနာ ဆေးတိုက်

(အရေပြားရောဂါမှန်သမျှ မိဋ္ဌပျောက်ကင်းစေရမည်။)

ခရုသင်း(သမင်ဖြူ)

LEUCODERMA

ခရုသင်း(သခင်ဖြူ)၊ ဖြူ၊ နီ၊ နတ်ကွက်များ၊
အနာကြီးရောဂါ၊ ယားနာ၊ ဝွေး၊ ဝဲ၊ နှင်းခူနှင့်
အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS,
PINTA, ECZEMA, RING WORM,
DERMATITIS,etc.

ဆရာဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်)
အမှတ်(၃)၊ ပိဋကတ်တိုက်ရိပ်မြိမ်၊ ရန်ကုန် - အင်းစိန်လမ်းမကြီး၊
ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၆၆၆၄၇၈၊ ၀၉ ၇၉၈၈၆၉၁၀၉။

ဌာနခွဲ
အမှတ်(၂)၊ ၆၂ - လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူဘုရား မန္တလေးမြို့
ဖုန်း - ၀၂ ၂၂၅၁၅


www.burmeseclassic.com

www.burmeseclassic.com





**မည်းမည်းရိပ်ကြီးသည်**

တရွေ့ရွေ့ပင် တစိုက်မတ်မတ် ချဉ်းကပ်လာတော့သည်။

ကြုံသမျှဘေးဒဏ်ကို ငုတ်တုတ်ပင် ခံတော့မည်ဟု စိတ်ကို လျှော့၍

ချဉ်းကပ်လာသော အန္တရာယ်ကို ငေး၍သာ ကြည့်နေမိတော့သည်။

သူ့တွင် ဆန့်ကျင်ရန်အင်အား မရှိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

"သွေန်သင် – ငယ် – ဒါ့ကိုကယ်ယူပါဘိ"

အလန့်တကြား အော်ဟစ်ပြောဆိုသံတို့ ကြားလိုက်ရသဖြင့် သွေန်သင်သည် အသံလာရာသို့ ဖျတ်ခနဲ လှည့်ကြည့်မိ၏။

သစ်ပင်တွေကြားက ငပိန်သည် လက်နှစ်ဖက် ဆန့်တန်း၍ သူ့ဆီသို့ ဦးတည်ပြေးလာနေသည်။ သွေန်သင်သည် ခုံးအပါက ထမ်းလာသောထင်းညှပ်ကို ဝစ်ချတာ ငပိန်ဆီသို့ အပြေးတလေး သွားသည်။ လမ်းခုလတ်တွင် နှစ်ယောက်သားအဆုံ၌ သွေန်သင်က ခြေစုံရပ်၏။ သူ့စိတ်အထင်တွင် ငပိန်သည်လည်း သူနည်းတူ ရပ်လိုက်လိမ့်မည်ဟု ထင်သည်။

သို့သော် သူ ထင်သလိုမဟုတ်ပဲ ငပိန်သည်လက်ကြီးနှစ်ဖက်ကိုဆန့်တန်းရင်းနှင့်ပင် သူ့ဆီသို့ လဲပြိုကျလာသည်။

သွေန်သင်က ကပျာကယာရင်ခွင်ဖြင့် ဆီးခံ၍ကြိုလင့်ဖက်ပွေ့လိုက်ပြီးငုံ့ကြည့်သော် မျက်လုံးများ ပြူးသွားမိသည်။

ငပိန်၏လက်ဝဲလက်ပြင်ရိုးဒေါ်အားဆီတွင် မားမြှောင်တစ်လက်သည် တစ်ဝက်ကျော်ကျော် နစ်မြုပ်၍စိုက်နေသည်ကို တွေ့ရ၏။ သွေးများသည် ဒဏ်ရာမှ စီးဆင်းနေကော ငပိန်သည် အလွန်မော ဟိုက်နေသည်။

သွေန်သင်သည် ငပိန်ပြေးထွက်လာရာသစ်ပင်တွေဆီသို့ပြန်၍ကြည့်၏။ တစ်ဖက်တစ်ချက် ချုံပုတ်ငယ်နှစ်ခုနောက်မှလူနှစ်ယောက်သည်ပြိုင်တူလိုပင် ထွက်ပေါ်၍ ကျောခေးသွားကြသည်။ ခဏချင်းပင် ထိုလူနှစ်ယောက်သည် ပင်ကြီးပင်ငယ် ချုံနွယ်ပိတ်ပေါင်း

ဆွမ်းခံရင်း ငှက်သင့်၊ သူများစားချက်ရာ လက်လျှိုမိသည့်စားဆာခံတစ်ယောက် တရားကို နတ်စောင့်ပေရာ အမှုမှန်ဖြစ်ပေါ်လာသည့် ..

များ ရှုပ်ထွေးသော အနိမ့်ပိုင်းသို့ဆင်း၍ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။ သူတို့သည်ကြီးမားသောခမောက်ကြီးများကို ဆောင်းထားကြပြီး ပုဆိုးစများကိုလည်း ကျောမှသိုင်းကာ လွှမ်းခြုံထားကြသည်ဖြစ်သောကြောင့် မည်သူမည်ဝါ ကွဲပြားစွာ မသိနိုင်ရေး၊ ခပ်ကုန်းကုန်း ပုန်းလျှိုးပြေးသယောင် သွားကြသောကြောင့် သွားဟန် လာဟန်အားဖြင့်လည်း မည်သူမည်ဝါ မခွဲခြားသာ။

သွေန်သင်တွင်ထင်းခွေမားသာရှိ၏။ ယင်းတို့နှစ်ယောက်တွင်ကား မားရှည်များပါကောင်းပါနိုင်သည်။ လူကောင်းနှင့် လူဆိုးနှစ်ယောက်နှင့် တစ်ယောက် သွေန်သင် သူတို့နောက်သို့ လိုက်လံရန် မကြိုးစားပါ။

ထို့ပြင်လည်း သွေန်သင်သည် ခပ်အေးအေး လူရိုးလူကောင်းဖြစ်၏။ မားရေးဓားမှုသတ်ရေးဖြတ်ရေးတွင်ဝါသနာ ထုံခဲ့သူ မဟုတ်ပါ။

သို့ဖြင့် ရင်ခွင်ထဲက ငပိန်ကိုသာပွေ့ဖက်ရင်၊ မေး၏။

"ပသို့ဖြစ်ပါစ့ – ကိုရင်ငပိန်၊ အသူတွေက ရန်ပြုလိုက်ပါစ့"

ငပိန်သည် လွန်မင်းစွာ မောဟိုက်နေသည်၊

"သွေန် – သင် – ငါ – မော – အဝ… တို့ – အယင်းတို့"

ငပိန်သည် စကားပြတ်တာ ဒေ… သင်၏ရင်ဘတ်ပေါ်ခေါင်းစိုက်… သွေန်သင်သည် လက်တစ်ဖက်… ကို ပိုက်၍တင်းကြပ်စွာ ဖက်ပြီး လက်… ဖက်ဖြင့် မေးကိုပင့်ကာ ကြည့်၏ ငပိန်… ကား မျက်လုံးကြီးတွေပြူးလျက်… တောင်မခတ်တော့ချေ။

သွေန်သင်သည်ရင်ထဲတွင်… ဖြစ်၍ တစ်ကိုယ်လုံး ပူထူသွား၏။

ငပိန်ကား သေလေပြီး သေ… ပါစေသည်ထာဝစဉ်ပိတ်သွားသည်… ဖြစ်၏၊ ဒဟတ်ကြည်းတောအုပ်… ဝယ်မားတန်းလန်းနှင့်သေနေသော… နှင့်မိမိ သည်နှစ်ယောက်သာရှိ… ယခုအချိန်တွင် ရွာသားတစ်ယော… ယောက် ရောက်ရှိလာလျှင် တ… ထံရောက်၍ရေရေလည်လည်မပြော… သော မိမိသည်သာလျှင် သူ သတ်… တော့မည်၊

သွေန်သင်သည် ကြောက်… တကြားနှင့် ငပိန်၏ကိုယ်ကြီးကို… ဖယ်ချလိုက်သည်၊ ထို့နောက်… သည် ဒဟတ်ကြည်းတောအုပ်သို့… ၍ပြေးလေတော့၏။ …က်သို့တစ်…

www.burmeseclassic.com

မှုပင် လှည့်၍မကြည့်တော့။ သူ့နောက်တွယ်တွင် ငပိန်၏အလောင်းနှင့်တကွ မန်ထံရွာတစ်ရွာလုံးကို ကျောခိုင်း၍ခြေဦးတည့်ရာ ပြေးလေပြီတည်း။

သူ ကြောက်မည် ဆို က လည်း ကြောက်ရွံ့စရာအကြောင်း ရှိလှပါသည်။

မန်ထံရွာသားချင်းဖြစ်၍ငပိန်သည် သူနှင့် တစ်ရွာတည်းသားချင်းမည်ကာ မျှမဟုတ်ပါ။ သွေ့န်သင်၏ ချစ်လှစွာသော တစ်နှစ်တန်သည် တစ်နှစ်ခွဲတန်သည်ကာလတွင်လက်ထပ်မည်ဟုရည်မှန်းထားသော အလှပျိုဖြူ သရဖူထိပ်ဆောင် အိုနှောင်း၏အစ်ကို ဖြစ်နေ၏။

သို့ရာတွင် ငပိန်သည် ကြက်တိုက်အံ့လောင်းသေသောက်ဝါသနာကြီးလှ၏။ လူလေလူလွင့်ဖြစ်သော ယောက်ဖလောင်းငပိန်နှင့်သွေ့န်သင်တို့မှာ ဝါသနာစရိုက်ချင်းကွာခြားလှသည်။ သွေ့န်သင်မှာ လူရိုးလူအေးဖြစ်ပြီး ဖခင်ကြီး ဦးပုံ၏ယာလုပ်ငန်းတွင် ကြိုးကြိုးစားစား လုပ်ကိုင်နေသူ ဖြစ်သည်။

ဝါသနာချင်း ဆန့်ကျင်ဖီလာဖြစ်နေသော ငပိန်သည် သွေ့န်သင်ကို လူရာမသွင်းဘဲ အပေါင်းအသင်းမလုပ်ရုံမက တစ်ခါက ငပိန်က ကြက်တိုက်လိုက် ရန် သွေ့န်သင်ကိုခေါ်ဝင်သည်ကာစ၍စကားများခဲ့သည်။ ဤတွင် ငပိန်က သွေ့န်သင်ကို ကြည့် ၍မရဆိုကာ ရွာရိုးတွင် "ယောကျ်ားမပီသူ ငလေငဖျင်း သွေ့န်" စသည်ဖြင့် အမနာပ စကားတင်းတွေ ပြောသည်။ သူ့အိမ်ကို အဝင်အထွက် မပြုရဟု ကြေညာထားသည်။ ဒါကို တစ်ရွာလုံး သိ၏။

ယနေ့ ညနေစောင်းတွင်မှ ဒဟတ်ကြည်းတောအုပ်လယ်တွင် "ငါ့ကိုကယ်ယူပါဘိ" ဟု ဆိုလာ၏။ မကယ်နိုင်တော့သည့်အချိန်တွင်မှအကယ်ခိုင်းနေသည်။ သည်ဝါသနာ၊ သည်စရိုက်တွေ သည်လူကောင်းကို ပေါင်းဖော်မိစရာ မရှိ။ လူဆိုးလူသွမ်းတွေကိုသာ ဖိတ်ခေါ်တတ်သော ဝါသနာစရိုက်များ ဖြစ်သည်။ ဒါတွေကို ပြော၍ သွေ့န်သင်က နားချစဉ်က နာယူခဲ့လျှင် ကယ်ပြီးသားဖြစ်မည်။

ယခုမှ မကယ်နိုင်တော့ပြီ။ ငပိန်သည် မကယ်နိုင်တော့သောအချိန်တွင်မှအကယ်ခိုင်းသည်တွင်ကြီးမားလှသော ရာဇဝတ်ပြစ်ဒဏ်ဝန်ထုပ်ကြီးကိုပါ ထိုးအပ်သွားချေပြီကော။

သွေ့န်သင်သည်မရပ်မနားပြေးလွှားခဲ့ရာ နေဝင်ချိန်တွင် တောအုပ်ကို လွန်မြောက်၍ မရှက်ရေရှင်ချောင်းသို့ပင် ရောက်လာခဲ့လေ၏။ သို့သော် သူသည် ရပ်တည်မနေနိုင်သေးချေ။ သူ့နားထဲတွင် မန်ထံရွာကလန်ကြီးဦးပြည့်သင်၏ အောင်မြင်ခန့်ညားသောအသံဖြင့် "သွေ့န်သင် - လာလော့၊ တရားစက်ကို မလွှတ်နိုင်ပြီအား" ဟု ပြောသံသည် စူးဝါးစွာ ပဲ့တင်ရိုက်နေ၏။

ချောင်းကမ်းဘေးတွင် တဲငယ်တစ်ခုကို တွေ့၏။ သည်တဲငယ်တွင်နေသောသူတွင် လှေငယ်တစ်စင်းရှိ၍ ချောင်းရိုး၊ မြောင်းရိုးတစ်လျှောက်တွင် လုပ်ကိုင်စားသူဖြစ်ကြောင်း ရှေးမဆွက သူ သိခဲ့၏။ သို့သော် ထိုသူကို သူသည် မကျွမ်းချေ။

သွေ့န်သင်သည် ဤချောင်းဆီသို့ ငယ်စဉ်ကနစ်ခေါက်လောက်သာရောက်ခဲ့ဖူးသည်။ ဤချောင်း၏ တစ်ဖက်ကမ်းသို့ကား လုံးဝခြေမချဖူးချေ။

လှေငယ်ရှင်နှင့်သူသည် စကားဆိုသည်။ ချောင်းဖျားတောအုပ်ထိပ်တွင် မိုးသားတွေ ညို့နေသဖြင့် လှေရှင်က တစ်ဖက်ကမ်းသို့ပို့မပေးနိုင်ဟု ငြင်းဆန်နေသည်။ နောက်ဆုံးတွင် သွေ့န်သင်သည် ငွေနားတောင်းတစ်ရန်လုံးကို ချွတ်ပေးမှလှေရှင်သည်သဘောတူကာ လိုက်ပို့မည်ပြော၏။

"ကိုင်း - လှေပေါ် မြန်မြန်တက်ဗိ၊ မိုးသက်လေပင် ကျလာပြီကော"

နေဝင်သွားသည့်အထဲတွင် မိုး
တွေ ပြုလာသဖြင့် မှောင်စပြုနေသ
လှေငယ်လေးသည်ကမ်းမှခွာသ
သို့သော် တောင်ကျရေသည် အ
စီးဆင်းလာခဲ့လေပြီ။ ပြင်းထန်
လှိုင်းလုံးရေလုံးဒဏ်ကြောင့် လှေ
လူးသွား၏။ လှေရှင်သည် ကြိုး
ကျင်လည်စွာ လှော်ခတ်ပါ၏။ သို့
ခရီးတစ်ဝက်ကျော်ကျော်ခန့်တွင်
သို့မျှ မထိန်းနိုင်တော့ပဲ လှေငယ်
တိမ်းမှောက်သွားသည်။

လှေရှင်သည် လှေကိုဖက်၍ 
သင်နှင့် လူချင်းကွဲသွား၏။ သွေ့န်
ကား တစ်ဖက်ကမ်းဆီသို့မှန်းတာ
ခတ်သည်။ မျောလာသောတုံးတို
ကိုဖက်မိပြီး ကူးခတ်တတ်သရွေ့
လေရာ ချောင်းငယ်သည် တစ်ဖက်
နားတွင် တိမ်လာ၏။ ခြေထောက်
သည်နှင့်တစ်ပြိုင်နက် သွေ့န်သင်
တုံးကို မလွှတ်သေးပဲ ကမ်းသို့ကပ်
ကမ်းပေါ် တက်နိုင်သည်တွင်မှ တုံး
လွှတ်လိုက်တော့သည်။

သွေ့န်သင်တစ်ဖက်ကမ်းပေါ်
မိသည်တွင် တောအုပ်ငယ်သည် 
နေ၏။ မိုးစက်မိုးပေါက်တို့သည်လ
စတင်၍ကျလာတော့သည်။

www.burmeseclassic.com

*တစ်ခုံတစ်ယောက်သည် ဂရုစိုက်၍*
*...ကာ လှမ်းနေသည်။ သွေန်သင်သည်*
*ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားကာ*
*...ကိုယ်တစ်ဝက်ထူ၍ နံရံကို မှီထိုင်ရင်း*
*အသံကို နေရာသတ်မှတ်နေ၏။*
*...ကုန်းများကလည်း မှောင်ရိပ်များ*
*...သို့ အနှံ့လိုက်ကြည့်သည်။*
*...ကိုးတွဲလွဲပုဆိုးချပ်ကို လေတိုး၍လား။*
*...ယာတ်ပါ၏ ခြေသံစစ်စစ်ဖြစ်သည်။*
*...ခြေသံမှာ လူ၏ခြေသံဟု သိနိုင်ပါ၏။*

# ၉၉



သူသည် ကလန်ကြီး၏ အာဏာစက် ကြောက်ရွံ့နေဆဲဖြစ်၍ နောက်က သေချာသောအန္တရာယ်ကြောင့် ရှေ့က မသေချာသောအန္တရာယ်တို့ကို မတွေးနိုင်တော့ပဲ တောအုပ်ငယ်ထဲသို့ဝင်ပြေးသွားလေတော့သည်။

မြင်နိုင်သမျှအလင်းရောင်ကလေးကိုသုံးကာ နေနိုင်သေးသရွေ့တော့ သူသည် ပြေးနေဦးမည်သာ ဖြစ်ပေ၏။

ကံအားလျော်စွာပင် သွေန်သင်သည် တောအုပ်ငယ်ကို ကန့်လန့်ဖြတ်မိသည်။

ခဏချင်းမှာပင် တောအုပ်မှ ထွက်လုလုတောစပ်သို့ရောက်ခဲ့သည်။ သူ့ရှေ့တွင် ကျယ်ပြန့်လှသောကွင်းပြင်ကြီးရှိနေ၏။ မိုးသည် စဲသွားပြီဖြစ်သော်လည်း သွေန်သင်မှာ တစ်ကိုယ်လုံး စိုရွှဲနေ၏။ တောစပ်တွင်ရပ်လိုက်မိသည်တွင်ကွင်းပြင်မှ လေသည် ဖွတ်တိုးဝင်လာရာ တဆိုက်ဆိုက် တုန်လာသည်။

မိုးသားများကင်းစင်သွား၍ပြည့်လုလုလမင်းသည်အရှေ့ဘက်ကောင်းကင်များတွင် သာယာစွာ ပေါ်ထွက်လာ၏။

ကွင်းပြင်၏အဖျား သစ်ပင်အုပ်စုတလေးတွင် ရွာရှိမည်ထင်၏။ သို့သော် ကွင်းပြင်ကျယ်ကိုတော့ ဟင်းလင်းဖြတ်သွားရဦးမည်။ သွေန်သင်သည် ခြေတွေကို မသယ်ချင်ဖြစ်လာ၏။ တစ်ညဉ့်တာကာလတော့ ကျောဘက်က အန္တရာယ်သည် ကင်းနေနိုင်ပါသေး၏။

ထို့ကြောင့် သူသည် တစ်ညဉ့်တာအတွက် အနားယူချင်လာသည်။ ရွာဆီသွားရမည်မှာ တော်တော်ကလေး ဝေးသေး၏။ ထို့ပြင် ရွာဆိုသည်မှာ လူရှိ၏။ လူရှိလျှင် စကားတွေ ပြောနေရဦးမည်။ ဖြစ်နိုင်လျှင်သည်တစ်ညဉ့်အတွက်တော့ လူသူကင်းရှင်းရာ မိုးလုံလေလုံ နေရာတလေးတစ်ခုလောက်ကိုတော့တမိ၏။

ဟိုဟိုသည်သည် ဘေးဘက်တွေဆီကို လှမ်းကြည့်သည်။

လက်ယာဘက်ခပ်လှမ်းလှမ်းတောစပ်တွင် မည်းမည်းမားမားနှင့် တစ်စုံတစ်ခုသည် ချုံနွယ်ပိတ်ပေါင်းများအကြားမှ ထိုးထိုးထောင်ထောင် ထွက်ပေါ်နေသည်၊ ကျောဘက်ဆီမှ သစ်ပင်အုပ်များကြောင့် ပုံသဏ္ဌာန်ကိုတော့ ကွဲကွဲပြားပြား မတွေ့နိုင်ချေ၊

ဝါးပျက်၊ ကျောင်းပျက်၊ ပုထိုးပျက်တစ်ခုခုများလေလား။

*သွေန်သင်သည် အားတက်သလို...*
*ဖြစ်သွားကာ ချမ်းစိမ့်စိမ့်ခံစားမှုကိုဝင်...*
*မေ့သွား၍ထိုမည်းမည်းသဏ္ဌာန်ကြီး...*
*သို့ ဦးတည်၍ လျှောက်သွားမိ၏။*
*တဖြည်းဖြည်း နီးလာသောအခါ...*
*တွင် သဏ္ဌာန်သည် ပို၍ပီပြင်ကွဲပြားလာ...*
*သည်၊ နှစ်ထပ်ဖြစ်ပုံရသည့်အောက်ပိုင်း...*
*မှာအုတ်ဖြင့်တည်ဆောက်ထား၍အပေါ်...*
*ပိုင်းမှာ ပျဉ်တို့ဖြင့် တည်ဆောက်ထား...*
*သည်။ ဤနေရာသည် ရွာဆိုးဖြစ်ရမည်...*
*တစ်ခါက ဤနေရာတွင်ကြီးကျယ်သော...*
*ရွာကြီး ရှိခဲ့ပုံရ၏။ အဘယ်ကြောင့်ဆို...*
*သော်ဤသို့နှစ်ထပ်အဆောက်အအုံရှိ...*
*ရှိသည်မှာ ရွာကြီးမှဖြစ်သည်၊*
*ခြေကို လှမ်းရင်း လှမ်းရင်းက ပို၍...*
*သေချာလာ၏။ ပတ်ဝန်းကျင်တွင် ...*
*တွေ မညီမညာနှင့် သစ်စ၊ ဝါးစ၊ တိုင်စ...*
*နံရံပျက်တွေကို တွေ့ရသည်၊ ဤနေရာ...*
*ကားမှုချပင်ရွာဆိုးဖြစ်သည်၊ အကြောင်း...*
*တစ်ခုခုကြောင့် ရွာသားတို့သည် ဤရွာ...*
*ကို စွန့်သွားကြ၏၊*
*ဘာကြောင့်ဖြစ်စေ၊ လူမရှိလျှင်...*
*စကားမပြောရပါ။*
*သွေန်သင်သည် အဆောက်အအုံ...*
*၏အောက်သို့ ဝင်လိုက်၏။ ရွာဆိုးဖြစ်...*
*သည်မှာ ကြာခဲ့ပုံရ၏။ အဆောက်အအုံ...*

www.burmeseclassic.com

ပေါ်တွင်ပင်ပင်ငယ်နွယ်ရိုးများတွယ်ရစ်ပေါက်ရောက်နေ၏။ အောက်ထပ်သည် နံရံများအပြည့်ရှိနေ၍မှောင်ရိပ်တွေများသည်၊ အပေါ်ထပ်သည် အမိုးကင်းမဲ့နေ၍ပို၍လင်းနေနိုင်၏။ ခပ်လှမ်းလှမ်းတွင် လှေကားကိုတော့ မြင်ရ၏။ သို့သော် ဘယ်လောက်ခိုင်သေးသလဲကို သူမသိချေ။ သိရန်လည်း မကြိုးစားချင်တော့ပါ။ ခြေထောက်တွေ ညောင်းလှပြီ၊

ထို့ပြင် လူတွေကို ကြောက်၍ ပြေးလာသော သွေန်သင်သည် မှောင်ရိပ်ကို ဝင် နစ်သက်ရပါတော့မည်။ တံခါးရွက်များ၊ သစ်သားပေါင်များ မရှိတော့သော ပြတင်းပေါက်များမှ လရောင်သည် တိုးဝင်နေ၏။ ထို့ကြောင့် သွေန်သင်သည် ပြတင်းနှစ်ခုအကြား မှောင်ရိပ်တစ်နေရာကို ရွေးသည်၊ မူလကပင်အတော်ရှင်းလင်းနေသောနေရာကို ရွေး၏။ သို့မှသာ သူ အနည်းငယ် ထပ်ရှင်းလိုက်ရုံနှင့် တစ်ယောက်အိပ်စာနေရာကလေးကို ရပေမည်၊

သွေန်သင်သည်ပုဆိုးကိုပြင်၍ဝတ်တာ အပေါ်ပိုင်းကို ပုဆိုးစဖြင့် ရစ်ပတ်လွှမ်းခြုံ၍မှောင်ရိပ်တလင်းပြင်တွင်ကွေးကွေးကလေး လှဲလိုက်သည်၊ သူ့တွင် အင်္ကျီမပါသဖြင့် ပုဆိုးအပေါ်ပိုင်းနှင့် ရစ်ပတ်ရခြင်းဖြစ်သည်။ လဲလျောင်းလိုက်ခါစတွင်စိမ့်တိမ့်တိမ့်တော့ဖြစ်သေးသည်၊ သို့သော် အစားအစာနှင့်ဝေးခဲ့ပြီး ပြေးလွှားလာခဲ့ရသည်ဖြစ်သောကြောင့်ခဏအတွင်းပင် သွေန်သင်သည် အိပ်ပျော်သွားလေတော့၏၊

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ၊ "ဟပ်ချိုး–ဟပ်ချိုး" နှင့် ချေ ဆတ်၍ နိုးလာသည်၊ ဦးခေါင်းကိုသာ ထောင်၍ ပတ်ဝန်းကျင်အခြေအနေကို ကြည့်လိုက်သည်၊

လသည်ပင် အတော်မြင့်လာ၏၊ လရောင်သည် နံရံနားသို့ ရောက်ရှိနေပေပြီ၊ ကြမ်းပြင်ပေါ်ရှိအပင်ငယ်ကလေးများသည် တိုးဝှေ့သံနှင့် ဟိုကသည်တလှုပ်ရှားသွား၏။ ကြွက်တွေ သွားနေကြသည်ထင်ရသည်၊

ပတ်ဝန်းကျင်သက်မဲ့တို့သည် ငြိမ်သက်နေသည်၊ ရှိစုမဲ့စု သက်ရှိသတ္တဝါတွေကလည်း လူများ မဟုတ်သဖြင့် စကားမပြောကြ၊ ကောင်းလေစွဟု စိတ်က တစ်ချက်တွေးရင်း သွေန်သင်သည် ချောင်းတစ်ချက်ဟန့်ကာ ဦးခေါင်းကို ပြန်ချ၍ ကိုယ်ကို ပြောင်းလိုက်သည်၊

ချက်ချင်းလိုလိုပင် သူသည်ဦးခေါင်းကို ပြန်ကြွ၍နားစွင့်မိ၏၊

ခြေသံတလှုပ်လှုပ်လိုလိုကြမ်းပြင်အချို ကျွိသံလိုလို ကြားလိုက်မိသောကြောင့်ပင်ဖြစ်သည်၊

သေသေချာချာ စူးစိုက်နားထောင်နေ၍သေချာလာ၏။

တစ်စုံတစ်ယောက်သည်ဂရုစိုက်၍နင်းကာလှမ်းနေသည်၊ သွေန်သင်သည် ချက်ထဲတွင် ထိတ်ခနဲဖြစ်သွားကာ ကိုယ်ကိုလက်ထု၍နံရံကိုမှီထိုင်ရင်း အသံကိုနေရာသတ်မှတ်နေ၏၊ မျက်လုံးများကလည်း မှောင်ရိပ်များဆီသို့ အနှံ့လိုက်ကြည့်သည်၊

တိုးလိုးတွဲလွဲပုဉ်ချပ်ကို လေတိုး၍ သား၊

မဟုတ်ပါ၊ ခြေသံစစ်စစ်ဖြစ်သည်၊ ခြေသံမှာ လူ၏ခြေသံဟု သိနိုင်ပါ၏၊ ဂရုပြု၍နင်းနေသောကြောင့်သာ သံမကျယ်ခြင်း ဖြစ်သည်၊ တလှုပ်သည် ကြားပြတ် ရှိန်မှန်မှန်နှင့် ပေါ် နေရုံမက ကြမ်းပြင်တို့၏မညီညွတ် နေရာတွင် ကျွီခနဲ စီခနဲ အသံလေးများပင် ပါဝင်ရောစွက် ထွက်ပေါ် တတ်သည်၊

သွေန်သင်သည် မော့ကြည့်၏၊

အပေါ်ထပ်ကြမ်းပြင်သည် တော်တော်ကောင်းသေး၏၊ အကြားမထင် ဖောက်ထွင်းမမြင်နိုင်ချေ၊ ခြေသံသည် အပေါ်ထပ်မှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သူ မှန်းဆနိုင်ပေပြီ၊ သူ၏ ချေဆတ်လိုက်သောအသံသည်အပေါ်ထပ်တွင်ရှိနှင့်သောသတ္တဝါကိုဖိတ်ခေါ်လိုက်လေပြီလော၊

သွေန်သင်၏မျက်လုံးတို့သည်လှေကားဆီသို့ကြည့်မိ၏၊ သို့သော်အခေါ်တခြေသံသည်လှေကားထိပ်နှင့်နည်းနည်းဝေးသေး၏၊ သွေန်သင်သည် အောက်ထပ်မတ်တတ်ပေါက်တစ်ခုကို တော့်၍ကြည့်၏၊ သူ့ခြေရင်းဘက်အစွန်တအပေါက်ဖြစ်သည်၊ ထိုအပေါက်ကိုဖြတ်၍ကြည့်လျှင် လရောင်တွင် ဤအိမ်၏အရိပ်ကြီးကိုမြင်နိုင်၏၊ လှေကားထိပ်ဆီဘက်တွင် နံရံတွေပျက်နေကြောင်းအရိပ်ကြီးတွင်မြင်နိုင်သည်၊ အကယ်၍အပေါ်ထပ်က သတ္တဝါသည် အောက်သို့ဆင်းရန်လှေကားထိပ်သို့ရောက်လျှင်မြေပြင်ပေါ်တွင် သူ၏အရိပ်သည် ပေါ်ထွက်လာရမည်ဖြစ်၏၊

ခြေသံသည် တလှုပ်လှုပ်နှင့် လှေကားထိပ်နားသို့ရောက်လာ၏၊ သွေန်သင်သည်လည်း အသက်ကိုပင် မရှူဝံ့ပဲ ခြေ



www.burmeseclassic.com

www.burmeseclassic.com

ကြီးဆီသို့သာ လှမ်း၍မမိုတ်မသုန်ကြည့်နေသည်၊

ဟော - ပေါ်လာလေပြီ၊ သို့သော်ကိုယ်တစ်ဝက် ခန့် အရိပ်သာဖြစ်၏၊ အောက်ပိုင်းမှာ နံရံပျက်အရိပ်ထဲသို့ ဝင်ထွေးသွားသည်၊

အရိပ်ကိုမြင်ရုံနှင့်အကောင်ကိုမခွဲခြားနိုင်ချေ၊ ဆံပင်ဖိုးရိုးဖားရားနှင့်အရိပ်ညည်းမည်းကြီးသာ ဖြစ်၏၊ အဝတ်ကြီးထမ်ခုတို လွှမ်းခြုံထားသလို ကိုယ်ခန္ဓာသဏ္ဌာန်လည်း မကွဲပြားချေ၊ အရိပ်ကြီးသည်တရိပ်ရိပ်နှင့်နိမ့်ဆင်း၍ နံရံရိပ်များတွင် ဝင်ရောက်ကွယ်ပျောက်သွားလေ၏၊

သွေန်သင်သည် တုတ်တုတ်မျှပင်မလှုပ်ဝံ့ပဲ လှေကားဆီသို့ ကြည့်မိပြန်သည်၊ လှေကားသည်သူ့ဘက်မျက်နှာမူထားသော်လည်း လရောင်နှင့်ဝေးသဖြင့်ဝိုးတဝါးသာ မြင်နိုင်ပေ၏၊

လှေကားဆန်များသည် ပို၍အသဲမြည်သည်တစ်လှမ်းဆင်းတိုင်းတစ်ချက်မြည်၏၊ သွေန်သင်မှာ အသက်ကိုပင်အောင့်ထားမိ၍မတုန်မလှုပ်လှေကားကိုစိုက်ကြည့်နေသည်၊ ခြေသံအရဆိုလျှင်အောက်သို့ရောက်လောက်ပေပြီ၊ မျက်စိတွင်ကား မည်းမည်းရိပ်ကြီးကိုသာမြင်နေရ၏၊

မည်းမည်းသဏ္ဌာန်ကြီးသည်လှေကားရင်းတွင် ခဏရပ်နေ၏၊ စောစောကချေဆတ်သံကြားသောနေရာကိုမှန်းဆနေပုံရသည်၊

သွေန်သင်မှာ ကိုယ်တွေ တဆတ်ဆတ်တုန်လာသည်၊ ဘာလုပ်ရမှန်းမသိချေ၊ ခါးတွင်ထိုးထားခဲ့သောထင်းခွေဓားကလေးမှာလည်း လှေမှောက်ရာတွင်ရေထဲကျရစ်ခဲ့ပြီဖြစ်၏၊ မည်သည့်လက်နက်မျှ မရှိပဲလျက် အမျိုးအမည်မသိအန္တရာယ်ကို ရင်ဆိုင်ရပေတော့မည်၊

“လောကပါလနတ်များ မ.လို့ ငါ့ကိုမတွေ့ပါစေလင့်”

ရင်ထဲက မထွက်သောအသံဖြင့်ကျယ်လောင်စွာ ဆုတောင်းမိသည်၊ သို့သော် သူ့ဆုတောင်းသည် မပြည့်ချေ၊

မည်းမည်းရိပ်ကြီးသည် သူ့ဆီသို့ဦးတည်၍ တရွေ့ရွေ့တိုးလာခဲ့သည်၊

တစ်စတစ်စနှင့် နီးလာသည်တတစ်ကြောင်း၊ နောက်ခံပြုနေရသောတံခါးမဲ့ပြတင်းပေါက်များကို ဖြတ်သန်းလာရသည်က တစ်ကြောင်းကြောင့်သဏ္ဌာန်မှာ ပို၍ထင်ရှားပီပြင်လာ၏၊

ဆံပင်တို့သည် လည်ကုပ်နားဆီတွင်ပုံ့ဝဲနေ၏၊ ဆီကင်းမဲ့နေသလိုဦးဆံကြီးမှာပွယောင်းနေလေရာဦးခေါင်းကြီးသည် အဆမတန် ကြီးနေသည်ဟု မှတ်ဆင်၏၊ ပခုံးမှစ၍ ခြေသလုံးတစ်ဝက်လိုင်အောင် စောင်ဟုယူဆရသော ဖျင်ကြီးကိုလွှမ်းခြုံထားသည်၊ အရပ်ကြီးမှာလည်း ခြောက်ပေနည်းပါးခန့် ရှိ၏၊ ပါးသိုင်းမုတ်ဆိတ်များ ရှိသည်ဟူ၍သာအမန်းအားဖြင့် ယူဆရရုံက လွဲ၍ မျက်နှာသွင်ပြင်သည် သဲသဲကွဲကွဲ မရှိချေ၊

ထိုသဏ္ဌာန်သည်လည်းသွေန်သင်ကို ဝိုးတဝါး မြင်မိပြီဖြစ်ပုံရ၏၊ တရွေ့ရွေ့နင်တစိုက်မတ်မတ် ချဉ်းကပ်လာတော့သည်၊ သွေန်သင်ကား တွေ့ကြုံသမျှသေးအက် ငုတ်တုတ်ပင် ခံတော့မည်ဟုစိတ်ကို လျှော့၍ ချဉ်းကပ်လာသောအန္တရာယ်ကိုငေး၍သာကြည့်နေမိတော့သည်၊ သူ့တွင် ဆန့်ကျင်ရန်အင်အားမရှိတော့ပါ၊

သဏ္ဌာန်ကြီးသည် သူနှင့် နှစ်လံအကွာလောက်တွင်ရပ်သွား၏၊ ခြေထောက်ပိုင်းသည်ပြတင်းပေါက်တစ်ခုမှဝင်လာသောလရောင်အောက်တွင် ရောက်နေ၏၊ ခြေများကျယ်ကားသော ခြေထောက်ကြီးများတွင် သားရေလျှာဖိနပ်ကြီးသိုင်းကြိုး စီးနင်းထား၏၊

ရုတ်တရက်စောင်ခြုံကြီးသည်လှုပ်လှုပ်ရှုရှုဖြစ်သွားကာ ရှမ်းခနဲအသံနှင့်အတူလက်ယာလက်ကိုဆန့်ထုတ်လိုက်သည်၊ လက်ခနဲဖြစ်သွား၏၊ လရောင်ကွက်တွင်ဓားဦးသည်ကျရောက်နေတာသွေန်သင်၏ရင်ဝဆီသို့ အဝေးမှ ချိန်နေသည်၊ ခြေတစ်လှမ်းတိုး၍ အင်အားကိုထည့်သွင်းလိုက်ရုံနှင့် ထိုဓားဦးသည်သွေန်သင်၏ရင်ကို ထုတ်ချင်းခတ်ဖြတ်၍ထွက်သွားမည်သာ ဖြစ်သည်၊

စိတ်လျှော့ထားပြီဖြစ်သော သွေန်သင်သည်တုတ်တုတ်မျှမလှုပ်သောအခါတွင် အသံစိမ်းသည် ထွက်ပေါ်လာလေ၏၊

“မောင်မင်း - အသူဖြစ်ပါစ့်”

“သွေန်သင်”

“ပဏာအကြောင်းကြောင့် အခါမဲ့ဝင်ရောက်လာပါစ့်”

“အတို့ကျွန် - အန္တရာယ်စိုးရွံ့လို့ထွက်ပြေးခဲ့တာပ၊ ချောင်းကူးခဲ့ရပြီး တစ်ဖန်တောကိုကျော်ရလို့အားကုန်နေပြီပ၊ ညဦးစာလည်း မစားရလတ်သေးအား၊ သည်နေရာမြင်လတ်တော့ရွာဆိုးအမှတ်မှားပြီး ယခုကဲ့သို့ တည်းခိုခြင်းပ၊ ပိုင်ရှင်ရှိအံ့ မထင်ခဲ့လတ်သေး”

စောင်ခြုံ၍ ဓားကို ကမ်းချိန်ထားသောသူ၏အထံမှ ရယ်မောသံထွက်ပေါ်လာသည်၊

“ငါသည်လည်း ပိုင်ရှင်မဟုတ်အား”

www.burmeseclassic.com

ပြောပြောဆိုဆိုနှင့် သူသည်ဓားကို ရွတ်၍ အအိမ်သို့ ပြန်သွင်းသံ ကြားရသည်၊

"ရှိစေ - မောင်မင်းစကားကိုသာ ငါတို့ကြားရခြင်းရှိလတ်သေး၊ မယုံသာသေးပြီအား၊ မတ်တတ်ရပ်ပြီး လရောင်အောက်ထွက်ဘိ"

ငသွန်သင်သည် သူရိုင်းသည့် အတိုင်းပင်ပြတင်းလရောင်အောက်သို့ သွားရပ်၏၊ လူကြီးသည် သူ့ဖနရာတွင် လတ်မြင့် လျှောက်စမ်းသည်၊

"ပစ္စည်းပယ်မဲ့လှတကား၊ စွတ်ထိုင်းလှချည့်၊ မောင်မင်း မိုးမိလာနီးတယ်"

"ဩ - ဩ - မိုးမိရုံမက လေမှောက်လို့ ချောင်းပင် ကူးခဲ့ရလတ်သေး"

လူကြီးသည် တစ်ချက်ရယ်ပြန်၏၊

"ဘဝဟူတာ ကူးခတ်နေရစမြဲပ၊ လာ - ပြန်ထိုင်ဘိ"

ငသွန်သင်သည် သူ့ဖနရာတွင် သူပြန်ထိုင်၏၊ လူကြီးက သူ့ဘေးနားတွင် ထိုင်သည်၊

"ငါတို့နာမည်က ငအုန်းသီး ဖြစ်စွ၊ မောင်ရင့်နာမည်ကို ကျုပ် မသိ၊ သည်နည်းတူ မောင်ရင်လည်း ငါတို့ကို သိအံ့မထင်ပြီအား"

"ဩ - ဟုတ်စွ၊ အတို့ကျွန် ဝရီးအုန်းသီးကို မသိပါ"

"ရှိစေ - အမြင်စိမ်းပေမယ့် သူစိမ်းမဆိုသာပြီပ၊ သံသရာမှာ တွေ့ခဲ့လို့သာ ယခု ကြိမ်ခြင်းဖြစ်စွဟုတ်တာ၊ အနို့ဝေမဲ့၊ မိတ်ကြိမ်ကြိမ်သလော၊ ရန်ကြိမ်ကြိမ်သလောတော့ အတတ်မဟူသာပြီအား၊ ကိုင်း - ငါမေးတာဖြေဘိ၊ မောင်ရင် ပသို့အန္တရာယ်ကို ကြိမ်ရပါစ့်"

"ချောင်းတစ်ဖက်ကမ်းက ဒဟတ်ကြည်းတောအုပ်ကို ဝရီး သိပါစ့်"

"မသိတကား၊ သည်အရပ်ဟာ ငါ့အတွက် နယ်စိမ်းသာ ဖြစ်တမ့်"

"အယင်းတောအုပ်မှာ အတို့ကျွန် ထင်းခြောက် အကောက်လာခဲ့တာ၊ တောအုပ်လယ်မှာ တစ်ရွာတည်းသား ငပိန်နဲ့ ကြိမ်တယ်၊ အယင်းရဲ့ကျောမှာ ဓားတင်းလင်းရှိစွ၊ မှုခဲ့သသူတွေ နှစ်ဦးထင်နီးတယ်၊ သင်းတို့ ပြေးကြပြီ၊ ငပိန်ဟာ အတို့ကျွန်ရဲ့ ရင်ခွင်အဝင်မှာ အသက်စွန့်သွားရလတ်တယ်"

"မောင်ရင့်မှာ ဓားလက်နက် တစ်ခုတစ်ရာမှဲ့ပါစ့်"

"ထင်းခွေဓားမငယ်သာ ပါရှင်း၊ အနို့ပြီး - အယင်းတို့က နှစ်ဦးရှိ၊ သူသတ်သူ့သွမ်းတွေမှာ ဓားလက်နက်ရှိမှာပါ"

"ငပိန်မှာ ထိုးခဲ့တာ ပသို့လက်နက် ဖြစ်ပါစ့်"

"ခါးချပ်ဓားမြှောင်ငယ်ပါ"

"အိမ်း - သင်းတို့မှာ မုချတစ်ယောက်တော့ဓားရှည်ပါမှာပ၊ ပသို့ရှိစေ၊ နှစ်ယောက်တစ်ယောက်ဟာ လူရေတွာလှအား၊ မောင်ရင်ထက်ကြပ်လိုက်သင့်တာပ၊ ကိုယ့်ကို ထိစေဦး၊ အယင်းအိုးထဲမှာယုတ်စွတစ်ယောက်ကဒဏ်ရာရမှာပ"

"မှိုင်းမိသကဲ့သို့ ဖြစ်လတ်နီးတယ်"

"မဟုတ်တကား၊ မောင်ရင်ကလည်း ကြောက်ဖြစ်နီးတယ်၊ ယောကျ်ားမြင်တကား"

ငသွန်သင်သည် မျက်နှာနီ၍ခေါင်းငုံ့လိုက်၏၊ ပြီးတော့၊ ခေါင်းငုံ့လျက်ကပြောသည်၊

"မှန်တာမှုရင်း သေမင်းကို ရဲရဲရင်ဆိုင်ဝံ့သသူဟူရင် ယောကျ်ားပီပြင်သလို့ အတို့ကျွန် မြတ်နီးတယ်၊ တစ်ပါးသူကို သတ်ဝံ့၊ ဖြတ်ဝံ့တာ မိန်းမသော်မှ ရှင်နိုင်လတ်သေး၊ သတ်ဝံ့သသူတိုင်း ခံဝံ့သသူ မဟူနိုင်တကား"

ကောတိတ်သွား၏၊ ဦးအုန်းသီးသည် သူ့ကိုမှောင်ထဲကစိုက်ကြည့်နေပုံရ၏၊ ကြာမှ ဦးအုန်းသီးက ရယ်၍ ပြောသည်၊

"ဟဲဟဲ - မောင်ရင်သေသည်အထိ အသက်ရှည်ရင်တော့ မောင်ရင် ယောကျ်ားပီ၊ မပီ ကျုပ်သိရမှာပ ရှိစေ၊ ယခုတော့ အစာစားဘိဦး"

ဦးအုန်းသီးသည် အပေါ်သို့ တစ်ခေါက် ပြန်တက်သွား၏၊ ပြန်ဆင်းလာသောအခါတွင် ထမင်းခြောက်ကြော်၊ အမဲကင်နှင့် ထန်းလျက်ဖြူဆုပ်များကို နီးခွက်ကြီးနှင့် ထည့်ခဲ့ပြီး ရေနွေးကရားနီးခွက်ငယ် နှစ်ခွက်ပါ ယူလာသည်၊

ရေနွေးကတော့ အေးလှနေ၏၊ သို့သော် ငသွန်သင်သည် မြိန်ယှက်စွာ စားရသည်၊ ဦးအုန်းသီးကမူ ရေနွေးကိုသာ သောက်ရင်း စကားပြောနေ၏၊

ဦးအုန်းသီးက ရွာက ကလန်ကြီးတို့အဖြစ်မှန်ပြောပြ၍မရပါသလောဟု မေးသဖြင့် ငသွန်သင်က မလွယ်ကူကြောင်း၊ ငပိန်သည် ယောက်ဖလောင်း ဖြစ်သည်မှန်သော်လည်း နှမဖြစ်သူ အိုနှောင်းနှင့် ချစ်နိုးထင်သည်ကိုပင် သဘောမတူကြောင်း၊ မိမိကို မျက်စိမတည့်ကြောင်း ရွာထဲတွေ ပြောထားကြောင်းများကိုပြန်ပြောပြ၏၊

"အတို့ကျွန်ကို ငပိန် မျက်မုန်းကျိုးတာ တစ်ရွာလုံးစပ်သိမ်း သိနေတကား၊ အနို့ပြီး - သည်ကိစ္စမှာ အိုနှောင်းကိုယ်တိုင် တစ်ဝက် အထင်လွဲမှားနိုးလတ်တယ်၊ အတို့ကျွန်ကကိုယ့်ကိုသတ်လို့သာ



www.burmeseclassic.com

www.burmeseclassic.com

ဟုနိုင်ဘိတယ်။ သတ်သသူကို မဖော်နိုင်ရှိလို့ ရွာကို မပြန်ဝံ့ပြီအား"

"အိမ်း - မိန်းမဟူသည် ဉာဏ်တိမ်လှတကား။ လူကောင်းကို လူဆိုးမှတ်၊ လူဆိုးကို လူကောင်းမှတ်၊ သင်းတို့အမှတ်မှားလို့ ရေတိမ်မှာ နစ်ကြရတာ မနည်းပြီကော"

ထိုညအဖို့ ထိုမျှနှင့်သာ စကားပြတ်သွားကြသည်။ ဦးအုန်းသီးသည် သွေ့န်သင်ကို အပေါ်သို့ခေါ်၍ သူနှင့်အတူ အိပ်စေ၏။ အပေါ်တွင်ထောင့်တစ်နေရာ၌ အမိုးကလေး တစ်ဝက်တစ်ပျက် ကျန်နေရစ်ရာ ခြောက်သွေ့၍လေလုံမိုးလုံရှိလှ၏။ ကြွက်များ၊ ပိုးမွှားများလည်း ကင်းရှင်း၏။ ဦးအုန်းသီးတွင် ပစ္စည်းအနည်းငယ်သာရှိရာ သူသည်လည်း ခရီးသည်ဖြစ်၍ တစ်ထောက်တစ်စခန်း အပန်းဖြေခြင်းသာ ဖြစ်မည်ဟု ယူဆရသည်။ သို့သော် အသက်ခြောက်ဆယ်နီးပါး ခရီးသည်ကြီး၏ ခရီးအစနှင့် အဆုံးကို သွေ့န်သင်သည် ဘာအရိပ်အမြွက်မျှမရပါချေ။

ဝမ်းလည်းပြည့်၊ စိတ်လည်း အေးသွားပြီဖြစ်သဖြင့် သွေ့န်သင်သည် ခေါင်းချလိုက်သည်နှင့် ပျော်သွားတော့၏။ စောစောကဦးအုန်းသီးကငန်းဆေးတစ်ခွက် တိုက်လိုက်သောကြောင့် ချေဆတ်ခြင်း၊ ချောင်းဆိုးခြင်းပင် မဖြစ်တော့ပဲ အိပ်မောကျသွားသည်။

နောက်နေ့ အိပ်ရာမှ နိုးသောအခါတွင်ကား မိုးစင်စင်လင်းနေပြီဖြစ်၏။

ဦးအုန်းသီးခပ်ထားသော ဝါးကျည်တောက်မှရေနှင့် မျက်နှာသစ်ပြီး နောက် ရေနွေးနှင့် အမဲခြောက်များကို စားကြသည်။

"ဒါထက် - မောင်ရင်တို့ရွာက ဘာရွာဖြစ်ပါစ့်"

"မန်ထံရွာပေပ - ဝရီး"

"ရော - မန်ထံရွာ - ဟုတ်စ့်"

"ဩ - မန်ထံရွာဖြစ်စွ ဟုတ်တာ"

ဦးအုန်းသီးသည် သွေ့န်သင်ကို မျက်လုံးကြီးတွေပြူးကြည့်၍ သွေ့န်သင်မှာလည်း အလန့်တကြား ပြန်ကြည့်နေမိရင်းက -

"ဝရီးရောက်ဖူးပါစ့်" ဟု မေးသည်။

ဦးအုန်းသီးသည် ခေါင်းကို သွက်သွက်ခါအောင် ယမ်းပြ၏။

"ဝေးလေးစွ - သည်နယ်မြေတာ ငါတို့အဖို့ နယ်စိမ်းပြင်ပြင်ဖြစ်တကား ဒါထက် - လက်ဝဲမျက်နှံးထက်မှာ မှည့်ကြီးနဲ့သူ ရှိပါစ့်"

သွေ့န်သင်သည် ပြန်စဉ်းစား၏ လက်ဝဲမျက်နှံးပေါ်တွင် မှဲ့ရှင်နှင့်လူ

သွေ့န်သင်၏ဦးနောက်သည် ပျာယာ တော်၍ ရှာဖွေ၏။

ဖေရုံ - သူတစ်ယောက်တော့ ရှိ၏။ သူသည် ဤရွာဇာတိမဟုတ်၊ လွန်ခဲ့သောသုံးလေးနှစ်ကရောက်ရှိလာသော အပ်ပါးဖြစ်သည်။ ကလန်ကြီး ဦးပြည့်သင်၏တူလည်း တော်၍ လုလင်ကျော်လည်း ဖြစ်သော ငဆေန်းနှင့် အတူနေသည်။

"ဖေရုံဟူသသူ"

"အိမ်း - ဖေရုံ။ ဟုတ်စွ - အယင်းသည်ရွာမှာ ရှိလတ်ပါသေးစ့်"

"ရှိစွ - မနေ့ နံနက်ခင်းကပင် မြင်ခဲ့ရတ်သေး။ နလင်ကျော် ငဆေန်းနဲ့ ပူးတွဲတွဲ ရှိလတ်စွ"

ဦးအုန်းသီးသည် သူ့စကားတွေကို တော်၍နားမထောင်တော့ချေ။ သူ့လက်ချောင်းကိုသာ ရုတ်တရက် ဖျစ်ညှစ်ဆုပ်ကိုင်၏။

"သွေ့န်သင်ငယ်၊ ငါ့ကို မန်ထံရွာသို့ ခေါ်။ ဖေရုံအထံ ဆိုက်ဆိုက်မြိုက်မြိုက်ပို့၊ အရေးအခွင့်ကြီးလတ်တယ်"

သွေ့န်သင်သည် တွေသွားတော့သည်။ ဤပုဂ္ဂိုလ်ကြီးသည်အစာကျွေး၍ ပေးသော ကျေးဇူးရှင်တော့ ဟုတ်ပေ၏။ သို့သော်သေတွင်းဆီသို့ပြန်ခေါ်နေသလားတော့၊ နွားကိုမသတ်မီ အစာကျွေး

သည်ကား သေလျှင် ဆူဖြိုးသောအသားကို စားရအောင်သာ ဖြစ်၏။ မိမိကို သတ်ဖို့အစာကျွေးခြင်းကား ဦးအုန်းသီးအတွက် မည်သည့်အကျိုး ရှိပါမည်နည်း။

"မဖြစ်နိုင်စွ - ဝရီးငယ်၊ အတို့တွင်ရွာကို မပြန်ပြီအား"

ဦးအုန်းသီးသည် သွေ့န်သင်ကို တစ်ချက်စိုက်ကြည့်သည်။ သွေ့န်သင်၏မျက်နှာမှာ ရွာကို လုံးဝမပြန်ပြီဟု သန္နိဋ္ဌာန်ချထားပုံမှာ ပေါ်လွင်နေ၏။

"မောင်ရယ် - ရွာပြန်လတ်ရင် မင်းအပြစ်ဒဏ်ခံရမှာ မဟုတ်လတ်သေး။ ကလန်က ဆင်ခြင်ရဦးမှာပ"

"မပြန်ပြီ - ဝရီး။ အတို့ကျွန်လေသာတလယ်မှ မျက်နှာငယ်နဲ့ ဝှန်းတောင်းစားရသော် စားရစေ၊ မန်ထံကိုတော့ မပြန်ပြီ။ အိုနေ့နောင်းအနား မနေရသော် မန်ထံနှင့် ဝေးရာကိုသာ သွားမယ်ပ"

ဦးအုန်းသီးသည် ဆတ်ခနဲ ထကာ နံရံကို မှီထောင်ထားသော ဓားကိုယူပြီး အအိမ်မှထုတ်သည်။ ထိုနောက် သွေ့န်သင်၏လည်ပင်းနားတွင် ဓားသွားကို တင်၏။

"သွေ့န်သင် - မန်ထံရွာဟာ မောင်မင်းအတွက် ယခုအချိန်မှာ သံသယအန္တရာယ်သာလျှင် ရှိလတ်တယ်။ ယခုငါ့ဓားကတော့ မုချအန္တရာယ်ပို့ မောင်မင်း





www.burmeseclassic.com

www.burmeseclassic.com

ကြိုက်ရာလမ်းသာ ရွေးပါဘိ၊ မန်ထံရွာလော၊ သေရွာလော ရွေးပါဘိ"

ဦးအုန်းသီး၏မျက်နှာသည်လွှန်စွာပင် တင်းမာခက်တရော်နေ၏၊ အသက်ကြီးသော်လည်းဖျတ်လတ်သောဤလူကြီးသည် သနားတတ်သလို ရက်စက်စရာရှိလျှင်လည်း ငဲ့ညှာမည့်လူကြီး မဟုတ်သည်ကို သွေန်သင် အကဲခတ်မိပြီဖြစ်သည်၊

❦❦

အိုနောင်းသည် တရှုံ့ရှုံ့ငိုကြွေးနေသည်၊

အခေါ်ဖြစ်သူ ဒေါ်ခင်ပွန်းက ဘေးနားက ဆေးတံသောက်ရင်း ချော့သည်၊

"သည်လိုပဲပ - လုံမငယ်။ အသက်တစ်ရာမနေရ၊ အမှုတစ်ရာကတော့ တွေ့ရတတ်တာပ။ ရုပ်နာမ်ခန္ဓာ သင်္ခါရ စီမံရာမို့ တရားနဲ့သာ ဆည်ပ - လုံမ အိုနောင်း၊ ငိုကြွေးနေလို့ကောလွှန်ခဲ့တာ ပြန်မဖြစ်တကား"

အိုနောင်းသည် မျက်ရည်များကို စိတ်လိုက်မာန်ပါနှင့် လက်ဖမိုးဖြင့် ပက်ထုတ်သုတ်ပစ်သည်၊

လုလင်ကျော် ငဆန်းသည် အိုနောင်းကို သနားသလို ကြည့်နေ၏၊

"တရားမှန် ဖြစ်ရပါစေ့မယ်၊ သင်း ဘယ်လောက်ဝေးဝေးတိမ်းနိုင်မှာဖြစ်ပါစုံ၊ ဇမ္ဗူဒိပ်ကျွန်းအလုံး ပုန်းချင်ရာ ပုန်းပါစေ ကျုပ် ရှာနိုင်ပါသော်ကော၊ မိလာခါမှ မျက်ရည်ယိုဦးမှာ ဖြစ်ပါစုံ"

အိုနောင်းကတလက်လက်တောက်ပသော မျက်လုံးဝိုင်းကြီးများဖြင့် ငဆန်းကို ဖျတ်ခနဲ မော့ကြည့်သည်၊

"သွေန်သင်ကို ဖမ်းမိလို့ သေစေတွေတော်ကျတောင်ပ၊ အတို့ကျွန် ပဏာကြောင့် ငိုရပုံ"

"ချော၊ ကျုပ်တို့ကြားခင်ရာသရွေ့က"

ငဆန်းက စကားရပ်ထား၏၊ ဒေါ်ခင်ပွန်းက ပျာပျာသလဲ ဝင်မေးသည်၊

"မောင်ရင်၊ ပသို့ကြားခင်ထားပါစုံ"

"သည်လုံမ အိုနောင်းနဲ့ သွေန်သင် တို့ ရည်ငံနေကြသယောင် ..."

ဒေါ်ခင်ပွန်းသည် လုံမဘက်သို့ ရှာခနဲ လှည့်ကြည့်၏၊

"ချစ်လှလှရှိတာပဲပ မဟုတ်ပါစုံ အိုနောင်း၊ ရည်ငံဦးပြီးတော့ မဟုတ်သေးတကား - မှန်ပါစုံ"

အိုနောင်းသည် မျက်လွှာကို ချ ဖြေသည်၊

"ရည်ငံလတ်စ - ဟုတ်တာ၊ အတို့ ကျွန်က အယင်းကို လူကောင်း၊ လူအေး ယုံမှားမိတယ်ကော၊ ယခုလောက်သူ မာသသူ လူမိုက်ဟူရင်မခင်တွယ်လတ်ပြီအား၊ အတို့ကျွန်ရဲ့ဖြူစင်တဲ့မေတ္တာ ပန်းကို နမ်းမျောလှပါဘိ"

ငဆန်းက ဆက်၍ပြောသည်၊

"ဒါကြောင့် - ကျုပ်မေးနေတာပ၊ မျက်ကွယ်မှာ မုန်းနိုင်ကတဲ့ မျက်မှောက်မှာကြိုးတင်းလင်းနဲ့ သေရအုံ၊ တွေ့တော်ကို နာစံဆဲကျရင် မယ်မင်းနှလုံး သည်း ခွတ်အရည်ပျော်ဆင်းမှာပ - သည်တော့ မှ မငိုလင့်"

"ချော - မငိုသေး - မငိုသေး၊ ကိုရင်ကြည့်ဘိ၊ အိုနောင်းသဘောခိုင်မြဲလတ်တယ်၊ ချစ်ရင် အသက်ကိုပါနှင်းပုံ၊ မုန်းပြီဟူရင် သင်းအသက်ကို ယူပုံ၊ စောင့်ကြည့်ရှာဘိ"

ငဆန်းက မပြုံးချင့် ပြုံးချင့် ပြုံးသည်၊

"ဒေါ်သမီးအေးရှိန်ရောက်မှ အခြေအနေ နေရာကျမှာပလေး ကြည့်ရသေး ပ၊ ကံကြီးလို့သာ သင်း လုပ်ကြံ ကြောင်း သိရတာ၊ ကျုပ်က ငပိန်ရဲ့ကြက် တိုက်နေတာတွေ့လို့ ဖမ်းပြီး ဟိုဟိုသည် ရှာလို့ ငပိန် မားတင်းလင်းနဲ့ သေ တာမြင်လတ်တယ်၊ သင်းတောအုပ် ထဲ ဝင်ပြေးတာလည်း အဝေးက မြင် လိုက်ရတယ်၊ ဒါတွေကို ကလန်ကြီး တော့ ကြားပြောပြီးလတ်တယ်"

ငဆန်းသည်ပြောပြီးသားတွေထပ် ပြောပြီးနောက် ပြန်ရန် မတ်တတ် ထလိုက်လေ၏၊

❦❦

နှစ်ယောက်သား ရွာဝသို့ ရောက် သည်နှင့်တစ်ပြိုင်နက် အုတ်အုတ်ကျက် ကျက် ဖြစ်သွားသည်၊

"ချော - သွေန်သင် - သွေန်သင် တကား"

ဘေးနားကလူသည် သူစိမ်းလည်း ဖြစ်ပြန်၊ အရေးမကြီးသဖြင့် ရွာသားတို့ သည် ဂရုမစိုက်ချေ၊

တစ်ခဏချင်းတွင်ပင် သွေန်သင်တို့ နားသို့ လူတွေ ဝိုင်းအုံသွားကြသည်၊

"လာဘိ - မောင်မင်းကိုမြင်ရာတွေ့ ရာမှာ ဖမ်းငင်ဖို့ ကလန်ကြီး တွေ့တော် ချထားလတ်တယ်၊ ယခု တောက်တပို လိုက်ပါဘိ"

လူများသည် သွေန်သင်ကို ဝိုင်း၏ လက်ကို ဆုပ်ကိုင်သူက ကိုင်သည်၊ ဦးဆံကို ဆွဲသူက ဆွဲ၏၊ ထိုအခါ အနား က ဦးအုန်းသီးသည် မားရိုးပေါ်သို့ တက် တင်လိုက်သည်၊ သူ ဤကဲ့သို့ ပြုမှုသည် ကို လူရှယ်အချို့မြင်ကြသဖြင့် သူ့ကိုပါ



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းအုံ၍ဖက်ရှုပ်ကာကလန်ကြီးအိမ်ဆီသို့ ဆွဲခေါ်သွားကြသည်။

"သွေ့န်သင်ပြန်ရောက်လာသတတ်" ဟူသောသတင်းစကားသည်ရွာတွင်းသို့ တစ်မုဟုတ်ချင်းပျံ့နှံ့သွားလေရာကလန်ကြီး ဦးပြည့်သင်၏ အိမ်ဝိုင်းတွင် လူတွေပြည့်ကျပ်သွားတော့၏။

သရက်ပင်ကြီးအရိပ်ရှိကွပ်ပျစ်ရှည်ပေါ်တွင် ကလန်ကြီး ဦးပြည့်သင် ထိုင်နေသည်။

သူ့ရှေ့ကမြေကြီးပေါ်တွင်သွေ့န်သင်နှင့် ဦးအုန်းသီးတို့ မြေပေါ်တွင်ပင် ထိုင်နေကြသည်။ သွေ့န်သင်သည် မျက်လွှာတို ချထား၏။ ဦးအုန်းသီးကမူ ခမောက်ကြီးကို မချွတ်ရုံမက ဓားလွယ်ကိုပင် မဖြုတ်ပဲ ခပ်တည်တည်ပင်ထိုင်ရင်းပတ်ဝန်းကျင်ကလူတွေကိုလိုက်လံကြည့်နေသည်။

ဦးပြည့်သင်၏ဘေးကွပ်ပျစ်အောက်တွင်လုလင်ကျော်ဆေန်းသည်ဓားလွယ်နှင့် ရပ်နေ၏။ မန်ထံရွာသည် အိမ်ခြေငါးဆယ်ကျော်မျှသာရှိရုံမက အလွန်လည်း သာယာအေးချမ်းသော ရွာကလေးဖြစ်ရာ ဦးပြည့်သင်သည် လုလင်ကျော်တစ်ယောက်သာ လက်စွဲထား၍ အုပ်ချုပ်သည်။

"ကိုင်း - တရားရှင်တွေရောစုံပါစ့" လူအုပ်ထဲကခေါ်ခင်ပွန်းနှင့်အိုနောင်းတို့ရှေ့ထွက်လာသည်။ သွေ့န်သင်သည် အိုနောင်းကို တစ်ချက်လှမ်းကြည့်၏။ အိုနောင်းသည် သူ့ကိုမီးထွက်လုမတတ် မျက်စိများဖြင့် တစ်ချက်ကြည့်ပြီး မျက်နှာကိုလွှဲသည်။ ဤတွင် သွေ့န်သင်ကား မိမိအတွက်အသက်ကိုတွယ်တာနေဖွယ်ရာအခင်းသည် အလျှဉ်းမဲ့လေပြီဟုမှတ်ယူလိုက်မိတော့သည်။

"ရော၊ အိုနောင်းတို့လည်းရှိနေပြီ။ သံဖမတွေကိုပဲ ခေါ်ခဲ့ကြပါဘိ"

ကလန်ကြီးကလုပ်ငန်းကိုခပ်သွက်သွက်လုပ်သည်။ "သံဖမ" ဆိုသည်မှာ ကလန်ကြီးတရားစီရင်ရာတွင်မမှားအောင် ဝိုင်းဝန်းကူညီ အကြံပေးသော ရွာထဲမှ သက်ကြီးရွယ်အို လူကြီးသူမများဖြစ်၏။ သူတို့သည် ကလန်ကြီးကို ကူညီစဉ်းစား၍ အကြံပေးကြရ၏။ အမိန့်စီရင်ချက်ကိုကား ကလန်ကြီးသာ ချမှတ်နိုင်သည်။ ကလန်ကြီးသည် ရွာသားများနှင့် အညီအညွတ် တိုင်ပင်၍ သံဖမများကိုခန့်ထားခဲ့သည်။ ဦးပြည့်သင်သည်တရားမှန်ကန်မှုကိုလွန်စွာလိုလားသည်ဖြစ်၍ သံဖမများကို သုံးဦးတိတိ ခန့်ထားသည်။

သံဖမများအနက် တစ်ဦးကိုသာ သွားရောက်ခေါ်ငင်ရ၏။ နှစ်ဦးမှာလူအုပ်ထဲတွင် ရှိနေပြီးဖြစ်သည်။

ကလန်ကြီးသည် ကွပ်ပျစ်စွန်းသို့ ရွှေ့ပေး၏။ သံဖမ သုံးယောက်တို့သည် ကွပ်ပျစ်ပေါ်သို့ ကလန်ကြီး၏ဘေးတွင် ဝင်ထိုင်ကြသည်။

ဤတွင်တရားဆင်ခြင်သည့်စတင်လေတော့သည်။

ပထမဆုံး ဆေန်းက မိမိ သိမြင်ရသလောက် ပြောပြသည်။ ဆေန်းနှင့် သူ့အပေါင်းဖော်ဖရှုံတို့သည် တောအုပ်သို့ယုန်ရှာသွားတွင် ငပိန်၏ကြက်ကလေး ပျောက်နေသည်ကို တွေ့ရသည် ဆို၏။ ဆေန်းမှာငပိန်နှင့်ကြက်တိုက်ဖက်ဖြစ်၍ ငပိန့်၏ကြက်မှန်း ချက်ချင်း သိသည်။ ကြက်ရှိလျှင် ငပိန်ရှိမည်ဆို၍ နှစ်ယောက်သားရှာဖွေရာတစ်နေရာတွင်ငပိန်သည် သွေးသံတန်းလန်းနှင့်လဲကျသေဆုံးနေသည်ကို တွေ့ကြရသည်။ တောအုပ်ထဲသို့ နေ့လည်းငယ်ဝင်ရောက်စူးစမ်းကြည့်ရှုရာ ထွက်ပြေးသွားသော သွေ့န်သင်ကို တွေ့ကြောင်းနှင့် နေလည်းဝင်လု၊ မိုးလည်းချုပ်ပြီပြင်သဖြင့် ပြန်လာရကြောင်း၊ ငပိန့်၏အလောင်းကိုပါ နှစ်ယောက်သားသယ်ခဲ့ရကြောင်းများကို ပြောပြ၏။

သံဖမတစ်ဦးဖြစ်သူ ဦးရစ်သင်တသွေ့န်သင်ကို လှမ်းမေးသည်။

"သွေ့န်သင် - ဆေန်းက မြင်သမျှကြားလတ်ပြီ၊ အမှုအခင်းက မောင်မင်းဘက် ဦးတည်နေလတ်ပြီ၊ မောင်မင်းနဲ့ ငပိန်တို့ စကားအငြင်းအခုံ ကတောက်ကဆတ်ဖြစ်ခဲ့ဖူးကြောင်းလည်း ရွာသားတွေအဟူစကားရှိလှပြီ၊ မောင်မင်း ဘာကြားဟူလိုပါသေးစ့"

သွေ့န်သင်သည် အိုနောင်းကို ဖျတ်ခနဲ တစ်ချက်ကြည့်မိ၏။ သူ ချစ်လွန်းရပါသော အိုနောင်းကား ရန်သူထက်ဝင်တင်းမာလှသော မျက်နှာထားဖြင့် သူ့ကိုမကြည့်ပဲ မျက်နှာလွှဲနေ၏။ သွေ့န်သင်သည် လူအများက အာရုံစိုက်၍ ဝိုင်းကြည့်ခြင်းခံနေရသည့်ကြားမှ သံဖမများသို့ မော့၍ဖြေကြား၏။

"သည်အရေးမှာ အတို့ကျွန်ဟူစရာမရှိပြီ"

"မောင်မင်းကငပိန်ကိုလုပ်ကြံတယ်လို့ ယိုးစွပ်ချက်ကို မောင်မင်း ခံယူပြီပ၊ သည်လိုဖြစ်ပါစ့"

"ဩ - စီရင်မယ့်ပြစ်ဒဏ်ကိုသာ နာခံနေလတ်ပြီပ"

ပရိသတ်သည် ငြိမ်ကျသွား၏။ ထိုခဏတွင် အိုနောင်းက ဝင်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com

"ကလန်ကြီးနဲ့သံဖမများပြား၊ အတို့ကျွန်နဲ့ သည်သွေန်သင်တို့ဟာ ရည်ငံလတ်ခဲ့ကြတယ်၊ အစ်ကိုပေိန်ဟာ ရည်ငံလုလုကိုပင် သဘောမကြိုက်ညီခဲ့ပါ၊ ယခုလည်း တောလယ်မှ အယင်းတို့နှစ်ယောက် အတို့ကျွန်အရေးနဲ့ပတ်သက်ပြီး ကတောက်ကဆတ် ဖြစ်နိုးတယ်။ အတို့ကျွန်ရဲ့အစ်ကိုဟာ အရှုးအမူးလုလင်ပါ၊ အနို့ပေမဲ့ – လူ့အသက်ကို သတ်တတ်ပါ။ ယခုလူတော်လူကောင်းလို့တစ်ရွာလုံးက မှတ်နေတဲ့ သွေန်သင်တာ ရက်စက်တဲ့မျိုးဇာတ်မို့သာ အစ်ကိုပေိန်တို့ သင်းသတ်ရက်တာ ဖြစ်မှာပ၊ တရားမှန်ကိုသာ စီရင်ကြပါဘိ"

သံဖမတို့သည် သွေန်သင်ဘက်ဖြန်လှည့်ကြ၏၊ ဦးလျှောင်းက လှမ်းပြောသည်၊

"သွေန်သင်ငယ် – ဟူဖွယ်ရာ ရှိရင်ဟူပါဘိဦး၊ ငါတို့ ဆင်ခြင်နိုင်တာပ"

သွေန်သင်ကတော့ ခေါင်းကိုလေးလေးစွာ ခါယမ်းသည်၊

"အတို့ကျွန်မှာ ဟူဖွယ်ရာမဲ့စွ ဟုတ်တာ"

ထိုခဏတွင် ခမောက်ကြီးနှင့် ဦးအုန်းသီးသည် သွေန်သင်၏ပခုံးကို လက်ဖြင့် ပုတ်၍ပြော၏၊

"မောင်ရင်၊ ငါ့ကိုဟူစဉ်က မောင်ရင်မလုပ်ကြံအား၊ လူနှစ်ယောက် တွေ့ခဲ့သတတ်ဟူတယ်၊ ယခုဟူပါဘိတော့"

ဦးအုန်းသီးက ကျယ်ကျယ်ပြောသည်ကို သွေန်သင်က ခေါင်းလေးငုံ၍ တိုးတိုးပင် ပြောသည်၊

"ဝရီးငယ် – မျက်မှောင်သက်သေမဲ့လုပါဘိတယ်"

ထိုအချိန်တွင်ဘယ်တုန်းကဆေးန်း၏ဘေးနားတွင် ရောက်နေမှန်း မသိရသော ဖေရှံသည် ခမောက်ကြီးနှင့်လူကို လှမ်းဝေါက်၏၊

"တစ်ရွာသားသူစိမ်း – ပဏာကြောင့် တစ်ပါးသူ အမှုအရေးမှာ ထွေးအောင်ရှိချယ်ပြီး ..."

သူ့ဆီက အသံထွက်လာ၍ လှမ်းကြည့်လိုက်ရာတွင်ဖေရှံမှန်းသိသည်နှင့် တစ်ပြိုင်နက် ဦးအုန်းသီးသည် ခမောက်ကြီးကို လှန်ချလိုက်သည်ဖြစ်သောကြောင့် ဖေရှံသည် ဦးအုန်းသီးကို မျက်နှာကိုမြင်သွားသည်တွင် စကားမှာ တစ်ဝက်တစ်ပျက်ကြီး ရပ်သွားလေတော့၏။

ဦးအုန်းသီးသည် ဖေရှံကို မီးထွက်လုမတတ် မျက်စိများဖြင့် စိုက်ကြည့်နေရာက ဖျတ်ခနဲခုန်၍အထလိုက်တွင်ဓား မှာလည်း ရှမ်းခနဲ ထုတ်ပြီး ဖြစ်သွားလေ

...ည်၊ ထိုအခါ ဖေရှံသည် အသားများ ...ဆတ်ဆတ်တုန်၍ ဆေးန်း၏ကျော ...တ်တွင် ဝင်ကွယ်သည်၊ ဆေးန်းသည် ...ည်း သတိရကာ သူ့ဓားကို ရှမ်း၊ခနဲ ဆွဲ ...တ်ပြီး ဆန့်တန်း၊ရင်း – "တစ်ရွာသား ...သိ၊ အတို့ကျွန်ရဲ့ဓားဟာ ဝိညာဉ်မဲ့လို့ ...တ်ကြီးဖြစ်ကတဲမရှိသေတတ်တကား" ...ပြောသည်၊

"ကောင်းစွ – မောင်မင့်ဓားက ကျုပ်...ရှိသေတတ်ကတဲ့ကျုပ်ဓားကိုတော့ ...ခို့ ဦးကျိုးရာမှာပ"

ပြောပြောဆိုဆိုနှင့် ဦးအုန်းသီး...ည် ဝေ့၍ ခုတ်ချ၏၊ ဆေးန်းက ကပျာ...သာ ပက်ထုတ်သည်၊ သို့သော် ...န်းသီး၏အားသည် သံမဏိအားဖြစ် ...ာ အရွေ့အလျား နည်းပါး၏၊

အသက်ချင်းကွာ၍ဆေးန်းက သွက်...ည့်ထင်ရ၏၊ သို့သော် လူတို့၏အထင် ...ည့် တက်တက်စင် လွဲချေ၏၊ ဦးအုန်း ...၏ လှုပ်ရှားမှုသည် သွက်ရုံမက ဓား...တ်တို့မှာလည်း ကလေးနှင့် လူကြီး ...ယ် ကွာခြားလှ၏၊

ဆိုခဏတွင် တုတ်တစ်ချောင်းဆွဲ...သာ ဖေရှံသည် ဦးအုန်းသီးကို ...တ်ကဝင်ရိုက်ရန် သွေန်သင်ကိုပတ် ...၏ ဤအချိန်တွင် မတ်တတ်ရပ်မိ

သူပြေးလတ်တော့ ကျုပ်သမီးဟာ အရှက်နှစ်ကြိမ် ရခဲ့ပြီပ။ သည်လိုနဲ့ နှစ်ရက်လောက်အကြာမှာ သင်းလည်ကို သင်း ဓားနဲ့လှီးလို့ ဘဝကို စွန့်ခဲ့ပြီကော လေ။ ကျုပ်နှလုံး ဖျင်ဖျင်ကွဲပြီပ။ သင်းကို ကိုယ်တိုင်သတ်ပြီးမှ သမီး နောက်လိုက်မယ် သန္နိဋ္ဌာန်ချခဲ့တယ်။ ရနိုင်သမျှ စကားအစအနတွေနဲ့ ကျုပ် ခြေရာကောက် ခဲ့ရတယ်။ နောက်ဆုံး မန်ထံရွာက သင်းရဲ့ ညီရဲ့ မိတ်ဆွေ တစ်ဦးအထံ ရောက်နေကြောင်း ခြေခြေမြစ်မြစ် သိရတယ်။

# ၄၄





www.burmeseclassic.com

www.burmeseclassic.com

ပြီဖြစ်သော သွေန်သင်က ဒူးကို ဝိုက်၍ ဖေရှံ၏ရင်ဝကို ဆောင့်ထည့်လိုက်ရာ ဖေရှံမှာ အင့်ခနဲမြည်၍ မြေပေါ်သို့ ဇင်ထိုင်လျက်ကျ၏။ သူ့လက်ကလွတ်သွားသော တုတ်ကို သွေန်သင်သည် ခြေတစ်ဖက်နင်း၍ ချိုးဖဲ့ပစ်သည်။

ငေးကြောင်၍ ကြည့်နေမိသော ကာလန်ကြီးဦးပြည့်သင်သည်ရုတ်တရက် အသိဝင်လာကာ လှမ်းအော်၏။

"ငြိမ်ကြစေ၊ ငြိမ်ငြိမ်ဝပ်ဝပ်ရှိကြစေ"

ကာလန်ကြီး၏ အောင်မြင်ခန့်ညား သောအသံ၏အဆုံးတွင် မားသံတွေ ရပ်စဲသွားလေ၏။ ရွာသားများကလည်း ဝိုင်းဝန်းဆွဲငင်ကာ မှုလကအတိုင်းပြန်၍ထိုင်စေသည်။

"ပသို့ဖြစ်ပါစုံ – တစ်ရွာသား စော်ကားသယောင် ရှိနေပြီကော"

ကာလန်ကြီးက ဤသို့ ပြောလိုက်သည်တွင် ဦးအုန်းသီးသည် ကာလန်ကြီးသံဇမများကို တစ်လှည့်စီကြည့်ပြီး ပြောကြားတော့သည်။

"ကျုပ်နာမည်က အောန်းသီးဖြစ်လတ်တယ်၊ အညာရပ် နွားမဲရွာက လာခဲ့လတ်သူပါ၊ ကျုပ်ဟာ နွားမဲရွာမှာ စာရေးသင်ဆရာကြီး ဖြစ်လတ်တယ်၊ အယင်း ဖေရှံဟာ ကျုပ်ရဲ့လက်ရင်း၊

တပည့်တစ်ဦးပေပ၊ တစ်နေ့မှာဖေရှံ ကျုပ်မရှိခိုက် သမီးကလေးအိုအိမ်သည် ကို သဘောမကြိုက်ညီဘဲ သံဝါသ လတ်တယ်၊ ကျုပ်ပြန်လာတော့လုံမ တိုင်တောတာပ၊ အနို့ပေမဲ့ – ဖေရှံ သံယောဇဉ်ကြီးလို့ ထိမ်းမြားပေးတယ ယခုနေ့လိုထိမ်းမြားပေးတယ်၊ နက်ဖြ နံနက်မှာ သင်းဟာထွက်ပြေးသွားလ တယ်၊ အိုအိမ်သည် လုံမက မျက်န ကလေးလှကတည်း ခြေတစ်ဖက်မသ လို့ဇင်ဒရွတ်သီသွားရရှာတဲ့လုံမပေ မယားပန်းမလှပြီပ"

"ရော ..."

နားထောင်နေသော ရွာသား သည် စိတ်ထိခိုက်သွားသလို ရေရွတ် အချို့ကစုတ်သပ်ကြ၏။ ဦးအုန်းသီးသ တံတွေးကို တစ်ချက်မျိုရင်း ဆက်ပြေ သည်။

"သူပြေးလတ်တော့ကျုပ်သမီး အရုက်နှစ်ကြိမ် ရခဲ့ပြီပ၊ သည်လိုနဲ့ ရက်လောက်အကြာမှာ သင်းလည် သင်း မားနဲ့လိုးလို့ ဘဝကို စွန့်ခဲ့ပြီ လေ၊ ကျုပ်နလုံးဖျင်ဖျင်ကွဲပြီပ၊ သင် ကိုယ်တိုင်သတ်ပြီးမှ သမီးနောက်လို မယ် သန္နိဋ္ဌာန်ချခဲ့တယ်၊ ရနိုင်သ စကားအစအနတွေနဲ့ကျုပ်ခြေရာတော

ခဲ့ရတယ်၊ နောက်ဆုံးမန်ထံရွာကသင်းရဲ့ ညီရဲ့မိတ်ဆွေတစ်ဦးအထံ ရောက်နေကြောင်း ခြေခြေမြစ်မြစ် သိရတယ်၊ အနို့ပေမဲ့ – မန်ထံရွာကိုမသိလို့ စိတ်ဖေးပြီး လိုက်လာခိုက် မရုက်ရေရှင်ရောင်းတစ်ဇက်ကမ်းစခန်းအချမှာ သွေန်သင်နဲ့ ဆုံစည်းခဲ့တာပ၊ ကောင်းလင့်ပြီ၊ ဖေရှံက သည်ရွာမှာနေနေပြီဟူတော့ကာလန်ကြီး တရားစီရင်ပါဘိ၊ ကျုပ် နာခံပုံ"

ဦးပြည့်သင်သည်ဖေရှံကိုလက်ပြ၍ သူ့ရှေ့တွင် ထိုင်နိုင်း၏၊ ဖေရှံကလည်း ထိုင်လိုက်ရသည်။

"ဖေရှံ – အယိုးအစွပ်ရှိလတ်ပြီ၊ မောင်မင်း ပဏာစကားကို ကြားလျှောက်လိုပါသေးစုံ"

"ဆရာကြီး ဦးအုန်းသီးဟူတာ အမှန်တွေမို့ မငြင်းသာပါပြီ"

"ကိုင်း – သံဇမတို့ပသို့ဆင်ခြင်မိကြပါစုံ"

သံဇမသုံးဦးသည်ခေါင်းချင်းရိုက်၍ တီးတိုးပြောကြ၏။ ထိုနောက် ဦးရစ်သင်က သံဇမတို့၏ကိုယ်စား ဦးဆောင်၍ ပြောတော့သည်။

"အမှုအခင်းနှစ်ခုစလုံးကို ရှင်းပုံ၊ သွေန်သင်အမှုမှာ သွေန်သင်ဘာတ်တိုင်းဟူဖွယ်ရာမရှိ ဝန်ခံခဲ့လို့ ငပိန့် သေစား

သေစေရုံသာရှိတာပ၊ ဖေရှံအမှုမှာလည်း သေစေစေတနာမပါကတဲ့ ရှိင်းရိုင်းမှု ပြုမှုခဲ့တာမို့ လုံမ သေခဲ့လတ်တယ်၊ တိရစ္ဆာန် တစ်ကောင်ကို သတ်ရာမှာ တရားဥပဒေမရှိတာမို့ သတ်ကောင်း သလို၊ ဖေရှံဟာ တိရစ္ဆာန်ထက် ယုတ်ညံ့ သသူမို့ဝသုန္ဒြေမြမလေးပင်စေခြင်းငှာ သင်းကိုလည်းအိုအိမ်သည့်သေတားသေ စေရုံရှိတာပ၊ ကာလန်ကြီးဆင်ခြင်ပြီးတွေ တော်ချပါဘိ၊ ငါတို့သံဇမတွေကတော့ သည်သို့ သဘောကြိုက်ညီကြတယ်ဝ"

ပရိသတ် သည် တိတ်ဆိတ်ငြိမ်နေသည်၊ ဦးပြည့်သင်သည် မျက်လွှာချ၍ တွေနေရာက ရွာသားများနှင့်တကွ အမှုရှင်များကို ကြည့်၍ပြော၏။

"နှစ်နှစ်နောနော ဆင်ခြင်ကြပါဦး လော့၊ အသက်တစ်ချောင်း ဖြစ်ခဲပါဘိတောင်း၊ ငါတို့တွေဟာ အသက်မဲ့တို့ အသက်ရှိမလုပ်နိုင်ကတည်း ရှိနေတဲ့ အသက်ကိုတော့ မဲ့အောင်လုပ်ရတာ ကောင်းလှချည့်တော့ မဟုတ်တတာ ဆင်ခြင်ကြပါဦး၊ စီရင်ရမှာက သုတ်သင်ရန်ချည်းသာ ဖြစ်လတ်တယ်၊ အနို့ပေမဲ့ အမှုရှင်တွေကိုယ်၌က သင့်လျော်ရုံတာ စီရင်ဘိ၊ အသက်ကိုတော့ မယုံပါလင့် ဟူရင် ငါတို့ စီရင်သာတယ်၊ သင်းတို့ကို လက်တစ်ဖက် ဖြတ်ပြီး နှင်ထုတ်လိုတ်

www.burmeseclassic.com

www.burmeseclassic.com

နိုင်တာပ၊ ကိုင်း - အိုနောင်းငယ် သွေန်သင့်အသက်ကို မယူဖို့ဂှာ ကျေနပ်ပါစုံ"

အားလုံးသည် လှူကြားထဲတွင်မတ်တတ်ရပ်နေသော အိုနောင်းကို လှည့်ကြည့်၏၊ သူ့အဒေါ်ခေါ်ခင်ပွန်းက တစ်စုံတစ်ရာပြောမည်ပြု၏၊ သို့သော် အိုနောင်းက လတ်ကုပ်၍ ဟန့်လိုက်တာ ရှေ့သို့ တစ်လှမ်းထွက်သည်၊

"တလန်ကြီးသြ - အတို့ကျွန်ရဲ့ ခင်တို့တာပယ်ဖျက်သုတ်သင်လောက်အောင် အန္တရာယ်မဟုတ်ပါပဲလျက်ရက်ရက်စက်စက် သုတ်သင်ခဲ့ပြီမို့ အတို့ကျွန်တွင်မလွှတ်နိုင်ပြီအား၊ သံဖမတို့ အစီအရင်တည်စေလတ်သေး"

ဦးပြည့်သင်သည် သက်ပြင်းကို တစ်ချက်ချ၏၊ ထိုနောက် ဦးအုန်းသီးကို လှမ်းမေးပြန်၏၊

"ငအုန်းသီး တစ်ရွာသားငယ် အသက်တစ်ချောင်းကယ်ကောင်းပါဘိ၊ မောင်မင်းလည်း ကြီးရင့်နေပြီကော၊ ငရဲ့ဟာ သေစားသေစေ အပြစ်ဒဏ်ခံရ လောက်စွ ဟုတ်တာ၊ အနို့ပေမဲ့ - မောင်မင်း ကျေနပ်ရင် သုတ်သင်ဖို့ မလိုပြီ၊ ကင်းလက်တစ်ဖက်ကိုဖြတ်ပြီးနင်ထုတ်လိုက်၊ သဘော ဘယ်သို့ရှိစုံ"

ဦးအုန်းသီးသည် မျက်လွှာကိုချ၍ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းသည်၊

"ဒုက္ခိတသမီးငယ်အတွက် နှလုံးသား ပူလောင်ချက် ငြိမ်းအေးဖို့ရာ ငရဲ မရှိမှ ဖြစ်ချေတော့မယ်ပ"

ကလန်ကြီးဦးပြည့်သင်သည်သက်ပြင်းချပြန်၏၊ ထိုနောက် စိတ်မကောင်းသောမျက်နှာဖြင့် စီရင်ချက် ချတော့သည်၊

"သို့ဖြစ်ရင် - နာဘိ၊ ခပင်းကြားသိစေ၊ တိရစ္ဆာန်ကျင့်ကျင့်၍တစ်ပါးသူတစ်ဦး အသက်ဆုံးရှုံးစေခဲ့သသူ ငရဲရော ငပိန်ကို ရက်စက်မိုက်မဲစွာ လုပ်ကြံခဲ့သူ တစ်ရွာတည်းသားချင်းဖြစ်သူ သွေန်သင်ရော - ယနေ့ညနေ နေဝင်ရိုးရီမှာ ရွာပြင်ထုတ် သုတ်သင်စေ - ထွေတော်"

ဦးအုန်းသီးမှာ တစ်ရွာသားဖြစ်နေ၍ ကလန်ကြီးအိမ်မှာပင်တည်းခိုနေရလေသည်၊ ကလန်ကြီးကျွေးမွေးသောနံနက်စာကို စားပြီးနောက် နောင်အိမ်ရှိရာသို့ ထွက်ခဲ့၏၊ သူ့ရင်ထဲတွင် သွေန်သင်အတွက် စိတ်မကောင်းကြီးစွာ ဖြစ်နေသည်၊

သူက ဓားမိုး၍ ခေါ်ခဲ့သဖြင့် လူအေးကလေး သွေန်သင် လိုက်ခဲ့ရရှာသည်၊ ကိုယ့်အကျိုးပြီးစီးရန်အတွက်သူ့အသက်ကို မငဲ့ကွက်ပဲ ခေါ်ခဲ့မိသလို ဖြစ်နေ၏၊ ဝင်စစ်တွင်ကား ဦးအုန်းသီး၏စိတ်တွင် သွေန်သင်အမှုမှာ လက်ဆုပ်လက်ကိုင်ရှိ၍သေလောက်အောင်တော့ဖြစ်မည်မဟုတ်ဟု မှတ်ယူခဲ့သည်၊ သို့သော်ယခုတော့ သေပြီးဆဲဆဲတွင် သူ ထွက်ပြေးသည်ကိုမြင်လိုက်သူ ရှိနေသဖြင့် သံဖမများကသူလုပ်ကြံသည်ဟုယုံကြည်သွားကြခြင်းဖြစ်၏၊ ခက်သည်မှာ သွေန်သင်ကိုယ်၌ကလည်း သက်သေမပြနိုင်၍ ကလေးပင်မည့်အတွေတူစကားမဟူတော့ပါဆိုနေ၏၊

ဦးအုန်းသီး၏ရင်ထဲတွင် လေးလံ‌ရသည်၊ အချိန်ကုန်လှူပန်းခံ၍ငရဲ ကိုတကောက်ကောက် လိုက်နေသော မိမိ၏ဒုက္ခကျိုးကားနပ်ပေပြီ၊ သို့သော် မိမိအကျိုးရှိဖို့အတွက် သွေန်သင်သည် အသက်ပေးခဲ့ရပြီဖြစ်၏၊

"ဝရီးငယ် - သတ်ဝံ့သသူတိုင်း သဝံ့တကား"

သူ့စကားကိုပြန်၍ကြားယောင်၏၊ သတ်ဝံ့သသူ ယောက်ျားပီသလျှင် သေ သူလည်းယောက်ျားပီသသည်သာ တော့မည်၊ မိမိကိုယ်မိမိ သတ်သေ မဟုတ်၊ ထွေတော်ကို ဦးနိုက်၍ ကောင်းတစ်ယောက်အနေနှင့် ခြင်းဖြစ်သည်၊

ရင်ထဲတွင် နာလာသဖြင့် ဦးအုန်းသီးသည် နောင်အိမ်ရှိရာသို့ လျှောက်လာခဲ့ခြင်းဖြစ်သည်၊ နောင်အိမ်မှာ ဦးပြည့်သင်၏ အိမ်နောက်ဘက်ခြံထဲတွင် သီးသန့်ဆောက်လုပ်ထားသော တင်းကုပ်ငယ်လေးပင်ဖြစ်၏၊ သုံးဘက်အလုံကာထားသည်၊ ရှေ့ဘက်တွင် သစ်သားတန်းတွေ ရိုက်ထား၏၊ အခန်းသုံးခန်းသာ ရှိသည်၊ ၎င်းမှ အေးရှမ်းသောရွာကလေးတွင် သုံးခန်းသည်ပင် များလှ၏၊

သည်ဘက်ဆုံးအခန်းတွင် သွေန်သင်ကိုထား၍အလယ်ခန်းကိုလွတ်ထားတစ်ဖက်အစွန်ဆုံးအခန်းတွင် ငရဲကိုထားသည်၊ ရွာသားလေးဦးသည် တုတ်၊ ဓားများ ကိုင်စွဲ၍ စောင့်ကြပ်နေကြ၏၊ နောင်အိမ်ခန်းများကိုမူ သံကောက်ချိတ်ထားသည်၊

သွေန်သင်၏ နောင်ခန်းရှေ့တွင် မိခင်ဖြစ်သူ ဒေါ်ရိုပ်သည် မြေလူး၍ ငိုသိနေ၏၊ ဖခင် ဦးပုံက ဖနီးကို ရှော့မော့ဆွဲတူခေါ်ငင်နေသည်၊

"သားငယ် - အမိကိုကြားဟုပါဘိ၊ လောကအမြင်ပသို့ရှိစေ၊ အမိစောဒက မဟူလိုပြီ၊ သားငယ်နှုတ်က သမီကို ကြားမြွက်ပါဘိ၊ ငပိန်ကိုမောင်မင်းမလုပ်ကြံစွဟုပါဘိ၊ ယင်းကို စီရင်ချက်ဟာ





www.burmeseclassic.com

www.burmeseclassic.com

တစ်ဘဝသာ ခံတာပ၊ မောင်မင့် ကိုယ်ချင့်သိက္ခာဟာ သံသရာကို ကူးပါဘိတယ်၊ အမိ စိတ်အေးရစေဖို့ မှန်တာကို တူပါဘိ"

ဒေါ်ရိပ်သည် ငိုယို၍ ပြောနေ၏၊ သွေန်သင်သည် သစ်သားတန်းကိုကိုင်တာ မိခင်ကို ဝမ်းနည်းစွာကြည့်ရင်းက ပြောသည်၊

"အမိ - အတို့ကျွန် - ငပိန်ကိုမသတ်ရဲ့ - ဟုတ်တာ"

"သား - သွေန် သင် - သည် ဘဝသည်မျှနဲ့ သေပါစေ၊ သံသရာ ဘဝကူးကောင်းလတ်ပြီ၊ အမိ ကျေနပ်ပါဘိ၊ သံသရာအတွက် သက်သေမလိုပြီး ကံတရားကို ညာက်ကစားလို့ မရပြီပ၊ သားသူတော်ကောင်းကို နတ်ကောင်းများ မယ်ပါစေ"

ဒေါ်ရိပ်သည်ငိုကြွေးပြန်၏၊ ဦးပုံ့ကတွဲ၍ရှော့ခေါ်နေသည်၊

ဦးအုန်းသီးသည် မြင်ရသမျှ စိတ်ရှုပ်သာသဖြင့် သူတို့ကိုကျော်လျှောက်သွား၏၊

"ဆရာငယ် - ဆရာ"

ငဖရုံသည် သစ်သားတန်းများကို အားငယ်စွာ လက်နစ်ဖက်နှင့်ကိုင်ရင်း ဦးအုန်းသီးကိုမြင်သော်လွှတ်ခနဲခေါ်၏၊ ဦးအုန်းသီးသည်ယောင်၍လှည့်ကြည့်မိပြီးမှ ငဖရုံကိုမြင်သော် ရှုက်ချင်းမျက်နှာလွှဲပစ်သည်၊

"ဆရာကြီးငယ် - ရျက်တစ်ဖြုတ်မျှနာပါဘိ၊ သွေန်သင်ရဲ့အသက်ကိုမကယ်ယူလိုပါစ့"

ဦးအုန်းသီးသည် ခြေလှမ်းတုံ့သွား၏၊ သွေန်သင်၊ သည်အမည်သည် သူ့ကိုခြေချုပ်လိုက်၏၊ သွေန်သင်၏အသက်ကို ကယ်ယူ - ဦးအုန်းသီးသည် ငဖရုံကိုလှည့်ကြည့်သည်၊

"ကြွခဲ့ပါဘိ - အတို့ကျွန် မိုက်မှားခဲ့သမျှကိုလည်း ကန်တော့လိုလတ်သေး"

ဦးအုန်းသီးသည်နောင်အိမ်ခန်းရှေ့သို့ ချဉ်းကပ်သွားသည်၊

"သွေန်သင်ရဲ့အသက်ကို ကယ်ယူလိုရင်အတို့ကျွန်ရဲ့အသက်ကိုကယ်နတ်ပါဘိ"

"ငဖရုံ - ညာက်များလှသော်ကောင်းပဏာစကားတွေ ဟူနေဘိတယ်"

"သည်နားချဉ်းခဲ့ပါဘိ၊ တိုးတိုးစကားကြားပါရစေ"

ဦးအုန်းသီးက မယုံ့၊ တယုံနှင့် ကပ်သွားသည်၊ သစ်သားတန်းတွေနားသို့ ရောက်သောအခါတွင် ငဖရုံသည် တန်းများကို မျက်နှာကပ်ကာ ခပ်တိုးတိုး ပြော၏၊ ခပ်လှမ်းလှမ်းကအစောင့်တွေမကြားစေရန်ဖြစ်သည်၊

တိုးတိုးသာပြောသည်၊ သူ့စကားက တော်တော် ရှည်၏၊ ထို့ကြောင့် ဦးအုန်းသီးသည် တော်တော်ကြာကြာပင် နားထောင်နေရတော့သည်၊

ညနေစောင်းတွင်ကာလန်ကြီးသည် ဗိုလ်များကိုသာမက ရှာသားများကို စည်းဝေးစေ၍ပြန်သည်၊

သံဗမများလည်း ရောက်ကြပြန်၏၊ "သေစေ" စီရင်ပြီး နေကွယ်လျှင်သေဖွယ်ရှိရာမှအစည်းအဝေးပြုလုပ်ပြန်သောကြောင့် ရှာသားများသည် ထူးခြားလှသည်ဆိုကာ စုံစုံညီညီဝိုင်းအုံရောက်ရှိလာကြသည်၊

ကာလန်ကြီးနှင့်တကွ သံဗမများသည် ကွပ်ပျစ်ပေါ်၌ ထိုင်နေကြသည်၊ သူတို့၏ရှေ့တွင် သွေန်သင်နှင့် ငဖရုံတို့ ဒူးတုပ်ထိုင်နေကြသည်၊ ရာဇဝတ်သားများ ဖြစ်နေကြပြီဖြစ်ကြသောကြောင့် လက်ပြန်ကြိုးများ တုပ်ထားသည်၊ ဝါးရှင်းတုတ်ကိုင် ရှာသားနှစ်ယောက်နှင့် ဓားလွတ်ကိုင်ရှာသားနှစ်ယောက်တို့ စောင့်နေကြသည်၊

သွေန်သင်သည် အိုနှောင်းသို့ တစ်ချက်ကြည့်ပြီးမျက်လွှာကိုချလိုက်သည်၊ အိုနှောင်းသည် သွေန်သင်ကိုပြန်ကြည့်မိရာတွင် ရင်ထဲ၌ ကျင်ခနဲ နာသွားရသည်၊ ချစ်ရသူကို ယနုကဲ့သို့ လက်ပြန်ကြိုးကြီး ချည်နှောင်ထားသည်ကို မြင်ရသောအခါတွင်တော့ အသည်းမမာနိုင်ပါ၊ မမြင်ကွယ်ရာတွင် သုတ်သင်လိုက်၍ သေချင်သေပါစေ၊ မျက်စိအောက်တွင် လက်ပြန်ကြိုးအတုပ်ခံနေရခြင်းအတွက်တော့ သူ့ရင်တွင် မခံရိုပါ၊ ပို၍ဆိုးသည်မှာ သွေန်သင်က ချက်ချင်း မျက်လွှာကို ချပစ်လိုက်ခြင်းဖြစ်၏၊

သူ့ခမျာ မကြည့်ဝံ့ရှာတော့ပါ၊ မသေခင်ချစ်ရသူကိုတစ်ဝကြီးကြည့်လိုပေမည်၊ သို့သော် ပေးလာသော အခြေအနေက ချစ်သူ့မျက်နှာကို ရဲရဲမကြည့်ဝံ့အောင် ဖြစ်ရသဖြင့် မျက်လွှာကို ချရရှာသည်၊ သည်အတွက် လည်း အိုနှောင်း၏ရင်တွင် ဆို့နစ်ရပါသည်၊

ထိုအခိုက်တွင် ကာလန်ကြီး၏ အောင်မြင်ခန့်ညားသောအသံကြီးသည် ထွက်ပေါ်လာလေတော့၏၊

"နာကြဘိ - သည်က တစ်ရှာသားငအုန်းသီးက တောင်းပန်လှာလို့ ရှာသူရှာသားများကို တစ်ဖန်စည်းဝေးစေလတ်တယ်၊ အယင်းက ဟူစရာရှိလို့ လတ်တယ်၊ ကိုင်း - ငအုန်းသီးငယ် ဟူလိုတာဟူဘိ"

www.burmeseclassic.com

ဦးအုန်းသီးသည် ဆောင့်ကြောင့်ထိုင်လျက်ကပင် ရွာသားများကို လှည့်လည်ကြည့်ရှု၏။ ထိုနောက်မှ ကလန်ကြီးထံ မျက်နှာမူ၍ ပြောသည်။

ဖေရှုံပြစ်ဒဏ်အဖရေးမှာ အတို့ကျွန်တာအမှုရှင်ဖြစ်တကား။ ယခုအကြောင်းဆိုင်လာလို့ အတို့ကျွန်က အယင်းအပေါ်မှာ သေဒဏ်က ပယ်နုတ်ဖို့ သဘောကြိုက်ညီပါကြောင်း ဟူလိုတာပ"

ရွာသားများသည် "ဟယ်" ခနဲဖြစ်၍ ဖေရှုံကို လှမ်းကြည့်ကြ၏။ "တံကောင်းသောသူတကား" ဟူ၍လည်း တီးတိုးပြောကြသည်။ ဦးအုန်းသီးသည် စကားကို ဆက်ပြောကြသည်။

"ဖေရှုံငယ် - မောင်မင့်အသက်ကို ငါ တယ်နုတ်ပြီပ။ မောင်မင်းဟူစရာ စကားရှိတာသာ ဟူဘိတော့"

ဤတွင် ဖေရှုံသည် ကလန်ကြီးကို တစ်ချက်မော့ကြည့်ပြီး ပြန်၍ငုံ့ကာ စကားကို တောက်လျှောက်ပြောတော့သည်။

"အစင်းဖြစ်တဲ့နေ့က အတို့ကျွန်နဲ့ ငဆန်းတို့ကာ ငပိန်နဲ့ အချိန်းအချက်ပြုပြီးတော့ အုပ်လယ်မှာ ကြက်တိုက်ကြပါတယ်။ လောင်းကြေးက ငဆန်းက ရှုံးရင် ငွေတစ်ပိဿာပေးရပုံ၊ ငပိန်က ရှုံးလတ်ရင် ငွေကြေးမဲ့သူမို့ နှမ အိုနှောင်းကို ဘောလယ်ခေါ်ပြီး ငဆန်းလက်ကို နင်းရပုံ။ ငဆန်းဟာ ငပိန်ရဲ့ ကြက်ကို နိုင်လောက်တဲ့ တစ်ဖက်ရွာက ကြက်ဖရဲကျော်ကို ငှားခဲ့ပြီး တိုက်ပါတယ်။ ငဆန်းနိုင်လို့ နှမကို အငင်ခေတော့ ငပိန်က ငြင်းဆန်ရင်း အမျက်ထွက်ကြလတ်။ ငဆန်းက ဓားကိုထုတ်ပြီး ခုတ်အံ့မူတော့ အတို့ကျွန်က ဆွဲထားခိုက် ငပိန် ထွက်ပြေးလတ်တယ်။ သည့်တော့ - ငဆန်းက အတို့ကျွန်ရဲ့ ခါးချပ် ဓားမြှောင်ကို ဆွဲငင်ပြီး ပစ်ပေါက်လတ်တယ်။ သည်တွင် ငပိန်ဟာ ငသွန်သင်နှင့် ကြိမ်ကြရော၊ အတို့ကျွန်တို့လည်း နေရောရွေ့ပြီး ရှောင်းမြောင်းကြည့်တော့ ငသွန်သင်ဟာ ကြောက်လန့်တကြား ထွက်ပြေးတာမြင်ရတော့ အကြံပေါ်ပြီး သင်းအပေါ် ပုံကျအောင် စီရင်ရခဲ့စွ ဟုတ်တာ"

သူ၏စကားဆုံးသည်နှင့်တစ်ပြိုင်နက် ကလန်ကြီး ဦးပြည့်သင်၏နံဘေးတွင် ငဆန်းသည် "လူပြိတ္တာ သစ္စာမဲ့လူတကား" ဟုဆိုကာ ဓားကိုဆွဲထုတ်၍ ခုန်ဝင်ကာ ဖေရှုံကို ခုတ်ပိုင်းလေ၏။

သတိအရာတွင် ဘယ်တော့မှ မညှိုးဖျင်းပါလေသော ဦးအုန်းသီးသည် သူ၏ဓားကို အအိမ်မှပင်မချွတ်ဘဲ အိမ်လိုက်ထိုးပက်ထုတ်ပြီးနောက် ငဆန်းကိုကျောပေး၍ ပုးကပ်ကာ ပစ်ပေါက်ထည့်လိုက်သည်။ ငဆန်းသည် မြေကားရား လက်တားရားနှင့် လွင့်စဉ်ကာ အဝေးမှမြေပေါ်တွင် ပက်လက်ကျနေ၏။ ဓားမှာလည်း သူ၏လက်က လွတ်ထွက်သွားတော့သည်။

ရွာသားများလည်း အုတ်အုတ်ကျက်ကျက်ဖြစ်သွားကြသည်။ အိုနှောင်းကားခါစပ်ကလေးဟ၍ မျက်လုံးအဝိုင်းသားနှင့် ငသွန်သင်ကိုကြည့်သည်။ ငသွန်သင်အား မျက်လွှာကို ချထားမြဲ ချထား၏။ သူသည် သူ ကြုံတွေ့နေရသော အဖြစ်အပျက်များသည် အိပ်မက်မက်နေခြင်းများလားဟု ဝေခွဲမရ ဖြစ်နေရှာ၏။

တုတ်များ၊ ဓားများနှင့် ရွာသားလေးယောက်သည် ငဆန်းကို သွားရောက်၍ ခမ်းဆီးချည်နှောင်ကြ၏။ ဤတွင် ကလန်ကြီး ဦးပြည့်သင်၏အသံသည် ပေါ်ထွက်လာ၏။

"တရားကို နတ်စောင့်သည် အလျောက်အမှန်တရားဟာ ထွားထွားပေါ်ထွက်ပြီကော။ တွေ့တော်ပြင်ပုံ၊ နာစ်ကြစေ၊ ရှုံအပေါ်မှာ ငအုန်းသီးက အသက်ချမ်းနတ်လို့ ဖေရှုံကို လက်ယာလက်ခြင်း ရွာက နှင်ထုတ်စေ၊ ငသွန်သင်က အပြစ်မဲ့သသမို့ ပြစ်မဲ့ကင်းလွတ်စေ၊ ငဆန်းဟာ ဝှါတ္တုပင်ဖြစ်ကတည်းလူတဦးတစ်ယောက် ကျင့်ကြံရာ အမှုအတွေ့ဖည်ကျင့်မှုသသူမို့ သင်းကိုလည်း လက်ယာလက်ဖြတ်၊ ရွာမှ နှင်ထုတ်စေ၊ ပြစ်ဒဏ်များ နေကွယ်ရင် ခံယူကြစေ တွေ့တော်"

သံဖမများနှင့်တကွ ရွာသားအလုံးကျေနပ်သွားကြသည်။ တရားစီရင်လွဲချော်လျှင် ရာသီဥတု ဖောက်ပြန်၍ ရွာတွင် ကပ်ဆိုက်ရောက်တတ်သည်ဟု သူတို့ယုံကြည်ကြသဖြင့် တရားမှန်သွားသည်ကို ဝမ်းသာ၍မဆုံးဖြစ်နေကြသည်။

သံဖမများကလည်း ဝမ်းသာအားရ ပြောကြ၏။

"သရေပစ္စယာရဲ့ဘုန်းတော်ကြောင့် တရားဟာ ဘယ်လိုပင်ဝှက်ဝှက် အမှုဘက်က ပေါ်ထွက်ရတာပနော။ မင်းကြီးကျေးဇူး၊ သာသနာစောင့်နတ်များတော့ ဇူး အောက်မေ့ကြရမှာပ"

စင်စစ်သော်ကား မန်ထံရွာကလေးသည် သီရိပစ္စယာနှင့် ကွာလှမ်းလှ၏။ ထိုရာတွင် သီရိပစ္စယာ၏ အာဏာစက်သည် ဤရွာကလေးအပေါ်တွင် ဖုံးကွယ် ကျရောက်၍ ထာဝစဉ်စောင့်ရှောက်မှု သည်မှာ ထင်ရှားနေပေ၏။





www.burmeseclassic.com

www.burmeseclassic.com

ရွာသားများလည်း ဆူညံစွာ စကား ပြောဆိုရင်း လူစုခွဲကြ၏၊ သွေနံသင်၏ လက်ပြန်ကြိုးကို ကလန်ကြီးဦးပြည့်သင် ကိုယ်တိုင် ဖြုတ်ပေးလိုက်သဖြင့် သွေနံ သင်သည် အပြစ်ကင်းသော ရွာသား တစ်ယောက်အဖြစ် ပြန်လည်ရောက်ရှိ သွားတော့သည်၊

❦ ❦

လူသွားလမ်းကလေးသည်သစ်ပင် ချုံအိမ်ရိပ်များကြောင့် လရောင် ကွက် ကျားတွက်ကျားနှင့် ခပ်မှောင်မှောင် ရှိလှ၏

သို့သော်မြင်နေကျလူဆိုလျှင်တော့ မှတ်မိနိုင်ပါသည်၊ ထို့ကြောင့်ပင် သွေနံ သင်သည်ရှေ့ဘူ့ရှုကလာနေသောလူရိပ် ကိုမှတ်မိသည်နှင့်တစ်ပြိုင်နက် သစ်ပင် ရိပ်စွန်းတွင် ခြေစုံရပ်လိုက်လေတော့ သည်၊

တစ်ဖက်လူကလည်း သူ့နည်းတူ မှတ်မိပါ၏၊ အိုနှောင်းသည် သွေနံသင် ၏ရင်ခွင်ထဲသို့ပြေးဝင်လိုက်၍ရင်ဘတ် ကို မျက်နှာဖြင့် ပွတ်သပ်သည်၊

"မောင်မောင် - အိုနှောင်းကို ပစ် ထယ်ပြီဖြစ်ပါစို့"

"အသေသတ်ရင်တောင်မှကျေနပ် ရမယ့်သူပါ - အိုနှောင်းငယ်"

"လူ့ပုံလယ်မှာတုန်းကမောင်မောင် ဟာ အတို့ကျွန်ကိုကြည့်ပြီး ကိုရင်ပေိန် ကိုငါမသတ်ပြီလို့ တစ်ခွန်းသာ ဟူပါဘိ၊ တစ်လောကလုံး မယုံရင် ရှိပါစေ၊ အတို့ ကျွန် - ယုံမှာပ၊ ညနေက မောင်မောင့်ကို သင်းတို့မျက်မှောင်ကြီးထည့်(လက်ပြန် ကြိုးတုပ်)ထားစိုက် မြင်ရတာ ရင်နာလှ ပါဘိ၊မောင်မောင်ကနဦးကပဗာကြောင့် အပြစ်မဲ့ကြောင်း ထုတ်မဟူရပါစို့"

"ရော - ကျုပ်မှာ သက်သေမဲ့လှပါ ဘိတယ်"

"မောင်မောင်ငယ် - တစ်လောက လုံး မယုံရင်နေပါစေ၊ ချစ်သူက ယုံမှာပ၊ ချစ်သူတို့အကြားမှာ ဘုရားရှင်ကလွဲရင် ထားစရာသက်သေ အတီမှာ ရပါအံ့ မောင်မောင်"

သွေနံသင်သည် ကောင်းကင်ကို မော့ကြည့်ရာမှ ရင်ခွင်ထဲက ချစ်ရသူ၏ မျက်နှာကိုပြန်ကြည့်မိ၏၊ လပြည့်နှစ်ဝန်း သာနေရျပြီ၊ သို့သော် ရင်ခွင်ထဲက လပြည့်ဝန်းကား နှစ်လေးနှစ်ဆ အေးမြ ပါကြောင်းကို လက်တွေ့ခံစားလိုက်ရ ပေတော့သည်၊

နန္ဒ